# “ရှောလမုန်သီချင်း”

*by*

*Rev Dr Jeffrey Khoo*

## စာရေးသူ၏ကိုယ်ရေးအကျဉ်း

Rev Dr Jeffrey Khoo (BTh, MDiv, STM, PhD) သည် Far Eastern Bible College, Singapore ၏ ကျောင်းအုပ်ကြီး ဖြစ်ပါသည်။ သူသည် ကျော်ကြားသော စာရေးဆရာဖြစ်၍၊ Far Eastern Bible College မှ ထုတ်ဝေသော ဓမ္မဂျာနယ် *Burning Bush* ၏ အယ်ဒီတာချုပ်လည်းဖြစ်ပါသည်။ ထို့ပြင်၊ သူသည် True Life Bible-Presbyterian Church, Singapore ၏ သိက္ခာတော်ရဆရာ၊ သင်းအုပ်ကြီးလည်းဖြစ်ပါသည်။

# သီချင်းတကာတို့၏သီချင်း

ရှောလမုန်သီချင်းသည် လူထုအတွက်လော (သို့) တဦးတည်းအတွက်လော။ တဦးတည်း အိပ်ယာထဲ၌ ဖတ်ဖို့လော (သို့) အသင်းတော် လူထုပုရိတ်သတ်ရှေ့၌ ဖတ်ကြား သင်ကြား ရမည့် တရားလော။

၂ တိ ၃း၁၆-၁၇ က "ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသောအား ဖြင့်ဖြစ်၍၊ ဘုရားသခင်၏လူသည် စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလို့ငှါ ပြင်ဆင်သောသူဖြစ်မည်အကြောင်း ဩဝါဒပေးခြင်း၊ အပြစ်ကိုဘော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကို သွန်သင်ခြင်းကျေးဇူးများကို ပြုတတ်၏"ဟုဆိုထားပါသည်။ ရှောလမုန်သီချင်းသည် သမ္မာကျမ်းစာ ၆၆ စောင်တွင် တစောင် အပါအဝင်ဖြစ်သောကြောင့်၊ အခြား စာစောင်များ ကဲ့သို့ပင် လူအားလုံး လေ့လာ ဟောပြော သင်ယူရမည့် ကျမ်းတကျမ်း ဖြစ်ပါသည်။

သို့သော်လည်း ဤကျမ်းစာစောင်သည် လူတို့၏ စိတ်ဝင်စား လေ့လာမှုကို မိမိခံသင့်သ လောက် မခံခဲ့ရပါ။ ဤစာစောင်ကို မလေ့လာဘဲ ချန်ထား၍ရပါသည်ဟုဆိုသော ဆရာများနှင့် သင်းအုပ်ဆရာတို့သည်၊ ပေါလု ကဲ့သို့ "ဘုရားသခင်၏အလိုတော်ကို သင်တို့အား အကုန်အစင် ဟောပြောပြသခြင်းအမှုကို ငါသည် မလွှဲရှောင်ဘဲ ပြုခဲ့ပြီ" (တမန် ၂၀း၂၇) ဟုဆိုနိုင်ကြမည်လော။ ထို သို့ချန်ထားခဲ့လျှင် ကျွန်တော်တို့သည် "ဘုရားသခင့်ရှေ့တော်၌အသရေပျက်" (ရောမ ၃း၂၃) သောသူ ဖြစ်ကြမည်မဟုတ်ပါလော။ *A Primer for the Public Preaching of the Song of Songs* စာအုပ်တွင် Peter Van Kleeck ကဤသို့ဆိုထားပါသည်၊ "ဤသီချင်းကို မဟောပြောဘဲ ချန်ထားခြင်းအားဖြင့် သန့်ရှင်းသူ၊ ယုံကြည်သူတို့က ဤစာစောင်သည် လူအချို့အတွက်သာ ဖြစ်သည်ဟု ထင်မှတ်ထား ကြ၏။ အသင်းသူအသင်းသားတို့က စံနမူနာထားသော သင်းအုပ်ဆရာ ကိုယ်တိုင်က ဤသီချင်းကို မလေ့လာလိုဘဲနေ၍ သွန်သင်ဖို့ရန် အရည်အချင်းမရှိဖြစ်ခဲ့လျှင်၊ လူထုပုရိတ်သတ် အတွက် ပို၍ နားလည်သဘောပေါက်ရန် ခက်ခဲပါလိမ့်မည်။"

ယနေ့အင်တာနက်ခေတ်၌ ဤရှောလမုန်သီချင်းကို ဆုတောင်းခြင်းနှင့်တကွ သေချာလေ့ လာ သင်ယူလျက် သင်ကြားပေးရပါမည်။ သို့မှသာ သူငယ်တို့သည် ယနေ့ အင်တာနက်နှင့် ဆိုရှယ် မီဒီယာ၌ များစွာနေရာယူနေသော သွေးဆောင်ခြင်းအမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားလျက် မတရားသောမေထုန်ကို မမှိုဝဲဘဲ ရှောင်ရှား၍ မိမိကိုယ်ကိုကာကွယ်နိုင်ကြမည်ဖြစ်ပါသည်။ ထို့ပြင် ဖေါက်ပြန်ပျက်စီးနေသော ယနေ့လူ့အဖွဲ့အစည်း၌ မိသားစုနှင့်စစ်မှန်သောထိမ်းမြားခြင်း အစဉ်အလာကို လိုက်လျှောက် ကာကွယ်ဖို့ရန် အလွန်အရေးကြီးလှပါသည်။

**ဆင်ခြင်ရန်** - ဤသီချင်းတကာတို့၏သီချင်းကို ယနေ့အသင်းတော်၌ သီဆိုကြရပါမည်။
**ဆုတောင်းချက်-** ဆာလံ ၃၃ အားဖြင့် ဆုတောင်းပါ။

# အကောင်းဆုံးသောအချစ်သီချင်း

"ရှောလမုန်သီချင်း" သည် မိမိရေးစပ်သီကုံးခဲ့သော သီချင်းတထောင်ငါးခုတွင် (၃ ရာ ၄း၃၂) အထွဋ်ဖြစ်ပါသည်။ ရှောလမုန်သည် သီချင်းရေးဆရာဖြစ်ပါသည်။ သူ့နာမည်ကို ဤစာစောင်၌နောက်ထပ် ခြောက်ကြိမ်တွေ့ရပါသည် (၁း၅၊ ၃း၇၊ ၉၊ ၁၁၊ ၈း၁၁-၁၂)။ ရှောလမုန်သည် (ဣသရေလ၏ကြီးမြတ်သော၊ သူ့ခမည်းတော် ဒါဝိတ်၏နေရာ ဆက်ခံလျက်) ဘီစီ ဆယ်ရာစု (၉၇၁-၉၃၁ ဘီစီ) ၌ ဣသရေလ၏ဘုရင်ဖြစ်ခဲ့ပါသည်။

ရှောလမုန်သီချင်းသည် အချစ်သီချင်းဖြစ်ပါသည်။ ဣသရေလ ကျမ်းတတ်ပုဂ္ဂိုလ်တို့က ဤစာစောင်ကို ထိမ်းမြားခြင်းနှင့်လူ့ချစ်ခြင်း အဖြစ်အနက်ဖွင့်ခဲ့ကြပါသည်။ အံ့သြစရာ မဟုတ်ပါ၊ အကြောင်းမှာ ယောကျာ်းနှင့်မိန်းမ အကြား၌ရှိသော ထိမ်းမြားခြင်း ပဋိညာဉ် ချစ်ခြင်းမေတ္တာသည် ဘုရားသခင် ချမှတ်သောအရာ၊ ကောင်းသောအရာ ဖြစ်၏ (နှိုင်း - ကမ္ဘာ ၁း၂၇၊ ၃၁၊ ၂း၁၈)။ ထို့ပြင် ကျွန်တော်တို့သည် ထိုချစ်ခြင်းကို မှန်ကန်စွာ သဘောပေါက်နားလည်ဖို့ရန် ဘုရားသခင်က သမ္မာကျမ်းစာ ၆၆ ကျမ်းထဲ၌ ဤတကျမ်းပါဝင်စေခြင်းသည်လည်း အံ့သြစရာ မဟုတ်ပါ။ ဖန်းဆင်းခြင်းအစ ဧဒင်ဉယျာဉ်ထဲမှစ၍ ယောကျာ်းနှင့်မိန်းမ နှစ်ကိုယ်အကြား၌ထိုချစ်ခြင်းမေတ္တာကို ပျော်ရွှင်စွာ ခံစား လက်တွေ့ အသုံးပြုဖို့ရန် ဘုရားသခင် ရည်ရွယ်တော်မူခဲ့ပါသည်။

ဤကျမ်းကိုလည်း အခြားကျမ်းစာစောင်များကဲ့သို့ပင် လက်တွေ့ကျကျ အနက်ဖွင့်ရမည် ဖြစ်ပါသည်။ ထိုသို့သော စိတ်ထားဖြင့် ဖတ်သောအခါ၊ ဤသီချင်းသည် အိမ်ထောင်ရှင် ယောကျာ်းနှင့်မိန်းမ အကြား၌ရှိသော ဆက်ဆံမှုကို သေချာဖော်ပြလျက်ရှိကြောင်း တွေ့ရပါသည်။

ထို့ပြင် ဤသီချင်းက ဘုရားသခင်နှင့်မိမိလူဖြစ်သော ဣသရေလ အကြားနှင့် မိမိ၏အသင်းတော် အကြား၌ရှိသော ပဋိညာဉ်ဆက်ဆံမှုကိုလည်း ရည်ညွှန်းပါသည်။ ဥပမာအားဖြင့် ယေဟောဝါဘုရားကို ဣသရေလ၏လင်ဟုဖော်ပြခဲ့ပါသည် - "အကြောင်းမူကား၊ သင့်ကို ဖန်ဆင်းသောသူသည် သင်၏လင်ဖြစ်တော်မူ၏။ နာမတော် ကား၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားတည်း။ သင့်ကိုရွေးနှုတ်သောသူသည် ဣသရေလ အမျိုး၌ သန့်ရှင်းသောဘုရားဖြစ်တော်မူ၏။ မြေကြီးတပြင်လုံးကို အစိုးရသောဘုရားဟူ၍ ခေါ် ရကြ၏" (ဟေရှာ ၅၄း၅)။ အသင်းတော်ကို လည်း ခရစ်တော်၏ခင်ပွန်းဟုဖော်ပြပါသည် - "အချင်းယောကျာ်းတို့ ခရစ်တော်သည် အသင်းတော်ကို ချစ်တော်မူသကဲ့သို့ သင်တို့လည်း ကိုယ်ခင်ပွန်းကိုချစ်ကြလော့" (ဧဖက် ၅း၂၅)။ "အကြောင်းမူကား၊ ငါသည် သင်တို့ကို သီလနှင့်ပြည့်စုံသော သတို့သမီးကညာကဲ့သို့ ခရစ်တော်အား ဆက်အပ်သောငှါ သင်တို့ကို လင်တဦးနှင့် ထိမ်းမြားဆောင်နှင်းပြီးသောကြောင့် ဘုရားသခင်၏အလိုတော်အတိုင်း စိုးရိမ်သောစိတ်နှင့် သင်တို့ကို စောင့်ရှောက်လျက်နေ၏" (၂ ကော ၁၁း၂)။

ရှောလမုန်သီချင်း၌သုံးပိုင်းပါဝင်ပါသည်၊ (၁) ရည်းစားစကားပြောခြင်းနှင့်စေ့စပ်ကြောင်းလမ်း (၁း၂-၃း၅)၊ (၂) ထိမ်းမြားခြင်းနှင့်လက်တွေ့ပျော် မွေ့ခြင်း (၃း၆-၅း၁)၊ (၃) အိမ်ထောင်ရှင်ဘဝ (၅း၂-၈း၄) တို့ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ချစ်ခြင်းမေတ္တာနှင့်ပြည့်စုံတော်မူသောဘုရားဖြစ်တော်မူ၏။
**ဆုတောင်းချက်-** ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ကြောင့် ကိုယ်တော်ကို ကျေးဇူးတင်ပါ၏ (ယော ၃း၁၆၊ ရောမ ၅း၈)။

# အချစ်နှင့်အနမ်း

"သခင်နှုတ်ဆက်သော နမ်းခြင်းဖြင့်ကျွန်မကို နမ်းပါစေ။ ကိုယ်တော်၏မေတ္တာသည် စပျစ်ရည်ထက် သာ၍ကောင်းပါ၏။"

ကျမ်းစာ အနက်ဖွင့်ခြင်း အခြေခံနည်းလမ်းသည် ကျမ်းပိုဒ်၌ အခြားနည်းလမ်း အသုံးပြုရန် ရည်ညွှန်းချက် မတွေ့လျှင် ထိုကျမ်းပိုဒ်ကို စကားလုံးများအတိုင်း ပုံမှန် အရိုးရှင်းဆုံးဖြင့် အနက်ဖွင့်ကောက်ရပါမည် ဟူ၍ဖြစ်ပါသည်။ အရိုးရှင်းဆုံး ပြောရလျှင် ဤကျမ်းပိုဒ်က ယောကျ်ားနှင့်မိန်းမ (စေ့စပ်ကြောင်းလမ်းပြီး၊ ထိမ်းမြားမင်္ဂလာဆောင်ရန်ပြင်ဆင်လျက်ရှိသော ယောကျ်ားနှင့်မိန်းမ) အကြား၌ရှိသော ချစ်ခြင်းမေတ္တာကို ဖော်ပြလျက်ရှိ၏။

"မေတ္တာ" ဟူသော ဟေဗြဲ စကားလုံးက လက်တွေ့ကျကျ နှစ်သက်မြတ်နိုးခြင်းကို ဖော်ပြပါသည်။ ဤ "နမ်းခြင်း" သည် သူမ၏နှုတ်ခမ်း မဟုတ်ဘဲ၊ သူမ၏လက်၊ နဖူး၊ ပါးပြင်ကို နမ်းခြင်းဖြစ်ပါသည် ("သန့်ရှင်းသော နမ်းခြင်း" - ရောမ ၁၆း၁၆၊ ၁ ကော ၁၆း၂၀)။ ကာမဆက်ဆံခြင်းကို ဤအချိန်၌ ချုပ်ထိန်းကြရပါသည်။ ထိမ်းမြားမင်္ဂလာဆောင်ခြင်းပြုပြီးမှသာလျှင် ထိုနှစ်ဦး အကြား၌ လွတ်လပ်၍စုံလင်သော ကာမဆက်ဆံခြင်းကို တွေ့ရမည်ဖြစ်ပါသည် (အခန်းကြီး ၄-၈)။

နမ်းခြင်းသည် ချစ်ခင်မြတ်နိုးမှုကို ဖော်ပြခြင်းဖြစ်ပါသည်။ ကျွန်တော်တို့အပေါ်ထားရှိသော ဘုရားသခင်၏ထိုချစ်ခြင်းမေတ္တာကို လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ခန့်၌ ဤလောကသို့ကြွလာတော်မူခြင်းဖြင့်ထင်ရှားပြသခဲ့ပါသည်။ "ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှါ ဘုရားသခင်သည် မိမိ၌တပါးတည်းသော သားတော်ကို စွန့်တော်မူ သည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏" (ယော ၃း၁၆)။ သခင်ယေရှုဖွားမြင်ခြင်းသည်၊ ကောင်းကင်ကမြေကြီးကို နမ်းခြင်းပေတည်း၊ "ဗျာဒိတ်တော်အချက်ဟူမူကား၊ ကြည့်ရှုလော့၊ သတို့သမီးကညာသည် ပဋိသန္ဓေစွဲယူ ၍ သားယောကျ်ားကို ဖွားမြင်လတံ့။ ထိုသားကို ဧမာနွေလအမည်ဖြင့် မှည့်ရကြလတံ့ဟု လာသတည်း။ ဧမာနွေလအနက်ကား၊ ငါတို့နှင့်အတူ ရှိတော်မူသောဘုရားသခင်ဟု ဆိုလိုသတည်း" (မသဲ ၁း၂၃)။ "မြေကြီးပေါ်၌လည်း ငြိမ်သက်ခြင်းရှိစေသတည်း။ လူတို့အား မေတ္တာကရုဏာရှိစေသတည်း" (လု ၂း၁၄) ဟူသော သန့်ရှင်းသော နမ်းခြင်း ပင်ဖြစ်ပါသည်။

ကျွန်တော်တို့မည်သို့တုန့်ပြန်ရပါမည်နည်း။ "သားတော်ကိုနမ်းကြလော့။ သို့မဟုတ်လျှင်၊ အမျက်တော်ထွက်၍၊ သင်တို့သည် လမ်း၌ပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်။ အမျက်တော်သည် ချက်ချင်းထွက်လိမ့်မည်။ သားတော်ကို ကိုးစားသောသူအပေါင်းတို့သည် မင်္ဂလာရှိကြ၏" (ဆာ ၂း၁၂)။ သင့်ကယ်တင်ခြင်းအတွက် သူ့ကို နမ်းပါလော့၊ "ကရုဏာတော်သည် အသက်ထက် သာ၍ကောင်းသောကြောင့်" (ဆာလံ ၆၃း၃) သားတော်ကို နမ်းပါလော့။

**ဆင်ခြင်ရန်** - ဘုရားသခင်နှင့်သင် သင့်မြတ်ခြင်းရှိပြီးပြီလား။
**ဆုတောင်းချက်-** ကယ်တင်တော်မူခြင်းအတွက် သင်ဆုတောင်းပါလော့။ ဘုရားသခင်နှင့် သင့်မြတ်ခြင်းရှိလော့။

*"နာမတော်သည် သွန်းလောင်းသော နံ့သာဆီဖြစ်ပါ၏"*

# ကောင်းသောနာမတော်၊ ကောင်းသောပုဂ္ဂိုလ်

"ကိုယ်တော်၌ မွှေးကြိုင်သော နံ့သာဆီကဲ့သို့ နာမတော်သည် သွန်းလောင်းသောနံ့သာဆီ ဖြစ်ပါ၏။ ထို့ကြောင့် သတို့သမီးကညာတို့သည် ကိုယ်တော်ကိုချစ်ကြပါ၏။"

သတို့သမီးကို ချစ်သောယောကျာ်း၏ပုံရိပ်ကို တွေ့ရပါသည်။ သူသည် လူကောင်း၊ နာမည်ကောင်းပိုင်ဆိုင်သူဖြစ်ပါသည်။ "နာမတော်" သည် အကျင့်ကို ဆိုလိုပြီး၊ သူ့အကျင့်တို့သည် ကောင်း အကျင့်ဖြစ်၍ အလွန်မွှေးကြိုင်လှပါသည်။ ဒေသနာ ၇း၁ က၊ "ကောင်းသောအသရေသည် နံ့သာဆီထက် သာ၍ကောင်း၏" ဟုဆိုထားပါသည်။ သူသည်ဘုရားသခင်ကို ကြောက်ရွံ့သောသူ၊ လေးစားထိုက်သောသူဖြစ်ပါသည်။ အကျင့်ပျက်သောသူ မဟုတ်ဘဲ၊ မိန်းခလေးများ အကြား၌ ဂုဏ်သိက္ခာရှိသောသူဖြစ်ပါသည်။ သူ့ကို မိန်းခလေးများက လေးစားခဲ့ကြ၏။

ဘုရားသခင်၏နာမတော်သည် ကောင်းမြတ်တော်မူ၏ - "နာမတော်သည် သွန်းလောင်းသောနံ့သာဆီ ဖြစ်ပါ၏။" ကျွန်တော်တို့ကို ကယ်တင်ခြင်းငှါ လူ့အဖြစ်ကို ခံယူလျက် ဤလောကသို့ ကြွလာတော်မူသော၊ ဘုရားသခင်၏သားတော် သခင်ယေရှုခရစ်တော်၌ ထိုနာမတော်ကို ထင်ရှားစွာ တွေ့ရပါသည်။ "အကြောင်းမူကား၊ ငါတို့အဘို့ သူငယ်ကို ဘွားမြင်၏။ ငါတို့အား သားကို သနားတော်မူ၏။ ထိုသူသည် အုပ်စိုးခြင်းအာဏာစက်ရှိလိမ့်မည်။ နာမတော်မူကား အံ့ဩဘွယ်၊ တိုင်ပင်ဘက်၊ တန်ခိုးကြီးသောဘုရားသခင်၊ ထာဝရအဘ၊ ငြိမ်သက်ခြင်းအရှင်ဟု ခေါ်ဝေါ်သမုတ် ခြင်းကို ခံတော်မူလိမ့်မည်" (ဟေရှာ ၉း၆)။

ကယ်တင်ရှင်သခင်ယေရှုခရစ်တော်၏နာမတော်သည် နာမတကာတို့ထက် မြတ်သော နာမတော်ဖြစ်ပါသည်။ "ထို့ကြောင့် ဘုရားသခင်သည် ကိုယ်တော်ကို အလွန်ချီးမြှောက်၍ ဘွဲ့နာမတကာ တို့ထက် ကြီးမြတ်သောဘွဲ့နာမကို ပေးသနားတော်မူ၏။ အကြောင်းမူကား၊ ကောင်းကင်သတ္တဝါ၊ မြေကြီးသတ္တဝါ၊ မြေကြီးအောက်၌ရှိသော သတ္တဝါတည်းဟူသော ခပ်သိမ်းသော သတ္တဝါတို့သည် ယေရှု၏ ဘွဲ့နာမတော်ကို ဒူးထောက်၍၊ ယေရှုခရစ်သည် သခင်ဖြစ်တော်မူ၏ဟု နှုတ်နှင့်ဝန်ခံ သဖြင့်၊ ခမည်းတော်ဘုရား၏ ဘုန်းအသရေတော်ကို ထင်ရှားစေကြမည် အကြောင်း တည်း" (ဖိ ၂း၉-၁၀)။

ကိုယ်တော်ကို ချစ်သောသတို့သမီးတို့သည် အသင်းတော်တည်းဟူသော ယုံကြည်သူ၊ ခရစ်တော်၏သတို့သမီးများပင်ဖြစ်ပါသည် (၂ ကော ၁၁း၂၊ ဗျာ ၁၄း၄)။ ကိုယ်တော်သည် သူတို့ကို ရှေးဦးစွာ ချစ်တော်မူသောကြောင့်၊ သူတို့သည် ကိုယ်တော်ကို ချစ်ကြခြင်းဖြစ်ပါသည် (၁ ယော ၄း၁၉၊ ဗျာ ၁း၅)။

**ဆင်ခြင်ရန်** - အခြားသောဘုရားကို သင်သည်မကိုးကွယ်ရ။ အပြစ်ရှိယုံလွယ်အမည်ရှိသော ထာဝရဘုရားသည် အပြစ်ရှိသည်ဟု ယုံလွယ်သောဘုရားသခင်ဖြစ်တော်မူ၏ (ထွက် ၃၄း၁၄)။

**ဆုတောင်းချက်-** သင်သည် ဘုရားသခင်၊ သခင်ယေရှုခရစ်တော်ထံ အစဉ်သစ္စာရှိမည်အကြောင်း၊ ဤလောကီအရာနှင့်အခြားဘုရားများနောက်သို့ မလိုက်မည်အကြောင်း ဆုတောင်းခြင်းပြုပါလော့။

*“ကျွန်မကိုသွေးဆောင်တော်မူပါ။ ကျွန်မတို့သည် နောက်တော်သို့ပြေး၍လိုက်ကြပါမည်”*

# ဆီးတား၍မရသော သွေးဆောင်မှု

“ကျွန်မကို သွေးဆောင်တော်မူပါ။ ကျွန်မတို့သည် နောက်တော်သို့ပြေး၍ လိုက်ကြပါမည်။ အရှင်မင်းကြီးသည် အိမ်တော်အတွင်းခန်းထဲသို့ ကျွန်မကိုဆောင်ခဲ့တော်မူပြီ။ ကျွန်မတို့သည် ကိုယ်တော်ကြောင့် ဝမ်းမြောက်ရွှင်လန်းကြမည်။ မေတ္တာတော်ကို စပျစ်ရည်ထက်သာ၍ ချီးမွမ်းကြမည်။ သတို့သမီးကညာတို့သည် ကိုယ်တော်ကို မှန်ကန်စွာချစ်ကြပါ၏။”

“ကျွန်မကို သွေးဆောင်ပါ” ဟူသော စကားက ရည်းစားပိုးပန်းသောအချိန်၌ ယောကျ်ား၏ တာဝန်ကို ပြသလျက်ရှိပါသည်။ ယောကျ်ားက အရင် စရမည်ဖြစ်ပါသည်။ မိန်းခလေးကို အပြင်ထွက် လမ်းလျှောက်ရန် ယောကျ်ားက သွေးဆောင်လျှင် အမှန်တကယ် လက်ထပ်လိုသောဆန္ဒရှိရပါမည်။ မိန်းမများကို အပျော်တွဲခြင်း၊ အတူအိပ်ခြင်း၊ တွဲပြီး ပြန်ဖျက်လျက် စိတ်ဒဏ်ရာပေးခြင်းများ မပြုရပါ။ စစ်မှန်သော အချစ်စစ်ဖြင့် တဦးတယောက်ထဲကိုသာ ပိုးပန်း၍ လက်ထပ်ထိမ်းမြားခြင်းအတွက် ရည်ရွယ်လျက် တွဲရပါမည်။ သူသည် သိက္ခာရှိ၍ ကောင်းသော အကျင့်ရှိသောကြောင့် သူ့ရည်းစားနှင့်သူငယ်ချင်းများက လေးစားခဲ့ကြ၏။

ထို့ပြင်၊ “ကျွန်မကို သွေးဆောင်တော်မူပါ။ ကျွန်မတို့သည် နောက်တော်သို့ပြေး၍ လိုက်ကြပါမည်” ဟူသော စကားစု က ဆီးတား၍မရသော ဘုရားသခင်၏ကျေးဇူးတော်ကို ပြသလျက်ရှိပါသည်။ ဘုရားသခင်သည် ကျွန်တော်တို့ကို မိမိထံ သွေးဆောင်တော်မူသောအခါ၊ ကယ်တင်ခြင်းအတွက် ကျွန်တော်တို့သည် သူ့ထံသို့ ပြေးဝင်ခဲ့ကြပါသည် (ယေရမိ ၃၁း၃၊ ဟောရှေ ၁၁း၄၊ ယော ၆း၄၄-၄၅)။ The Westminster Confession of Faith X.1 က ဤသို့ ဖွင့်ဆိုထားပါသည် - “ဘုရားသခင်သည် ထာဝရအသက်ရှင်ခြင်းအတွက် မိမိကြိုတင်စီမံရွေးကောက်ထားသော၊ ထိုသူတို့ကိုသာ သူတို့၏ မွေးရာပါ သေခြင်းနှင့်အပြစ်ထဲမှ မိမိ၏နှုတ်ကပတ်တော်နှင့်ဝိညာဉ်တော်အားဖြင့် မိမိသတ်မှတ်ထားသော အချိန်၌ ယေရှုခရစ်တော်အားဖြင့်ပြုတော်မူသော ကယ်တင်ခြင်းနှင့်ကျေးဇူးတော်သို့ အရောက်ပို့ဆောင် ခေါ်တော်မူခြင်းငှါ အလိုရှိတော်မူပြီး၊ ဘုရားသခင်နှင့်ဆိုင်သောအရာများကို အမှန်နားလည်သဘောပေါက်စေခြင်းငှါ ကျောက်ခဲကဲ့သို့သော သူတို့၏စိတ်နှလုံးကို ဖယ်ရှား၍ နူးညံ့သော စိတ်နှလုံးကိုပေးလျက်၊ မိမိ၏အနန္တတန်ခိုးတော်အားဖြင့် သူတို့၏စိတ်ဆန္ဒကို အသစ်ပြုပြင်ခြင်းဖြင့် သူတို့၏အသိဉာဏ်ကို အလင်းပေးတော်မူလျက် ယေရှုခရစ်တော်ထံသို့ ထိရောက်စွာ သွေးဆောက် ခေါ်တော်မူ၏၊ ထိုသို့ ခရစ်တော်ထံ လွတ်လပ်စွာ တိုးဝင်နိုင်ကြခြင်းမှာ ကျေးဇူးတော်အားဖြင့် ဆန္ဒရှိစေခြင်း ခံရကြသောကြောင့်ဖြစ်ပါသည်။”

**ဆင်ခြင်ရန်** - “ဘုရားသခင်၌ချဉ်းကပ်ကြလော့။ သို့ပြုလျှင်၊ သူသည်သင်တို့ထံ ချဉ်းကပ်တော်မူလိမ့်မည်။ သပြစ်ရှိသောသူတို့၊ သင်တို့လက်ကို စင်ကြယ်စေကြလော့။ စိတ်နှစ်ခွရှိသောသူတို့၊ သင်တို့စိတ်နှလုံးကို သန့်ရှင်းစေကြလော့” (ယာ ၄း၈)။

**ဆုတောင်းချက်-** ဘုရားသခင်ထံ အစဉ်ချဉ်းကပ်မည်အကြောင်း ဆုတောင်းပါလော့။

ကြာသပတေး၊ ဇူလိုင် (၆)
**သီ ၁း၅**
ရောမ ၇း၁၄-၂၅

*"ငါသည် . . . မည်းသောအဆင်းရှိသော်လည်း . . . တင့်တယ်သေး၏"*

# အသားမည်းသော်လည်း လှပတင့်တယ်၏

"အိုယေရုရှလင်မြို့သမီးတို့၊ ငါသည် ကေဒတဲ ကဲ့သို့ မည်းသောအဆင်းရှိသော်လည်း၊ ရှောလမုန်မင်း၏ ကုလားကာကဲ့သို့ တင့်တယ်သေး၏။"

မိန်းခလေးသည် "နေပူကိုခံ၍ မည်းသော အဆင်းရှိ" (အငယ် ၆)။ သူ၏မောင်နှမများက သူ့ကို စပျစ်ဥယျာဉ် ပြုစုစေကြပြီး၊ သိုးကိုကျောင်းစေကြပါသည် (အငယ် ၆-၈)။ ကေဒတဲနှင့်ရှောလမုန်မင်း၏ကုလားကာတို့သည် မည်းသော အဆင်းရှိကြ၏။ သူသည် မည်းသော အဆင်းရှိသော်လည်း တင့်တယ်လှပသောသူ (ချစ်စရာကောင်းသောသူ) ဖြစ်ပါသည်။

ဝိညာဉ်သဘောအရပြောရမည်ဆိုလျှင်၊ "မည်းသော အဆင်းရှိ၏" ဟူသည် "အပြစ်ရှိသောသူဖြစ်၏" ဟူ၍အဓိပ္ပါယ်ရှိ၏။ အပြစ်မှကယ်တင်ခြင်းခံရသော ခရစ်ယာန်သည် လုံးဝအပြစ်ကင်းစင်သော၊ စုံလင်သောသူ မဟုတ်သေးပါ (ရောမ ၇း၁၄)။ အပြစ်ရှိသောသူဖြစ်သော်လည်း ထူးခြားသည်မှာ "သူသည် ခရစ်တော်၏အသွေးတော်ဖြင့် အပြစ်ဆေးကြောသန့်ရှင်းစေခြင်း၊ ခွင့်လွှတ်ခြင်းခံရသောသူ၊ ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းခံရသောသူ ဖြစ်ပါသည်" (၁ ယော ၁း၈-၁၀၊ ယော ၁၆း၆-၁၀)။ ထို့ကြောင့် ခရစ်ယာန်တို့သည် သန့်ရှင်း တင့်တယ်လှပသောသူ (ရောမ ၁း၇)၊ တင့်တယ်သောခြေထောက်ပိုင်ဆိုင်သော သံတမန်များ (၂ ကော ၅း၁၇-၂၁၊ ရောမ ၁၀း၁၅)။ ဘုရားသခင်၏သန့်ရှင်းသောသူ၊ ခရစ်တော်အတွက် သံတမန်များဖြစ်သောကြောင့်၊ ကျွန်တော်တို့သည် ဤလောကီလူတို့၏မုန်းတီးခြင်းကို ခံရသော်လည်း၊ ဘုရားသခင်၏ချစ်ခြင်းကို အစဉ်ခံရကြပါသည် (၁ ကော ၄း၁၁-၁၃၊ ရောမ ၈း၃၃-၃၉)။

ဒုတိယမွေးဖွားခြင်းခံရသောသူ ကျွန်တော်တို့သည် အပြစ်၏သွေးဆောင်ခြင်းနှင့်ဇာတိသဘော၏လွှမ်းမိုးခြင်းကို ခံရနိုင်သေးကြောင်း သတိပြုကြရပါမည်။ ထိုသို့ အပြစ်ကို ကျွန်တော်တို့ ရင်ဆိုင်တွန်းလှန်စဉ် သန့်ရှင်းသောဝိညာဉ်တော်သည် ပို၍အားကြီးသော ခွန်အားကို ပေးတော်မူ၏။ ခရစ်တော်ကဲ့သို့ ကျွန်တော်တို့သည် ကျင့်မည်အကြောင်း ပြုပြင်မွမ်းမံတော်မူ၏။ ခရစ်ယာန်တို့သည် ကောင်းကင်နှင့်ဆိုင်သော အရာများကိုသာ စွဲလမ်းတွေးတောကြရပါမည် (ကော ၃း၂)။ ကောလောသဲ ၃း၅-၆ က၊ "ထို့ကြောင့် မတရားသောမေထုန်၌မှီဝဲခြင်း၊ ညစ်ညူးစွာကျင့်ခြင်း၊ ကိလေသာပူပန်ခြင်း၊ ဆိုးညစ်သောတပ်မက်ခြင်း၊ ရုပ်တုကို ကိုးကွယ်ခြင်းဖြစ် သော လောဘလွန်ကျူးခြင်းတည်းဟူသော မြေကြီးပေါ်မှာ ရှိသော သင်တို့၏ ကိုယ်အင်္ဂါတို့ကို သေစေကြလော့။ ထိုအမှုများကြောင့် ဘုရားသခင်၏အမျက်တော်သည် ငြင်းဆန်သောသူတို့အပေါ်၌ သင့်ရောက်ပေ၏" ဟုဆိုထားပါသည်။ နာခံခြင်းရှိသော သားသမီးတို့သည် "ဖြောင့်မတ်ခြင်းနှင့်သန့်ရှင်းခြင်း" ပါဝင်သော၊ "လူသစ်" (ဧဖက် ၄း၂၄) ကို ယူတင်ဝတ်ဆင်ကြရပါမည်။

**ဆင်ခြင်ရန်** - "ထာဝရဘုရား မိန့်တော်မူသည်ကား၊ လာကြ၊ တရားစီရင်ကြကုန်အံ့။ သင်တို့အပြစ်သည် နီသော အဆင်းရှိသော်လည်း၊ မိုးပွင့်ကဲ့သို့ဖြူလိမ့်မည်။ ကတ္တီပါနီနှင့်အမျှ နီသော်လည်း၊ သိုးမွေးကဲ့သို့ဖြစ်လိမ့်မည်" (ဟေရှာ ၁း၁၈)။

**ဆုတောင်းချက်-** သင်၏အပြစ်များအတွက် ခွင့်လွှတ်ခြင်း အစဉ်တောင်းလျှောက်လျက်၊ ခရစ်တော်၏အကျင့်အတိုင်း ကျင့်မည်အကြောင်း ဆုတောင်းပါလော့။

# ပျင်းရိသောသူမဟုတ်၊ အလုပ်ကြိုးစားသောသူ

“ငါသည် နေပူကိုခံ၍ မည်းသောအဆင်းရှိသောကြောင့် ငါ့ကိုမကြည့်ရှုကြပါနှင့်။ ငါ့မိခင်၏ သားသမီးတို့သည် ငါ့ကိုမနာလိုသောစိတ်ရှိ၍ စပျစ်ဥယျာဉ်တို့ကို စောင့်စေကြ၏။ ကိုယ်ဥယျာဉ်ကိုမစောင့်ရပါ။”

မိန်းခလေးသည် မိမိ၏အသားမည်းခြင်းကြောင့် ရှက်သည်ဟုထင်ရပါသည် (“ငါ့ကိုမကြည့်ရှုကြပါနှင့်”)။ သူသည် စပျစ်ဥယျာဉ်ကို ကောင်းကောင်းစောင့်ရှောက်သော်လည်း၊ မိမိ၏ဥယျာဉ် (မိမိ၏ကိုယ်ကာယအသွင်အပြင်) ကိုမူ ဂရုမစိုက်အားခဲ့ပါ။ သူမ၏အလုပ်ကြိုးစားမှုကို တွေ့ရပါသည်။ သူသည်မိမိ၏ရုပ်ရည်ကို ဂရုမစိုက်အားဘဲ၊ ဥယျာဉ်ထဲ၌ ကြိုးစားအလုပ်လုပ်ခဲ့ပါသည်။ ပျင်းရိသောသူ မဟုတ်၊ တာဝန်သိစိတ်ရှိ၍ အလုပ်ကြိုးစားသောသူဖြစ်ပါသည်။ သူသည် သု ၃၁း၁၃-၁၇ ၌တွေ့ရသော သီလနှင့်ပြည့်စုံသောသူ ကဲ့သို့ဖြစ်ပါသည်။ “သိုးမွေးနှင့်ဝါကိုရှာ၍၊ မိမိလက်နှင့် အလိုအလျောက် လုပ်တတ်၏။ ကုန်သည်သင်္ဘောကဲ့သို့ဖြစ်၍၊ စားစရာကိုဝေးသောအရပ်မှ ဆောင်ခဲ့တတ်၏။ မိုဃ်းမလင်းမီထလျက်၊ အိမ်သူအိမ်သားတို့အား စားစရာကိုငင်း၊ ကျွန်မတို့အား အငန်းအတာကိုငင်း ပေးဝေတတ်၏။ ကောင်းမွန်စွာဆင်ခြင်၍၊ လယ်ကွက်ကို ဝယ်ယူတတ်၏။ ကိုယ်တိုင်လုပ်၍ ရသောငွေနှင့် စပျစ်ဥယျာဉ်ကိုပြုစုတတ်၏။ မိမိခါးကို ခွန်အားနှင့်စည်း၍၊ မိမိလက်တို့ကို သန်မြန် စေတတ်၏။”

သူသည် မိမိမောင်နှမ (ငါ့မိခင်၏သားသမီး) တို့၏အနိုင်ကျင့်ခြင်းခံလျက်ပင် ကြိုးစားလုပ်ဆောင်ခဲ့ပါသည်။ သည်းခံ၍ လက်စားချေ တုန့်ပြန်ခြင်း မပြုခဲ့ပါ။ ကျွန်တော်တို့သည်လည်း ခရစ်တော် ယုံကြည်ခြင်းကြောင့် လောကီလူတို့၏ နှိပ်စက်ခြင်းကို ခံရကြပါမည်။ ထို့ပြင် အသင်းတော်ထဲ၌ ရှိသော လူတို့၏နှိပ်စက်ခြင်းကို သင်ခံရလျှင်လည်း မအံ့သြပါနှင့် (၁ သက် ၃း၃-၄၊ ၂ တိ ၃း၁၂၊ ၁ ပေ ၄း၁၂-၁၃)။ အချို့သော “ညီအစ်ကို မောင်နှမ” တို့သည် အမှန်မှာ “မှားယွင်းသော ညီအစ်ကို” (၂ ကော ၁၁း၂၆၊ ဂလာတိ ၂း၄) ဖြစ်ကြ၏။ သူတို့သည် စပါးအတု၊ သိုးရေခြုံသောဝံပုလွေဖြစ်ကြပါသည် (မသဲ ၁၀း၂၂၊၂၅၊၃၅၊၃၆၊ ၁၃း၂၄-၃၀၊ နှိုင်း - တမန် ၂၀း၂၈-၃၀)။ ထိုသူတို့သည် စစ်မှန်သော ယုံကြည်သူတို့အား ဘုရားသခင်၏အလိုတော် မပြုနိုင်ခြင်းငှါ၊ မိုက်မဲစွာ ဆီးတားတတ်ကြပါသည်။

**ဆင်ခြင်ရန်** - “ယဉ်ကျေးသောအရာသည် လှည့်စားခြင်းနှင့်ယှဉ်တတ်၏။ လှသောအဆင်းသည်လည်း အချည်းနှီးဖြစ်၏။ ထာဝရဘုရားကို ကြောက်ရွံ့သောမိန်းမမူကား၊ ချီးမွမ်းခြင်းကိုခံရလိမ့်မည်” (သု ၃၁း၃၀)။

**ဆုတောင်းချက်-** ဘုရားသခင်ကို ကြောက်ရွံ့သော၊ အလုပ်ကြိုးစားသော ခင်ပွန်းရဖို့ရန် ဆုတောင်းပါလော့။

စနေ၊ ဇူလိုင် (၈)
**သီ ၁း၇**
ဆာလံ ၇၃

*"ကျွန်မနှစ်သက်နှစ်လိုရာအရှင်၊ . . .
ပြောပြတော်မူပါ"*

# နီးစေတော်မူပါ

"ကျွန်မနှစ်သက်နှစ်လိုရာအရှင်၊ ကိုယ်တော်သည် သိုးများကို အဘယ်မှာ ထိန်းတော်မူသည်ကိုငှင်း၊ မွန်းတည့်အချိန်၌ အဘယ်မှာ အရိပ်ခိုစေတော်မူသည်ကိုငှင်း ပြတော်မူပါ။ ကျွန်မသည် အခြားတပါးသော သိုးထိန်းနောက်သို့ အဘယ်ကြောင့် လမ်းလွှဲ၍ လိုက်ရအံ့နည်း။"

ကိုယ်တော်ကို မိမိတမ်းတခြင်းရှိကြောင်း သူမ ဖော်ပြခြင်းဖြစ်၏။ သူအလုပ်လုပ်သော အရပ်၌ သူမ သည်နေလို၍၊ သူ့လုပ်ဖော်ကိုင်ဖက်တို့သည် ဂရုစိုက်ခြင်းခံရကြပြီး၊ သူမ သည် ထိုသို့သော ဂရုစိုက်ခြင်း မခံရပါ။ ချစ်သူရှိသောသူတို့၏ ပုံမှန်စိတ်ခံစားမှုပင်ဖြစ်ပါသည်။ ချစ်သူရှိသောသူသည် မိမိချစ်သူနှင့်အတူ အစဉ်နေလိုပါ၏။

ထိုနည်းတူ၊ ယုံကြည်သူအပေါင်းတို့သည် ကယ်တင်ရှင်ကို ချစ်ကြပါလျှင် ထိုသို့သော အတူတကွ နေလိုခြင်း ပြင်းပြသောဆန္ဒ ရှိကြရပါမည်။ ဆာလံ ၇၃း၂၃-၂၈ က ထိုတရားကို ကောင်းကောင်း ဤသို့ဖော်ပြထားပါသည် - "သို့သော်လည်း အကျွန်ုပ်သည် ကိုယ်တော်ထံမှာ အစဉ်ရှိ၍၊ အကျွန်ုပ်၏လက်ျာလက်ကို ဆွဲကိုင်တော်မူ၏။ အကျွန်ုပ်ကို ဉာဏ်ပေး၍ ပဲ့ပြင်တော်မူမည်။ နောက်တဖန်ဘုန်းအသရေ၌ သိမ်းယူတော်မူမည်။ ကိုယ်တော်မှတပါး ကောင်း ကင်ဘုံမှာ အကျွန်ုပ်၌ အဘယ်သူရှိပါသနည်း။ ကိုယ်တော်ကိုအလိုရှိသည်နှင့်အမျှ မြေကြီးပေါ်မှာ အကျွန်ုပ်သည် အဘယ်အလိုရှိပါသနည်း။ အကျွန်ုပ်၏အသားနှင့်နှလုံးသည် ပျက်ကြပါ၏။ သို့သော် လည်း ဘုရားသခင်သည် အကျွန်ုပ်နှလုံး၏ အစွမ်းသတ္တိ၊ အကျွန်ုပ်အစဉ်အမြဲခံစားရာအဘို့ ဖြစ်တော်မူ၏။ အကယ်စင်စစ် ကိုယ်တော်နှင့်ဝေးဝေးနေသော သူတို့သည် ပျက်စီးခြင်းသို့ ရောက်ရကြပါ၏။ ကိုယ်တော်နှင့်ကွာ၍ မှားယွင်းသောသူအပေါင်းတို့ကို ပယ်ရှင်းတော်မူ၏။ အကျွန်ုပ်မူကား ဘုရားသခင့်ထံတော်သို့ ချဉ်းကပ်၍ အကျိုးရှိပါ၏။ အမှုတော်ရှိသမျှတို့ကို ကြားပြောခြင်းအလိုငှါ၊ အရှင်ဘုရား၌ ခိုလှုံလျက်နေပါ၏။"

ယုံကြည်ခြင်းတရားကြောင့် မည်သို့သော အခက်အခဲကို ရင်ဆိုင်ရပါစေ၊ ယုံကြည်သူတို့သည် ကယ်တင်ရှင်သခင်ကို အစဉ်ချစ်လျက် သူ့ထံမှ ဘယ်တော့မှ ထွက်မသွားဘဲ၊ ထိုသခင်ထံသို့ အစဉ်ခိုလှုံခြင်းငှါ တိုးဝင်ကြရပါမည် (ဆာလံ ၄၆)။ ယဇ်ပုရောဟိတ်ကြီး သခင်ယေရှုသည် ကျွန်တော်တို့ကိုမစဖို့ရန် အစဉ်အသင့်ရှိတော်မူ၏။ "ယခုမူကား ကောင်းကင်ဘုံထဲသို့ ကြွဝင်တော်မူသော ယဇ်ပုရော ဟိတ်မင်းအကြီးတည်းဟူသော ဘုရားသခင်၏သားတော်ယေရှုသည် ငါတို့၌ ယဇ်ပုရောဟိတ်မင်း ဖြစ်တော်မူသောကြောင့် ငါတို့သည် ဝန်ခံခဲ့ပြီးသော အရာ၌တည်ကြည်ကြကုန်အံ့။ ငါတို့ ယဇ်ပုရောဟိတ်မင်းသည် ငါတို့ခံရသောဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သောသူမဟုတ်။ ငါတို့ ခံရသည်နည်းတူ၊ အမျိုးမျိုးသော စုံစမ်းနှောက်ရှက်ခြင်းတို့ကို ခံဘူးသောသူဖြစ်တော်မူ၏။ သို့ရာတွင် ဒုစရိုက်အပြစ်နှင့်ကင်းလွတ်တော်မူ၏။ ထို့ကြောင့် ငါတို့သည် သနားခြင်းကရုဏာတော်ကိုငှင်း၊ တော်လျော်သောမစခြင်းကျေးဇူးတော်ကိုငှင်း ခံရမည်အကြောင်း၊ ရဲရင့်သောစိတ်နှင့် ကျေးဇူးပလ္လင်တော်သို့ တိုးဝင်ချဉ်းကပ်ကြကုန်အံ့" (ဟေဗြဲ ၄း၁၄-၁၆)။

**ဆင်ခြင်ရန်** - "ဘုရားသခင်သည် ငါတို့ခိုလှုံရာဖြစ်၍၊ ခွန်အားကိုပေးတော်မူ၏။ ဘေးရောက်သည် ကာလ အထူးသဖြင့် ကူမတော်မူကြောင်း ထင်ရှားလျက်ရှိ၏" (ဆာလံ ၄၆း၁)။

**ဆုတောင်းချက်** - ဘုရားသခင်နှင့်အစဉ်နီးတော်မူမည်အကြောင်း ဆုတောင်းပါလော့။

## ကိုယ်တော်၏ချစ်ခြင်းမေတ္တာကို ဘယ်တော့မှသံသယ မဝင်ပါနှင့်

"မိန်းမတကာတို့ထက် အဆင်းလှသော အစ်မ၊ သင်သည် မသိလျှင်၊ သိုးများခြေရာသို့ လိုက်သွား၍ သိုးထိန်းတဲများအနားမှာ သင်၏သိုးသငယ်တို့ကို ကျွေးမွေးပါလော့။"

သူ့သူငယ်ချင်းများက ကိုယ်တော်သည် သူမကို အလိုမရှိဘဲ နေမည် မဟုတ်ကြောင်း ပြောခဲ့ကြ၏။ ထိုသို့ သံသယရှိနေလျှင် သူမသည် ပြန်သွား၍ မိမိ၏သိုးနှင့်ဆိတ်တို့ကို ကျောင်းလျက် သူတို့ကို မိမိ၏အဖော်အဖြစ်ထားခြင်းသည်ပိုကောင်းပါလိမ့်မည်။

ခရစ်တော်၏နောက်လိုက်တပည့်ဖြစ်သော ကျွန်တော်တို့သည်လည်း ခရစ်တော်၏ချစ်ခြင်းမေတ္တာကို သံသယမဝင်ဘဲ အစဉ်ယုံကြည် ကိုးစားကြရပါမည်။ သူသည် ကျွန်တော်တို့ကို အဆုံးတိုင်အောင် ချစ်တော်မူလိမ့်မည်။ ဤသို့ ဂတိထားတော်မူသည် မဟုတ်လော၊ "အားယူ၍ရဲရင့်ခြင်းရှိလော့။ မစိုးရိမ်ကြနှင့်။ သူတို့ကိုမကြောက်ကြနှင့်။ ထာဝရ ဘုရားသည် သင်တို့ဘုရားသခင်ဖြစ်၍ သင်တို့နှင့်အတူ ကိုယ်တိုင်ကြွတော်မူမည်။ သင်တို့ကို စွန့် တော်မမူ။ ပစ်ထားတော်မမူဟု ဟောပြော၏" (တရား ၃၁း၆)။

ကျွန်ုပ်တို့၏ အချစ်ခရီးသည် ယုံကြည်ခြင်းခရီးလည်း ဖြစ်ရပါမည်၊ "အဘယ်သို့ဖြစ်သနည်းဟူမူကား၊ ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်ဟု ကျမ်းစာလာသည်နှင့်အညီ ယုံကြည်ခြင်း၌တည်သော ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားသည် ယုံကြည်ခြင်းအဘို့အလိုငှါ ဧဝံဂေလိတရားအားဖြင့် ထင်ရှားလျက်ရှိ၏" (ရောမ ၁း၁၇)။ "ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏စိတ်တော်နှင့်မတွေ့နိုင်။ အကြောင်းမူကား ဘုရားသခင့် အထံတော်သို့ ချဉ်းကပ်သောသူသည် ဘုရားသခင်ရှိတော်မူသည်ကိုဇင်း၊ ကိုယ်တော်ကို ရှာသောသူအား အကျိုးပေးတော်မူသည်ကိုဇင်း ယုံကြည်ရမည်" (ဟေဗြဲ ၁၁း၆)။

ကျွန်တော်တို့သည် စိတ်နှစ်ခွ မရှိရပါ။ "ဘုရားသခင်၌ ချဉ်းကပ်ကြလော့။ သို့ပြုလျှင် သင်တို့၌ ချဉ်းကပ်တော်မူလိမ့်မည်။ အပြစ်ရှိသောသူတို့ သင်တို့လက်ကို စင်ကြယ်စေကြလော့။ စိတ်နှစ်ခွရှိသောသူတို့၊ သင်တို့စိတ်နှလုံးကို သန့်ရှင်းစေကြလော့" (ယာကုပ် ၄း၈)။

ခရစ်တော်သည် တင့်တယ်သော မိမိ၏သတို့သမီး အတွက် မိမိ၏အချစ်ကို တံဆိပ်ခတ်တော်မူပြီ (ဧဖက် ၅း၂၅-၂၇၊ ဗျာ ၁၉း၇-၉၊ ၂၁း၂)။ အသင်းတော်သည် သန့်ရှင်းသော၊ ယုံကြည်ခြင်းသူရဲကောင်းများ၏ခြေရာကို လိုက်လျှောက်ကြရပါမည် (ရောမ ၄း၁၂၊ ဟေဗြဲ ၆း၁၂၊ ၁၁း၁-၁၄)။ အသင်းတော်သည် အသင်းသားတို့ကို သမ္မာကျမ်းစာ သွန်သင်ပေးရပါမည် (မသဲ ၂၈း၁၉-၂၀၊ ယော ၂၁း၁၅-၁၆)။

**ဆင်ခြင်ရန်** - "မြော်လင့်ခြင်းအကြောင်းကိုဝန်ခံ၍၊ မတိမ်းမယိမ်းမရွေ့လျော့ဘဲ တည်ကြည်ကြကုန်အံ့၊ အကြောင်းမူကား၊ ဂတိထားတော်မူသောသူသည် သစ္စာနှင့်ပြည့်စုံတော်မူ၏" (ဟေဗြဲ ၁၀း၂၃)။

**ဆုတောင်းချက်-** ဘယ်အခြေအနေ၌မဆို ဘုရားသခင်ကို ယုံကြည်ကိုးစား၍ အစဉ်သစ္စာရှိမည်အကြောင်း ဆုတောင်းပါလော့။

# သင်သည်အကောင်းဆုံးဖြစ်ပါ၏

“ငါချစ်သောနှမ၊ သင့်ကိုဖာရောမင်းရထား၌ ကသောမြင်းနှင့်ငါပုံပြမည်။”

သတို့သားလောင်းသည် သူမကို မိမိအလွန်ချစ်ကြောင်း သက်သေပြ၍ “ငါချစ်သောနှမ” ဟုခေါ်ခဲ့ပါသည်။ သူမသည် မိမိအတွက် အလွန်တန်ဖိုးကြီးလှကြောင်း၊ ဖာရောမင်း၏အကောင်းဆုံးသောမြင်းနှင့်နှိုင်းခဲ့ပါသည်။ ရှောလမုန်လက်ထက်တွင်၊ အီဂျစ်မြင်းတို့သည် အကောင်းဆုံးဖြစ်ကြပြီး၊ အကောင်းတကာ့အကောင်းဆုံးကို ဖာရောမင်းက ပိုင်ဆိုင်ထားပါသည်။ သတို့သမီးလောင်းသည် သတို့သားလောင်းကို သံသယမဝင်မည် အကြောင်း၊ သူမကို မိမိအလွန်ချစ်ကြောင်း သက်သေပြလျက်၊ သူမသည် မိမိအတွက် အလွန်အရေးပါကြောင်း ဖေါ်ပြခြင်းသည် အလွန်အရေးကြီးလှပါသည်။

ထိုနည်းတူစွာ ဣသရေလကိုမည်မျှချစ်ကြောင်း ဘုရားသခင်က မကြာခဏ သူတို့အား ပြောလေ့ရှိ၏။ “သင်သည်အခြားသောလူမျိုးထက် သာ၍များသောကြောင့် ထာဝရဘုရားသည် သင့်ကို ချစ်၍ရွေးချယ်တော်မူသည်မဟုတ်။ သင်သည်အခြားသောလူမျိုးတကာတို့ထက် သာ၍နည်း၏။ ထာဝရဘုရားသည် သင့်ကိုချစ်သောကြောင့်၎င်း၊ သင်၏ဘိုးဘေးတို့အားကျိန်ဆိုတော်မူသော အကျိန်ကိုမဖျက်လိုသောကြောင့်၎င်း၊ ကျွန်ခံနေရာအဲဂုတ္တုပြည်ကို ဖာရောဘုရင်လက်မှ အားကြီးသော လက်တော်နှင့်သင့်ကို ရွေးနှုတ်ဆောင်ယူခဲ့တော်မူပြီ။ သို့ဖြစ်၍သင်၏ဘုရားသခင်ထာဝရဘုရားသည် မှန်သောဘုရား၊ သစ္စာစောင့်သောဘုရား၊ ကိုယ်တော်ကိုချစ်၍ ပညတ်တော်တို့ကို စောင့်ရှောက်သောသူတို့၏ အမျိုးအစဉ်အဆက်အထောင်အသောင်းတိုင်အောင် ပဋိညာဉ်စကားတည်၍ ကရုဏာကိုပြသောဘုရား၊ . . . သို့ရာတွင် သင်၏ဘုရားသခင်ထာဝရဘုရားသည် ဗာလမ်စကားကို နားမထောင်။ သင့်ကိုချစ်သောကြောင့် ကျိန်ဆဲခြင်းကို သင်၌ကောင်းကြီးမင်္ဂလာဖြစ်စေတော်မူ၏” (တရား ၇း၇-၉၊ ၂၃း၅)။

ဘုရားသခင်သည် သူ၏အသင်းတော်ကိုချစ်တော်မူ၏။ “အချင်းယောကျ်ားတို့ ခရစ်တော်သည်အသင်းတော်ကိုချစ်တော်မူသကဲ့သို့ သင်တို့လည်း ကိုယ်ခင်ပွန်းကိုချစ်ကြလော့။ . . . ထိုနည်းတူ ယောကျ်ားတို့သည် မိမိကိုယ်ကိုချစ်သကဲ့သို့ မိမိခင်ပွန်းတို့ကိုချစ်ရကြမည်။ ခင်ပွန်းကိုချစ်သောသူသည် ကိုယ်ကိုချစ်သောသူဖြစ်၏။ ကိုယ်အသားကိုမုန်းသောသူတစ်ယောက် မျှမရှိ။ ခရစ်တော်သည်အသင်းတော်ကို ကျွေးမွေးပြုစုတော်မူသကဲ့သို့ ခပ်သိမ်းသောသူတို့သည် မိမိတို့အသားကို ကျွေးမွေးပြုစုတတ်ကြ၏” (ဧဖက် ၅း၂၅၊ ၂၈-၂၉)။

**ဆင်ခြင်ရန်** - မြင်းနှင့်မြင်းရထားတို့သည် စစ်ပွဲအတွက်ဖြစ်ကြပါသည်။ အသင်းတော်သည် ဝိညာဉ်စစ်ပွဲအတွက်ဖြစ်ပါသည် (၁ တိ ၆း၁၂၊ ဧဖက် ၆း၁၀-၁၈)။

**ဆုတောင်းချက်-** ယုံကြည်ခြင်းအတွက် ကောင်းသောတိုက်လှန်ခြင်းကို တိုက်ဖို့ရန် ဘုရားသခင် မစတော်မူခြင်းငှါ ဆုတောင်းပါလော့။

# သင်သည်အလွန်လှပတင့်တယ်ပါသည်

"သင်၏ပါးသွယ်၌ မုတ်ပုတီးတန်ဆာဆင်လျက်၊ လည်ပင်း၌ ပုလဲအသွယ်သွယ်ဆွဲလျက်၊ သင်သည် တင့်တယ်လှ၏။ ငွေနှင့်အပြောက်ချယ်သော ရွှေပုတီးအသွယ်သွယ်ကိုလည်း လုပ်၍ ပေးဦးမည်။"

"လှပတင့်တယ်ခြင်းသည် ကြည့်ရှုသောသူ၏အမြင်၌တည်ပါသည်။" သူသည် သူမ၏ အလှ၌ စွဲလမ်းခြင်းရှိ၏။ သူမ၏ပါးပြင်နှင့်လည်ပင်းတို့ကို စွဲမက်ခြင်းရှိခဲ့ပါသည်။ သူမ၏သူငယ်ချင်းတို့က သူ့ကို အဝတ်အစားကောင်း၊ ကျောက်မျက်ရတနာတို့ဖြင့် ပို၍လှလာအောင် ခြယ်သပြင်ဆင်လိုခဲ့ကြပါသည်။ သို့သော်လည်း သူမ၏သဘာဝအလှသည် သတို့သားလောင်းအတွက် လုံလောက်လျက်ရှိပါသည်။ ဘုရားသင်ကို ကြောက်ရွံ့သော မိန်းမသည် ရွှေငွေ ရတနာတို့ကို စွဲလမ်းခြင်းမရှိပါ။ "သင်တို့၌ တန်ဆာဆင်ခြင်း မူကား၊ ဆံပင်ကျစ်ခြင်း၊ ရွှေဆင်ခြင်း၊ အဝတ်ဝတ်ခြင်းတည်းဟူသော အပြင်တန်ဆာဆင်ခြင်းမဖြစ် စေဘဲ၊ ဘုရားသခင့်ရှေ့မှာ အဘိုးများစွာ ထိုက်သော နူးညံ့ငြိမ်သက်ခြင်းသဘောတည်းဟူသော မဖောက်ပြန်မပျက်စီးတတ်သော တန်ဆာဆင်ခြင်းရှိသော စိတ်နှလုံး၏ အတွင်းလူဖြစ်စေကြလော့" (၁ ပေ ၃း၃-၄)။

အသင်းတော်၌ဤတရားကိုမည်သို့လက်တွေ့ကျင့်သုံးရပါမည်နည်း။ John Gill က ဤသို့ရှင်းပြထားပါသည် - "အသင်းတော်သည် မိမိ၏ရွှေလည်ဆွဲ (သို့) ပုလဲလည်ဆွဲတည်းဟူသော၊ ဝိညာဉ်တော်၏ကျေးဇူးတော်၊ အချင်းချင်းချိပ်ဆက်လျက်ရှိသော ပုလဲလုံးဆယ်ခု ရှိပါသည်၊ ထိုအရာတို့မှာ ယုံကြည်ခြင်း၊ မြော်လင့်ခြင်း၊ ချစ်ခြင်း၊ နောင်တရခြင်း၊ နှိမ့်ချခြင်း၊ ခံနိုင်ရည်ရှိခြင်း၊ မိမိကိုယ်ကိုငြင်းပယ်ခြင်း၊ အရာရာ၌ရောင့်ရဲခြင်း၊ ဝိညာဉ်အသိဉာဏ်၊ သည်းခံစိတ်ရှည်ခြင်းဖြစ်၍ ဖြောင့်မတ်ရိုးသားခြင်းကထိုအရာတို့ကို ရစ်ပတ်ထားပါသည်။ ထို့ပြင် အသင်းတော်နှင့် သန့်ရှင်းသောလူအပေါင်းတို့ကို ခရစ်တော်၌ ခံစေတော်မူသော၊ ကျေးဇူးတော်ပဋိညာဉ်၏ဝိညာဉ်ဆုကျေးဇူးများလည်းရှိပါသည်။ ထိုအရာတို့ကို ကယ်တင်ခြင်း ရွှေကြိုးဖြင့် အကုန်လုံး သွယ်ဆက်ထားလျက်ရှိကြောင်း၊ တမန်တော်က ရောမ ၈း၃၀ ထဲတွင် ကောင်းမွန်စွာဖော်ပြခဲ့ပါသည်။"

**ဆင်ခြင်ရန်** - "ယဉ်ကျေးသောအရာသည် လှည့်စားခြင်းနှင့်ယှဉ်တတ်၏။ လှသောအဆင်းသည်လည်း အချည်းနှီးဖြစ်၏။ ထာဝရဘုရားကို ကြောက်ရွံ့သောမိန်းမမူကား၊ ချီးမွမ်းခြင်းကိုခံရလိမ့်မည်" (သု ၃၁း၃၀)။

**ဆုတောင်းချက်-** ယုံကြည်ခြင်း၊ မြော်လင့်ခြင်းနှင့်ချစ်ခြင်းမေတ္တာ၌ မွန်မြတ်သောစိတ် ရှိဖို့ရန် ဆုတောင်းပါလော့။

# သင်းပျံ့မွှေးကြိုင်သော ဆက်ဆံမှု

"အရှင်မင်းကြီးသည် စားပွဲတော်နားမှာ ထိုင်နေစဉ် ငါထုံသောနာဒုဆီမွှေးအနံ့သည် တပျံ့ပျံ့ တလှိုင်လှိုင်ဖြစ်လေ၏။ ငါချစ်ရာသခင်သည် ငါ၌မုရန်နံ့သာပုံဖြစ်၍၊ ငါ့ရင်အုံကြားမှာ တည၌လုံးအိပ်ရမည်။"

အရှင်မင်းကြီးနှင့်သူ၏သတို့သမီးတို့သည် ယခုတွင် အတူတကွ စားသောက်လျက် တွေ့ရပြီး၊ မင်းကြီးသည် သူမနှင့်အတူရှိခြင်းကိုသဘောကျလျက်ရှိ၏။ "ဒုဆီ" သည် မွှေးသောရနံ့ရှိ၏။ သူမသည် မင်းကြီးအတွက် မွှေးသောရနံ့ကို ပေးလျက်ရှိပါသည်။ "မုရန်" သည်လည်း မွှေးရနံ့ဖြစ်၍ ဟေဗြဲမိန်းခလေးတို့သည် မုရန် ပါသောအိတ်လေးကို လည်ပင်း၌ဆွဲတတ်ကြပါသည်။ သူမသည် မင်းကြီးနှင့်နီးကပ်စွာနေရမည့်အချိန်ကိုတမ်းတလျက်၊ မိမိရင်ခွင်၌တိုးဝင်မည့် နေ့ရက်ကို စောင့်မျှော်လျက်နေပါသည် (အနာဂတ်ပြ-အိပ်ရလိမ့်မည်)။ ထိမ်းမြားလက်ထပ်ခြင်းပြုပြီးမှသာ လုပ်ဆောင်ရမည့် ကာမဆက်ဆံခြင်းကို မျှော်လင့်တောင့်တခြင်း တဖန်တွေ့ရပြန်၏။ မှတ်သားရမည်မှာ၊ ထိုသို့ ထိမ်းမြားခြင်း မပြုမှီ သူတို့သည် သန့်ရှင်းစွာနေထိုင်ကြကြောင်း၊ စည်းကမ်းရှိရှိနေ၍ မိမိကိုယ်ကို ချုပ်တည်းထိန်းသိမ်းကြကြောင်း သိမှတ်ရပါမည်။

ဤကျမ်းပိုဒ်က ကယ်တင်ရှင် ဘုရားသခင်ထံ အသင်းတော် ဆက်သရမည့် ဝတ်ပြုကိုးကွယ်ခြင်းမျိုးကို ဖော်ပြလျက်ရှိပါသည်။ မွှေးရနံ့ရှိသော ဒုဆီနှင့်မုရန်တို့ကို ရှေးခေတ်တွင် သင်္ဂြိုလ်မည့် အလောင်း ပြင်ဆင်ခြင်း၌ အသုံးပြုကြပါသည်။ ဗေသနိ မာရိ ကလည်း တန်ဖိုးကြီးသော ဒုဆီမွှေးဖြင့် သခင်ယေရှုအား သွန်းလိမ်းခဲ့ပါသည် (မသဲ ၂၆း၆-၁၂၊ မာကု ၁၄း၃-၉)။ မဂဒလ မာရိ ကလည်း၊ အပြစ်လွှတ်ခြင်းခံရပြီးနောက် ယေရှုကို တန်ဖိုးကြီးသော ရေမွှေးဖြင့် လိမ်းခဲ့ပါသည် (လု ၇း၃၇-၃၈)။ ယေရှု သင်္ဂြိုလ်ခြင်းခံရသော အချိန်၌ ဂူသွင်းသောသူတို့သည် ယေရှု၏အလောင်းကို မုရန်ဖြင့်လိမ်းခဲ့ကြပါသည် (ယော ၁၉း၃၈-၃၉)။

**ဆင်ခြင်ရန်** - "ညီအစ်ကိုတို့၊ အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ၊ ဘုရားသခင် နှစ်သက်တော်မူဘွယ်သောလက္ခဏာနှင့်ပြည့်စုံသောယဇ်ကို ဘုရားသခင်အား ဆက်ကပ်ခြင်းတည်းဟူသော သင်တို့ပြုအပ်သော ဝတ်ကိုပြုမည်အကြောင်း၊ ဘုရားသခင်၏ကရုဏာတော်ကိုထောက်၍၊ သင်တို့ကို ငါတိုက်တွန်းနှိုးဆော်ပေ၏" (ရောမ ၁၂း၁)။

**ဆုတောင်းချက်-** သန့်ရှင်းသောလက်၊ သန့်ရှင်းသောစိတ်နှလုံးဖြင့် ဘုရားသခင်ကို ကိုးကွယ်လျက်၊ အမှုတော်ကို ဆောင်ရွက်ဖို့ရန် ဆုတောင်းပါလော့။

## ချစ်စရာကောင်းသော၊ လန်းဆန်းတက်ကြွသော

"ငါချစ်ရာသခင်သည် အင်္ဂေဒိဥယျာဉ်မှဖြစ်သော ဟန်ခါက်ရွက်စည်းကဲ့သို့ဖြစ်ပါ၏။"

ဤကျမ်းပိုဒ်၌ မိမိ၏ချစ်သူကို နားခိုရာ အင်္ဂေဒိ အိုအေစစ်ဥယျာဉ်၏ မွှေးကြိုင်သော ပန်းစည်းနှင့်ခိုင်းနှိုင်းထားပါသည်။

အင်္ဂေဒိသည် ပင်လယ်သေ အနောက်ဖက်၌ရှိသော၊ ကန္တာရထဲ၌ရှိသည့် ခိုနားရာ အိုအေစစ် ဖြစ်ပါသည်။ ဤနေရာသည် ယုဒလူတို့အလွန်သိကျွမ်းသော နေရာ၊ သူတို့ အပန်းဖြေနားခိုရာဖြစ်ပါသည်။ ထိုသို့ခိုနားခြင်းငှါ အလွန်ကောင်းသော ဂူများစွာလည်း ရှိပါသည်။ ပတ်ဝန်းကျင်၌ သစ်ပင် ပန်းမန်များနှင့် စပျစ်ဥယျာဉ်များလည်း ရှိပါသည်။ စမ်းရေတွင်းများလည်းရှိသောကြောင့် သန့်ရှင်းအေးမြသော သောက်သုံးရေများရှိ၏။ တောဆိတ်များ ကျက်စားသဖြင့် အသားစားစရာ လွယ်ကူစွာ လူတို့ရတတ်ကြပါသည်။ မိမိနှင့်စေ့စပ်ထားသော ချစ်သူကို ထိုအင်္ဂေဒိ ပန်းစည်းနှင့် ခိုင်းနှိုင်းထားခြင်းသည် အလွန်ချစ်မြတ်နိုးခြင်းကို ပြသလျက်ရှိပါသည်။

ကျွန်ုပ်တို့၏ကယ်တင်ရှင်ကလည်း အသက်ရှင်ခြင်းကို ပေးသော စပျစ်နွယ်ပင် အဖြစ် မိမိကိုယ်ကို ဖော်ပြထားပါသည်။ "ငါသည်စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည် အခက်များဖြစ်ကြ၏။ အကြင်သူသည် ငါ၌တည်၍ငါသည်လည်း သူ၌တည်၏။ ထိုသူသည်များစွာသောအသီးကို သီးတတ်၏။ ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှမတတ်နိုင်ကြ" (ယော ၁၅း၅)။ ထို့ကြောင့် ခရစ်တော်၏လူတို့သည် ဆက်လက်ရှင်သန်၍ ဝိညာဉ်အသက်တာ ကြီးထွားခွန်အားရဖို့ရန် ခရစ်တော်ကို ကိုးစားကိုးကွယ်လျက် အစဉ် ခရစ်တော်၌တည်နေရပါမည်။

John Gill က ဤသို့ရှင်းပြခဲ့ပါသည် - "အသင်းတော်သည် (ယေရှုခရစ်တော်ကို) ဆိုက်ပရပ်စ် စပျစ်နွယ်ပင်၏စပျစ်သီးခိုင် အကောင်းဆုံးနှင့်ခိုင်းနှိုင်းသင့်ပေသည်။ ခရစ်တော်၌ အလုံးစုံ ပြည့်စုံခြင်း၊ ဘုရားဖြစ်ခြင်းနှင့်လူသားဖြစ်ခြင်း ရှိတော်မူ၏။ ထာဝရပဋိညာဉ်နှင့်ဆိုင်သော ဝိညာဉ်ဆုကျေးဇူးအပေါင်း၊ ထိုအရာ၌ ပါဝင်သော မြတ်သော ဂတိတော်အပေါင်းနှင့် ဝိညာဉ်ကျေးဇူးတော်အပေါင်း စုံလင်စွာ ထိုခရစ်တော်၌တည်လျက်ရှိပါသည်။"

**ဆင်ခြင်ရန်** - "ငါမူကား၊ သိုးတို့သည် အသက်လွတ်ရုံမျှမက အထူးသဖြင့် အသက်နှင့်ပြည့်စုံစေခြင်းငှါ လာသတည်း" (ယော ၁၀း၁၀)။

**ဆုတောင်းချက်-** မိမိအတွက်မဟုတ်ဘဲ၊ ကိုယ်တော်အတွက် အစဉ်အသက်ရှင်မည်အကြောင်း ဆုတောင်းပါလော့။

# ရွှေလက်တွဲ၍၊ စိတ်ချင်းဆက်လျက်

"ငါချစ်သောနှမ၊ သင်သည်အဆင်းလှပေ၏။ အလွန်လှပေ၏။ ချိုးမျက်စိနှင့်ပြည့်စုံ၏။ ငါချစ်ရာသခင်သည် အဆင်းလှ၍ ချစ်ဘွယ်သောလက္ခဏာနှင့်ပြည့်စုံတော်မူ၏။ ငါတို့အိပ်ရာခင်းသည် စိမ်းသောအဆင်းရှိ၏။ ငါတို့ဗိမာန်တိုင်တို့သည် အာရဇ်ပင်၊ အမိုးသည် ထင်းရှူးပင်ဖြင့် ပြီးသတည်း။"

သူမ၏အလှကို ယခု သူချီးမွမ်းပါသည်။ "သင်သည် လှပေ၏" ဟု သုံးကြိမ်ဆိုထားပါသည်။ မချီးမွမ်းဘဲ မနေနိုင်ပါ။ အလွန်ချစ်သဖြင့်၊ သူမကို "ငါချစ်သောနှမ" "ငါချစ်ရာ" ဟု ချစ်စနိုး ခေါ်ခဲ့ပါသည်။ သူ့အကြည့်ကို သူမထံမှ လုံးဝမခွါနိုင်ဖြစ်ခဲ့ပြီး၊ ထိုအကြည့်၌ကြည်နူးနေမိ၏။

ချစ်ခြင်းမေတ္တာသည် အတူလက်တွဲသွား၍ စိတ်နှလုံးချင်းဆက် စကားပြောခြင်းပေတည်း။ အလွန်စိမ်းလန်း သာယာသော ဥယျာဉ်ထဲ၌ အတူတူသွားလာ စကားပြောလျက် အချိန်ကုန်မှန်း မသိ ဖြစ်ခဲ့ကြပါသည်။ ဥယျာဉ် ပန်းခြံသည် ထိုသို့ လမ်းလျှောက်ခြင်းအတွက် အကောင်းဆုံးနေရာပင်ဖြစ်ပါသည်။ "အာရဇ်ပင်" "ထင်းရှူးပင်" တို့သည် လူထူထပ် ဆူညံသောမြို့နှင့် အလှမ်းဝေးရာ၊ လူသူကင်းမဲ့သော တောအရပ်ကို ညွှန်ပြလျက်ရှိပါသည်။ ထိုသို့ လက်ချင်းတွဲ၍ နှစ်ကိုယ်ကြား စကားပြော လမ်းလျှောက်ရန် အကောင်းဆုံးသော နေရာသည် ထိုသို့သော ဆိတ်ညိမ်သော အရပ်ပင်ဖြစ်ပါသည်။

သခင်ယေရှုကလည်း အသင်းတော်ကို ထိုသို့မိန့်တော်မူ၏။ မိမိကိုယ်ကို မထိုက်တန်ဟု ထင်မှတ်သော်လည်း သူမကို အလွန်တန်ဖိုးထားတော်မူ၏ (နှိုင်း - ယောဘ ၂၅း၆၊ ဟေရှာ ၄၁း၄၊ ဂလာ ၂း၂၀)။ "စိမ်းသောအဆင်း" က "သံလွင်ပင်ကဲ့သို့ ဘုရားသခင်၏အိမ်တော်၌ ကျေးဇူးတော်နှင့် သန့်ရှင်းခြင်းအရာတွင် ယုံကြည်သူ အသီးသီးခြင်းကို ဖော်ပြပါသည်" (John Gill)။

"တိုင်" နှင့် "အမိုး" က အသင်းတော်၏ ခိုင်ခံ့မှုနှင့်ခွန်အားကို ပြသလျက်ရှိ၏။ အာရဇ်ပင်သည် ကောင်းသောရနံ့ရှိ၍ ကြာရှည်ခံသောသစ်သား ဖြစ်ပါသည်။ Pliny က၊ "ဤသစ်သားသည် သစ်တို့တွင် အမိုးမိုးရန် အတွက် အကောင်းဆုံးနှင့်ခိုင်ခံ့ဆုံး ဖြစ်သည်" ဟုဆို၏။ အသင်းတော်သည် အသက်ပင်တည်းဟူသော၊ သခင်ယေရှုခရစ်တော်ဖြင့် မယိုင်မလဲ ခိုင်ခံ့သော အုတ်မြစ်ပေါ်၌ တည်ဆောက်ဖြင်းခံရပါသည်။ ယေရှု က၊ "ဤကျောက်ပေါ်မှာ ငါ့အသင်းကို ငါတည်ဆောက်မည်။ ထိုအသင်းကို မရဏာနိုင်ငံ၏တံခါးတို့သည် မနိုင်ရာ" (မသဲ ၁၆း၁၈၊ နှိုင်း - ၁ ကော ၁၀း၄) ဟု မိန့်တော်မူ၏။ မှန်ပါ၏၊ အသင်းတော်သည် ဘုရားသခင်၏အိမ်တော်၊ "သမ္မာတရား၏အမှီတကဲဖြစ်၏။ သမ္မာတရား၏တည်ရာလည်းဖြစ်၏" (၁ တိ ၃း၁၅)။

**ဆင်ခြင်ရန်** - အချစ်သည် ရွှေလက်တွဲ၍ စိတ်ချင်းဆက်ခြင်းပေတည်း။
**ဆုတောင်းချက်-** ဘုရားသခင်နှင့်အတူ သွားလာ၍ မိသာဟာယဖွဲ့ခြင်းကို နှစ်သက်မည် အကြောင်း ဆုတောင်းပါလော့။

# ရှာရုန်အရပ်နှင်းဆီပွင့် (၁)

"ငါသည် ရှာရုန်အရပ်နှင်းဆီပွင့်၊ ကွင်းပြင်၌ပေါက်သော နှင်းပွင့်မျှသာဖြစ်ပါ၏။"

ရှောလမုန်က ရှာရုန်အရပ်၌တွေ့ရသော နှင်းဆီနှင့်ရင်း၊ ကြသရေလလွင်ပြင်၌များစွာရှိသော နှင်းပွင့်နှင့်ရင်း မိမိကိုယ်ကို ခိုင်းနှိုင်းထားပါသည်။ ထိုပန်းသည် ပေါများသော်လည်း အလှဆုံးဖြစ်ကြပါသည်။ ရှောလမုန်သည် ဘုရားသခင်နှစ်သက်တော်မူသောသူ ဖြစ်ပါ၏။

"ရှောလမုန်သည် ထာဝရဘုရားကိုချစ်၍ ခမည်းတော်ဒါဝိဒ်၏ စီရင်ချက်တို့ကို စောင့်ရှောက်တတ်၏။ သို့ရာတွင် မြင့်သောအရပ်တို့၌ ယဇ်ပူဇော်၍ နံ့သာပေါင်းကိုမီးရှို့၏။ တရံရောအခါ ရှင်ဘုရင်သည် ယဇ်ပူဇော်ခြင်းငှါ အလွန်မြင့်မြတ်သောအရပ်တည်းဟူသော ဂိဗောင်မြို့သို့သွား၍ ထိုယဇ်ပလ္လင်ပေါ်မှာ မီးရှို့ရာယဇ်တထောင်ကို ပူဇော်လေ၏။ ထိုမြို့၌ ထာဝရဘုရားသည် ညဥ့်အခါ အိပ်မက်တွင်ရှောလမုန်အား ထင်ရှားလျက်၊ ငါပေးရမည်ဆုကိုတောင်းလော့ဟု ဘုရားသခင်မိန့်တော်မူ၏။ ရှောလမုန်ကလည်း ကိုယ်တော်၏ကျွန် အကျွန်ုပ်၏အဘဒါဝိဒ်သည် ရှေ့တော်၌သဘောဖြောင့်၍ သမ္မာတရား၊ ဖြောင့်မတ်ခြင်းတရားအတိုင်း ကျင့်သည်နှင့်အညီ၊ သူ၌များစွာသော ကျေးဇူးကို ပြုတော်မူပြီ။ ယနေ့တွင် ရှိသည်အတိုင်း သူ၏ရာဇပလ္လင်ပေါ်မှာ ထိုင်ရသောသားကို သူ့အား ပေးသနားတော်မူသဖြင့် သူ့အဘို့ ကျေးဇူးတရားကို စောင့်ရှောက်တော်မူပြီ။ ယခုမှာ အကျွန်ုပ်၏ ဘုရားသခင်ထာဝရဘုရား၊ ကိုယ်တော်ကျွန်ကိုအဘဒါဝိဒ်၏ ကိုယ်စား၊ ရှင်ဘုရင်အရာ၌ ခန့်ထားတော်မူပြီ။ သို့ရာတွင် အကျွန်ုပ်သည် သူငယ်ဖြစ်ပါ၏။ ထွက်ဝင်ခြင်းငှါ မတတ်နိုင်ပါ။ ရွေးချယ်တော်မူ၍ အရေအတွက်အားဖြင့် အတိုင်းမသိများပြားစွာသော ကိုယ်တော်၏ လူမျိုးကြီးအလယ်၌ ကိုယ်တော်ကျွန်ရှိပါ၏။ သို့ဖြစ်၍ ကိုယ်တော်ကျွန်သည် ကိုယ်တော်၏လူတို့ကို တရားစီရင်နိုင်မည်အကြောင်း ကောင်းမကောင်းကို ပိုင်းခြား၍ သိတတ်သောဉာဏ်ကိုပေးသနားတော်မူပါ။ ဤမျှလောက်များစွာသော ကိုယ်တော်၏လူတို့ကို အဘယ်သူသည် ကိုယ်အလိုအလျောက် တရားစီရင်နိုင်ပါမည်နည်းဟု တောင်းလျှောက်၏။ ထိုသို့ ရှောလမုန်တောင်းလျှောက်သော ပဌနာစကားကို ထာဝရဘုရားသည် နှစ်သက်တော်မူ၏။ ဘုရားသခင်ကလည်း သင်သည် တာရှည်သောအသက်ကို မတောင်း၊ စည်းစိမ်ကိုလည်းမတောင်း၊ ရန်သူတို့၏အသက်ကိုလည်းမတောင်း၊ တရားစီရင်ခြင်းငှါ တတ်နိုင်သောဉာဏ်ကိုသာ ကိုယ်အဘို့ တောင်းလျှောက်သောကြောင့် သင်တောင်းလျှောက်သည်အတိုင်း ငါပေး၏။ ရှေးကာလ၌ သင်နှင့်တူသောသူ တယောက်မျှမဖြစ်။ နောင်ကာလ၌မဖြစ်နိုင်အောင် ဉာဏ်ပညာနှင့်ပြည့်စုံသောစိတ်ဝိညာဉ်ကို သင့်အားငါပေး၏။ ထိုမှတပါး သင်နှင့်တူသော ရှင်ဘုရင်တယောက်ကိုမျှ သင့်လက်ထက်၌မရှိစေခြင်းငှါ သင်မတောင်းသောဆု၊ စည်းစိမ်ဥစ္စာဂုဏ်အသရေကိုငါပေး၏" (၃ ရာ ၃း၃-၁၃)။

**ဆင်ခြင်ရန်** - ထာဝရဘုရားကို ချီးမြှောက်လော့၊ သူသည် သင့်ကို ချီးမြှောက်တော်မူမည် (၁ ရာ ၂း၃၀)။

**ဆုတောင်းချက်-** ဘုရားသခင်ကြောက်ရွံ့ခြင်း အသိဉာဏ်ကို တောင်းလျှောက်လော့၊ ထို အသိဉာဏ်သည် သင့်ကို ချီးမြှောက်လိမ့်မည်။

# ရှာရုန်အရပ်နှင်းဆီပွင့် (၂)

"ငါသည် ရှာရုန်အရပ်နှင်းဆီပွင့်၊ ကွင်းပြင်၌ပေါက်သော နှင်းပွင့်မျှသာဖြစ်ပါ၏။"

"ဘုရားသခင်သည် များစွာသော ဉာဏ်ပညာကိုငှင်း၊ သမုဒ္ဒရာသဲလုံးနှင့်အမျှ ကျယ်ဝန်းသောနှလုံးကိုငှင်း ပေးတော်မူသည်ဖြစ်၍၊ ပညာတော်သည် အရှေ့ပြည်သားပညာနှင့် အဲဂုတ္တုပြည်သားပညာကိုလွန်ကဲ၏။ ဧရာလမုန်သည် ဧဇရဟိတ်အမျိုးဧသန်၊ မဟောလသားဟေမန်၊ ခါလကောလ၊ ဒါရဒအစရှိသောလူအပေါင်းတို့ထက် သာ၍ပညာရှိသဖြင့် ခပ်သိမ်းသောတိုင်းနိုင်ငံအရပ်ရပ်၌ကျော်စောလေ၏" (၃ ရာ ၄း၂၉-၃၁)။

Charles Spurgeon က ဤသို့ဖော်ပြခဲ့ပါသည် - "ကျွန်ုပ်တို့၏အရှင်သခင်က၊ 'ငါသည် ရှာရုန်အရပ်နှင်းဆီပွင့်ဖြစ်၏' ဟုမိန့်တော်မူခြင်းဖြစ်ပါသည်။ အဘယ့်ကြောင့်ထိုသို့မိမိကိုယ်ကို ချီးမွမ်းပါသနည်း၊ 'မိမိကိုယ်ကိုချီးမွမ်းခြင်းသည်အချည်းနှီးဖြစ်ပါ၏' ဟု ဆိုရိုးစကားရှိပါသည်။ လူသားတို့သည် အချည်းနှီး မိမိကိုယ်ကို ချီးမွမ်းတတ်ကြ၏။ ယေရှုသည်လည်း မိမိကိုယ်ကို ချီးမွမ်းတတ်ပါသည်။ 'ငါသည် ကောင်းသော သိုးထိန်းဖြစ်တော်မူ၏၊' 'ငါသည် အသက်မုန့်ဖြစ်၏၊' 'ငါသည် နူးညံ့သောသဘော၊ နှိမ့်ချသောစိတ်ရှိ၏၊' ဟု မိန့်တော်မူသည်ဖြစ်၍၊ ထိုသို့ယေရှု၏ မိမိကိုယ်ကို ချီးမွမ်းခြင်းသည် အချည်းနှီးဖြစ်ပါသလား။ လုံးဝမဟုတ်ပါ။ ဖန်ဆင်းခံ လူသားတို့၏မိမိကိုယ်ကို ချီးမွမ်းခြင်းသည် အချည်းနှီးဖြစ်ပါသည်။ သို့သော်လည်း၊ ယေရှုသည် ဖန်ဆင်းခံ မဟုတ်ဘဲ၊ ဖန်ဆင်းရှင်ဖြစ်သောကြောင့် ထိုစကားပုံနှင့် မသက်ဆိုင်ပါ။ ဖန်ဆင်းရှင် သခင်ဘုရားက မိမိ၏ဘုန်းတော်ဖော်ပြထင်ရှားစေခြင်းသည် လှပသော၊ နှစ်သက်စရာကောင်းသော အမှုဖြစ်ပါသည် . . .

"ဤနှုတ်ထွက်စကား၌ ချစ်ခြင်းကို ပုံဖော်ထားကြောင်း တွေ့ရပါသည်။ ယေရှုသည် မိမိလူတို့က မိမိ၏မြတ်သော အကြောင်းအရာကို များစွာသိစေလိုတော်မူပြီး၊ ထိုတရား၌ဝမ်းမြောက်ခြင်းရစေလိုပါသည်။ မိမိအကြောင်းကို မိမိလူတို့က သိရုံမျှ သိကြခြင်း၌ ကျေနပ်မှု ရှိတော်မမူ။ မိမိ၏တင့်တယ်လှပခြင်းကို သိ၍ ထိုတရား၌ ပျော်မွေ့ခြင်း ရှိကြမည်ကို အလိုရှိတော်မူ၏။ သူသည်လည်း သူတို့၏စိတ်ဝိညာဉ်ကို အုပ်စိုးသော အရှင်ဘုရင်ဖြစ်တော်မူလိမ့်မည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ကြည်ညိုလေးစား၍ သူနှင့်အတူနေခြင်း၌ ဝမ်းမြောက်ပျော်ရွှင်ခြင်း ရှိမည်အကြောင်း အလိုရှိတော်မူ၏ . . ."

**ဆင်ခြင်ရန်** - မိမိကိုယ်ကို ချီးမြှောက်ခြင်းသည် အကျိုးမရှိ၊ ရှက်စရာပင်ဖြစ်ပါသည်။

**ဆုတောင်းချက်-** ဘုရားသခင်သည် သင့်ကို ချီးမြှောက်မည်အကြောင်း၊ စစ်မှန်သော နှိမ့်ချခြင်းစိတ်သဘောကို တောင်းလျှောက်ပါလော့။

# ရှာရုန်အရပ်နှင်းဆီပွင့် (၃)

"ငါသည် ရှာရုန်အရပ်နှင်းဆီပွင့်၊ ကွင်းပြင်၌ပေါက်သော နှင်းပွင့်မျှသာဖြစ်ပါ၏။"

Spurgeon က ဆက်လက်၍၊ "ထိုသို့ မိမိကိုယ်ကို ချီးမွမ်းခြင်းဖြင့် ကျွန်တော်တို့သည် ခရစ်တော်ကို ကြည်ညိုလေးစားလျက် သူနှင့်ပို၍မိသာဟာယဖွဲ့နိုင်မည်ဖြစ်ပါသည်။ ကယ်တင်ခြင်းရသောသူသည် ခရစ်တော်နှင့်စေ့စပ်သောသူဖြစ်ပါသည်။ အိမ်ထောင်သည် ဘဝတွင်၊ ဇနီးသည် မိမိခင်ပွန်းကို ရိုသေလေးစားလျှင် အိမ်ထောင်ရေး ပျော်ရွှင်မှုရှိတတ်၏။ ခရစ်တော်နှင့်တလုံးတဝတည်းဖြစ်ခြင်း၌ ဤအမှုသည်အလွန်အရေးကြီးလှပါသည်။ ဆာလံသီချင်းကို နားထောင်ပါလော့၊ 'သူသည် သင့် အရှင်သခင်ဖြစ်၏၊ သူ့ကို ဝတ်ပြုကိုးကွယ်ခြင်းပြုလော့။' ယေရှုသည် ကျွန်ုပ်တို့၏ ခင်ပွန်း ဖြစ်တော်မူသည်နှင့်အညီ၊ တချိန်တည်း၌ သူသည် ကျွန်ုပ်တို့၏ သခင်လည်း ဖြစ်တော်မူ၏။ 'ခရစ်တော်သည် အသင်းတော်၏ခေါင်း ဖြစ်သကဲ့သို့၊ ခင်ပွန်းသည်လည်း ဇနီးသည်၏ခေါင်းဖြစ်ပါသည်'။ . . . ညီအစ်ကိုတို့၊ သခင်ခရစ်တော်သည် ကျွန်ုပ်တို့အား သူ့ကို အစဉ်တွေးတော၍ သူ၏စကားကိုနာခံလိုက်လျှောက်လျက်၊ သူ့အပေါ် သစ္စာရှိခြင်း၌ အလိုရှိတော်မူ၏ . . .

"ခရစ်တော်၌ ညီအစ်ကိုတို့၊ သင်တို့သခင်၏မြတ်သော ဘုန်းတော်အကြောင်းကို တွေးတောဆင်ခြင်ကြပါလော့။ ခရစ်တော်၏ဘုန်းအာနုဘော်အကြောင်းကို လေ့လာကြပါ။ မိမိ၏ပလ္လင်တော်ကို ထားခဲ့လျက် ကားတိုင်ပေါ်၌ အသေခံဖို့ရန် ကြွလာတော်မူခြင်း ချစ်ခြင်းမေတ္တာတော်ကို ဆင်ခြင်အောက်မေ့ပါလော့။ သံမှိုရိုက်ခြင်းခံရန် မိမိ၏လက်ကို ဆန့်တန်းခြင်း၊ လှံဖြင့်ထိုးခြင်းခံရန် မိမိ၏နှလုံးသားကို ပေးအပ်ခြင်း ကိုပြုသော အနန္တချစ်ခြင်းမေတ္တာကို အစဉ်အောက်မေ့ပါလော့။ မိမိ၏သေခြင်းဖြင့် မရဏာ၏တန်ခိုးအပေါင်းကို အောင်နိုင်ခြင်းအကြောင်း၊ အနာခံခြင်းဖြင့် အပြစ်အပေါင်းကိုဖယ်ရှားခဲ့ကြောင်းကို အမြဲမှတ်သားထားပါလော့။ ထို့ကြောင့် အပြစ်သည် သင့်ကို ဘယ်တော့မှ ပြန်၍အစိုးမရနိုင်တော့ပါ။ ဘယ်တော့မှ မသေတော့အောင် ရှင်ပြန်ထမြောက်ခဲ့ပြီး၊ ဘုန်းအသရေကို ခံစားစေလျက်၊ ချီးမြှောက်ခြင်းကို ခံရခဲ့ပါသည်။ ထို့ကြောင့်၊ ထို အံ့သြဖွယ်၊ တိုင်ပင်ဘက်၊ တန်ခိုးကြီးသော ဘုရားသခင် ကို သင့်စိတ်နှလုံးအနက်ဆုံးနေရာမှ ကြည်ညိုလေးစားသောစိတ်ဖြင့် ဝတ်ပြုကိုးကွယ်ခြင်းကို ပြုပါလော့၊ ဤသည်ကား သင်ပြုရမည့် ချစ်ခြင်းပြသခြင်းပင် ဖြစ် ပါသည်" ဟုဆိုခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ကို သင်ချစ်လျှင်၊ ပညတ်တရားတို့ကို သင်လိုက်လျှောက်ပါလိမ့်မည် (ယော ၁၄း၁၅)။

**ဆုတောင်းချက်-** ဘုရားသခင်၏စကားတော်၊ ပညတ်တော် အတိုင်း လိုက်လျှောက်ခြင်း၌၊ နာခံခြင်း တောင်းလျှောက်ပါလော့။ ထိုသို့သော နာခံခြင်းသည် သင့်ကို စောင့်ရှောက်တော်မူလိမ့်မည်။

# ဆူးတောထဲမှနှင်းပွင့်

“ဆူးတောထဲမှာ နှင်းပွင့်ထင်သကဲ့သို့၊ ငါချစ်သောသတို့သမီးသည် လူမျိုးသမီးစုထဲမှာ ထင်ပေ၏။”

သတို့သားသည်သာ ဆွဲဆောင်မှုရှိသည် မဟုတ်၊ သတိုသမီးသည်လည်း အလွန်ဆွဲဆောင်မှုရှိပါသည်။ ထို့ကြောင့် သူမ၏အလှတရားသည် ဘယ်အရာနှင့်မျှ နှိုင်းယှဉ်၍မရပါ။ သတို့သမီးထံမှ မိမိ၏မျက်စိကို မခွါနိုင်ဖြစ်ခဲ့ပါသည်။ အဘယ်မိန်းခလေးကမျှ သူ့ကို မဆွဲဆောင်နိုင်ကြပါ။ ဤသတို့သမီးကသာလျှင် သူ့စိတ်ကို ဖမ်းစားထားနိုင်ခဲ့၏။

ထိုနည်းတူ၊ အသင်းတော်ကို ဤဆူးတောထဲမှနှင်းပွင့် နှင့်ခိုင်းနှိုင်းခဲ့ပါသည်။ အကြောင်းမှာ ဤလောကရှိ အသင်းတော်သည် ရောနှောလျက်ရှိပါသည်။ အားလုံး နှင်းပွင့် မဟုတ်ကြပါ၊ အချို့သည် ဆူးပင်ဖြစ်ကြပါသည်။ စစ်မှန်သောစပါး (ယုံကြည်သူ) ရှိသကဲ့သို့ စပါးတု (မှားယွင်းသောယုံကြည်သူ) များရှိခဲ့ကြပါသည်။ “အခြားသောဥပမာစကားကို မိန့်မြွက်တော်မူသည်ကား ကောင်းကင်နိုင်ငံတော်သည် ကောင်းသောမျိုးစေ့ကိုလယ်၌ ကြဲသောသူနှင့်တူ၏။ လူတို့သည် အိပ်ပျော်သောအခါ သူ၏ရန်သူသည် လာ၍ကောင်းသောစပါးနှင့်လက္ခဏာတူသော တောမျိုးစေ့ကို စပါးအထဲ၌ကြဲ၍သွားလေ၏။ အပင် ပေါက်၍အသီးအနှံထွက်သောအခါ တောပင်များလည်း ထင်ရှားလျှင်၊ ကျွန်တို့သည် အိမ်ရှင်ထံသို့ သွား၍၊ သခင်ကောင်းသောမျိုးစေ့ကို လယ်၌ကြဲတော်မူသည်မဟုတ်လော၊ တောပင်တို့သည် အဘယ်က ဖြစ်သနည်းဟု လျှောက်ကြလျှင် အိမ်ရှင်က ဤအမှုကားရန်သူပြုသောအမှုတည်းဟု ဆို၏။ အကျွန်ုပ်တို့သည် သွား၍ တောပင်တို့ကို ရွေးနှုတ်စေခြင်းငှါ အလိုတော်ရှိသလောဟု လျှောက် ကြလျှင် အိမ်ရှင်က ထိုသို့ငါအလိုမရှိ၊ တောပင်တို့ကို ရွေးနှုတ်လျှင် စပါးပင်တို့ကို ရောနှော၍ နှုတ်မိမည်စိုးရိမ်စရာအကြောင်းရှိ၏။ စပါးရိတ်သည်ကာလတိုင်အောင် အပင်နှစ်မျိုးတို့သည် အတူ ကြီးပွားပါလေစေ။ စပါးရိတ်သည်ကာလရောက်လျှင် တောပင်တို့ကို ရှေးဦးစွာ ရွေးနှုတ်၍ မီးရှို့ခြင်း ငှါ စည်းနှောင်ကြလော့၊ စပါးကိုကား ကျီ၌စုသိမ်းသွင်းထားကြလော့ဟု ရိတ်သောသူတို့အား ငါစီရင်မည်ဟု အိမ်ရှင်ဆိုသည်ဟုမိန့်တော်မူ၏” (မသဲ ၁၃း၂၄-၃၀)။ သခင်ဘုရားသည် မိမိ၏နှင်းပွင့်များကို ချစ်၍ ကွယ်ကာတော်မူလျက်၊ ဆူးပင်ကိုမူ တရားစီရင်ရာနေ့၌ မီးပင်လယ်ထဲသို့ ပစ်ချပါလိမ့်မည် (ဗျာ ၂၀း၁၅)။

ကျွန်တော်တို့သည် ဘုရားသခင်၏နှင်းပွင့်မှန်လျှင်၊ သူသည် ကျွန်ုပ်တို့၏ဝိညာဉ်နှင့် ခန္ဓာကိုယ် လိုအပ်သောအရာများကို ဖြည့်ဆည်းပေးတော်မူလျက်၊ ထာဝရအသက်ရှင်ခြင်း အခွင့်ကိုလည်း ပေးတော်မူလိမ့်မည်။

**ဆင်ခြင်ရန်** - “တောနှင်းပင်တို့သည် အဘယ်သို့သော အားဖြင့် ကြီးပွားသည်ကို ဆင်ခြင်အောက်မေ့ကြလော့။ ထိုပင်တို့သည် အလုပ်လည်း မလုပ်၊ ချည်ဖြစ် စေခြင်းငှါ မငင်မဝင့်။ သို့သော်လည်း ဘုန်းကြီးသော ရှောလမုန်မင်းကြီး၏ အဝတ်သည် ထိုအပင် တပင်မျှ၏အဝတ်ကို မမှီဟု ငါဆို၏” (မသဲ ၆း၂၈-၂၉)။

**ဆုတောင်းချက်-** သင်နေ့စဉ် လိုအပ်သောအရာတို့ကို ဘုရားသခင်ထံတောင်းလျှောက်ပါလော့၊ ဘုရားသခင်သည် အမှန်ပေးတော်မူလိမ့်မည်။

# ထာဝရချစ်ခြင်းမေတ္တာ

"တောပင်စုထဲမှာ ရှောက်ချိုပင်ကဲ့သို့ ငါချစ်ရာသခင်သည် လူမျိုးသားစုထဲမှာ ဖြစ်တော်မူ၏။ ငါသည် သူ၏အရိပ်ဝယ် ပျော်မွေ့နေထိုင်၍ မြိန်စွာသောအသီးကို စားရ၏။"

ထိုနည်းတူ၊ သတို့သမီးကလည်း သူချစ်သော သတို့သားကို "တောပင်စုထဲမှာ ရှောက်ချိုပင်ကဲ့သို့" ထင်မှတ်ပါသည်။ ဆိုလိုသည်မှာ၊ ယောကျ်ားတကာတို့ထက် သူသည် သူမအမြင်၌ ထင်ပေါ်လျက်ရှိပါသည်။ သူမအတွက် သူသည် ခိုလှုံရာအရိပ်ဖြစ်ပါသည်။ ထိုအရိပ်အောက်၌ သူမသည် လုံခြုံမှုကို ခံစားရပါသည်။ သူနှင့်အတူရှိခြင်းသည် သူမအတွက် ခွန်အားဖြစ်ခဲ့ပါသည်။

အသင်းတော်ကလည်း သခင်ခရစ်တော်ကို ထိုသို့ သတ်မှတ်ရပါမည်။ အသင်းတော်အတွက် သခင်ယေရှုသည် အလွန်ကောင်းမြတ်တော်မူ၏။ ဣသရေလနှင့်အသင်းတော်သည် "သူ၏မျက်ဆန်" (တရား ၃၂း၁၀၊ ဆာလံ ၁၇း၈၊ မြည် ၂း၁၈) ဖြစ်သကဲ့သို့၊ ကျွန်တော်တို့သည်လည်း ခရစ်တော်ကို ထိုသို့သတ်မှတ်ကြရပါမည် (နှိုင်း - သု ၇း၂၊ ယော ၁၄း၁၅)။

သခင်ယေရှု၌ ကယ်တင်ခြင်း လုံခြုံစိတ်ချမှု လုံးဝ ရှိတော်မူ၏။ ကိုယ်တော် ချစ်ခြင်းမေတ္တာတော် အရိပ်အောက်၌ သူ့လူတို့သည် ဝမ်းမြောက်စွာ နေထိုင် ခိုလှုံရကြပါသည်။ ဆာလံဆရာက၊ "အို ဘုရားသခင်၊ ကရုဏာတော်သည် အလွန်မြတ်နိုးဘွယ်ဖြစ်ပါ၏။ ထို့ကြောင့် လူသားတို့သည် အတောင်တော်အရိပ်ကို ခိုလှုံလျက် နေရကြပါ၏" (ဆာလံ ၃၆း၇) ဟု ဆိုခဲ့ပါသည်။ ဘုရားသခင်သည် ကယ်တင်တော်မူ၍ အဆုံးထိ ကယ်တင်တော်မူ၏။

"ခရစ်တော်၏ချစ်ခြင်းမေတ္တာနှင့် ငါတို့ကိုအဘယ်သူကွာစေမည်နည်း။ အကယ်စင်စစ် ကိုယ်တော်အတွက် အကျွန်ုပ်တို့သည် အစဉ်မပြတ် အသေသတ်ခြင်းကိုခံရကြပါ၏။ သတ်ဖို့ရာထားသောသိုးကဲ့သို့ အကျွန်ုပ်တို့ကို သူတပါးမှတ်တတ်ကြပါ၏ဟု ကျမ်းစာလာသည်နှင့်အညီ၊ ဆင်းရဲပြိုငြင်ခြင်း၊ ညှင်းဆဲနှိပ်စက်ခြင်း၊ မွတ်သိပ်ခြင်း၊ အဝတ်အချည်းစည်းရှိခြင်း၊ ဘေးနှင့်တွေ့ကြုံခြင်း၊ ကွပ်မျက်ခြင်းကိုခံရသော်လည်း ထိုအမှုတို့တွင် အဘယ်အမှုသည် ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်နှင့်ငါတို့ကို ကွာစေမည်နည်း။ မကွာစေသည်သာမက၊ ငါတို့ကို ချစ်တော်မူသောသူ၏ကျေးဇူးတော်ကြောင့် ငါတို့သည် ထိုအမှုခပ်သိမ်းတို့ကို ခံစဉ်တွင်ပင် အထူးသဖြင့်အောင်မြင်ကြ၏။ အကြောင်းမူကား၊ သေခြင်းဖြစ်စေ၊ အသက်ရှင်ခြင်းဖြစ်စေ၊ ကောင်းကင်တမန်ဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာတန်ခိုးဖြစ်စေ၊ မျက်မှောက်အရာဖြစ်စေ၊ နောင်လာလတ္တံ့သောအရာဖြစ်စေ၊ အမြင့်ဖြစ်စေ၊ အနိမ့်ဖြစ်စေ ဤအရာမှစ၍ အဘယ်နိမ္မိတအရာမျှသည် ငါတို့သခင်ယေရှုခရစ်အားဖြင့် ခံရသောဘုရားသခင်၏မေတ္တာတော်နှင့် ငါတို့ကိုမကွာစေနိုင်ဟု ငါသည်သဘောကျလျက်ရှိ၏" (ရောမ ၈း၃၅-၃၉)။

**ဆင်ခြင်ရန်** - "ထာဝရမေတ္တာနှင့်သင့်ကို ငါချစ်၏" (ယေ ၃၁း၃)။
**ဆုတောင်းချက်-** သင်၏ဘုရားသခင်ကို ပို၍ပို၍ ချစ်မည်အကြောင်း ဆုတောင်းပါလော့။

# လူထုထံကြေငြာခြင်း

"ပွဲခံရာအိမ်သို့ ငါ့ကိုဆောင်သွား၍၊ မေတ္တာတော်အလံကို ငါ့အပေါ်မှာ မိုးတော်မူပြီ"။

သူသည် သူမကို အတူတကွ စားသောက်ဖို့ရန် ဖိတ်၍ ချစ်ခင်ကြင်နာမှုကို ပြသခဲ့ပါသည်။ "အလံ" သည် လူထုသင်္ကေတ ဖြစ်ပါသည်။ သူမကို မိမိပိုင်တော်မူကြောင်း လူသိရှင်ကြား ကြေငြာခဲ့ပါသည်။ ယနေ့ခေတ်တွင်၊ "အလံ" သည် စေ့စပ်လက်စွပ် ဟုပြော၍ရပါသည်။ ယောကျ်ားက မိန်းမတယောက်ကို လက်စွပ်ပေး အချစ်တောင်းဆိုခြင်းသည်၊ သူမကို မိမိ လက်ထပ်လိုကြောင်း လူသိရှင်ကြား ကြေငြာခြင်းဖြစ်ပါသည်။ လက်စွပ်သည် လက်ထပ်ဖို့ရန် ဂတိပေးခြင်း သင်္ကေတပင်ဖြစ်ပါသည်။ သူမသည် မိမိ၏အနာဂတ် သတို့သမီးလောင်း ဖြစ်၍ ဘယ်သူမျှ သူ့ကို စိတ်မဝင်စားမချည်းကပ်ကြပါနှင့် ဟုကြေငြာခြင်းပေတည်း။

ယေရှုက၊ "ငါသည်တံခါးရှေ့မှာ ရပ်၍ခေါက်လျက်နေ၏။ အကြင်သူသည် ငါ၏အသံကိုကြား၍တံခါးကို ဖွင့်အံ့၊ ထိုသူရှိရာသို့ ငါဝင်၍ သူနှင့်အတူစားသောက်မည်။ သူသည်လည်း ငါနှင့်အတူစားသောက်ရလိမ့်မည်" (ဗျာ ၃း၂၀)။ ယေရှုအတွက်တံခါးကို ဖွင့်သောသူသည် ထာဝရအသက်မုန့် စားရသောအခွင့်နှင့်အပြစ်လွတ်ခြင်းခွက် သောက်ရသောအခွင့် ရလိမ့်မည် (ယော ၄း၁၀-၁၄၊ ၆း၄၈-၅၈)။ ထိုသူတို့သည် ခရစ်တော် တဖန်ကြွလာတော်မူသောအခါ၊ ကောင်းကင်ဘုံ၌ ကျင်းပမည့် မြတ်သော မင်္ဂလာဆောင်ပွဲတွင် ပါဝင်ဆင်နွှဲခွင့်ရကြလိမ့်မည်။ "ငါတို့သည် ဝမ်းမြောက်ရွှင်လန်းကြကုန်အံ့။ ဂုဏ်တော်ကိုချီးမွမ်းကြကုန်အံ့။ အကြောင်း မူကား သိုးသငယ်၏မင်္ဂလာဆောင်ပွဲကို ခံချိန်ရှိပြီ။ သူ၏မိန်းမသည် ကိုယ်ကို တန်ဆာဆင်ပြီဟု စည်းဝေးသောသူအများတို့၏အသံ၊ သမုဒ္ဒရာသံ၊ ပြင်းစွာသောမိုးကြိုးသံကဲ့သို့ ငါကြား၏။ ထိုမိန်းမ သည် စင်ကြယ်ပြောင်လက်သော ပိတ်ချောကို ဝတ်ဆင်ရသောအခွင့်ကိုရ၏။ ထိုပိတ်ချောမူကား သန့်ရှင်းသူတို့၏ ဖြောင့်မတ်ခြင်းဖြစ်သတည်း။ ကောင်းကင်တမန်ကလည်း သိုးသငယ်၏မင်္ဂလာ ဆောင်ပွဲသို့ ခေါ်ဘိတ်ခြင်းကိုခံရသောသူတို့သည် မင်္ဂလာရှိကြ၏ဟု ရေးထားလော့ဟူ၍၎င်း၊ ဤ စကားသည် ဘုရားသခင်၏နှုတ်တော်ထွက်စင်စစ်ဖြစ်၏ဟူ၍၎င်း၊ ငါ့အားပြောဆို၏" (ဗျာ ၁၉း၇-၉)။

ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်အလံသည် ယေရှုခရစ်တော်၏ကားတိုင်တော်ပင်ဖြစ်ပါသည်။ "ငါတို့သည် အကျိုးနည်းရှိစဉ်တွင် ခရစ်တော်သည် မတရားသောသူတို့အတွက်ကြောင်းအသေခံတော်မူ၏။ ဖြောင့်မတ်သောသူအတွက်ကြောင့် အသေခံမည့်သူရှိခဲ၏။ သူတော်ကောင်းအတွက်ကြောင့် အသေခံဝံ့သောသူ ရှိကောင်းရှိလိမ့်မည်မှန်စေတော့။ ငါတို့သည် အပြစ်ရှိစဉ်ပင် ခရစ်တော်သည်ငါတို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက်ချစ်တော်မူသည်ကို ငါတို့အားထင်ရှားစွာပြတော်မူ၏" (ရောမ ၅း၆-၈)။

**ဆင်ခြင်ရန်** - ဘုရားသခင်၏မေတ္တာတော်အလံသည် ခရစ်တော်၏ချစ်ခြင်းမေတ္တာပင်ဖြစ်၏။
**ဆုတောင်းချက်-** သခင်ယေရှုခရစ်တော်၏မကုန်ဆုံးနိုင်သော၊ ပေးဆပ်ခြင်း မေတ္တာတော် ကြောင့် ကိုယ်တော့်ကို ချီးမွမ်းပါလော့။

# အချစ်ရောဂါဝေဒနာ

"ငါသည် ချစ်ခြင်းအားဖြင့် ကြင်နာသည်ဖြစ်၍ ငါ့ကိုစပျစ်သီးပျဉ်နှင့် အားဖြည့်ကြပါ။ ရှောက်ချိုသီးကိုကျွေး၍ သက်သာစေကြပါ။"

သူမသည် အချစ်ဝေဒနာကိုခံစားလျက်၊ သူ့ချစ်သူကို လွမ်းဆွတ်တမ်းတလျက်ရှိပါသည်။ "စပျစ်သီးပျဉ်" (ရှေးယုဒကျမ်းဆရာများအဆိုအရ စပျစ်ရည် သို့မဟုတ် စပျစ်များ ထည့်သည့်ဗူး၊ နှိုင်း - ၂ ရာ ၆း၁၉၊ ၅ ရာ ၁၆း၁၊ ဟောရှေ ၃း၁) က သူမ၏ပျော်ရွှင်မှုကို ဖော်ပြ၍၊ ရှောက်ချိုသီးက ကောင်းမွန်သော စိတ်ခံစားမှုကို ပြသပါ၏။ ထိုသို့သော ပျော်ရွှင်ခံစားမှု သူမ၌ရှိသော်လည်း၊ ထိုစိတ်ခံစားမှုကို ထိန်းသိမ်းထားဖို့လိုအပ်ကြောင်း၊ ထိမ်းမြားမင်္ဂလာဆောင်မည့်နေ့တိုင်အောင် သည်းခံစောင့်စည်းရမည်ဖြစ်ကြောင်း သူသိပါသည်။ စေ့စပ်ထားသော ချစ်သူနှစ်ဦးတို့သည် ကာမဆက်ဆံခြင်းကို သည်းခံ ရှောင်ရှားဖို့လိုပါသည်။ လက်မထပ်မီ ကာမဆက်ဆံမှု ကျူးလွန်ခြင်းသည် အပြစ်ဖြစ်ပါသည်။

ခရစ်ယာန်တို့သည် အပြစ်ကို ရှောင်ရှားဖို့ရန် ဘုရားသခင်၌အားယူလျက်၊ ပွဲတော်မင်္ဂလာကိုသုံးဆောင်ကြရပါမည်။ "စပျစ်သီးပျဉ်" က ပွဲတော်မင်္ဂလာကို ညွှန်ပြလျက်ရှိ၏ (မသဲ ၂၆း၂၆-၂၉)။ ပွဲတော်မင်္ဂလာ သစ္စာစွာသုံးဆောင်ခြင်းဖြင့် ကျွန်တော်တို့သည် ဝိညာဉ်ခွန်အားရရှိတတ်ကြပါသည် (နှိုင်း - ၁ ကော ၁၁း၂၃-၃၄)။ The Westminster Shorter Catechism က ဤသို့ဖော်ပြထားပါသည် - "ပွဲတော်မင်္ဂလာသည် ယုံကြည်သူ သုံးဆောင်ရမည် သန့်ရှင်းသောခရစ်ယာန် ကျင့်ထုံးဖြစ်၍၊ ခရစ်တော် မိန့်တော်မူသည်အတိုင်း မုန့်နှင့်စပျစ်ရည် သုံးဆောင်ခြင်းဖြင့် ခရစ်တော် အသေခံခြင်းကို ဖော်ပြပါသည်။ ဇာတိသဘောဖြင့် မဟုတ်ဘဲ၊ ယုံကြည်ခြင်းဖြင့် ထိုက်တန်စွာ သုံးဆောင်သောသူသည် ခရစ်တော်၏ ကိုယ်နှင့်အသွေး ၌ပါဝင်သောသူဖြစ်၍၊ ဝိညာဉ်ရေးရာ ကြီးထွားခြင်း နှင့် ကျေးဇူးတော် ကောင်းချီးမင်္ဂလာများ ခံစားရမည်ဖြစ်ပါသည်" (မေးခွန်း ၉၆)။

ဘုရားသခင်သည် ကျွန်ုပ်တို့ကို သန့်ရှင်းသော ဝိညာဉ်တော်လည်း ပေးသနားတော်မူ၏။ ထိုသန့်ရှင်းသော ဝိညာဉ်တော်သည် နှိမ့်သိမ့်ခြင်းကို ပေးတော်မူသောသူလည်း ဖြစ်ပါသည် (ယော ၁၄း၁၆-၂၆)။ ပွဲတော်မင်္ဂလာကို သုံးဆောင်လျက်၊ သန့်ရှင်းသော ဝိညာဉ်တော်နှင့်ပြည့်ဝသောအခါ ကျွန်တော်တို့သည် ခရစ်တော်၌ ကြီးထွားခြင်းရှိကြ၏။ " . . . သန့်ရှင်းသော ဝိညာဉ်တော်သည် ဘုရားသခင်၏မေတ္တာတော်ကို ငါတို့စိတ်နှလုံးထဲသို့ ညွန်းလောင်း တော်မူ၏" (ရောမ ၅း၅)။

"ဘုရားသခင်သည် ငါတို့ကို ရှေ့ဦးစွာ ချစ်တော်မူသောကြောင့်၊ ငါတို့သည် ဘုရားသခင်ကိုချစ်ကြ၏" (၁ ယော ၄း၁၉)။

**ဆင်ခြင်ရန်** - "သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှနှင့် ချစ်လော့" (တရား ၆း၅)။

**ဆုတောင်းချက်-** "ခရစ်တော်ကို ပို၍ပို၍ ချစ်မည်အကြောင်း၊ ဒူးထောက်ဆုတောင်းသံကို နားညောင်းတော်မူပါ၊ သခင်။" (E Prentiss)

# သန့်ရှင်းသော ပွေ့ဖက်ခြင်း

"သခင်၏လက်ဝဲလက်သည် ငါ့ခေါင်းကို ထောက်မလျက်၊ လက်ျာလက်သည် ငါ့ကို ဘက်လျက်နေတော်မူပါစေ။"

လက်ထပ်ဖို့ရန် စေ့စပ်ထားသော ယောက်ျားနှင့်မိန်းခလေးတို့သည် အချင်းချင်း ကြင်နာချစ်ခင်မှုကို ပြသရမည်မှာ သဘာဝဖြစ်ပါသည်။ သို့သော်လည်း လက်တွဲလမ်းလျှောက်ခြင်း၊ တခါတရံ ပွေ့ဖက်ခြင်းအပြင် ဘာမှ မလုပ်ရပါ။ အတူအိပ်ခြင်းကို လုံးဝ မလုပ်ရပါ။ နှစ်ယောက်သား တွေ့ကြသော အချိန်၌ လုံလုံခြုံခြုံဝတ်ဆင်ကြရပါမည်။

ချစ်သူစုံတွဲများအတွက် O S Fowler ၏သတိပေးချက်သည် အကျိုးရှိလှပါသည် - "ကာမဆက်ဆံခြင်း စတင်သောရင်းနှီးခြင်းက လေးစားမှုကို မမွေးဖွားစေခဲ့ပါ . . . 'ကျွန်ုပ် မိန်းမနှင့် ရည်းစားဘဝ နှစ်နှစ်လုံးလုံး၊ နမ်းဖို့ရန် ကျွန်တော် ကြိုးစားခဲ့သော်လည်း၊ သူမ အလိုမရှိခဲ့သောကြောင့် ကျွန်တော် မအောင်မြင်ခဲ့ပါ။ ထိုသို့ အလိုမရှိသောကြောင့် ကျွန်တော် သူ့ကို လက်ထပ်ခဲ့ပါတယ်။ နမ်းဖို့ရန် အလိုရှိသော ဘယ်မိန်းခလေးမှ ကျွန်တော်လက်ထပ်မည် မဟုတ်ပါ။ ထိုသို့ သူမ အလိုမရှိလေလေ၊ သူ့ကို လက်ထက်ဖို့ရန် ကျွန်တော် ပို၍လိုချင်လေလေ ဖြစ်ခဲ့ပါသည်။ အကြောင်းမှာ ဘယ်သူမှ မနမ်းသေးသော သူမ၏အနမ်းကို ကျွန်တော်လိုချင်သောကြောင့်ဖြစ်ပါသည်။'

"ဤသင်ခန်းစာကို အစဉ်မှတ်သားထားပါ။ ရည်းစားရှိသောသူများ၊ ကာမဆက်ဆံခြင်း မပြုရန် သတိပြုကြပါ။ မိန်းခလေးများ၊ ဤအချက်ကို မြဲမြဲကိုင်စွဲထားကြပါ - 'ကျွန်မတို့၏အချစ်ကို စေ့စပ်ခြင်း၊ ထိမ်းမြားမင်္ဂလာဆောင်ခြင်းဖြင့် တံဆိပ်ခတ်ပြီးမှသာ ကျွန်မ၏အရာအားလုံးကို သင်ပိုင်ဆိုင်၍ လိုသလိုသုံးမည်ဖြစ်ပါသည်။ လက်မထပ်မှီ မထိပါနှင့်၊ မကိုင်ပါနှင့်၊ မပြည်းစမ်းချင်ပါနှင့်။ သို့မဟုတ်လျှင် ကျွန်မတို့၏သန့်ရှင်းသော ချစ်ခြင်းသည် မှားယွင်းသော သုံးစွဲမှုကြောင့် ပျက်စီးသွားပါလိမ့်မည်။"

"အသင်းတော်သည်လည်း မိမိ၏ချစ်သူ သခင်ယေရှု၏ ထောက်မခြင်း၊ ခွန်အားပေးခြင်း၊ နှိမ့်သိမ့်ခြင်းကိုခံလျက်၊ လက်တော်နှစ်ဖက်၏ပွေ့ဖက်ခြင်းကို ခံရပါသည်။ သနားကြင်နာ ယုယခြင်းကို လည်းခံစားရပါ၏။ ဤလောက သဲကန္တာရ၌လိုအပ်သော ယာယီကောင်းကြီးမင်္ဂလာများကို လက်ဝဲလက်ဖြင့် ပေးလျက်၊ ဝိညာဉ်ကောင်းကြီးမင်္ဂလာများဖြစ်သော၊ ဖြောင့်မတ်စေခြင်း၊ ခွင့်လွှတ်ခြင်းနှင့် အမွေခံစေခြင်းတို့ကို လက်ျာလက်ဖြင့် ပေးတော်မူ၏။ ထိုလက်နှစ်ဖက်ဖြင့် ပွေ့ဖက်သည် ဖြစ်သောကြောင့် အဘယ်သူမျှ ထိုလက်တော်ထဲမှ မနှုတ်ယူနိုင်ပါ" (John Gill)။

**ဆင်ခြင်ရန်** - ကြသရေလ အပေါ်ထားရှိသော ဘုရားသခင်၏ချစ်ခြင်းမေတ္တာ (ဟေရှာ ၅၄း၅-၁၀၊ ၆၄း၄-၅) နှင့် အသင်းတော်အပေါ်ထားရှိသော ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ (ဇေဖက် ၅း၂၅-၂၉၊ ဟေဗြဲ ၁၃း၅-၆) ကို ဆင်ခြင်ပါလော့။

**ဆုတောင်းချက်-** ကျွန်ုပ်တို့အပေါ်ထားရှိသော ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ကြောင့် ကိုယ်တော်ကို ချီးမွမ်းပါ၏။

*"ငါချစ်သော သတို့သမီးသည် အလိုလို
မနိုးမှီတိုင်အောင်၊ မလှုပ်မနှိုးမည်အကြောင်း . . . "*

# မနှောင့်ယှက်ကြပါနှင့်

"ယေရုရှလင်မြို့သမီးတို့၊ ငါချစ်သောသတို့သမီးသည် အလိုလိုမနိုးမီတိုင်အောင်၊ မလှုပ်မနှိုးမည်အကြောင်း တော၌ကျင်လည်သောသမင်ဒရယ်များကိုတိုင်တည်၍ သင်တို့ကိုငါမှာထား၏"။

ထိုနည်းတူ (နိုင်း - ၂း၄)၊ စေ့စပ်ခြင်းခံ သတို့သမီးကလည်း အခြားမိန်းခလေး (သမင်ဒရယ်သည် မိန်းခလေးကို ရည်ညွှန်းပါသည်) တို့အား မိမိချစ်သူနှင့် ခပ်ဝေးဝေးနေကြရန် သတိပေးခဲ့ပါသည်။ သူ၏စိတ်ဝင်စားမှု ခံရခြင်းငှါ မကြိုးစားကြရန် (မလှုပ် မနိုးမည်အကြောင်း) သတိပေးခဲ့ပါသည်။ ထိုသို့ကြိုးစားလျှင်လည်း အရာရောက်မည် မဟုတ်ကြောင်း၊ သူ၏ပျော်ရွှင်မှုသည် မိမိအပေါ်၌သာ တည်ကြောင်း ဆိုခဲ့ပါသည်။ သူရွေးချယ်သော ကျွန်မကိုသာ သူလက်ထပ်ယူမည်ဖြစ်ပါသည်။ သူချစ်သော ကျွန်မ၌ လုံးဝ စိတ်ကျေနပ်မှုရှိခဲ့ပါသည်။

ဘုရားသခင်၏သားသမီးတို့သည်လည်း ကောင်းကင်ဘုံရှိ အဖဘုရားကို အမျက် မထွက်စေဘဲ ထိုသို့ချစ်လျက် ဝတ်ပြုကိုးကွယ်ကြရပါမည်။ သစ္စာမရှိသောသူတို့ကို ဘုရားသခင်သည် ဒဏ်ခတ်တော်မူလိမ့်မည်။ "ထိုအမှုကို ထာဝရဘုရားမြင်သောအခါ အမျက်တော်ထွက်၍ သားသမီးတော်တို့ကို စွန့်ပစ်တော်မူလျက်၊ ငါသည် ကိုယ်မျက်နှာကို သူတို့မှလွှဲမည်။ သူတို့သည် အဘယ်သို့ ဆုံးမည်ကို ငါကြည့်မည်။ သဘောခိုင်မာသောအမျိုး၊ သစ္စာမရှိသောသားသမီးဖြစ်ကြ၏။ ဘုရားမဟုတ်သောအရာအားဖြင့် ငါသည်ငြူစူသောစိတ်ရှိစေခြင်းငှါ ပြုကြပြီ။ အချည်းနှီးသောအရာအားဖြင့် ငါ့အမျက်ကို နှိုးဆော်ကြပြီ။ သို့ဖြစ်၍ မရေရသောလူမျိုးအားဖြင့် သူတို့သည် ငြူစူသောစိတ်ရှိစေခြင်းငှါငှင်း၊ . . . " (တရား ၃၂း၁၉-၂၁)။

ဘုရားသခင်က၊ "သင်တို့၏ဘုရားသခင် ငါထာဝရဘုရားသည် သန့်ရှင်းသောကြောင့် သင်တို့သည် ကိုယ်ကို သန့်ရှင်းစေ၍၊ သန့်ရှင်းခြင်းရှိကြလော့။ ငါနည်းနိသယတို့ကို ကျင့်ဆောင်ရကြမည်။ ငါသည် သင်တို့ကို သန့်ရှင်းစေသောထာဝရဘုရားဖြစ်၏။ . . . ငါ ထာဝရဘုရား သန့်ရှင်းသည် ဖြစ်၍၊ သင်တို့ ကိုငါအလိုရှိသဖြင့် အခြားသောအမျိုးနှင့် ခွဲထားသောကြောင့် ငါ့အဘို့ သန့်ရှင်းခြင်းရှိရကြမည်" (ဝတ် ၂၀း၇-၈၊ ၂၆) ဟုမိန့်တော်မူ၏။ ထို့ပြင် ကျွန်ုပ်တို့ကို အသီးအခြား နေခြင်းငှါ တိုက်တွန်းခဲ့ပါသည် - "ထို့ကြောင့် ထာဝရဘုရားမိန့်တော်မူပြန်သည်ကား သင်တို့သည် ထိုသူတို့အထဲမှထွက်၍ အသီးအခြားနေကြလော့။ မစင်ကြယ်သောအရာကို လက်နှင့်မျှမတို့ကြနှင့်။ ထိုသို့ပြုလျှင် သင်တို့ကို ငါသည်လက်ခံမည်။ သင်တို့၏အဘဖြစ်မည်။ သင်တို့သည်လည်း ငါ၏သားသမီးဖြစ်ကြလိမ့်မည်ဟု အနန္တတန်ခိုးနှင့်ပြည့်စုံသောထာဝရဘုရား မိန့်တော်မူ၏" (၂ ကော ၆း၁၇-၁၈)။

**ဆင်ခြင်ရန်** - "ဘုရားသခင်၌ချဉ်းကပ်ကြလော့။ သို့ပြုလျှင်၊ သင်တို့၌ချဉ်းကပ်တော်မူလိမ့်မည်" (ယာ ၄း၈)။

**ဆုတောင်းချက်-** "ကိုယ်တော် အသွေးသွန်းရာ၊ အသေခံရာ ကားတိုင်တော်နားသို့ အကျွန်ုပ်ကို သာ၍ နီးစေတော်မူပါ ဘုရား။" (Fanny Crosby)

# ကိုယ်တော်၏အသံကို ကျွန်တော်ကြားပါ၏

"ငါချစ်ရာသခင်၏စကားသံပေ၊ ကြည့်ပါ၊ တောင်ကြီးတောင်ငယ်တို့ကို ခုန်ကျော်လျက် ကြွလာ၏။"

သူ့ချစ်သူက သူမကို တွေ့ဖို့ရန်အလွန်စိတ်အားထက်သန်လျက်ရှိကြောင်း ဖော်ပြခဲ့ပါသည် - တောင်ကြီးတော်ငယ်တို့ကို ခုန်ကျော်၍ ကြွလာခဲ့ပါသည်။

ထိုနည်းတူ၊ အသင်းတော်သည် ကယ်တင်ရှင်၏အသံ၌ ပျော်ရွှင်ဝမ်းမြောက်ခြင်း တွေ့ရှိခဲ့ပါသည်။ နှုတ်ကပတ်တရားတော်ကို အစဉ်ဖတ်၍ လေ့လာလျက်ရှိပါသည်။ ဘုရားသခင်၏စကားတော်သည် အသင်းတော်အတွက် အလွန်တန်ဖိုးကြီးလှပါသည်။ "သမ္မာကျမ်းစာသည် ပလ္လင်တော်၌ထိုင်တော်မူသော ဘုရားသခင်၏အသံတော်ဖြစ်ပါသည်။ စာစောင်တိုင်း၊ အပိုဒ်တိုင်း၊ စာကြောင်းတိုင်း၊ စကားလုံးတိုင်း၊ ဗျည်းအက္ခရာတိုင်းသည် အနန္တတန်ခိုးရှင် ထာဝရဘုရား၏ စကားသံဖြစ်ပါသည်" (Dean Burgon)။

ဗတ္တိဇံဆရာ ယောဟန်ကလည်း ဤသို့ဆိုခဲ့ပါသည် - "မင်္ဂလာဆောင်သတို့သမီးကို ရသောသူသည် မင်္ဂလာဆောင်လုလင်ဖြစ်၏။ မင်္ဂလာဆောင် လုလင်၏အနားမှာနေ၍ စကားကို ကြားရသောအဆွေခင်ပွန်းသည် ထိုစကားသံကို ကြားသောအား ဖြင့် ဝမ်းမြောက်ခြင်းရှိ၏။ ထိုနည်းတူ ငါ၏ဝမ်းမြောက်ခြင်းပြည့်စုံ၏" (ယော ၃း၂၉)။ ယေရှု က၊ "သိုးထိန်းမူကား တံခါးဝဖြင့်ဝင်တတ်၏။ ထိုသူအား တံခါးစောင့်လည်း ဖွင့်တတ်၏။ သူ၏စကားသံကို သိုးတို့သည် နားထောင်တတ်ကြ၏။ သူသည် မိမိသိုးတို့ကို နာမည်ဖြင့်ခေါ်၍ ပြင်သို့ထုတ်ဆောင်တတ်၏။ သိုးများကို ထုတ်သောအခါ၊ သိုးတို့ရှေ့မှာသွား၍ သိုးများတို့သည် သူ၏ စကားသံကိုကျွမ်းသောကြောင့် လိုက်တိုက်ကြ၏။ မဆိုင်သောသူတို့၏စကားသံကို မကျွမ်းသော ကြောင့် မဆိုင်သောသူနောက်သို့မလိုက်ဘဲ၊ ပြေးတတ်ကြသည်ဟု မိန့်တော်မူ၏။ . . . ငါ့သိုးတို့ သည် ငါ့စကားသံကိုနားထောင်၍ ငါ့နောက်သို့ လိုက်ကြ၏။ ထိုသိုးတို့ကိုငါသိ၏" (ယော ၁၀း၂-၅၊ ၂၇) ဟုမိန့်တော်မူ၏။

**ဆင်ခြင်ရန်** - "ငါသည်တံခါးရှေ့မှာရပ်၍ခေါက်လျက်နေ၏။ အကြင်သူသည် ငါ၏အသံကို ကြား၍တံခါးကိုဖွင့်အံ့၊ ထိုသူရှိရာသို့ဝင်၍ သူနှင့်အတူစားသောက်မည်။ သူသည်လည်းငါနှင့်အတူစားသောက်ရလိမ့်မည်" (ဗျာ ၃း၂၀)။

**ဆုတောင်းချက်-** ဘုရားသခင်၏စကားတော်ကို အစဉ်ကြား၍ သိနားလည်မည်အကြောင်း သင်ဆုတောင်းပါလော့။

# ကျွန်တော်ချစ်သောသခင်သည်ကြွလာတော်မူ၏

"ငါချစ်ရာသခင်သည် သမင် ဒရယ်သငယ်နှင့်တူ၏။ ကြည့်ပါ၊ အုတ်ရိုးပြင်မှာ ရပ်တော်မူ၏။ ပြတင်းပေါက်ဝတွင်ကြည့်လျက် ပြတင်းရွက်ကြားမှာ ကိုယ်ကိုပြလျက် နေတော်မူ၏။"

သူမ၏ချစ်သူသည် ဒရယ်သငယ် (ဒရယ်အထီး) နှင့်တူ၏။ သူသည် ရောက်လာပြီး၊ အိမ်ထဲ မဝင်နိုင်သဖြင့်၊ သူမကို မြင်ရဖို့ရန် ပြုတင်းပေါက်မှ ကြိုးစားခိုးကြည့်ခဲ့ပါသည်။ ဤအချက်က သူတို့သည် လက်မထပ်ရသေးဘဲ ရည်းစားဘဝ ဖြစ်နေကြသေးကြောင်း ဖော်ပြလျက်ရှိ၏။ သူသည် အိမ်ထဲသို့ မဝင်ရသေး၊ အပြင်၌သာရှိသေး၏။ သူမကို အလွန်စွဲလမ်းခြင်းရှိသော်လည်း၊ သူသည် မိမိကိုယ်ကို ချုပ်တည်းလျက် အဝေးမှသာ လှမ်းမျှော်ကြည့်ခဲ့ပါသည်။ ထိမ်းမြားမင်္ဂလာဆောင်ပြီးမှသာ နှစ်ကိုယ်ကြည်နူးခွင့် ရှိမည်ဖြစ်ပါသည်။

သခင်ယေရှုသည် မိမိ၏သတို့သမီး အတွက် တနေ့ ကြွလာတော်မူလိမ့်မည် (တမန် ၁း၁၁)။ ဒရယ်သငယ်ကဲ့သို့ ခုန်လျက် လျင်မြန်စွာကြွလာတော်မူလိမ့်မည် (ဗျာ ၂း၅၊ ၁၆၊ ၃း၁၁၊ ၂၂း၇၊ ၂၀)။

"အုတ်ရိုးပြင်" နှင့် "ပြုတင်းရွက်ကြား" ဟူသော စကားစုတို့က ရှင်းရှင်းလင်းလင်း မဟုတ်ဘဲ၊ ရေးရေးသာ မြင်ရခြင်းကို ဖော်ပြလျက်ရှိပါသည်။ ယခုတွင်၊ ကျွန်တော်တို့သည် ကိုယ်တော်ကို ရုပ်ပုံသဖွယ်သာ မြင်ရသော်လည်း၊ မျက်နှာချင်းဆိုင် မြင်ရသော အချိန် တနေ့ရောက်လာပါလိမ့်မည် (၁ ယော ၃း၂၊ နှိုင်း - ၁ ကော ၁၃း၁၂)။ ကိုယ်တော် ကြွလာတော်မူသောအခါ၊ မိမိထံ ကျွန်တော်တို့ကို ခေါ်တော်မူမည်၊ ဤသည်ကား ချီဆောင်ခြင်း ပင်ဖြစ်ပါသည် (နှိုင်း - ဗျာ ၄း၁)။ တမန်တော်ပေါလုက ဤသို့ရေးသားခဲ့ပါသည် - "နက်နဲသောအရာတစ်ခုကို ငါပြဦးမည်။ ငါတို့ရှိသမျှသည် အိပ်ပျော်ရကြမည်မဟုတ်။ သို့သော်လည်း နောက်ဆုံးသော တံပိုးမှုတ်သောအခါ တခဏချင်းတွင် မျက်စိတမိုတ်၌ ငါတို့ရှိသမျှ သည် ပြောင်းလဲခြင်းသို့ ရောက်ရကြမည်။ ထိုတံပိုးမှုတ်ချိန်ရောက်သောအခါ သေလွန်သောသူတို့ သည် မပုပ်နိုင်သောအဖြစ်၌တည်လျက် ထမြောက်၍၊ ငါတို့ရှိသမျှ သည် ပြောင်းလဲခြင်းသို့ ရောက် ရကြမည်" (၁ ကော ၁၅း၅၁-၅၂)။ "သခင်ဘုရား၏ ဗျာဒိတ်တော်အားဖြင့် တဖန် ငါတို့ဆိုသည်ကား သခင်ဘုရားကြွလာတော်မူသော အခါ၊ အသက်ရှင်၍ ကျန်ကြွင်းသောငါတို့သည် အိပ်ပျော်ပြီးသော သူတို့၏အရင်အဦး နေရာကျရကြမည်မဟုတ်။ သခင်ဘုရားသည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်းအသံပေးခြင်း၊ ဘုရားသခင်၏တံပိုးတော်ကို မှုတ်ခြင်းနှင့်တကွ ကောင်းကင် ဘုံမှကိုယ်တိုင်ဆင်းသက်တော်မူ၍ ခရစ်တော်၌သေလွန်သောသူတို့သည် အဦးထမြောက်ကြလိမ့် မည်။ ထိုအခါ အသက်ရှင်၍ ကျန်ကြွင်းသောငါတို့သည် အာကာသကောင်းကင်၌ သခင်ဘုရားထံတော်သို့ ရောက်စေခြင်းငှါ ထိုသူတို့နှင့်တကွ မိုးတိမ်ပေါ်သို့ ချီဆောင်ခြင်းကို ခံရသောအားဖြင့် သခင်ဘုရားနှင့်အတူ အစဉ်မပြတ်နေရကြလိမ့်မည်" (၁ သက် ၄း၁၅-၁၇)။

**ဆင်ခြင်ရန်** - "ငါသည်အလျင်အမြန်လာမည် . . . အာမင်၊ သခင်ယေရှု ကြွလာတော်မူပါ" (ဗျာ ၂၂း၂၀)။

**ဆုတောင်းချက်-** ကိုယ်တော်ဘုရား အလျင်အမြန်ကြွလာတော်မူမည် အကြောင်း ဆုတောင်းပါလော့။

# လမ်းလျှောက်ခြင်းနှင့်စကားစမြည်ပြောခြင်း

"ငါချစ်ရာသခင်သည် ခေါ်၍ပြောသည်ကား၊ ငါချစ်သောနှမ၊ ငါ၏မိန်းမလှ၊ ထ၍လာခဲ့ပါ။"

သူမထံ နောက်ဆုံးရောက်သောအခါ၊ သူမကို အပြင် လမ်းထွက်လျှောက်ဖို့ရန်၊ စိတ်ထဲရှိ စကားများ ပြောရန် ခေါ်ခဲ့ပါသည်။ ရည်းစားဘဝ၌ ထိုသို့လမ်းလျှောက်ထွက်လျက်၊ အချင်းချင်း သိကျွမ်းဖို့ရန် စကားပြောခြင်းသည် ကောင်းသောအရာဖြစ်ပါသည်။

သခင်ဘုရားသည် ကျွန်ုပ်တို့ကို မိမိ၏နှုတ်ကပတ်တော်အားဖြင့် စကားပြောတော်မူ၏။ အသင်းတော်သည် နှုတ်ကပတ်တော်အားဖြင့် အသက်ရှင်လျက်ရှိပါသည်။ ". . . လူသည်မုန့်အားဖြင့်သာ အသက်ကိုမွေးရမည်မဟုတ်။ ဘုရားသခင်မိန့်တော်မူသမျှ အားဖြင့် အသက်ကိုမွေးရမည် ကျမ်းစာလာသည်ဟု ပြန်ပြောတော်မူ၏" (မသဲ ၄း၄)။ "ကိုယ်တော်၏ ဥပဒေသများကို အကျွန်ုပ်နှစ်သက်ကြောင်းကို မှတ်တော်မူပါ။ အိုထာဝရဘုရား၊ ကရုဏာတော်ရှိ သည်အတိုင်း၊ အကျွန်ုပ်ကို အသက်ရှင်စေတော်မူပါ။ နှုတ်ကပတ်တော်အလုံးစုံတို့သည် ဟုတ်မှန် ပါ၏။ တရားသဖြင့် စီရင်တော်မူချက်ရှိသမျှတို့သည် အစဉ်အမြဲတည်ကြည်ကြပါ၏" (ဆာလံ ၁၁၉း၁၅၉-၁၆၀)။ ဘုရားသခင်သည် ကျွန်ုပ်တို့အား မိမိကြောင်းကို ပို၍သိခြင်းငှါ၊ နှုတ်ကပတ်တရားတော်ကို အစဉ် လေ့လာဖို့ရန် အလိုရှိတော်မူ၏။ မာသ ကဲ့သို့ မဟုတ်ဘဲ၊ မာရိ ကဲ့သို့ ကိုယ်တော်၏ခြေတော်ရင်း၌ နေသောသူ ဖြစ်စေလိုပါသည် (လု ၁၀း၃၉-၄၂)။

ဘုရားသခင်သည် မိမိလူတို့က သူ့ကို ဆုတောင်းခြင်းဖြင့် ခေါ်ဖို့ရန် အလိုရှိတော်မူ၏။ "ငါ့ကိုခေါ်လော့။ ငါထူးမည်။ ကြီးသောအရာ သင်မသိနိုင်အောင် နက်နဲသော အရာတို့ကိုငါပြမည်" (ယေရမိ ၃၃း၃)။ မိမိလူတို့၏ဆုတောင်းသံကို ဘုရားသခင် နားညောင်းတော်မူ၏။ "တောင်းကြလော့။ တောင်းလျှင်ရမည်။ ရှာကြလော့။ ရှာလျှင်တွေ့မည်။ တံခါးကိုခေါက်ကြလော့။ ခေါက်လျှင်ဖွင့်မည်။ တောင်းသောသူမည်သည်ကား ရ၏။ ရှာသောသူလည်း တွေ့၏။ ခေါက်သောသူအားလည်း တံခါးကိုဖွင့်၏။ သားသည် မုန့်ကိုတောင်းလျှင် မိမိသားအား ကျောက်ကိုပေးမည့်သူ၊ ငါးကိုတောင်းလျှင် မြွေကိုပေးမည့်သူ တစုံတယောက်လျှင် သင်တို့တွင် ရှိသလော။ သင်တို့သည် အဆိုးဖြစ်လျက်ပင် ကိုယ်သားတို့အား ကောင်းသောအရာကို ပေးတတ်လျှင် ထိုမျှမက ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် ဆုတောင်းသောသူတို့အား ကောင်းသောအရာကိုသာ၍ ပေးတော်မူမည်မဟုတ်လော" (မသဲ ၇း၇-၁၁)။

**ဆင်ခြင်ရန်** - "လူတို့သည်အားမလျှော့ဘဲ ကြိုးစား၍ဆုတောင်းရမည်" (လု ၁၈း၁)။
**ဆုတောင်းချက်-** "မခြားမလပ် ဆုတောင်းပဌနာပြုကြလော့။ အရာရာ၌ကျေးဇူးတော်ကို ချီးမွမ်းကြလော့။ အကြောင်းမူကား၊ သင်တို့သည်ထိုသို့ကျင့်စေခြင်းငှါ၊ ယေရှုခရစ်၌ ဘုရားသခင်အလိုတော်ရှိ၏" (၁ သက် ၅း၁၇-၁၈)။

# အချစ်သည်ပျော်ရွှင်မှုကိုဖြစ်စေ၏

"ဆောင်းကာလလွန်ပြီ။ မိုယ်းလည်းကြည်လင်ပြီ။ မြေကြီးပေါ်မှာ ပန်းများပွင့်ကြပြီ။ ငှက်တို့မြည်တွန်ချိန်လည်း ရောက်လေပြီ။ ငါတို့မြေ၌ ချိုးငှက်တွန်သံကိုလည်းကြားရ၏။ သင်္ဘောသဖန်းပင်သည် စိမ်းသောအသီးကို မှည့်စေ၏။ စပျစ်နွယ်ပင်လည်းပွင့်လျက် မွှေးကြိုင်၏။ ငါချစ်သောနှမ၊ ငါ၏မိန်းမလှ၊ ထ၍လာခဲ့ပါ။"

ရည်းစားဘဝသည် နွေဦးကာလကဲ့သို့ဖြစ်ပါသည်။ နေရောင်ထောက်ပ၍၊ သစ်ပင်တို့သည် ရွက်နုဖြင့်ဝေဆာလျက်၊ ငှက်ကလေးများ တေးဆိုကြပြီး၊ ပန်းများဖူးပွင့်၍၊ လေပြည်သည်လည်း အေးမြလျက်ရှိပါသည်။ လမ်းလျှောက်ထွက်ရန် အကောင်းဆုံးသော အချိန်ဖြစ်ပါသည်။

"ဆောင်း" နှင့် "မိုး" ကို အပြစ်ကြောင့်ခံရသော ဤလောက ပြဿနာနှင့်အခက်အခဲများဟု ခိုင်းနှိုင်းပြောဆိုနိုင်ပါသည်။ နှုတ်ကပတ်တော်ကို ယုံကြည်၍ ယေရှုခရစ်တော်ကို လက်ခံလျှင် လူသည် အပြစ်မှကယ်နှုတ်ခြင်းကို ခံရပြီး၊ သူ၏အခက်အခဲတို့သည် အတိတ်ဖြစ်ကြ၍ ကျော်လွန်ခဲ့ပြီးဖြစ်ပါသည်။ မှောင်မိုက်သော မုန်တိုင်းတိမ်တိုက်တို့သည် ကွယ်ပျောက်လျက်ရှိပါသည်။ ထောက်ပသော နေရောင် အလင်းကျရောက်လာပါပြီ။ "ပန်းများ" "တေးဆိုခြင်း" နှင့် "ချိုးငှက်" တို့က အသက်ရှင်ခြင်းနှင့်လင်းလက်ခြင်းတည်းဟူသော နွေဦးကာလကို ဖော်ဆောင်ပါ၏ (ဟေရှာ ၁၂း၁၊ ယော ၈း၁၂၊ ၂ ကော ၅း၁၇-၁၈၊ ဧဖက် ၅း၈၊ ကောလော ၁း၁၃-၁၄)။

သင်္ဘောသဖန်းပင်နှင့်စပျစ်ပင်တို့သည် အသီးသီးကြ၏ - နွေကာလရောက်တော့မည် (နှိုင်း - မသဲ ၂၄း၃၂-၃၃၊ ယော ၁၅း၁-၅)။ အသင်းတော်သည် ခရစ်တော်အတွက် အသက်ရှင်၍ ကြွလာတော်မူမည့်အချိန်ကို စောင့်လျက် အစဉ် အသင့်နေရပါမည်။ ကြွလာတော်မူသောအခါ၊ အိမ်တော်သို့ ခေါ်ဆောင်ခြင်း ခံရမည်ဖြစ်ပါသည် (သီ ၂း၉-၁၀)။ "တဖန်တုံ၊ ယေရှုက သင်တို့စိတ်နှလုံးပူပန်ခြင်းမရှိနှင့်။ ဘုရားသခင်ကိုယုံကြည်ကြ လော့။ ငါ့ကိုလည်း ယုံကြည်ကြလော့။ ငါ့အဘ၏အိမ်တော်၌ နေစရာအခန်းအများရှိ၏။ သို့မဟုတ်လျှင်မဟုတ်ကြောင်းကို သင်တို့အား ငါ မပြောဘဲမနေ။ သင်တို့နေစရာအရပ်ကို ပြင်ဆင် ခြင်းငှါ ငါသွားရ၏။ ငါသည်သွား၍ သင်တို့နေစရာအရပ်ကိုပြင်ဆင်ပြီးမှ၊ တဖန်လာပြန်၍၊ ငါရှိရာအရပ်၌ သင်တို့ရှိစေခြင်းငှါ သင်တို့ကို ငါ့ထံသို့ သိမ်းဆည်းမည်" (ယော ၁၄း၁-၃)။

**ဆင်ခြင်ရန်** - ကိုယ်တော်ဘုရားသည် မကြာမီကြွလာတော်မူမည် (မသဲ ၂၄း၃-၁၄)။
**ဆုတောင်းချက်-** "ထိုအချိန်ကာလသည် အဘယ်အခါ၌ရောက်မည်ကို သင်တို့သည် မသိသောကြောင့်၊ သတိပြု၍ ဆုတောင်းလျက်စောင့်နေကြလော့" (မာကု ၁၃း၃၃)။

## အရှက်ကြီးသောသူ

“တောင်ပေါ်၌ ခိုလှုံရာကျောက်ကြားတွင်ရှိသော ငါ၏ချိုးငှက်၊ သင်၏မျက်နှာကို မြင်ပါရစေ။ သင်၏စကားသံကို ကြားပါရစေ။ သင်၏စကားသံသည်ချို၏။ သင်၏မျက်နှာလည်း လှ၏။”

ဤချစ်သူနှစ်ဦးတို့သည် လက်တွေ့ကာမဆက်ဆံခြင်းကို မကျူးလွန်ဖို့ရန် အချင်းချင်း စောင့်စည်း ထိန်းသိမ်းခဲ့ကြပါသည်။ သူမသည် ချိုးငှက်ကဲ့သို့ လွယ်လွယ်ဖမ်း၍ မရသောနေရာ၊ “တောင်ပေါ်၌ ခိုလှုံရာကျောက်ကြား” တွင် ပုန်းနေခဲ့ပါသည်။ သူမသည် အရှက်ကြီးသောသူဖြစ်၏။

မြတ်နိုး ကြင်နာ ချစ်ခင်ခြင်း အထိအတွေ့၌ ကန့်သတ်ချက်ရှိပါသည်။ ထိမ်းမြား လက်ထပ်ခြင်း မပြုမှီ ထိုစည်းတို့ကို မကျော်ရပါ။ သတို့သားလောင်းသည် သတို့သမီးလောင်း၏ချစ်ခြင်းစကားကြားရခြင်းနှင့် သူမ၏မျက်နှာအလှ ေးကြည့်ခြင်း၌ ကျေနပ်ရောင့်ရဲခြင်းရှိရပါမည်။

ငြိမ်းချမ်းခြင်း လက္ခဏာဖြစ်သော၊ “ချိုးငှက်” က အသင်းတော်ကို ရည်ညွှန်းပါသည်။ အသင်းတော်သည် လူတကာတို့နှင့် ငြိမ်းချမ်းစွာနေလိုပါသည် (ရောမ ၁၂း၁၈)။ ဆန့်ကျင်ခြင်းနှင့် နှိပ်စက်ခြင်း ခံရမည်ဖြစ်သောကြောင့်၊ သူသည် တောင်ပေါ် ကျောက်ဆောင်ကြားသို့ ထွက်ပြေးတိမ်းရှောင်ပါလိမ့်မည် (ဟေဗြဲ ၁၁း၃၈၊ ဟေရှာ ၃၈း၁၄၊ ၅၉း၁၁)။ မိမိ၏ မပြည့်စုံခြင်းနှင့် အားနည်းချက်များကြောင့်လည်း သခင်ဘုရားကို တွေ့ဖို့ရန် ရှက်ကြောက်ခြင်းရှိပါသည် (ယောဘ ၄၂း၁-၆၊ ဟေရှာ ၆း၅၊ လု ၅း၈)။

သတို့သားသည် သတို့သမီး မြင်တွေ့ခြင်းနှင့် သူမ၏အသံကြားရခြင်း၌ ပျော်မွေ့ခြင်း ရှိပါသည်။ ထို့ကြောင့် ခရစ်တော်သည် အသင်းတော်အား ဆုတောင်းဖို့ရန် တိုက်တွန်းလျက်ရှိပါသည်။ ကြောင်းမှာ ခရစ်တော်သည် အသင်းတော်ကို ချစ်၍ အပြစ်များကို ခွင့်လွှတ်ရန်နှင့် ပူပန်ခြင်းများကယ်နှုတ်ရန် တက်စွမ်းတော်မူ၏ (ဟေရှာ ၅၅း၆-၇၊ ဟေဗြဲ ၄း၁၄-၁၆၊ ၁၀း၁၉-၂၃၊ ၁ ယော ၁း၉)။

**ဆင်ခြင်ရန်** - “သခင်၊ အကျွန်ုပ်သည် အပြစ်များသောသူဖြစ်ပါ၏။ အကျွန်ုပ်ဆီမှ ကြွသွားတော်မူပါ” (လု ၅း၈)။

**ဆုတောင်းချက်-** “ကိုယ်အပြစ်တို့ကို ဘော်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များကို လွှတ်၍ ဒုစရိုက်ရှိသမျှနှင့်ကင်းစင်စေခြင်းငှါ၊ ဘုရားသခင်သည် သစ္စာတရားနှင့်၎င်း၊ ဖြောင့်မတ်ခြင်းတရားနှင့်၎င်း ပြည့်စုံတော်မူ၏” (၁ ယော ၁း၉)။

# ပြဿနာရှာသောသူတို့ကို သတိပြုပါ

"စပျစ်နွယ်ပင်တို့ကို ဖျက်လတ့်သောမြေခွေးများနှင့် မြေခွေးကလေးများကို ငါတို့ဖို့ ဖမ်းကြလော့။ ငါတို့စပျစ်နွယ်ပင်တို့သည် အပွင့်ပွင့်လျက်ရှိ၏။"

"မြေခွေးများ" သည် ပြဿနာရှာသောသူများဖြစ်ကြပါသည်။ သေးငယ်သော ပြဿနာဖြစ်သော်လည်း ကောင်းသောအရာကို ဖျက်ဆီးနိုင်၏။ ထိုသို့သောသူသည် အတွင်း အပြင်မှ ရောက်လာနိုင်ပါသည်။ သူတပါး မနှစ်သက်သော ကျွန်ုပ်တို့ကိုယ်တိုင်၏ အားနည်းချက်များလည်း ဖြစ်နိုင်ပါသည်။ ထို့ပြင် မမှန်သော သတင်းကို လွှင့်သော ရန်သူများလည်းဖြစ်နိုင်ပါသည်။ ပြဿနာရှာသောသူနှင့် မဟုတ်မမှန် သတင်းလွှင့်သောသူတို့၏ ပါးစပ်ကို ပိတ်စေပါ။ "ထင်း မရှိလျှင် မီးသေတတ်သကဲ့သို့ ကုန်းတိုက်သောသူ မရှိလျှင် ရန်ငြိမ်းတတ်၏" (သု ၂၆း၂၀)။

"စပျစ်ဥယျာဉ် (သို့) အသင်းတော်ကို နှောင့်ယှက်သောသူများဖြစ်သော၊ မှားယွင်းသော ဆရာများ၊ သွေးဆောင်သောသူများကို မြေးခွေးနှင့်ခိုင်းနှိုင်းခဲ့ပါသည် (ယေဇ ၁၃း၄)။ အလွန်ကြမ်းတမ်းသော၊ တောရိုင်းသတ္တဝါဖြစ်သော တောဝက်၊ ခြင်္သေ့ (ဆာလံ ၈၀း၁၃၊ ၂ တိ ၄း၁၇) နှင့်မနှိုင်းခဲ့ပါ။ သို့သော်လည်း သူတို့၏ ကြောက်စရာကောင်းသော ပါးနပ် ယုတ်မာမှုကို မြေခွေးနှင့်နှိုင်းခဲ့ခြင်းဖြစ်ပါသည် (၂ ကော ၁၁း၁၃-၁၄၊ ဧဖက် ၄း၁၄၊ ယေဇ ၃၄း၂-၃၊ ၂ တိ ၄း၁၇၊ တိတု ၁း၁၀-၁၁၊ ၂ ပေ ၂း၂)။ ထိုသို့ မြေးခွေးများဟု သုံးနှုန်းခြင်းမှာ ထိုဒေသ၌ ပေါများစွာ တွေ့ရသောကြောင့်လည်း ပါပါသည် (တရား ၂၅း၄၊ ဆာလံ ၆၃း၁၀၊ မြည် ၅း၁၈)။ ထို့ပြင် မြေခွေးကလေးများလည်း ထည့်ရေးခဲ့ပါသည်။ အကြောင်းမှာ အသင်းတော်သည် ပို၍သတိပြုဖို့ရန်၊ မှားယွင်းသော သွန်သင်ခြင်းများကို ကျယ်ပြန့်စွာ မပျံ့နှံ့မှီ မမြန်ဆုံး သုတ်သင်ဖယ်ရှားဖို့ရန် သတိပေးခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - Timothy Tow, "Little Foxes That Spoil the Life Church Vine" in *The Story of My Bible-Presbyterian Faith* (Singapore: Far Eastern Bible College Press, 1999), 101-111 ကိုဖတ်ပါ။ Download freely from: https://www.febc.edu.sg/v15/assets/pdfs/febc_press/The%20Story%20of%20My%20Bible-Presbyterian%20Faith.pdf.

**ဆုတောင်းချက်-** ပြဿနာရှာသောသူမဖြစ်မည်အကြောင်း၊ ပြဿနာရှာသောသူတို့ထံမှသင်သည် ကွယ်ကာစောင့်ရှောက်ခြင်းခံရမည်အကြောင်း ဆုတောင်းပါလော့။

တနင်္ဂနွေ၊ ဇူလိုင် (၃၀)
**သီ ၂း၁၆**
၁ ကော ၁၃း၁-၈

*"ငါချစ်ရာသခင်ကိုငါဆိုင်ပေ၏။ ငါ့ကိုလည်း သခင်ဆိုင်ပေ၏"*

# ငါချစ်ရာသခင်သည်အလွန်ချစ်စရာကောင်းလှပါသည်

"ငါချစ်ရာသခင်ကိုငါဆိုင်ပေ၏။ ငါ့ကိုလည်းသခင်ဆိုင်ပေ၏။ နှင်းတောဌ် ကျက်စားတော်မူ၏။"

ပြဿနာနှင့်ဆန့်ကျင်မှုများ ရှိသော်လည်း သူတို့နှစ်ဦးသည် အချင်းချင်း ခိုင်မြဲစွာ ချစ်ကြရန် ဆုံးဖြတ်ထားကြပါသည်။ "ငါချစ်ရာသခင်ကိုငါဆိုင်ပေ၏။ ငါ့ကိုလည်းသခင်ဆိုင်ပေ၏။" ဘယ်အရာကမှ သူတို့နှစ်ဦး၏ချစ်ခြင်းကို ခွဲနိုင်မည် မဟုတ်ပါ။ သူတို့နှစ်ဦး တွဲဖက်တော်မူသောသူသည် ဘုရားသခင်ဖြစ်ကြောင်း သိထားကြ၏။ ထိုဘုရားသခင်သည် ဘယ်တော့မှ အမှား မလုပ်ပါ။

ဘုရားသခင်တွဲဖက်သော စုံတွဲဖြစ်ကြသော်လည်း၊ လူတို့ပြုရမည့် တာဝန်ဝတ္တရားလည်း ရှိပါသည် ("နှင်းတောဌ်ကျက်စားတော်မူ၏" - သူတို့၏ဆက်ဆံရေး တည်မြဲကောင်းမွန်ဖို့ရန် လုပ်ဆောင်ကြရပါမည်)။ စစ်မှန်သော ချစ်ခြင်းကို စွဲကိုင်ကြရပါမည်။ "မေတ္တာသည် စိတ်ရှည်တတ်၏။ ကျေးဇူးပြုတတ်၏။ မေတ္တာသည် ဂုဏ်ပြိုင်ခြင်းမရှိ၊ ဝါကြွားခြင်းမရှိ၊ မာန်မာနမရှိ။ မလျောက်ပတ်စွာမကျင့်တတ်၊ ကိုယ်အကျိုးကိုမရှာတတ်၊ ဒေါသ အမျက်မထွက်တတ်၊ အပြစ်ရှိသည်ဟု မထင်တတ်၊ မတရားသောအမှု၌ ဝမ်းမြောက်ခြင်းမရှိတတ်၊ သမ္မာတရား၌ ဝမ်းမြောက်တတ်၏။ ခပ်သိမ်းသောအရာကို ဖုံးအုပ်တတ်၏။ ခပ်သိမ်းသောအရာကို ယုံတတ်၏။ ခပ်သိမ်းသောအရာကို မြော်လင့်တတ်၏။ ခပ်သိမ်းသောအရာကို သည်းခံတတ်၏။ မေတ္တာသည် ဖောက်ပြန်ခြင်းသဘောနှင့် အစဉ်ကင်းလွတ်၏ . . . " (၁ ကော ၁၃း၄-၈)။

အသင်းတော်ကို သခင်ယေရှုခရစ်တော်ပိုင်တော်မူ၏၊ သူသာလျှင် အသင်းတော်၏ ကယ်တင်ရှင် ဖြစ်တော်မူ၏ (ယော ၁၇း၉-၁၀၊ ၁ ကော ၆း၁၉၊ ၈း၆)။ နှင်းပန်းတို့သည် သူ့လူများ ဖြစ်၍ ကိုယ်တော် ပြုစုတော်မူ၏ (နှိုင်း - ဆာလံ ၂၃း၁-၂၊ မသဲ ၆း၂၈-၂၉)။

ခရစ်တော်၏ချစ်ခြင်းမှကျွန်တော်တို့ကို ဘယ်အရာကမှ မခွဲ မနုတ်ယူနိုင်ပါ။ "ခရစ်တော်၏ ချစ်ခြင်းမေတ္တာနှင့် ငါတို့ကိုအဘယ်သူကွာစေမည်နည်း။ အကယ်စင်စစ် ကိုယ်တော်အတွက် အကျွန်ုပ်တို့သည် အစဉ်မပြတ် အသေသတ်ခြင်းကိုခံရကြပါ၏။ သတ်ဖို့ရာ ထားသောသိုးကဲ့သို့ အကျွန်ုပ်တို့ကို သူတပါးမှတ်တတ်ကြပါ၏ဟု ကျမ်းစာလာသည်နှင့်အညီ၊ ဆင်းရဲငြိုငြင်ခြင်း၊ ညှင်းဆဲနှိပ်စက်ခြင်း၊ မွတ်သိပ်ခြင်း၊ အဝတ်အချည်းစည်းရှိခြင်း၊ ဘေးနှင့်တွေ့ကြုံခြင်း၊ ကွပ်မျက်ခြင်းကိုခံရသော်လည်း ထိုအမှုတို့တွင် အဘယ်အမှုသည် ခရစ်တော်၏ချစ်ခြင်းမေတ္တာ တော်နှင့်ငါတို့ကို ကွာစေမည်နည်း။ . . . အကြောင်းမူကား၊ သေခြင်းဖြစ်စေ၊ အသက်ရှင်ခြင်းဖြစ်စေ၊ ကောင်းကင်တမန်ဖြစ်စေ၊ အထွဋ်အမြတ် ဖြစ်စေ၊ အာဏာတန်ခိုးဖြစ်စေ၊ မျက်မှောက်အရာဖြစ်စေ၊ နောင်လာလတ္တံ့သောအရာဖြစ်စေ၊ အမြင့်ဖြစ်စေ၊ အနိမ့်ဖြစ်စေ ဤအရာမှစ၍ အဘယ်နိမ္မိတအရာမျှသည် ငါတို့သခင်ယေရှုခရစ် အားဖြင့် ခံရသောဘုရားသခင်၏မေတ္တာတော်နှင့် ငါတို့ကိုမကွာစေနိုင်ဟု ငါသည် သဘောကျလျက်ရှိ၏" (ရောမ ၈း၃၅-၃၉)။

**ဆင်ခြင်ရန်** - "ချစ်သူတို့၊ ဘုရားသခင်သည် ငါတို့ကို ဤမျှလောက်ချစ်တော်မူသည် မှန်လျှင်၊ ငါတို့သည်လည်း အချင်းချင်းချစ်ရကြမည်" (၁ ယော ၄း၁၁)။

**ဆုတောင်းချက်-** "သင်တို့ကိုနှောင့်ရှက်ညှဉ်းဆဲသောသူတို့အဘို့ ဘုရားသခင်ကို ဆုတောင်းကြလော့" (မသဲ ၅း၄၄)။

# မျက်ရည်မရှိ၊ ဝမ်းမြောက်ခြင်းပေတည်း

"မိုယ်းမသောက်၊ မှောင်မိုက်အရိပ်မပြေးမှီ၊ ငါချစ်ရာသခင်၊ ဗေသာတောင်ပေါ်မှာ သမင်ဒရယ်သငယ်ကဲ့သို့ တဖန်ပြုတော်မူပါ။"

သူမက သူ့ချစ်သူအား "မိုယ်းမသောက်၊ မှောင်မိုက်အရိပ်မပြေးမှီ" တိုင်အောင်၊ သူတို့၏ရန်သူများနှင့်အခက်အခဲများ ပြီးဆုံးချိန် အထိ၊ သည်းခံခြင်းငှါ တိုက်တွန်းခဲ့ပါသည်။ အချစ်ကိုအနက်ရှိုင်းဆုံး ခံစားကြမည့်အချိန်၊ ထိမ်းမြားမင်္ဂလာဆောင်မည့်နေ့ ကိုမြော်ကြည့်လျက် နေဖို့ရန်လည်း ခွန်အားပေးခဲ့ပါသည်။ "ဗေသာတောင်" သည် သူမ၏ရင်ခွင်၌နားခိုခြင်းကို ရည်ညွှန်းပါသည် (နှိုင်း - သီ ၁း၁၃)။

ထိုနည်းတူ၊ အသင်းတော်သည် ဤလောက၌ အခက်အခဲများစွာ ခံစားရပါသည်။ သို့သော်လည်း၊ တနေ့တွင် ထိုအမှောင်ညသည် ပျောက်ကွယ်သွားပါလိမ့်မည်။ သခင်ယေရှုခရစ်တော်ကြွလာတော်မူ၍ မိမိ၏ရန်သူအပေါင်းကို အနိုင်ယူသော အချိန်၊ သေခြင်းမှရှင်ပြန်ထမြောက်ရာနေ့ တွင် ထိုသို့ဖြစ်လိမ့်မည် (လု ၂၁း၂၇-၂၈၊ ၁ ကော ၁၅း၅၄-၅၅)။

ဗျာဒိတ် ၂၁း၃-၄ က ဤသို့ဆိုထားပါ၏ - "ကောင်းကင်မှကြီးသောအသံကား၊ ဘုရားသခင်၏ တဲတော်သည် လူတို့တွင်ရှိ၏။ လူတို့နှင့်အတူ ကျိန်းဝပ်တော်မူမည်။ သူတို့သည် ကိုယ်တော်၏လူ ဖြစ်ကြလိမ့်မည်။ ဘုရားသခင်သည် ကိုယ်တော်တိုင်သူတို့နှင့်အတူ ရှိနေ၍ သူတို့၏ဘုရားသခင် ဖြစ်တော်မူမည်။ ဘုရားသခင်သည် သူတို့၏မျက်စိ၌ မျက်ရည်ရှိသမျှတို့ကို သုတ်တော်မူမည်။ နောက် တဖန်သေဘေးမရှိရ။ စိတ်မသက်သာညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်းမရှိရ။ အကြောင်းမူကား ရှေးဖြစ်ဘူးသောအရာတို့သည် ရွေ့သွားကြပြီ။"

**ဆင်ခြင်ရန်** - "သူတို့ညည်းတွားခြင်းအရာ၌ဝမ်းမြောက်ခြင်းကို ငါဖြစ်စေမည်။ သူတို့သည် ဝမ်းနည်းခြင်းကို ခံရသောနောက်၊ စိတ်သက်သာ၍ ရွှင်လန်းမည်အကြောင်းကို ငါပြုမည်" (ယေ ၃၁း၁၃)။

**ဆုတောင်းချက်-** ကျွန်ုပ်တို့၏ခွန်အားတည်းဟူသော ဘုရားသခင်၌ဝမ်းမြောက်ခြင်းကို တောင်းလျှောက်ပါလော့ (နေဟ ၈း၁၀)။

အင်္ဂါ၊ ဩဂုတ် (၁)
**သီ ၃း၁-၂**
ဆာလံ ၁၁၉း၉-၁၆ *“. . . ငါရှာ၏။ ရှာသော်လည်း မတွေ့”*

## ဘယ်တော့မှသံသယမဝင်ပါနှင့်၊ ယုံကြည်ကိုးစားခြင်းအစဉ်ရှိလော့

“ငါ့ဝိညာဉ်ချစ်သောသူကို ညဉ့်အခါ အိပ်ရာပေါ်မှာ ငါရှာ၏။ ရှာသော်လည်းမတွေ့။ ငါထမည်။ မြို့လမ်းတို့တွင်လည်မည်။ ငါ့ဝိညာဉ်ချစ်သောသူကို လမ်းမတို့တွင် ရှာမည်ဟုဆိုလျက် ရှာသော်လည်းမတွေ့။”

ဤစုံတွဲသည် လက်မထပ်သေး၊ အတူတကွ မနေထိုင်သေးပါ။ သူမသည် မိမိချစ်သူကို အိပ်မက် မက်ခဲ့ပါသည်။ ထိုအိပ်မက်သည် အိပ်မက်ဆိုး ဖြစ်၏ - မိမိချစ်သူ ပျောက်သွားခြင်း အကြောင်းဖြစ်ပါသည်။ သူမသည် နေရာတကာ လိုက်ရှာ၏၊ လမ်းတိုင်း လိုက်ရှာပါ၏၊ သို့သော်လည်း မတွေ့ခဲ့ပါ။

ထိုသို့သော ခံစားချက် ဝင်သောအချိန်ရှိနိုင်ပါသည် - စေ့စပ်ထားသော်လည်း အမှန်တကယ် လက်ထပ်ကြပါမည်လော။ အကောင်းဆုံး ဆုံးဖြတ်ထားသော်လည်း သံသယဝင်သော အချိန် ရှိနိုင်ပါသည်။ ကျွန်တော်တို့သည် ချစ်သောသူကို သံသယ မဝင်ဘဲ၊ ယုံကြည်ရပါမည်။ ချစ်ခြင်းမေတ္တာသည် “ခပ်သိမ်းသောအရာကို ဖုံးအုပ်တတ်၏။ ခပ်သိမ်းသောအရာကို ယုံတတ်၏။ ခပ်သိမ်းသောအရာကို မြော်လင့်တတ်၏။ ခပ်သိမ်းသောအရာကို သည်းခံတတ်၏” (၁ ကော ၁၃း၇)။

ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည်လည်း၊ သခင်ယေရှုကို ဘယ်တော့မှ သံသယ မဝင်ဘဲ၊ အစဉ် ယုံကြည်ကိုးစားကြရပါမည်။ ယေရှုသည် ဘယ်တော့မှ ပြောင်းလဲခြင်း ရှိတော် မမူ။ “ယေရှုခရစ်သည် မနေ့၊ ယနေ့၊ နောင်ကာလ၊ အစဉ်အမြဲ မပြောင်းမလဲ နေတော်မူ၏” (ဟေဗြဲ ၁၃း၈)။ “ကောင်းမြတ်စုံလင်သော ဆုကျေးဇူးရှိသမျှတို့သည် အလင်းတို့၏ အဘထံတော်က သက်ရောက်သည်ဖြစ်၍၊ အထက်အရပ်မှလာကြ၏။ ထိုအဘသည် ရွေ့လျော့ တိမ်းယိမ်းခြင်းမရှိ၊ ပြောင်းလဲခြင်းအရိပ်နှင့်ကင်းလွတ်တော်မူ၏” (ယာကုပ် ၁း၁၇)။ “ထိုသခင်မှာ ဘုရားသခင်၏ ဂတိတော်ရှိသမျှတို့သည် ငါတို့အားဖြင့် ဘုန်းအသရေတော်ကို ထင်ရှားစေခြင်းအလိုငှါ၊ ဟုတ်မှန်၏ ဟူ၍၎င်း၊ အာမင်ဟူ၍၎င်း ဖြစ်သတည်း” (၂ ကော ၁း၂၀)

တခါတရံ၊ သခင်ဘုရားကို ရှာ၍ မတွေ့ဖြစ်တတ်ပါသည်။ ထိုသို့ဖြစ်သောအချိန်သည်၊ ကျွန်တော်တို့ ကျမ်းစာ မဖတ်၊ ဆု မတောင်း၊ ဘုရားကျောင်း မသွားဘဲ လမ်းမှား လျှောက်သော အချိန်ဖြစ်ပါသည်။ “ထိုအမှုရောက်သောသူတို့သည် ငါ့ကိုခေါ်သော်လည်း ငါမထူး။ ငါ့ကို ကြိုးစား၍ ရှာသော်လည်း မတွေ့ရကြ။ အကြောင်းမူကား၊ သူတို့သည် ပညာအတတ်ကိုမုန်းကြ၏။ ထာဝရဘုရားကို ကြောက်ရွံ့သောသဘောကို အလိုမရှိကြ” (သု ၁း၂၈-၂၉)။

သင်းအုပ်ဆရာသည် မြို့ကို စောင့်သော ကင်းစောင့်နှင့်တူ၏ (နှိုင်း - ဟေရှာ ၆၂း၆၊ ယေဇ ၃း၁၇)။ အပြစ်ပြုသော ယုံကြည်သူသည် ဘုရားကျောင်းသို့ပြန်လာ၍ သင်းအုပ်ဆရာ၏ အကြံပေးမှုကို ခံယူလျက်၊ ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်ခြင်းသည် ကောင်းသောအမှု ဖြစ်ပါသည်။ ဆာလံ ၁၁၉း၉-၁၇ ၏ကောင်းသောအကြံပေးမှုကို သတိပြုပါလော့။

**ဆင်ခြင်ရန်** - “တွေ့နိုင်သောကာလတွင် ထာဝရဘုရားကို ရှာကြလော့။ နီးတော်မူသောကာလတွင် ဆုတောင်းပဌနာ ပြုကြလော့” (ဟေရှာ ၅၅း၆)။
**ဆုတောင်းချက်-** ဘုရားသခင်ထံမှ ဘယ်တော့မှနောက်မဆုတ်မည်အကြောင်း ဆုတောင်းပါလော့။

## အချစ်ကိုကြိုးစားရှာဖွေခြင်း

"မြို့ကိုလှည့်သောကင်းစောင့်တို့သည် ငါ့ကိုတွေ့ကြသော်၊ ငါ့ဝိညာဉ်ချစ်သောသူကို မြင်ကြသလောဟု ငါမေး၏။ သူတို့မှအနည်းငယ်လွန်ပြန်လျှင်၊ ငါ့ဝိညာဉ်ချစ်သောသူကို တွေ့၏။ ငါသည်သူ့ကိုမလွှတ်။ အမြဲကိုင်၍ ဘွားမြင်သောမိခင်၏အိမ်၌ အိပ်ရာအခန်းထဲသို့ဆောင်ခဲ့၏။"

သူမသည် သူ၏ချစ်သူရှိသောနေရာ လူတို့ထံ လိုက်မေးခဲ့ပါသည်။ ထိုသို့လိုက်ရှာသောကြောင့် နောက်ဆုံးတွင် တွေ့ခဲ့ပါသည်။ တွေ့သောအခါ တွဲခေါ်လျက်၊ သူ့အမေအိမ်သို့ လုံခြုံသောနေရာသို့ ခေါ်ဆောင်ခဲ့ပါသည်။ သူမသည် သူ့ချစ်သူကို အလွန်ချစ်ကြောင်း ဤအချက်က ဖော်ပြလျက်ရှိပါသည်။ သူမှလွဲ၍ အခြားဘယ်သူ့ကိုမျှ သူမ မစဉ်းစား မတွေးတောပါ။ သူနှင့်လက်ထပ်မည်ဟု စိတ်ဆုံးဖြတ်ထားခဲ့ပါသည်။

ကျမ်းစာယုံကြည်သော၊ စစ်မှန်သော အသင်းတော်တွင် သခင်ဘုရားကို မြင်တွေ့ရပါသည်။ "ငါ့ကိုချစ်သောသူကို ငါချစ်၏။ ငါ့ကိုကြိုးစား၍ရှာသောသူတို့သည် တွေ့တတ်ကြ၏" (သု ၈း၁၇၊ နှိုင်း ယေ၇မိ ၂၉း၁၃)။ ကျွန်တော်တို့သည်လည်း ဘုရားကျောင်း၌ (ဂလာ ၄း၂၆) ဘုရားသခင်နှင့်၎င်း၊ သန့်ရှင်းသောသူ တို့နှင့်၎င်း မိသာဟာယ ဖွဲ့ရပါမည်။ "ဘုရားသခင်၏အိမ်တော်ကို အုပ်စိုးသောယဇ်ပုရောဟိတ်မင်းရှိသဖြင့်၎င်း၊ ငါတို့သည် သစ္စာနှင့်ပြည့်စုံသောသဘောရှိ၍ ဝိစိကိစ္ဆာနှင့်ကင်းသောယုံကြည်ခြင်း၌တည်လျက်၊ စိတ်နှလုံးကို သံဝေဂတရားနှင့်လွတ်အောင် ဖြန်းခြင်း၊ ကိုယ်ကာယကိုလည်း ကြည်သောရေဖြင့်ဆေးကြောခြင်းရှိပြီးမှ အထံတော်သို့ တိုးဝင်ချဉ်းကပ်ကြကုန်အံ့။ မျှော်လင့်ခြင်းအကြောင်းကို ဝန်ခံ၍ မတိမ်းယိမ်းမရွေ့လျော့ဘဲ တည်ကြည်ကြကုန်အံ့။ အကြောင်းမူကား ဂတိထားတော်မူသောသူသည် သစ္စာနှင့်ပြည့်စုံတော်မူ၏။ ထိုမှတပါး မေတ္တာစိတ်ရှိစေခြင်းငှါ၎င်း၊ ကောင်းသောအကျင့်ကိုကျင့်စေခြင်းငှါ၎င်း၊ တိုက်တွန်းနှိုးဆော်ရသောအခွင့်ကိုရှာ၍၊ အချင်းချင်းတယောက်ကိုတယောက် ထောက်စာကြည့်ရှုကြကုန်အံ့။ လူအချို့တို့၏ထုံးစံရှိသည်အတိုင်း အချင်းချင်းစည်းဝေးခြင်းအမှုကို မရှောင်မလွှဲကြနှင့်။ အချင်းချင်းတို့ကို တိုက်တွန်းနှိုးဆော်ကြလော့။ ကာလအချိန်ရောက်လုနီးသည်ကိုထောက်သဖြင့်၊ သာ၍ကြိုးစားကြလော့" (ဟေဗြဲ ၁၀း၂၁-၂၅)။

သန့်ရှင်းခြင်းအသက်တာပိုင်ဆိုင်ခြင်းသည် ခရစ်ယာန်အသက်တာ၌ အလွန်အရေးကြီးလှပါသည်။ ကျွန်ုပ်တို့၏ ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း နှင့် ချစ်ခြင်း တို့သည် အစဉ်တည်မြဲရပါမည် - ဘုရားသခင်ကို အစဉ်ယုံကြည်ကိုးစားလျက်၊ ဝိညာဉ်အသီးတို့ကို သီးရပါမည် (ဖိ ၂း၁၂-၁၃၊ ၃း၁၃-၁၄၊ ဂလာ ၅း၂၂-၂၃)။ စစ်မှန်သော ယုံကြည်ခြင်းသည် စိတ်ရှည် သည်းခံခြင်း ရှိသောယုံကြည်ခြင်းဖြစ်ပါသည် (မသဲ ၁၀း၂၂)။

**ဆင်ခြင်ရန်** - "အဆုံးတိုင်အောင်တည်ကြည်၏။ ထိုသူသည်ကယ်တင်ခြင်းသို့ရောက်လိမ့်မည်" (မသဲ ၁၀း၂၂)။

**ဆုတောင်းချက်-** သင်၏ခရစ်ယာန်ယုံကြည်ခြင်း ခိုင်ခံ့မြဲမြံခြင်းရှိမည် အကြောင်း ဆုတောင်းပါ။

# ထိမ်းမြားခြင်း၌ အသင့်ရှိခြင်း

"ယေရုရှလင်မြို့သမီးတို့ ငါချစ်သောသတို့သမီးသည် အလိုလိုမနိုးမီတိုင်အောင် မလှုပ်မနှိုးမည်အကြောင်း၊ တော၌ကျင်လည်သောသမင်ဒရယ်များကို တိုင်တည်၍သင်တို့ကိုငါမှာထား၏။"

သီ ၂း၇ အကြောင်းကို ပြန်လည် ဖော်ပြခြင်းဖြစ်ပါသည်။ သူမ၏ချစ်သူကို သူမ ပိုင်သည်ဖြစ်၍ သူမကိုလည်း သူ့ချစ်သူပိုင်ပါ၏။ သူတို့၏ မိမိကိုယ်ကို ထိန်းချုပ်ကြခြင်းသည် နောက်ဆုံးတွင် အရာရောက်ပြီဖြစ်ပါသည်။ သူတို့၏ နေ့ရက်မြတ်သည် ရောက်လာပြီဖြစ်ပါသည်။ "သည်းခံခြင်းသည် ခါးသောအမြစ်ရှိပြီး ချိုသောအသီးရှိသည့် အပင်နှင့်တူ၏" ဟူ၍ အာဖရိက ဆိုရိုးစကားရှိခဲ့ပါသည်။ တရုတ်စကားပုံမှကား၊ "စိတ်ရှည် သည်းခံခြင်းရှိလျှင် ပိုးစားရွက်ပင်လျှင် ပိုးချည်မျှင်အဖြစ်သို့ပြောင်းလဲနိုင်ပါသည်" ဟူ၍ ဖြစ်ပါသည်။ ချစ်သူစုံတွဲတို့သည် ထိမ်းမြား လက်ထပ်ခြင်းမပြုမီ ကာမဆက်ဆံခြင်း လုံးဝ မပြုရပါ။ "ခပ်သိမ်းသောသူတို့၌ မင်္ဂလာဆောင်ခြင်းအမှုနှင့်သစ္စာသံဝါသပြုခြင်းအမှုသည် အသရေရှိစေလော့။ မတရားသောမေထုန်ကိုပြုသောသူ နှင့် သူ့မယားကို ပြစ်မှားသောသူကို ဘုရားသခင်စစ်ကြောစီရင်တော်မူလိမ့်မည်" (ဟေဗြဲ ၁၃း၄)။

ထို့ကြောင့် ဘုရားသခင်၏သားသမီးတို့သည် ဘုရားသခင်အတွက် မိမိကိုယ်ကို သန့်ရှင်းစင်ကြယ်စွာ ထိန်းသိမ်းကြရပါမည်။ "ငါသည်သင်တို့ဘုရားသခင် ထာဝရဘုရားဖြစ်၏။ ငါသည်သန့်ရှင်းသောကြောင့် သင်တို့လည်း ကိုယ်ကိုကိုယ် သန့်ရှင်းစေ၍ သန့်ရှင်းခြင်းရှိရကြမည် . . ." (ဝတ် ၁၁း၄၄)။ ကောင်းကင်ဘုံ၌ မင်္ဂလာဆောင်ခြင်း မပြုမီ၊ ဤလောကတွင် ယုံကြည်သူတို့သည် ဤလောကနှင့် ရင်းနှီး မိတ်ဆွေ မဖြစ်ရပါ၊ ဤလောကီအရာတို့နောက်သို့ မလိုက်ရပါ။ "မတရားသောမေထုန်၌မှိုဲသော ယောကျ်ားမိန်းမတို့၊ လောကီမိဿဟာယ သည် ဘုရားသခင်နှင့်ဆန့်ကျင်ဘက်ဖြစ်သည်ကို မသိကြသလော။ ဤလောကနှင့် မိဿဟာယဖွဲ့လိုသောသူသည် ဘုရားသခင်၏ရန်သူဖြစ်၏" (ယာ ၄း၄)။

ထို့ကြောင့် သင်းအုပ်ဆရာတို့သည် နှုတ်ကပတ်တရားတော်ကို သစ္စာရှိစွာ ဟောပြောလျက်၊ တမန်တော်ပေါလု ကဲ့သို့ အသင်းတော်ကို ထိုမင်္ဂလာ နေ့ရက်မြတ်အတွက် သန့်ရှင်းသော သတို့သမီးအဖြစ် ဆက်သဖို့ရန် စောင့်ရှောက်ရပါမည်။ "အကြောင်းမူကား ငါသည်သင်တို့ကို သီလနှင့်ပြည့်စုံသော သတို့သမီးကညာကဲ့သို့ ခရစ်တော်အားဆက်အံ့သောငှါ၊ သင်တို့ကို လင်တဦးနှင့်ထိမ်းမြားဆောင်နှင်းပြီးသောကြောင့် ဘုရားသခင်၏အလိုတော်အတိုင်း စိုးရိမ်သောစိတ်နှင့်သင်တို့ကိုစောင့်ရှောက်လျက်နေ၏" (၂ ကော ၁၁း၂)။

**ဆင်ခြင်ရန်** - "သတို့သမီးသည် အဖြူရောင် ဝတ်စုံဝတ်လျက် ကြွလာ၏။" ကောင်းကင်ဘုံ၌ကျင်းပမည့် ထိုထိမ်းမြားခြင်း ရက်မြတ်တွင် ခရစ်တော်ထံဆက်သမည့် အသင်းတော်၏ သန့်ရှင်းခြင်း (ဗျာ ၁၉း၇-၈) ကို ရည်ညွှန်းလျက် သတို့သမီး၏ဝတ်စုံကို အဖြူရောင် အသုံးပြုကြ၏။

**ဆုတောင်းချက်-** သခင်ယေရှုအတွက် သန့်ရှင်းစင်ကြယ်ခြင်း ရှိမည်အကြောင်း ဆုတောင်းပါ။

# ထိမ်းမြားခြင်းမင်္ဂလာရက်မြတ်

"မုရန်၊ လောဗန်အစရှိသော ကုန်သည်ရောင်းတတ်သောနံ့သာမှုန့်မျိုးကို မီးရှို့၍၊ ထသော မီးခိုးတိုင်သဏ္ဌာန်ရှိလျက်၊ တောထဲကလာသော ထိုသူကား အဘယ်သူဖြစ်ပါလိမ့်မည်နည်း။"

ထိမ်းမြားခြင်းနေ့ရက်တွင်၊ သတို့သားသည် မင်္ဂလာခန်းမထဲသို့ သတို့သမီးကို ခေါ်လာဖို့ရန် သတို့သမီးအိမ်သို့သွားခဲ့သည်။ "မီးခိုးတိုင်" သည် ဘုရားသခင်အတူပါရှိတော်မူခြင်းကို ပုံဆောင်ခြင်း ဖြစ်ပါသည်။ ထွက်မြောက်ရာကျမ်း၌တွေ့ရသော နေ့အချိန်တွင် မိုးတိမ်တိုင်နှင့် ညအချိန်တွင် မီးတိုင်အားဖြင့် ဘုရားသခင်အတူပါရှိတော်မူသကဲ့သို့ ဖြစ်ပါသည် (ထွက် ၁၃း၂၁-၂၂)။ ဤအချက်က ဤစုံတွဲကို ဘုရားသခင်က သူတို့၏ရည်းစားဘဝမှစ၍ ထိမ်းမြားမင်္ဂလာဆောင်သည်အထိ လမ်းပြပို့ဆောင်တော်မူကြောင်း၊ ဆက်လက်၍ လမ်းပြပို့ဆောင်မည် အကြောင်း ဖော်ပြလျက်ရှိပါသည် (နှိုင်း - နေဟ ၉း၁၉)။

"မုရန်နှင့်လောဗန်" တို့သည် ဝတ်ပြုခြင်းနှင့်ဆက်နွယ်လျက်ရှိ၏။ မင်္ဂလာဆောင်ခြင်းသည် လူတို့ကျင်းပသော ပွဲတခုသာသာ မဟုတ်ပါ၊ ထိမ်းမြားခြင်းကို စတင်တော်မူခဲ့သော ဘုရားသခင် (ကမ္ဘာ ၂း၁၈-၂၅) အား ဝတ်ပြုကိုးကွယ်သော အချိန်လည်း ဖြစ်ပါသည်။ ဘုရားသခင်ကို မမေ့လျော့ဘဲ၊ အောက်မေ့ရပါမည်။ ဘုရားသခင် မပါသော လက်ထက်မင်္ဂလာဆောင်ခြင်းသည် ဇာတိသဘော သက်သက်ဖြစ်၍ ဝိညာဉ်တော်နှင့်ဆိုင်သောအမှု မဟုတ်ပါ။ ဘုရားသခင် မပါလျှင် ကောင်းကြီးမင်္ဂလာလည်း မရှိပါ။

ပဋိညာဉ်နှင့်ဆိုင်သော အိမ်ထောင်တွင်၊ ကြင်စဦးဇနီးမောင်နှံ၏ဘဝတွင် ဘုရားသခင်သည် အဓိကကျတော်မူ၏။ "ထာဝရဘုရားသည် အိမ်ကိုဆောက်တော်မမူလျှင်၊ ဆောက်သောသူတို့သည် အချည်းနှီးလုပ်ဆောင်ကြ၏ . . . " (ဆာ ၁၂၇း၁)။ "ကုန်သည်ရောင်းတတ်သော နံ့သာမှုန့်" က မွှေးကြိုင်သောရနံ့ကို ဖော်ဆောင်သောကြောင့်၊ ဤမင်္ဂလာဆောင်ခြင်း အခမ်းအနား တခုလုံးတွင် ဝတ်ပြုခြင်း၊ ကျေးဇူးတော်ချီးမွမ်းခြင်းများ ပါဝင်လျက်၊ လောကီဆန်ဆန် မဟုတ်ဘဲ၊ ဘုရားသခင်၏ နှုတ်ကပတ်တော် အတိုင်း အစီအစဉ်ကို ဆောင်ရွက်ရပါမည်။

**ဆင်ခြင်ရန်** - "လူတယောက်သည် တယောက်ကို နိုင်လျှင် ထိုလူကိုနှစ်ယောက် ဆီးတားနိုင်၏။ သုံးလွန်းတင်သောကြိုးသည်လည်း အလွယ်တကူ မပြတ်တတ်" (ဒေ ၄း၁၂)။

**ဆုတောင်းချက်-** သင်၏အိမ်ထောင်နှင့်မိသားစုဘဝ၌ ဘုရားသခင်သည် အဓိကနေရာယူမည် အကြောင်း ဆုတောင်းပါ။

# တလင်တမယားစနစ်ကို စောင့်ရှောက်ကာကွယ်ခြင်း

"ရှောလမုန်မင်း၏ယာဉ်ပျံတော်ကို ကြည့်ကြလော့။ သူ့ရဲခြောက်ကျိပ်၊ ဣသရေလအမျိုးသား သူရဲ အခြွေအရံရှိကြ၏။ ထိုသူအပေါင်းတို့သည် ထားကိုင်လျက်၊ စစ်မှုစစ်ရေး၌ လေ့ကျက်သောသူဖြစ်ကြ၏။ ညဉ့်အခါ စိုးရိမ်စရာရှိသောကြောင့်၊ လူတိုင်းမိမိပေါင်၌ မိမိထားကို မြှောင်ထားလျက်ရှိ၏။"

သတို့သမီးသည် သတို့သားတဦးတည်းနှင့်သာ ထိမ်းမြားမင်္ဂလာဆောင်ရမည်ဖြစ်ပါသည်။ ထိုသတို့သားနှင့်သာ အတူအိပ်ရမည်ဖြစ်ပါသည်။ "ခပ်သိမ်းသောသူတို့၌ မင်္ဂလာဆောင်ခြင်းအမှုနှင့်သစ္စာသံဝါသပြုခြင်းအမှုသည် အသရေရှိစေလော့။ မတရားသောမေထုန်ကိုပြုသောသူနှင့် သူ့မယားကို ပြစ်မှားသောသူကို ဘုရားသခင်စစ်ကြောစီရင်တော်မူလိမ့်မည်" (ဟေဗြဲ ၁၃း၄)။ ယောကျ်ားသည် မိမိတို့၏မင်္ဂလာကုတင်ကို သန့်ရှင်းစွာ ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ပါသည်။ ဤအချက်ကို သူနှင့်သတို့သမီးတို့အား နှောင့်ယှက်နိုင်သောသူများ ထံမှကာကွယ်ဖို့ရန် သတ္တိရှိသော စစ်သူရဲ အယောက် ခြောက်ဆယ် ခေါ်ထားခြင်း၌ တွေ့ရပါသည်။ "ထိုသူနှစ်ယောက်တို့သည် တသားတကိုယ်တည်းဖြစ်ရလိမ့်မည်။ ထို့ကြောင့်လင်မယားတို့သည် နှစ်ဦးမဟုတ်၊ တဦးတည်းဖြစ်၏။ ဘုရားသခင်တွဲဘက်၍ ထမ်းဘိုးတင်တော်မူသောအရာကို လူမခွဲမခွါစေနှင့်ဟု မိန့်တော်မူ၏" (မာကု ၁ဝး၈-၉)။

ထိုနည်းတူ၊ ခရစ်တော်နှင့်အသင်းတော်၏ဆက်နွယ်မှုကို ကာကွယ်ရမည်ဖြစ်ပါသည်။ "စစ်သူရဲ" တို့သည် ဘုရားသခင်၏အစေခံများ၊ ဘုရင်များ၊ ယဇ်ပုရောဟိတ်များ၊ ပရောဖက်များ၊ တမန်တော်များ၊ သင်းအုပ်ဆရာများ ဖြစ်ကြ၍ သူတို့သည် အသင်းတော်ကို ဝိညာဉ်အရာ၌ အန္တရယ်ပြုနိုင်သောအရာများမှ ကွယ်ကာရမည်ဖြစ်ပါသည် (၄ ရာ ၁၇း၁၃၊ ယေရမိ ၄၄း၄၊ တမန် ၂ဝး၂၈-၂၉)။ နှုတ်ကပတ်တရားတော်၏အမှုတော်ဆောင်အပေါင်းတို့သည် ဝိညာဉ်တော်၏ထားတည်းဟူသော သမ္မာကျမ်းစာကို ကောင်းမွန်စွာ လေ့ကျက်လျက် (ဧဖက် ၆း၁၂၊ ဟေဗြဲ ၄း၁၂)၊ ယုံကြည်ခြင်း၌ ကောင်းသော တိုက်လှန်ခြင်းကို တိုက်ကြရပါမည် (၁ တိ ၆း၁၂၊ ၂ တိ ၄း၇)။

ထို့ကြောင့်၊ နှုတ်ကပတ်တရားတော်၏အမှုတော်ဆောင် ဖြစ်လိုသောသူတို့သည် သမ္မာကျမ်းစာကို ယုံကြည်သော၊ ကွယ်ကာစောင့်ရှောက်သော ဓမ္မတက္ကသိုလ် (သို့) Far Eastern Bible College (FEBC) ၌ နှုတ်ကပတ်တရားတော်ကို မှန်ကန် ကောင်းမွန်စွာ ကိုင်တွယ် ဟောပြောနိုင်ဖို့ရန် ဝိညာဉ်ရေးရာ စစ်သင်တန်းကို ကြိုးစား တတ်ရောက်ရပါမည် (၂ တိ ၂း၁၅)။

**ဆင်ခြင်ရန်** - "သူ့မယားကို ပြစ်မှားသောသူသည် ဉာဏ်မရှိ။ ထိုသို့ပြုသောသူသည် မိမိအသက်ကို ဖျက်ဆီးတတ်၏" (သု ၆း၃၂)။

**ဆုတောင်းချက်-** သင့်ခင်ပွန်းအပေါ် သင်သည် သစ္စာရှိမည်အကြောင်း ဆုတောင်းပါ။

# ထိမ်းမြားခြင်းမင်္ဂလာအစီအစဉ် (၁)

"လေဗနုန်သစ်သားဖြင့် ရှောလမုန်မင်းကြီးလုပ်တော်မူသော ယာဉ်ပျံတော်ဖြစ်၏။ ကျွန်းစင်တိုင်တို့ကို ငွေဖြင့်၎င်း၊ အောက်ပိုင်းကိုရွှေဖြင့်၎င်း၊ ထိုင်ရန်ဖုံကိုနီမောင်းသော ကမ္ဗလာဖြင့်၎င်း၊ ပြီးစေတော်မူ၏။ အတွင်းကိုမူကား၊ ယေရုရှလင်မြို့သမီးတို့သည် မေတ္တာနှင့်ချယ်လှယ်ကြပြီ။"

ထိမ်းမြားမင်္ဂလာဆောင်ခြင်း အခမ်းအနားသည် အလွန်ကြီးကျယ်ခန်းနား လှပါသည်။ ရှောလမုန်သည် လေဗနုန်သစ်သား (ထိုကာလ၌အကောင်းဆုံးသောသစ် - ၄ ရာ ၁၉း၂၃) ဖြင့် ထမ်းစင် ကုလားထိုင်ကို ပြုလုပ်ခဲ့ပါသည်။ ထိုကုလားထိုင်ကို ရွှေ ငွေ၊ နီမောင်းသော ကမ္ဗလာ၊ မိန်းခလေးများနှစ်သက်သော ပန်းများဖြင့် အလှဆင် ခြယ်သထားပါသည်။ ဤအချက်က ထိမ်းမြားခြင်း မင်္ဂလာကို သူအလေးအမြတ်ထားကြောင်း ထင်ရှားစေပါသည်။

မင်္ဂလာဆောင် အခမ်းအနားကို ဖြစ်သလို မလုပ်ရပါ။ အစီစဉ်တိုင်းကို သီလ သက္ခာရှိရှိနှင့်ရိုသေလေးစားမှုရှိလျက် နှစ်သက်စရာကောင်းအောင် ပြုလုပ်ရပါမည်။ သတို့သမီး ဝတ်လုံသည်လည်း အဖြူထည်သက်သက်ဖြစ်၍၊ တိုတိုတုပ်တုပ် ကျောပြင်ပေါ်သော ဝတ်စုံ မဟုတ်ဘဲ၊ လုံလုံခြုံခြုံ ဖြစ်ရပါမည်။ သတို့သားသည်လည်း မိမိဝတ်စုံ ကုပ်အင်္ကျီကို စမတ်ကျကျ သပ်သပ်ရပ်ရပ် ဝတ်ဆင်ရပါမည်။

မင်္ဂလာဆောင် အခမ်းအနားကို လောကီ မဆန်ဘဲ၊ ဘုရားတရားနှင့်အညီ ပြုလုပ်ရပါမည်။ ဘုရားသခင်နှင့်လူတို့ရှေ့၌ တသက်တာ ပဋိညာဉ် ဂတိသစ္စာဆိုကြမည်ဖြစ်သောကြောင့် ဤအခမ်းအနားသည် အလွန်ရေးကြီးလှပါ၏။ "ဘုရားသခင်ဖန်ဆင်းတော်မူစက ယောကျ်ားနှင့်မိန်းမနှစ်ယောက်တည်းကို ဖန်ဆင်းတော်မူ၏။ ထိုအကြောင်းကြောင့် ယောကျ်ားသည် ကိုယ်မိဘကိုစွန့်၍ ကိုယ်ခင်ပွန်း၌မှီဝဲသဖြင့်၊ ထိုသူနှစ်ယောက်တို့သည် တသားတကိုယ်တည်းဖြစ်ရလိမ့်မည်။ ထို့ကြောင့် လင်မယားတို့သည် နှစ်ဦးမဟုတ်၊ တဦးတည်းဖြစ်၏။ ဘုရားသခင်တွဲဘက်၍ ထမ်းဘိုးတင်တော်မူသောအရာကို လူ မခွဲမခွါစေနှင့်ဟု မိန့်တော်မူ၏" (မာကု ၁၀း၆-၉)။ "မှီဝဲ" ဟူသော မူရင်း စကားလုံး (ကမ္ဘာ ၂း၂၄၊ မာကု ၁၀း၇) သည် ဆက်သွယ်ချည်နှောင်ခြင်း စကားလုံး၏ပြင်းထန်အားကြီးသော စကားလုံးဖြစ်ပါသည်။ သံထည်နှစ်ခုကို ဂဟေဆက်လျက် တခု ဖြစ်လာခြင်း အဓိပ္ပါယ်ရှိပါသည်။ ခွဲခွါ၍ မရတော့ပါ။ ထို့ကြောင့် အိမ်ထောင်ပြုခြင်းသည် တသက်တာ ပေါင်းစည်းခြင်းအမှုဖြစ်၍ တဘဝလုံး ဆက်ကပ်ခြင်းလည်းဖြစ်ပါသည်။ ထို့ကြောင့်၊ "သေခြင်းမှအပ၊ ဘယ်အရာကမှ ကျွန်တော်တို့ကို မခွဲမခွါပါစေနှင့်" ဟု ဂတိသစ္စာဆိုခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ထိမ်းမြားခြင်းအစီအစဉ်ကို အသင်းတော်ဘုရားကျောင်း၌ ပြုလုပ်သင့်ပါသည်။
**ဆုတောင်းချက်-** ထိမ်းမြားခြင်း၌ပြုသော သင်၏ဂတိစကားကို အောက်မေ့လျက်၊ လိုက်လျှောက်ခြင်းငှါ ဆုတောင်းပါ။

# ထိမ်းမြားခြင်းမင်္ဂလာအစီအစဉ် (၂)

"လေဗနုန်သစ်သားဖြင့် ရှောလမုန်မင်းကြီးလုပ်တော်မူသော ယာဉ်ပျံတော်ဖြစ်၏။ ကွန်းစင် တိုင်တို့ကို ငွေဖြင့်၎င်း၊ အောက်ပိုင်းကိုရွှေဖြင့်၎င်း၊ ထိုင်ရန်ဖုံကို နီမောင်းသောကမ္ဗလာဖြင့်၎င်း၊ ပြီးစေတော်မူ၏။ အတွင်းကိုမူကား၊ ယေရုရှလင်မြို့သမီးတို့သည် မေတ္တာနှင့်ချယ်လှယ်ကြပြီ။"

နန်းတွင်းသတို့သား၊ ရှောလမုန်သည် မြင်းလှည်းစီးလျက် မြို့ထဲသို့ ကြွလာခဲ့ပါသည်။ ထိုနည်းတူ၊ ရှောလမုန်ထက် ပို၍ကြီးမြတ်တော်မူသော ခရစ်တော်သည် ပထမအကြိမ် သိမ်မွေ့နူးညံ့စွာ ကြွလာခဲ့ပြီး၊ ဒုတိယအကြိမ်တွင် ဤလောကသို့ ရှင်ဘုရင်အဖြစ် ကြွလာတော်မူမည် (မသဲ ၂၁း၅၊ ဗျာ ၁၉း၁၁-၁၆)။

ဤမြင်းလှည်းကို **"လေဗနုန်သစ်သား**၊ အာရဇ်သစ်သားဖြင့်ပြုလုပ်ခဲ့ပါသည်။ လေဗနုန်သည် ဤသစ်သားကြောင့် နာမည်ကျော်ကြား၍၊ ဤသစ်သားသည် အလွန်တာရှည်ခံသော သစ်သားဖြစ်ပါသည်။ ထိုနည်းတူ၊ နှုတ်ကပတ်တော်သည် "ကာလအစဉ်အမြဲတည်၏။ . . . ဧဝံဂေလိတရားဖြစ်သတည်း" (၁ ပေ ၁း၂၅)။ ထာဝရဧဝံဂေလိတရား ဟုလည်းခေါ်ပါသည် (ဗျာ ၁၄း၆)။ သို့သော်လည်း၊ လူ့ဥပဒေသတို့သည် ကာလတခုသာ တည်၏ (ဟေဗြဲ ၉း၁၀)။ အငယ် ၁၀ ၌တွေ့ရသော၊ လှည်းကို ထောက်မသော **တိုင်များ** သည် ခရစ်တော်၏နှုတ်ကပတ်တော်၊ ဂတိတော်နှင့် သွန်သင်ချက်များ တည်မြဲခြင်း ကိုညွှန်ပြပါသည်။ ထိုနှုတ်ကပတ်တောက်သည် ငွေစင်ကဲ့သို့ သန့်ရှင်းလှပါသည် (ဆာလံ ၁၂း၆)။ ခရစ်တော်၏နှုတ်ကပတ်တော်သည် စုံလင်သည် ဖြစ်၍ ဘုရားသခင်၏ လူကို စုံလင်စွာ ပြုပြင်နိုင်တော်မူ၏။ အောက်ပိုင်းကို ရွှေဖြင့် မွမ်းမံထားပါသည်။ ဤအချက်က ဂတိတော်နှင့်ဘုရားသခင်၏ပဋိညာဉ် အမြစ်တည်ရာ အုတ်မြစ်ကို အမှတ်ရစေပါသည်။ **နီမောင်းသော ကမ္ဗလာ** သည် ဘုရားသခင်၏အမျက်တော်မှ ကျွန်တော်တို့ကို ကွယ်ကာတော်မူသော၊ ခရစ်တော်၏အသွေးတော်ကို အမှတ်ရစေပါသည်။ **အတွင်းမူကား . . . မေတ္တာနှင့်ချယ်လှယ်ကြပြီ** ဟူသောအချက်က၊ လူသားတို့အပေါ် ထားရှိသော ခရစ်တော်၏ ချစ်ခြင်းမေတ္တာ ကို အမှတ်ရစေပါ ၏။ ထိုကြောင့် သူသည် လူသားတို့အတွက် အသက်ရှင်ပြီး၊ အသေခံ၍ ရှင်ပြန်ထမြောက်တော်မူခဲ့ပါ သည်။ ဤသည်ကား သတင်းကောင်း၊ နှုတ်ကပတ်တရားတော်၏ အချက်အခြာပင်ဖြစ်ပါသည်။" (Matthew Poole)

**ဆင်ခြင်ရန်** - "ငါတို့သည်ဝမ်းမြောက်ရွှင်လန်းကြကုန်အံ့၊ ဂုဏ်တော်ကိုချီးမွမ်းကြကုန်အံ့၊ အကြောင်းမူကား၊ သိုးသငယ်၏မင်္ဂလာဆောင်ပွဲကိုခံချိန်ရှိပြီ။ သူ၏မိန်းမသည် ကိုယ်ကိုတန်ဆာဆင်ပြီ" (ဗျာ ၁၉း၇)။

**ဆုတောင်းချက်-** ကောင်းကင်ဘုံ၌ မင်္ဂလာဆောင်ပွဲကျင်းပဖို့ရန် အသင့်ရှိမည်အကြောင်း ဆုတောင်းပါ။

# မိဘ၏ကောင်းချီးမင်္ဂလာ

"ဇိအုန်သတို့သမီးတို့၊ လက်ထပ်မင်္ဂလာဆောင်သောနေ့၊ နှလုံးတော်ရွှင်လန်းသောနေ့၌ မယ်တော်တင်သော ဦးရစ်သရဖူကို ဆောင်းတော်မူသော ရှောလမုန်မင်းကြီးကိုသွား၍ ဖူးမြင်ကြလော့။"

"လက်ထပ်မင်္ဂလာဆောင်သောနေ့" တကယ်ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။ မင်္ဂလာဆောင်ခြင်းကို ရှောလမုန်သီချင်း၌ ပထမဆုံးတွေ့ရခြင်းဖြစ်ပါသည်။ ထိမ်းမြားမင်္ဂလာဆောင်ခြင်း၌ ဖခင်သည် သမီးကိုအပ်၍၊ သတို့သမီးနှင့်ပေါင်းစည်းခြင်းငှါ မိမိသားကို မိခင်ကကောင်းချီးပေးလေ့ရှိပါသည်။ ဗာသရှေဘ က ရှောလမုန်၏လည်းပင်း၌ ပန်းကုံးစွပ်၍ ကောင်းချီးမင်္ဂလာနှင့်အတူ စေလွှတ်ခဲ့ပါသည်။ နှစ်ဖက် မိဘများ၏ ကောင်းချီးပေးခြင်းသည် အလွန်အရေးကြီးလှပါသည်။ ယောကျ်ားသည် မိခင်၏ကောင်းချီးနှင့် ဖခင်၏ကောင်းချီးမင်္ဂလာကိုလည်း တောင်းလျှောက်သင့်ပါသည်။

"ထိမ်းမြားမင်္ဂလာဆောင်ခြင်း၌ ရှေးဦးစွာ ဘုရားသခင်၏ကောင်းချီးမင်္ဂလာကို တောင်းလျှောက်ရပါမည်၊ ထို့နောက် မိဘများ၏ကောင်းချီးမင်္ဂလာသည် ဒုတိယဖြစ်ရပါမည်။ "သင်၏ဘုရားသခင်ထာဝရဘုရားပေးသနားတော်မူသောပြည်ထဲ၌ သင်သည်အသက်တာရှည်၍ ကောင်းစားရမည်အကြောင်း၊ သင်၏ဘုရားသခင်ထာဝရဘုရား မှာထားတော်မူသည်အတိုင်း သင်၏မိဘကို ရိုသေစွာပြုလော့" (တရား ၅း၁၆)။ သင်လက်ထပ်မည့် မိန်းခလေး အတွက် သင့်မိဘ၏ ကောင်းချီးမင်္ဂလာကို သင်ရယူပါ သလား။ . . . သင်တို့၏ဖိတ်စာကပ်၌လည်း မိဘကို ရိုသေလေးစားကြောင်း ဖော်ပြရပါမည်။ သင်တို့ က ဖိတ်ကြားခြင်း မဟုတ်ဘဲ၊ မိဘက ဖိတ်ကြားခြင်းဖြစ်ကြောင်း ပေါ်လွင်စေရန် မိဘနာမည် အောက်၌ သင်တို့၏နာမည်ကို ရေးရပါမည်။ မိဘကို ရိုသေခြင်းသည် အသက်ရှည်ခြင်း ကောင်းချီးမင်္ဂလာ ခံရမည်ဟူသော ဂတိတော်ပါဝင်သည့် ပညတ်ချက်ဖြစ်ပါသည်။" (Timothy Tow)

ဇိအုန်နှင့်ယေရုရှလင်မြို့သမီးတို့သည် ဘုရားသခင်၏လူများကို ရည်ညွှန်းခြင်းဖြစ်၍၊ သူတို့အတွက် ကြွလာတော်မူမည့် ရှင်ဘုရင် ကယ်တင်ရှင်ကို သူတို့ဖူးမြင်ရကြလိမ့်မည် (တမန် ၁း၁၀-၁၁၊ ဗျာ ၁း၇)။ "မယ်တော်တင်သော ဦးရစ်သရဖူ" ဟူသောအချက်ကို ဤသို့ထင်မှတ်နိုင်ပါသည် - မာရိက ဘုရားသခင်၏သားတော်ကို မိမိပဋိသန္ဓေစွဲကြောင်း သိသောအခါ၊ မိမိ၏ကယ်တင်ရှင် သခင်ကို ချီးမွမ်း ချီးမြှောက်ခဲ့ခြင်းဖြစ်ပါသည် (လု ၁း၄၆-၅၅)။

**ဆင်ခြင်ရန်** - "ထာဝရဘုရားမိန့်တော်မူသည်ကား၊ ထိုဂတိသည် ငါနှင့်ဝေးပါစေ၊ ငါ့ကို ချီးမြှောက်သော သူတို့ကို ငါချီးမြှောက်မည်။ ငါ့ကို မထီမဲ့မြင်ပြုသောသူတို့သည် ဂုဏ်အသရေ ပျက်ရကြလိမ့်မည်" (၁ ရာ ၂း၃၀)။

**ဆုတောင်းချက်-** ဘုရားသခင်၏ဘုန်းအသရေတော် ထင်ရှားစေရန်၊ မိဘကို ရိုသေ၍ လုပ်ကျွေးမည်အကြောင်း ဆုတောင်းပါ။

*"သင်သည် အဆင်းလှပေ၏၊ ငါချစ်သောနှမ၊ အလွန်လှပေ၏"*

# သတို့သမီး၏အလှ

"သင်သည်အဆင်းလှပေ၏။ ငါချစ်သောနှမ၊ အလွန်လှပေ၏။ ဗျာပါဆံကြားမှာ ချိုးမျက်စိနှင့်ပြည့်စုံ၏။ ဆံပင်သည်လည်း ကိလတ်တောင်ပေါ်မှဆင်းလာသော ဆိတ်စုကဲ့သို့ဖြစ်၏။"

တဖန်၊ သတို့သားသည် သတို့သမီးကို ချီးမွမ်း၍ သူ၏အလှကို ဖော်ပြခဲ့ပါသည်။ သူမ၏အလှကို ရှုမဝဖြစ်လျက်၊ သူမကို ချစ်ကြောင်း အကြိမ်ကြိမ်ဖော်ပြခဲ့ပါသည်။ သူ့အချစ်ကို ဖုံးကွယ်မထားဘဲ စကားလုံးလှလှလေးများဖြင့် သူမကိုပြောပြခဲ့ပါသည်။ သူမ၏အလှကို ဖော်ပြလျက်၊ ငြိမ်းချမ်းမှုနှင့်စိတ်သက်သာမှုကို ပေးသော သူမ၏မျက်နှာအလှကို ချိုးငှက်မျက်လုံးနှင့် နှိုင်းယှဉ်ထားပါသည် (နှိုင်း - ၁း၁၅)။

သူမ၏နက်မှောင်သော ဆံပင်ရှည်ဖြင့် မျက်နှာကို ကွယ်ထားတတ်ပါသည်။ (သူမ၏ဆံပင်အရောင်ကို ပုံမှန်အားဖြင့် အနက်ရောင်ရှိသော ဂလိဒ်တောင်၏ဆိတ်ဖြင့် ခိုင်းနှိုင်းဖော်ပြထားပါသည်)။ လက်ထပ်သောနေ့တွင် သတို့သမီးသည် မိမိအလှကို ဇာပုဝါဖြင့်အုပ်ထားတတ်ကြပြီး၊ သတို့သားကသာလျှင် ထိုအဖုံးကို ဖွင့်၍ သတို့သမီးအလှကို ပေါ်လွင်စေသော အခွင့်ရှိပါသည် (နှိုင်း - ကမ္ဘာ ၂၄း၆၅)။ "သင်၏စမ်းရေတွင်း၌ မင်္ဂလာရှိစေ၍ အသက်အရွယ်ပျိုစဉ်ကာလ ပေါင်းဘော်သော မယားနှင့်အတူပျော်မွေ့လော့" (သု ၅း၁၈)။

ထိုနည်းတူ၊ ခရစ်တော်၏သတို့သမီး၏အလှကို ချီးမွမ်းခဲ့ပါသည်။ သူသည် သတို့သားကြောင့် သာလျှင် လှပခြင်းဖြစ်ပါသည် (ဖေက် ၅း၂၅-၂၇)၊ "ထိုဘုရားသခင်အားဖြင့်သင်တို့သည် ယေရှုခရစ်၌တည်နေကြ၏။ ထိုသခင်မူကား ဘုရားသခင်စီရင်တော်မူသည်အတိုင်း ငါတို့၌ ပညာမှစ၍ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ ရွေးနှုတ် ခြင်းဖြစ်တော်မူ၏" (၁ ကော ၁း၃၀၊ နှိုင်း - ဖိလိ ၃း၈-၉)။ သတို့သားက မိမိ၏ဖြောင့်မတ်ခြင်းနှင့်၎င်း၊ ဝိညာဉ်တော်ဆုကျေးဇူး အပေါင်းနှင့်၎င်း သူ့ကို ခြယ်သတန်ဆာဆင်ထားသောကြောင့် တင့်တယ်လှပနေခြင်းဖြစ်ပါသည်။ ". . . ယခုတွင် သခင်ယေရှု၏နာမတော်အားဖြင့်၎င်း၊ ငါတို့ဘုရားသခင်၏ ဝိညာဉ်တော်အားဖြင့်၎င်း ဆေးကြော သန့်ရှင်း၍ ဖြောင့်မတ်ရာသို့ရောက်ကြပြု" (၁ ကော ၆း၁၁)။ အသင်းတော်သည် ငြိမ်းချမ်းရေးကို လိုလားနှစ်သက်သောသူ ဖြစ်သောကြောင့် "ချိုးမျက်လုံး" ပိုင်ဆိုင်သောသူဟု ဖော်ပြနိုင်ပါသည်။ အသင်းတော်သည် ငြိမ်သက်ခြင်း၏ ဝမ်းမြောက်စရာသတင်းကို ဟောပြောလျက် (ရောမ ၁၀း၁၅)၊ ရန်ကိုငြိမ်းစေသောသူ ဖြစ်ပါသည် (မသဲ ၅း၉)။ သူသည် "ချိုးငှက်ကဲ့သို့အဆိပ်ကင်း" (မသဲ ၁၀း၁၆) ပါ၏။ "ဗျာပါဆံကြား" ဟူသောအချက်က သူမ၏သီလသိက္ခာ (နှိုင်း - ၁ တိ ၂း၉-၁၀) နှင့် နူးညံ့သိမ်မွေ့ခြင်းကို ဖော်ပြလျက် ရှိပါသည် (မသဲ ၅း၅၊ ၁၀)။ အသင်းတော်သည် အဆိုးကို အဆိုးအားဖြင့် မတုန့်ပြန်ဘဲ၊ အကောင်း အားဖြင့် အနိုင်ယူတတ်၏ (ရောမ ၁၂း၂၁)။

**ဆင်ခြင်ရန်** - "ယောက်ျားတို့သည် မိမိကိုယ်ကိုချစ်သကဲ့သို့ မိမိခင်ပွန်းတို့ကို ချစ်ရကြမည်၊ ခင်ပွန်းကိုချစ်သောသူသည် ကိုယ်ကိုချစ်သောသူဖြစ်၏" (ဖေက် ၅း၂၈)။

**ဆုတောင်းချက်-** သင့်ခင်ပွန်းအတွက် ဘုရားသခင်၏ကောင်းချီးမင်္ဂလာ တောင်းလျှောက်ပါလော့။

# သီလဂုဏ်သက္ခာသည်အလွန်တင့်တယ်လှပပေ၏

"သင်၏သွားတို့သည်လည်း အမွေးညှပ်၍ ရေချိုးရာမှ တက်လာသောသိုးစုကဲ့သို့ဖြစ်ကြ၏။ တစ်ကောင်မှမလျော့၊ အမွှာသာဘွားတတ်ကြ၏။ နှုတ်ခမ်းသည်လည်း နီတွေးသောကြိုးနှင့်တူ၏။ စကားသံလည်းသာယာပေ၏။ နားပန်းဆံကြားမှာ ပါးတို့သည် သလဲသီးရှက်နှင့်တူကြ၏။"

သတို့သမီး၏မျက်နှာအလှကို ဆက်လက် ဖော်ပြခဲ့ပါသည်။ သူမ၏ဖြူသောသွားတို့သည် ညီညာစုံလင်၍ သန့်ရှင်းလျက်ရှိပါသည်။ သူမ၏နှုတ်ခမ်းသည်လည်း အနေတော်ဖြစ်၍ အနီရောင်သမ်းလျက်ရှိပါသည်။ သူမ၏စကားပြောသံသည်လည်း မကျယ်လောင်၊ မတိုးဘဲ အတော်အသင့်ဖြစ်ပါသည်။ ရန်တွေ့တတ်သော၊ နှုတ်ကြမ်းသောမိန်းမကို သင်လိုချင်ပါသလား။ ထိုသို့သော မိန်းမသည် စိတ်အနှောင့်အယှက်ပေးသော၊ အစဉ်ယိုစီးကျသော ပိုက်ခေါင်းနှင့်တူ၏ (သု ၁၉း၁၃)။ "ရန်တွေ့တတ်သောမယားသည် မိုယ်းသည်းစွာရွာသောနေ့၌ အစက်စက်ကျသော မိုးပေါက်နှင့်တူ၏" (သု ၂၇း၁၅)။ "ရန်တွေ့တတ်သောမိန်းမနှင့် လူများသောအိမ်၌နေသည်ထက် အိမ်မိုးပေါ်ထောင့်ထဲမှာနေသော် သာ၍ကောင်း၏" (သု ၂၅း၂၄)။

သီလဂုဏ်သက္ခာသည်အလွန်တင့်တယ်လှပပေ၏။ သူမ၏ပါးပြင်သည် ပန်းရောင်သမ်းလျက်ရှိပါသည်။ လှပခြင်းသည် ရုပ်ရည်၌ မတည်၊ စိတ်နှလုံး၌တည်၏။ သူမ၏ဘုရားသခင်ကြောက်ရွံ့သောသဘောကို သူမ၏မျက်နှာ၌ပေါ်လွင်လျက်ရှိပါသည်။ သီလရှိသောမိန်းမသည် လန်းဆန်းတတ်ကြွသော ရုပ်ရည်ကို ပိုင်ဆိုင်ပါသည်။ "သူလုပ်သောအထည်အလိပ်သည် ခိုင်ခံ့၍ လှသောအဆင်းနှင့်ပြည့်စုံသဖြင့် သူသည် နောင်ကာလ၌ဝမ်းမြောက်လိမ့်မည်။ ပညာစကားကိုပြောတတ်၍ မေတ္တာတရားအားဖြင့် နှုတ်မြွက် တတ်၏။ . . . ယဉ်ကျေးသောအရာသည် လှည့်စားခြင်းနှင့်ယှဉ်တတ်၏။ လှသောအဆင်းသည်လည်း အချည်းနှီးဖြစ်၏။ ထာဝရဘုရားကိုကြောက်ရွံ့သောမိန်းမမူကား၊ ချီးမွမ်း ခြင်းကိုခံရလိမ့်မည်" (သု ၃၁း၂၅-၂၆၊ ၃၀)။

"အထက်ဆိုခဲ့ပြီးသည်နည်းတူ၊ မိန်းမတို့ ကိုယ်ခင်ပွန်း၏အုပ်စိုးခြင်းကိုဝန်ခံကြလော့။ သို့ပြု၍နှုတ်ကပတ်တရားတော်ကို နားမထောင်သော ယောကျ်ားအချို့ရှိလျှင် ထိုသူတို့သည် တရား မနာသော်လည်း သင်တို့၏ကြောက်ရွံ့ခြင်းနှင့်စင်ကြယ်သောအကျင့်တို့ကို ထောက်ရှု၍ မိမိမယား၏အကျင့်အားဖြင့်သွေးဆောင်လျက် အတူပါမည်အကြောင်းရှိ၏။ သင်တို့၏တန်ဆာဆင်ခြင်းမူကား၊ ဆံပင်ကျစ်ခြင်း၊ ရွှေဆင်ခြင်း၊ အဝတ်ဝတ်ခြင်းတည်းဟူသော အပြင်တန်ဆာဆင်ခြင်းမဖြစ်စေဘဲ၊ ဘုရားသခင့်ရှေ့မှာ အဘိုးများစွာထိုက်သော နူးညံ့ငြိမ်သက်ခြင်းသဘောတည်းဟူသော မဖောက်ပြန်၊ မပျက်စီးတတ်သော တန်ဆာဆင်ခြင်းရှိသော စိတ်နှလုံး၏အတွင်းလူဖြစ်စေကြလော့။ ဘုရားသခင်ကိုကိုးစား၍ သန့်ရှင်းသောမိန်းမတို့သည် ရှေးကထိုသို့ကိုယ်ကို တန်ဆာဆင်လျက်၊ စာရာသည် အာဗြဟံကို သခင်ဟုခေါ်ဝေါ်၍ သူ၏စကားကိုနားထောင်သကဲ့သို့ ကိုယ်ခင်ပွန်း၏အုပ်စိုးခြင်းကိုဝန်ခံကြ၏။ သင်တို့သည် ကောင်းမွန်စွာကျင့်၍ ကြောက်ရွံ့တုန်လှုပ်ခြင်းအလျှင်းမရှိဘဲနေလျှင်၊ စာရာ၏သမီးဖြစ်ကြ၏" (၁ ပေ ၃း၁-၅)။

**ဆင်ခြင်ရန်** - ဟောလိဝုဒ်သည် ရုပ်ရည်လှပမှုဖြစ်၍၊ သန့်ရှင်းသော နှုတ်ကပတ်တော်သည် စိတ်နှလုံးလှပမှုဖြစ်၏။ မှန်ပါသလား။

**ဆုတောင်းချက်-** ဘုရားကိုကြောက်ရွံ့သော၊ ဂုဏ်သက္ခာရှိသော ခင်ပွန်းအတွက် ဆုတောင်းပါ။

## သင်းအုပ်ဆရာ၏အမှုတော် (၁)

"သင်၏သွားတို့သည်လည်း အမွေးညှပ်၍ ရေချိုးရာမှ တက်လာသောသိုးစုကဲ့သို့ဖြစ်ကြ၏။ တစ်ကောင်မှမလျော့၊ အမွှာသာဘွားတတ်ကြ၏။"

**"သင်၏သွားတို့သည် . . . သိုးစုကဲ့သို့ဖြစ်ကြ၏ . . .** ဤအချက်က သတင်းကောင်း ဟောပြောသော အမှုတော်ဆောင်များကို ရည်ညွှန်သည်ဟုမှတ်ယူကြပါစို့။ သွားတို့သည် ခိုင်မာသော၊ အရိုးဖြစ်၍၊ အစားအစာကို ကိုက်ဖြတ်ဖို့ရန် ထက်လျက်ရှိပြီး၊ အစာအိမ်အတွက် ပြင်ဆင်ခဲ့ပါသည်။ ဤအချက်တို့သည် အမှုတော်ဆောင်များနှင့်တူညီပါ၏ - သူတို့သည် ဘုရားသခင်နှင့်ကျေးဇူးတော်၌ ခိုင်ခံ့ခြင်းရှိကြ၍၊ ဆန့်ကျင်သောသူများနှင့်စာတန်၏သွေးဆောင်မှုတို့ကို တိုက်ခိုက်ခြင်း၌ ထက်မြက်ကြပြီး၊ သူတပါး၏အားနည်းချက်တို့ကို စောင့်မလျက်၊ အမှုတော်မြတ်၌ မယိုင်မလဲ မြဲမြံစွာ ရပ်တည်ကြပါသည်။ ယုံကြည်ခြင်း၌မှားယွင်းသောသူ၊ အကျင့်ပျက်သောသူတို့ကို နှုတ်ကပတ်တရားတော်ဖြင့် သူတို့၏အမှားကို ဖော်ထုတ်၍၊ သမ္မာတရားကို မှန်ကန်စွာခွဲခြား ပိုင်းခြားလျက် အသက်နှင့်ဆိုင်သော မုန့်ကို ဖဲ့လျက်၊ ဝိညာဉ်အစားအစာကို သူတပါးအတွက် စားသုံးလွယ်ကူ၊ လွယ်ကူစွာသဘောပေါက်စေရန် ရိုးရှင်းစွာ သင်ကြားပြသလျက် ပေးကမ်းတတ်ကြပါသည်။

"ထို့ပြင်၊ သူတို့သည် **အမွေးညှပ်ထားသော** သိုးစု ကဲ့သို့ဖြစ်ကြပါသည်၊ . . . ဤအချက်က အမှုတော်ဆောင်တို့၏ တူညီသော တန်ခိုးအာဏာကို ရည်ညွှန်သည်ဟု မှတ်ယူကြပါစို့။ သူတို့သည် တူညီသောအမှုကို ထမ်းရွက်၍၊ တူညီသော သတင်းကောင်းကို ဟောပြောကြပါသည်။ ခံယူရရှိသော ဆုကျေးဇူး မတူညီကြသော်လည်း၊ ပို၍ကြီးမြတ်သောသူ ဟူ၍ မရှိ၊ ယုံကြည်ခြင်း၌ တလုံးတဝတည်း ဖြစ်ကြပါသည်။ **ရေချိုးရာမှတက်လာသော**၊ ဟူသောအချက်က ကောင်းသော သွား၏ဂုဏ်သတ္တိဖြစ်သော ဖြူစင်သန့်ရှင်းခြင်းကို ဖော်ပြပါသည်။ ရေးချိုးရာမှတက်လာသော သိုးစု ကဲ့သို့ နှုတ်ကပတ်တော်ကို ဟောပြောမည့်သူ၊ အမှုတော်ဆောင်ဖြစ်ဖို့ရန် သန့်ရှင်းသော ဝိညာဉ်တော်၏ဒုတိယမွေးဘွားစေခြင်းကို ခံယူရမည်ဖြစ်ပါသည်။ ထို့ပြင်၊ သိုးစုတို့အတွက် စံနမူနာဖြစ်ဖို့ရန် သူတို့၏အသက်တာ အကျင့်တို့သည် သန့်ရှင်းနေရမည်ဖြစ်ပါသည်။" (John Gill)

**ဆင်ခြင်ရန်** - "ဟုတ်ပါ၏ သခင်၊ ကိုယ်တော်ကို အကျွန်ုပ်ချစ်သည်ကို ကိုယ်တော်သိတော်မူ၏ ဟုလျှောက်သော်၊ ငါ၏သိုးတို့ကို ထိန်းလော့ဟု မိန့်တော်မူ၏" (ယော ၂၁း၁၆)။

**ဆုတောင်းချက်-** သင်၏သင်းအုပ်ဆရာအတွက် ဆုတောင်းပေးပါ။

# သင်းအုပ်ဆရာ၏အမှုတော် (၂)

"နှုတ်ခမ်းသည်လည်း နီတွေးသောကြိုးနှင့်တူ၏။ စကားသံလည်းသာယာပေ၏။ နားပန်းဆံကြားမှာ ပါးတို့သည် သလဲသီးရှက်နှင့်တူကြ၏။"

**"နှုတ်ခမ်းသည်လည်း နီတွေးသော ကြိုးနှင့်တူ၏ . . .** နှုတ်ခမ်းသည် စကားပြောသော အင်္ဂါဖြစ်သောကြောင့်၊ အသင်းတော်နှင့်ယုံကြည်သူအပေါင်း၏နှုတ်စကားကို ရည်ညွှန်သည်ဟု မှတ်ယူကြပါစို့။ သူတို့၏ဆုတောင်းခြင်း စကားလုံးတို့သည်၊ ဖာရိရှဲကဲ့သို့ မိမိကိုယ်ကို ချီးမြှောက်ခြင်း၊ အချည်းနှီးသော စကားလုံး မဟုတ်ဘဲ၊ မိမိကိုယ်ကို ဘုရားသခင်၏ကရုဏာတော် မထိုက်တန်ကြောင်း သိလျက်၊ စိတ်နှိမ့်ချခြင်းနှင့်အပြစ်ဝန်ခံခြင်းစကားများသာဖြစ်ရပါမည်။ ထိုသို့ ဆုတောင်းခြင်းကို စိတ်အားထက်သန်စွာ မခြားမလပ် အစဉ်ပြုနေရပါမည်။ ထို့ပြင် ထိုသို့ဆုတောင်းသောအခါ၊ မိမိတို့၏ ဂုဏ်ကြောင့် မဟုတ်ဘဲ၊ အသွေးသွန်းတော်မူသော ခရစ်တော်၏ နာမတော်အားဖြင့် တောင်းလျှောက်ရပါမည် . . .

"ထို့ပြင်၊ အသင်းတော်၏နှုတ်ဖြစ်ကြသော၊ အမှုတော်ဆောင်တို့သည် သတင်းကောင်းနှင့် ယုံကြည်ချက်များကို သွန်သင်သော အခါ၊ နှုတ်ကပတ်တရားတော်နှင့်အညီ မှန်ကန်ဖြောင့်တန်းစွာ ဟောပြောလျက်၊ အချုပ်အခြာဖြစ်သော ခရစ်တော်၏အသွေးတော်နှင့် အသေခံခြင်းကို ဟောပြောရပါမည်။ ထိုသို့ဟောပြောခြင်း၌ ကောင်းချီးမင်္ဂလာရှိပါသည်၊ . . .

**"နားပန်းဆံကြားမှာပါးတို့သည် သလဲသီးရှက်နှင့် တူကြ၏၊** . . . ဤအချက်က အသင်းတော်၏တင့်တယ်လှပမှုကို ဖော်ပြပါသည်။ အသင်းတော်၌ စည်းကမ်းပိုင်ဆိုင်ရာတာဝန်ယူသော အမှုတော်ဆောင်များရှိကြပါသည်။ သူတို့သည် ခရစ်တော်၏ပညတ်တရားအတိုင်း (၁ တိ ၅း၁၇) အခြားအမှုအပြင်၊ အသင်းတော်၏သန့်ရှင်းစင်ကြယ်မှုအတွက် အထူးကြပ်မတ် ဂရုစိုက်ခဲ့ကြပါသည်။ ထိုအမှုတော်ဆောင်တို့သည် ဝိညာဉ်ရေးရာ၌ ရင့်ကျက်သောသူဖြစ်၍၊ အပြစ်ဖော်ပြခြင်းနှင့်ဆုံးမခြင်းကိုပြုသောအခါ၊ ချစ်ခြင်းနှင့်သနားကြင်နာခြင်းဖြင့် ဆောင်ရွက်ရပါမည်။" (John Gill)

**ဆင်ခြင်ရန်** - "နှုတ်ကပတ်တော်တရားကို ဟောပြောလော့။ အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကြိုးစားအားထုတ်လော့။ အပြစ်ကိုဘော်ပြလော့။ ဆုံးမခြင်းကို ပြုလော့။ အလွန်ရှည်သောစိတ်နှင့်ဩဝါဒမျိုးကိုပေး၍ တိုက်တွန်းသွေးဆောင်လော့" (၂ တိ ၄း၂)။

**ဆုတောင်းချက်-** အပတ်တိုင်း တရားဟောဖို့ရန် ပြင်ဆင်သော သင်၏သင်းအုပ်ဆရာ အတွက် ဆုတောင်းပါ။

# အဆင်းလှခြင်းနှင့်သီလသိက္ခာရှိခြင်း

“လည်ပင်းသည်လည်း သူရဲတို့သာသုံးဆောင်တတ်သော ဒိုင်းလွှားတထောင်ဆွဲထားသော လက်နက်စုံဘဏ္ဍာတိုက်တည်းဟူသော ဒါဝိဒ်မင်း၏ရဲတိုက်နှင့်တူ၏။”

သူမ၏လည်ပင်းသည် သေးသွယ်သော်လည်း ကြည့်ကောင်းသည်ဖြစ်၍ခိုင်ခံ့မှုရှိသည်ဟု မှတ်ယူရပါသည်။ သူမသည် မိသားစုနှင့်မိတ်ဆွေသူငယ်ချင်းတို့၏ထောက်မခြင်းကို ရရှိသောသူဖြစ်ပါသည်။ ထို့ပြင် သတို့သားမိသားစုကလည်း သူမသည် သတို့သားအတွက် အသင့်တော်ဆုံးသော ဇနီးဖြစ်သည်ဟု လက်ခံထားကြပါသည်။ သူမသည် သင့်တော်သော အထောက်အမ ဖြစ်ပြီး၊ သတို့သားသည် ကောင်းမွန်စွာပြုစုခြင်းခံရပါသည်။

ထိုသို့သော သီလရှိသောမိန်းမ အကြောင်းကို သုတ္တံ ၃၁း၁၀-၂၅ ထဲတွင် ရှင်းလင်းစွာ ဖော်ပြထားပါသည် - “သီလနှင့်ပြည့်စုံသောမိန်းမကို အဘယ်သူတွေ့ရသနည်း။ ထိုသို့သော မိန်းမသည် ပတ္တမြားထက်အဘိုးသာ၍ ထိုက်ပေ၏။ သူ၏ခင်ပွန်းသည်သူ့ကိုယုံ၍ ဆင်းရဲခြင်းနှင့် ကင်းလွတ်လိမ့်မည်။ ထိုမယားသည် မိမိခင်ပွန်းအကျိုး ကိုမဖျက်၊ တသက်လုံး ပြုစုတတ်၏။ သိုးမွေးနှင့်ဝါ ကိုရှာ၍ မိမိလက်နှင့်အလိုအလျောက် လုပ်တတ်၏။ ကုန်သည်သင်္ဘောကဲ့သို့ဖြစ်၍ စားစရာကိုဝေးသောအရပ်မှ ဆောင်ခဲ့တတ်၏။ မိုယ်းမလင်းမီထလျက် အိမ်သူအိမ်သားတို့အား စားစရာကိုငင်း၊ ကျွန်မတို့အား အငန်းအတာကိုငင်း ပေးဝေတတ်၏။ ကောင်းမွန်စွာဆင်ခြင်၍ လယ်ကွက်ကိုဝယ်ယူတတ်၏။ ကိုယ်တိုင်လုပ်၍ရသော ငွေနှင့် စပျစ်ဥယျာဉ်ကိုပြုစုတတ်၏။ မိမိခါးကိုခွန်အားနှင့်စည်း၍ မိမိလက်တို့ကို သန်မြန်စေတတ်၏။ မိမိလုပ်သောဉစ္စာကောင်းသည်ကိုရိပ်မိ၍ သူ၏မီးခွက်သည်တညဉ့်လုံး မသေတတ်။ ချည်ဖြစ်စေသောတန်ဆာတို့ကို ကိုယ်လက်နှင့်ကိုင်၍ လုပ်ဆောင်တတ်၏။ ဆင်းရဲသော သူတို့အား လက်ကိုဖြန့်၍ ငတ်မွတ်သောသူတို့အား လက်ရုံးကိုဆန့်တတ်၏။ မိုယ်းပွင့်ကျသော်လည်း မိမိအိမ်သူအိမ်သားတို့အတွက် မစိုးရိမ်။ အိမ်သူအိမ်သားအပေါင်းတို့သည် ကတ္တီပါနီကိုဝတ်ကြ၏။ ကိုယ်အဘို့ စောင်တို့ကိုရက်၍ ပိတ်ချောနှင့်မောင်းသော အထည်ကိုဝတ်တတ်၏။ သူ၏ခင်ပွန်းသည်လည်း မြို့တံခါးတို့၌ ပြည်သားအသက်ကြီး သူတို့နှင့်ထိုင်၍ ထင်ရှားသောသူဖြစ်ရ၏။ ချောသော အထည်အလိပ်ကိုရက်၍ ရောင်းတတ်၏။ ခါးစည်းတို့ကိုလည်း ကုန်သည်၌ချတတ်၏။ သူလုပ်သောအထည်အလိပ်သည် ခိုင်ခံ့၍လှသော အဆင်းနှင့်ပြည့်စုံသဖြင့် သူသည်နောင်ကာလ၌ ဝမ်းမြောက်လိမ့်မည်။”

**ဆင်ခြင်ရန်** - “သီလရှိသောမိန်းမသည် မိမိလင်၌ဦးရစ်သရဖူဖြစ်၏” (သု ၁၂း၄)။
**ဆုတောင်းချက်-** ဝိညာဉ်ရေးရာ၌ ရင့်ကျက်သောမိန်းမ ရခြင်းငှါ ဆုတောင်းပါ။

# ယုံကြည်ခြင်းတရားကို ကွယ်ကာစောင့်ရှောက်လော့

"လည်ပင်းသည်လည်း သူရဲတို့သာသုံးဆောင်တတ်သော ဒိုင်းလွှားတထောင်ဆွဲထားသော လက်နက်စုံဘဏ္ဍာတိုက်တည်းဟူသော ဒါဝိဒ်မင်း၏ရဲတိုက်နှင့်တူ၏။"

**"လည်းပင်းသည်လည်း . . . လက်နက်စုံဘဏ္ဍာတိုက်တည်းဟူသော ဒါဝိဒ်မင်း၏ ရဲတိုက်နှင့် တူ၏၊** . . . အသင်းတော်၏လည်ပင်းသည် နှုတ်ကပတ်တော်ဟောပြောသော အမှုတော်ဆောင်များကို ဆိုလိုနိုင်ပါသည်။ ခန္ဓာကိုယ်တည်းဟူသော အသင်းတော်နှင့် ခေါင်းဖြစ်တော်မူသော ခရစ်တော် အကြား၌သူတို့သည် ရှိကြ၍ ခရစ်တော်၏အုပ်စိုးမှုအောက်၌ အသင်းတော်ကို ပြုစုကြရ၏။ သူတို့သည် ဝိညာဉ်ဆုကျေးဇူးများ ခံစားကြရပြီး အသင်းတော်ကို ဝိညာဉ်အစားအစာ တိုက်ကျွေးလျက်ရှိကြပါသည်။ သူတို့၏တည်ကြည်ခြင်းနှင့်ဖြောင့်မတ်ခြင်းအကျင့်ကို 'ဒါဝိဒ်မင်း၏ရဲတိုက်' နှင့်ခိုင်းနှိုင်းထားပါသည်။ သူတို့သည် ဤလောက၌ စာတန်၏တိုက်ခိုက်မှုကို ကြံ့ကြံ့ခံလျက်၊ သတင်းကောင်းကို စွဲကိုင်၍ ကွယ်ကာစောင့်ရှောက်ပြီး၊ မယိုင်မလဲဘဲ ရှေ့ဆက်ချီတက်ခဲ့ကြပါသည်။ . . . **"သူရဲတို့သာသုံးဆောင်တတ်သော ဒိုင်းလွှားတထောင် ဆွဲထားသော၊** . . . ဤဒိုင်းလွှားတို့သည် သူရဲတို့စွဲကိုင်သောလက်နက်ဖြစ်ကြပါသည်။ ဘုရားသခင်နှင့်ကျေးဇူးတော်အားဖြင့် ခွန်အားကြီးသော အမှုတော်ဆောင်တို့သည် စာတန်၏ သွေးဆောင်ခြင်းကို တိုက်လှန်လျက်၊ မှားယွင်းသောသွန်သင်ချက်တို့ကို ဖယ်ရှား၍ သတင်းကောင်းကို ကွယ်ကာဖို့ရန် ဘုရားသခင်၏စုံလင်သောလက်နက်တည်းဟူသော ဝိညာဉ်လက်နက်များကို အသုံးပြုကြပါသည်။ ထိုစစ်သူရဲတို့သည် သန့်ရှင်းသောသူအပေါင်းကို ရည်ညွှန်းနိုင်သော်လည်း၊ အထူးသဖြင့် နှုတ်ကပတ်တော်၏အမှုတော်ဆောင်များကို ရည်ညွှန်းသည်ဟု ဆိုရပါမည်။" (John Gill)

"မာရ်နတ်၏ပရိယာယ်တို့ကိုဆီးတားနိုင်မည်အကြောင်း ဘုရားသခင်ပြင်ဆင်တော်မူသော လက်နက်စုံကိုဝတ်ဆင်ကြလော့။ အကြောင်းမူကား ငါတို့သည် အသွေးအသားရှိသော လူတို့နှင့် ဆိုင်ပြိုင်တိုက်လှန်ရကြသည်မဟုတ်။ အထွဋ်အမြတ်တို့နှင့်၎င်း၊ အာဏာစက်တို့နှင့်၎င်း၊ လောကီမှောင်မိုက်၌ အစိုးတရပြုလုပ်သောမင်းတို့နှင့်၎င်း၊ မိုယ်းကောင်းကင်၌နေသောနတ်ဆိုးတို့နှင့်၎င်း၊ ဆိုင်ပြိုင်တိုက်လှန်ရကြ၏။ ထို့ကြောင့်ခဲယဉ်းဆိုးယုတ်သောနေ့ရက်ကာလ၌ ဆီးတားနိုင်သဖြင့် ကိစ္စအလုံးစုံတို့ကိုပြီးစီး၍ ခံရပ်နိုင်မည်အကြောင်း၊ ဘုရားသခင်ပြင်ဆင်တော်မူသော လက်နက်စုံကို ယူဆောင်ကြလော" (ဧဖက် ၆း၁၁-၁၃)။

**ဆင်ခြင်ရန်** - ". . . သန့်ရှင်းသူတို့၌ အထက်ကအပ်ခဲ့ပြီးသော ယုံကြည်ခြင်းတရားဘက်မှာ သင်တို့သည် ကြိုးစား၍တိုက်လှန်စေခြင်းငှါ . . . " (ယု ၃)။

**ဆုတောင်းချက်-** ယုံကြည်ခြင်းတရားကိုကွယ်ကာစောင့်ရှောက်ဖို့ရန် ရဲစွမ်းသတ္တိကိုတောင်းလျှောက်ပါလော့။

## လင်မယားဆက်ဆံခြင်း၏ပျော်ရွှင်ကျေနပ်မှု

“ရင်သားနှစ်ဘက်တို့သည် နှင်းတော၌ကျက်စားသောဒရယ်သငယ်အမွှာနှင့်တူကြ၏။” ဤသည်ကား မင်္ဂလာဦးည ပင်ဖြစ်ပါသည်။ “ထိုသူလင်မယားနှစ်ဦးတို့သည် အဝတ်မဝတ်ဘဲနေ၍ ရှက်ကြောက်ခြင်းနှင့်ကင်းလွတ် ကြ၏” (ကမ္ဘာ ၂း၂၅)။

မိန်းမ၏ရင်သားတို့သည် အလွန်တင့်တယ်လှပမှုရှိပါသည်။ အရင်ဖော်ပြချက် (နှိုင်း - ၁း၁၃၊ ၂း၁၇) နှင့်နှိုင်းလျှင် ယခုမင်္ဂလာဦးည၌ရှင်းလင်းစွာ မြင်ရသော ဖော်ပြချက်သည် ပို၍ပီပြင်လှပါသည်။ သူမ၏ရူပကအလှတရားကို ကဗျာစာဖွဲ့လျက်ဖော်ပြခဲ့ပါသည်။ သူမ၏ ရင်သားနှစ်ခုကို၊ လေထဲသို့မွှေးရနံ့ကို စေလွှတ်သော နှင်းပန်းများ ဝေဆာလျက် ပေါက်နေသော တောင်တန်းကို နောက်ခံထားလျက်၊ ဒရယ်သငယ်နှစ်မွှာနှင့်ခိုင်းနှိုင်းခဲ့ပါသည်။ (ယုဒအတွေး အခေါ်ပညာရှင် Abraham ibn Ezra က နှင်းပန်းကို ပွင့်ဖက် ခြောက်ခု ပါသော၊ ရနံ့မွှေးကြိုင်သည့် အဖြူရောင်ပန်းဟု ဖော်ပြခဲ့ပါသည်။)

အချို့လူတို့က ရှောလမုန်သီချင်း၏ဤအပိုင်းသည် သမ္မာကျမ်းစာ၌ မပါဝင်သင့်ပါ၊ အကြောင်းမှာ၊ ကာမဆက်ဆံခြင်းကို ရှင်းလင်းစွာဖော်ပြထင်ရှားစေသည် ဟုဆိုခဲ့ကြပါသည်။ ထိုသို့ ထင်မြင်သောသူတို့သည် ဤစာစောင်ကို လောကီဆန်ဆန်၊ ဇာတိသဘောစိတ်ထားဖြင့် ကြည့်ကြသောကြောင့်ဖြစ်နိုင်ပါသည် (နှိုင်း - ၁ ယော ၂း၁၅-၁၇)။ သို့သော်လည်း၊ ဤရှောလမုန်သီချင်းကို သမ္မာကျမ်းစာ အဖြစ်ကြည့်မြင်လျက်၊ ယောက်ျားနှင့်သူ့ဇနီးတို့၏ တကိုယ်တသားတည်းဖြစ်ခြင်းကိုသိမှတ်ပြီး ဖတ်ပါလျှင် အလွန်လှပတင့်တယ်၍ အံ့ဩစရာကောင်းလှသောတရား ဖြစ်သည်ကို မြင်တွေ့ရပါလိမ့်မည် (နှိုင်း - ၁၂း၁-၂)။ သတို့သမီးသည် သတို့သားတဦးတည်း အတွက်ဖြစ်၍၊ သတို့သားသည်လည်း သတို့သမီးတဦးတည်း အတွက်သာဖြစ်ပါသည်။ ယောက်ျားအင်္ဂါနှင့်မိန်းမအင်္ဂါကို ဘုရားသခင် ဖန်းဆင်းတော်မူသည်ဖြစ်၍၊ ထိမ်းမြားလက်ထပ်ထားသော ယောက်ျားနှင့်မိန်းမတို့သည် မိမိအလိုတပ်မက်ခြင်းကိုသာပြည့်စုံစေရန် မဟုတ်ဘဲ၊ ချစ်ခြင်းမေတ္တာဖြင့် အပေးအယူမျှတစွာ ကာမဆက်ဆံခြင်းကို ပြုခြင်းသည် ခန္ဓာကိုယ်ကျေနပ်ရောင့်ရဲခြင်းကို ဖြစ်စေသည်သာမက၊ ဝိညာဉ်အရေး၌လည်း သန့်ရှင်းသောအမှုဖြစ်ပါသည်။

ကာမဆက်ဆံခြင်းသည် ထိမ်းမြားလက်ထပ်ခြင်း မင်္ဂလာဆောင်ပြီးမှသာ ခံစားဆက်ဆံခြင်းပြုရန်အတွက် ဘုရားသခင် ဖန်းဆင်းတော်မူသောအရာ ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - “ခပ်သိမ်းသောသူတို့၌ မင်္ဂလာဆောင်ခြင်းအမှုနှင့် သစ္စာသံဝါသပြုခြင်းအမှုသည် အသရေရှိစေလော့” (ဟေဗြဲ ၁၃း၄)။

**ဆုတောင်းချက်-** သင့်အိပ်ယာကို မညစ်ညူးစေခြင်းငှါ ဆုတောင်းပါလော့။

# ဘုရားသခင်၏နှုတ်ကပတ်တရားတော်သည်နို့ရည်ဖြစ်၏

“ရင်သားနှစ်ဘက်တို့သည် နှင်းတော၌ကျက်စားသောဒရယ်သငယ်အမွှာနှင့်တူကြ၏။”

“ရင်သားက နှုတ်ကပတ်တရားတော်ကိုဟောပြောသော အမှုတော်ဆောင်များကိုလည်း ရည်ညွှန်းနိုင်ပါသည်။ သူတို့သည် ‘နှုတ်ကပတ်တော်တည်းဟူသော တရားနို့ရည်စစ်’ ကို သွန်သင်၍ ကျေးဇူးတော်တရားကို လူတို့အား တိုက်ကျွေးလျက်ရှိကြ၏ (၁ ကော ၃း၂)။ သူတို့စောင့်ရှောက်သော အသင်းသူအသင်းသားများ အပေါ်၌ ‘ဒရယ်’ ကဲ့သို့ ကြင်နာမှုထားကြ၏။ ထို့ပြင်၊ အခက်အခဲများ ကြား၌လည်း ဒရယ်သငယ်ကဲ့သို့ လျင်မြန်စွာ ခုန်ပေါက် ပြေးလွှား၍ သူတို့၏အမှုတော်ကို ဆောင်ရွက် တတ်ကြ၏။ ‘နှစ်ဦး’ သည် အသင်းတော်ကို စောင့်ရှောက်ရန် ခရစ်တော်ပေးသနား တော်မူရာ လုံလောက်သော အရေအတွက်ဖြစ်ပါသည်။ ‘အမွှာ’ က သူတို့နှစ်ပါး၏ ရာထူးအာဏာ ညီမျှမှု၊ ယုံကြည်ခြင်း၌ တလုံးတဝရှိမှု ကို ဖော်ပြပြီး၊ ခရစ်တော် ကိုယ်တိုင် နေထိုင်သော (သီ ၂း၁) နှင်းတော၌၊ နှင်းပန်းနှင့်ခိုင်းနှိုင်းထားသော သန့်ရှင်းသူများ (သီ ၂း၂) အကြား၌နေထိုင်လျက် ကျွေးမွေးပြုစုကြပါသည်။ ထို့ပြင်၊ ‘ရင်သား’ ကို စုံလင်သော နှုတ်ကပတ်တရားတော်တည်းဟူသော၊ ဓမ္မဟောင်းကျမ်းနှင့်ဓမ္မသစ်ကျမ်းပါဝင်သော သမ္မာကျမ်းစာနှင့်လည်း ခိုင်းနှိုင်း၍ရပါသည်။ ဤဓမ္မဟောင်းနှင့်ဓမ္မသစ်တို့သည် ‘ဒရယ်သငယ်’ ကဲ့သို့ ယုံကြည်သူများအတွက် နှစ်သက်စရာ ကောင်းကြပြီး၊ ‘အမွှာ’ ကဲ့သို့ အချင်းချင်း ခရစ်တော်အကြောင်း၌၎င်း၊ ပုရောဖက် ဟောပြောချက်နှင့် ဂတိတော်များ စုံလင်စေခြင်းအမှု၌၎င်း ညီညွတ်ခြင်းရှိ၍ တလုံးတဝတည်း ဖြစ်ကြပါသည်။ ထို့ပြင် နှင်းပန်းများဟု တင်စားထားသော သတင်းကောင်းနှင့်ဆိုင်သော ယုံကြည်ချက်များ၊ ဂတိတော်များ နှင့် ပြည့်နှက်လျက်ရှိပါသည်။ ထို့ပြင်၊ ‘ရင်သားများ’ ကို သတင်းကောင်း၏မင်္ဂလာနှစ်ပါးဖြစ်သော၊ ရေဗတ္တိဇံနှင့်ပွဲတော်မင်္ဂလာတို့ကို ရည်ညွှန်းသည်ဟုလည်း ဆိုနိုင်ပါသည်။ ဤမင်္ဂလာနှစ်ပါးတို့အား ဖြင့် ယုံကြည်သူတို့သည် နှိမ့်သိမ့်ခြင်းကို ရရှိတတ်ကြပြီး၊ တင်းတိမ်ရောင့်ရဲမှုကို ရှိကြပါ၏။ ခရစ်တော်၌သန့်ရှင်းစွာ သုံးဆောင်ခြင်းဖြင့် ဝိညာဉ်ခွန်အားများလည်း ရရှိကြပါသည်။ ထိုပြင် ဤ ‘မင်္ဂလာနှစ်ပါး’ စလုံးကို ခရစ်တော်ဘုရား ကပြဋ္ဌာန်းထားသည်ဖြစ်သောကြောင့် ‘အမွှာ’ ဟုဆိုနိုင်ပါသည်။ ဤအရာ၌ ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို ယုံကြည်သူများက ကောင်းကောင်း မြင်တွေ့ ခံစားခွင့် ရရှိခဲ့ကြပါသည်။” (John Gill)

**ဆင်ခြင်ရန်** - “ကိုယ်တော်၏တရားကို အကျွန်ုပ်သည် အလွန်နှစ်သက်ပါ၏။ တနေ့လုံး ဆင်ခြင်အောက်မေ့လျက်နေပါ၏” (ဆာလံ ၁၁၉း၉၇)။

**ဆုတောင်းချက်-** ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို သေချာလေ့လာသောသူဖြစ်မည် အကြောင်း ဆုတောင်းပါ။

# မင်္ဂလာဦးည

"မိုယ်းမသောက်၊ မှောင်မိုက်အရိပ်မပြေးမှီ၊ ငါသည် မုရန်တောင်နှင့်လောဗန်ကုန်းသို့ သွားမည်။"

ဤသည်ကား အခန်းကြီး ၂ အငယ် ၁၇ တွေ့ရသော၊ မျှော်လင့်စောင့်စားသော အရာ ပြည့်စုံခြင်းပေတည်း။ ရည်းစားဘဝ ကျော်လွန်၍ ထိမ်းမြားမင်္ဂလာဆောင်ခြင်း ရောက်လာပါပြီ။ သူသည် သူမကို ပွေ့ဖက်လျက်၊ သူမ၏ကောင်းသောအနံ့အသက်ကိုခံစားရပါသည်။ "ကိုယ်ဆိုင်သော ရေအိုးကိုသုံး၍ ကိုယ်ရေတွင်းထဲက စမ်းရေကိုသောက်လော့။ သင်၏စမ်းရေ များပြား၍ လမ်းများ အနားမှာ စီးသောမြစ်များဖြစ်စေလော့။ တပါးအမျိုးသားနှင့် ပေါင်းဘက်၍ မဆိုင်စေဘဲ၊ ကိုယ်တပါး တည်းသာဆိုင်စေလော့။ သင်၏စမ်းရေတွင်း၌ မင်္ဂလာရှိစေ၍ အသက်အရွယ်ပျိုစဉ်ကာလ၊ ပေါင်း ဘော်သောမယားနှင့်အတူပျော်မွေ့လော့။ သူသည်စုံမက် တတ်သော သမင်မ၊ နှစ်လိုဘွယ်သော ဒရယ်မကဲ့သို့ဖြစ်၍ သူ၏သားမြတ်တို့သည် သင်၏အလိုဆန္ဒကို အစဉ်ပြေစေ၍ သူ့ကိုချစ်သော စိတ်နှင့်အစဉ်ယစ်မူးလျက်နေလော့။ ငါ့သား သင်သည်အမျိုးပျက်သောမိန်းမနှင့်အဘယ်ကြောင့် ယစ်မူးသနည်း။ ပြည့်တန်ဆာမ၏ရင်ဘတ်ကိုအဘယ်ကြောင့်ဘက်ယမ်းသနည်း" (သု ၅း၁၅-၂၀)။

ထိုနည်းတူ၊ ထိုစုံလင်သော နေ့ရက်သည် ခရစ်တော်က မိမိ၏အသင်းတော်ကို ထိမ်းမြား မင်္ဂလာဆောင်သောအခါ ပြည့်စုံပါလိမ့်မည် - "ငါတို့သည် ဝမ်းမြောက်ရွှင်လန်းကြကုန်အံ့။ ဂုဏ်တော်ကိုချီးမွမ်းကြကုန်အံ့။ အကြောင်းမူကား သိုးသငယ်၏မင်္ဂလာဆောင်ပွဲကိုခံချိန်ရှိပြီ။ သူ၏ မိန်းမသည် ကိုယ်ကိုတန်ဆာဆင် ပြီဟု စည်းဝေးသောသူအများတို့၏ အသံ၊ သမုဒ္ဒရာသံ၊ ပြင်းစွာ သော မိုယ်းကြိုးသံကဲ့သို့ ငါကြား၏။ ထိုမိန်းမသည် စင်ကြယ်ပြောင်လက်သောပိတ်ချောကို ဝတ်ဆင် ရသောအခွင့်ကိုရ၏။ ထိုပိတ်ချောမူ ကား၊ သန့်ရှင်းသူတို့၏ ဖြောင့်မတ်ခြင်းဖြစ်သတည်း" (ဗျာ ၁၉း၇-၈)။

ဓမ္မဟောင်းသည် ဓမ္မသစ်ကျမ်း၌ပြည့်စုံသည့် အရိပ်လက္ခဏာများနှင့်ပြည့်နှက်သည် နည်းတူ (ကောလော ၂း၁၇၊ ဟေဗြဲ ၈း၅၊ ၁၀း၁)၊ ဓမ္မသစ်ကျမ်း၌လည်း ရောက်လာမည့် ဘုရားသခင်၏ နိုင်ငံတော်အကြောင်းနှင့်ပက်သက်လျှင် ဥပမာလက္ခဏာများနှင့်ပြည့်လျက်ရှိပါသည် (နှိုင်း - ၁ ကော ၁၃း၁၂၊ ၂ ကော ၃း၁၈)။ သခင်ယေရှု၏မျက်နှာတော်ကို ယခု မျက်နှာချင်းဆိုင် မမြင်မတွေ့ ရသော်လည်း၊ တနေ့တွင် မြင်တွေ့ရပါလိမ့်မည်။ "ချစ်သူတို့ ယခုတွင်ငါတို့သည် ဘုရားသခင်၏သား ဖြစ်ကြ၏။ နောက်မှ အဘယ်သို့သောသားဖြစ်မည်ဟု မထင်ရှားသေး။ သို့သော်လည်း ကိုယ်တော် သည် ထင်ရှားပေါ်ထွန်းတော်မူသောအခါ ငါတို့သည် ကိုယ်တော်နှင့်တူကြလတံ့ဟု ငါတို့သိကြ၏။ အကြောင်းမူကား ကိုယ်တော်ဖြစ်တော်မူသည်အတိုင်းကို ငါတို့သည် မြင်ရကြလတံ" (၁ ယော ၃း၂)။

**ဆင်ခြင်ရန်** - " . . . အနတ္တအသက်ကာလပတ်လုံး၊ သင်ချစ်သောမယားနှင့် ရွှင်လန်းစွာ အသက်ကာလကိုလွန်စေလော့" (ဒေ ၉း၉)။
**ဆုတောင်းချက်-** ပျော်ရွှင်သောအိမ်ထောင်ဘဝ ပိုင်ဆိုင်ဖို့ရန် ဆုတောင်းပါ။

# ရုပ်ရည်လှပမှုနှင့်ရှုကြည့်သူ

“ငါချစ်သောနှမ၊ သင်သည်အပြစ်တစုံတရာမျှမရှိ။ တကိုယ်လုံးလှပေ၏။”

သူသည် သူမ၏အလှနှင့်စင်ကြယ်သန့်ရှင်းမှုကို ချီးမွမ်းခဲ့ပါသည်။ သူမသည် အလွန်ချော မောလှပ၍ သူ့ယောကျာ်းအတွက် ဆွဲဆောင်မှုရှိ၏။ “လှပမှုသည် ကြည့်ရှုသူ အပေါ်၌တည်၏။” ယောကျာ်းတိုင်းသည် မိမိ၏ဇနီးကို ထိုသို့ရှုမြင်ရပါမည်။

ခရစ်တော်က မိမိအသင်းတော်ကို အမြန်ကြွလာ၍ လက်ထပ်သိမ်းယူမည်ဟု မိန့်တော်မူ၏ - “ငါသည် အလျင်အမြန်လာမည် . . . ဝိညာဉ်တော်နှင့် မင်္ဂလာဆောင်သတို့သမီးက၊ လာခဲ့ပါ ဟုဆိုကြ၏” (ဗျာ ၂၂း၁၂၊ ၁၇)။ “ငါတို့သည် ဝမ်းမြောက်ရွှင်လန်းကြကုန်အံ့။ ဂုဏ်တော်ကို ချီးမွမ်း ကြကုန်အံ့။ အကြောင်းမူကား သိုးသငယ်၏မင်္ဂလာဆောင်ပွဲကိုခံချိန်ရှိပြီ။ သူ၏မိန်းမသည် ကိုယ်ကို တန်ဆာဆင် ပြီးဟု စည်းဝေးသောသူအများတို့၏ အသံ၊ သမုဒ္ဒရာသံ၊ ပြင်းစွာသော မိုယ်းကြိုးသံကဲ့သို့ ငါကြား၏။ ထိုမိန်းမသည် စင်ကြယ်ပြောင်လက်သောပိတ်ချောကို ဝတ်ဆင်ရသောအခွင့်ကိုရ၏။ ထိုပိတ်ချောမူကား၊ သန့်ရှင်းသူတို့၏ ဖြောင့်မတ်ခြင်းဖြစ်သတည်း” (ဗျာ ၁၉း၇-၈)။

အသင်းတော်သည် နောက်ဆုံးတွင် ကောင်းကင်ဘုံ၌ လုံးဝစုံလင်ခြင်းရှိ၍၊ အမှန် တင့်တယ် လှပလျက်၊ စုံလင် သန့်ရှင်း စင်ကြယ် လိမ့်မည်ဖြစ်ပါသည်။ သခင်ဘုရားက မိမိသတို့သမီးကို ဖြောင့်မတ်စေတော်မူပြီဖြစ်သောကြောင့်၊ သူသည် အမှန်သန့်ရှင်းစေတော်မူလျက်၊ အဆုံးတွင် ချီးမြှောက်တော်မူလိမ့်မည်ဖြစ်ပါသည် (ရောမ ၈း၃၀)။ “အချင်းယောကျာ်းတို့၊ ခရစ်တော်သည် အသင်းတော်ကိုချစ်တော်မူသကဲ့သို့၊ သင်တို့လည်း ကိုယ်ခင်ပွန်းကိုချစ်ကြလော့။ ထိုအသင်းတော် သည် သန့်ရှင်းလျက် အပြစ်ကင်းလျက်ရှိသည်ဖြစ်၍၊ အညစ်အကြေးတင်ခြင်း၊ အရေတွန့်ခြင်းမှ စသည်တို့နှင့် လွတ်လပ်သဖြင့် အသရေတင့်တယ်လျက် ရှိသော အသင်းတော်ကို ခရစ်တော်သည် မိမိအားဆက်သအံ့သောငှါ၊ နှုတ်ကပတ်တော်ရေ၌ ဆေးကြောခြင်းအားဖြင့် စင်ကြယ်သန့်ရှင်း စေမည်အကြောင်း၊ ထိုအသင်းတော်အဘို့အလိုငှါ ကိုယ်ကိုကိုယ် စွန့်တော်မူ၏” (ဧဖက် ၅း၂၅-၂၇)။

**ဆင်ခြင်ရန်** - “ထာဝရဘုရား၏တင့်တယ်ခြင်း အသရေတော်ကို ဖူးမြင်၍၊ ဗိမာန်တော်၌မွေ့ လျော်ခြင်းအလိုငှါ၊ ထာဝရဘုရား၏အိမ်တော်မှာ တသက်လုံးနေရမည် အကြောင်းတည်းဟူသော အခွင့်တခုကို ထာဝရဘုရား၌ ငါဆုတောင်းပြီ။ ထို အခွင့်ကို ရှာရဦးမည်” (ဆာလံ ၂၇း၄)။

**ဆုတောင်းချက်-** ကိုယ်တော်အတွက် တင့်တယ်လှပစွာ စင်ကြယ်သန့်ရှင်းမည် အကြောင်း၊ ဘုရားသခင်သည် သင့်ကိုစောင့်ရှောက်ခြင်းငှါ ဆုတောင်းပါလော့။

# သမ္မာကျမ်းစာနှင့်ကိုက်ညီသော အချစ်၌ကြည်နူးပျော်မွေ့ခြင်း (၁)

"ငါနှင့်အတူလေဗနုန်တောင်က လာပါအပယ်။ ငါနှင့်အတူ လေဗနုန်တောင်ကလာပါ။ အာမနတောင်ထိပ်၊ ရှနိရတောင်၊ ဟေရမုန်တောင်ထိပ်၊ ခြင်္သေ့တွင်းများ ကျားသစ်နေရာတောင်များ အပေါ်က ကြည့်ရှုပါ။ ငါ့နှမ၊ ငါ့ခင်ပွန်း၊ သင်သည် ငါ့နှလုံးကို လုယူပြီ။ သင်၏မျက်စိတကြည့်၊ လည်ပင်းတလှည့်ဖြင့် ငါ့နှလုံးကိုလုယူပြီ။"

"ခင်ပွန်း" ဟူသော စကားလုံးကို ယခု ပထမအကြိမ်တွေ့၍ နောက်ထပ် ငါးကြိမ် ထပ်တွေ့ရပါလိမ့်မည် (၄း၈-၁၂၊ ၅း၁)။ မင်္ဂလာဆောင်အခမ်းအနား ပြီးဆုံးပြီဖြစ်၍ ကြည်နူးပျော်ရွှင်ရမည့် အချိန်ရောက်ရှိလာပြီဖြစ်ပါသည်။ သူမကို အလှမ်းဝေးသော နေရာ (လေဗနုန်သည် ဣသရေလ အပြင်ဘက် မြောက်ပိုင်းဒေသဖြစ်ပါသည်)၊ အာမန၊ ရှနိရနှင့်ဟေရမုန် တောင်များ၊ တောရိုင်းသားကောင်များနေသော (နှိုင်း - ၁ ပေ ၅း၈၊ ယာကုပ် ၄း၇) အရပ်မှ ထွက်လာခြင်းငါ ခေါ်ခဲ့ပါသည်။ ထိုသို့ ဖော်ပြခြင်းမှာ ယခုသူတို့နှစ်ဦးသည် အလှမ်း မဝေးတော့၊ သူစိမ်းများ မဟုတ်တော့ဘဲ၊ အလွန်ရင်းနှီးသော အဖော်များဖြစ်ကြောင်းပြသလို၍ဖြစ်ပါသည်။ "ထိုအကြောင်းကြောင့် ယောကျ်ားသည် ကိုယ်မိဘကိုစွန့်၍၊ ကိုယ်ခင်ပွန်း၌မှီဝဲသဖြင့်၊ ထိုသူတို့သည် တသားတကိုယ်တည်း ဖြစ်ရလိမ့်မည်" (ကမ္ဘာ ၂း၂၄)။ သူတို့နှစ်ဦး သည် ဘာမှစိုးရိမ် ငဲ့ကွက်စရာမလိုတော့ဘဲ၊ လွတ်လပ်စွာ ကြည်နူးရသော အခွင့် ရှိပြီဖြစ်ပါသည်။ "ထိုသူလင်မယားနှစ်ဦး တို့သည် အဝတ်မဝတ်ဘဲနေ၍၊ ရှက်ကြောက်ခြင်းနှင့်ကင်းလွတ်ကြ၏" (ကမ္ဘာ ၂း၂၅)။

ကာမဆက်ဆံခြင်းသည် ဇနီးမောင်နှံအကြား၌ကောင်းမွန်သောအရာဖြစ်ပါသည်၊ သို့သော်လည်း ထိုပြင်ပ၌မူ အပြစ်၊ ရှက်စရာကောင်းသော အမှုဖြစ်ပါသည်။ "ငါ့နှလုံးကို လုယူပြီ" ဆိုသည်မှာ အလွန်ပြင်းထန်သော စိတ်ခံစားချက်ဖြစ်ပါသည်။ "ငါ့နှမ" ဟုခေါ်ခြင်းသည် ဤကျမ်းပိုဒ်၌ "ငါ့ဇနီး" ဟုခေါ်ခြင်းနှင့်တူညီပါ၏ (၄း၅၊ ၁၂၊ ၅း၁-၂၊ နှိုင်း - ၁ ကော ၉း၅)။ သူမသည် သူစိမ်းမဟုတ်တော့ဘဲ၊ အနီးစပ်ဆုံးသော ဆွေမျိုးဖြစ်ပါပြီ။ "မျက်စိတကြည့်" သည် မျက်စပစ်ခြင်းကို ဆိုလိုခြင်းဖြစ်နိုင်ပါသည်။ "လည်ပင်းတလှည့်" သည်လည်း လည်ပင်း၌ဆွဲထားသော လည်ဆွဲ (သို့) လည်ပင်းအလှကို ဆိုလိုခြင်းဖြစ်နိုင်ပါသည်။ သူသည် သူမ၏နောက်ပြန်အကြည့်တချက်၌ ကြည်နူးပျော်ဝင်သွားခဲ့ပါသည်။

**ဆင်ခြင်ရန်** - ခန္ဓာကိုယ်ထိတွေ့ကြည်နူးခြင်းက ဇနီးမောင်နှံအကြား၌ ဝိညာဉ်စိတ်နှလုံး တလုံးတဝတည်း ဖြစ်စေပါသည်။

**ဆုတောင်းချက်-** ဝိညာဉ်စိတ်သဘော တလုံးတဝတည်း ဖြစ်စေသော ဆက်ဆံမှု သင်နှင့်သင့် ခင်ပွန်းအကြား၌ရှိဖို့ရန် ဆုတောင်းပါ။

# သမ္မာကျမ်းစာနှင့်ကိုက်ညီသော အချစ်၌ကြည်နူးပျော်မွေ့ခြင်း (၂)

"ငါ့နှမ၊ ငါ့ခင်ပွန်း၊ သင်၏မေတ္တာသည် အလွန်ချိုပေ၏။ သင်၏မေတ္တာသည် စပျစ်ရည်ထက်အထူးသဖြင့် ကောင်းပေ၏။ သင်းထုံသော နံ့သာဆီသည် နံ့သာမျိုးတကာတို့ထက် အထူးသဖြင့် မွှေးကြိုင်ပေ၏။ ငါ့ခင်ပွန်း၊ သင်၏နှုတ်ခမ်းသည် ပျားလပို့ကဲ့သို့ယိုတတ်၏။ လျှာအောက်မှာ နို့နှင့် ပျားရည်ရှိ၏။ အဝတ်တန်ဆာသည်လည်း လေဗနုန်အမွှေးအကြိုင်ကဲ့သို့ မွှေးကြိုင်လျက်ရှိ၏။ ငါ့နှမ၊ ငါ့ခင်ပွန်းသည် ဝင်းကာသောဥယျာဉ်၊ ပိတ်ထားသော ရေကန်၊ တံဆိပ်ခတ်သောရေတွင်းဖြစ်ပေ၏"

"မေတ္တာ" ဟူသောစကားလုံး (၁း၂ ၌လည်းတွေ့ရ၏) သည် စေ့စပ်ထားသောသူအကြား၌ မဟုတ်ဘဲ၊ လက်ထပ်ထားသော စုံတွဲအကြား၌တွေ့ရသော ခန္ဓာကိုယ်ခံစားမှုကို ရည်ညွှန်းပါ၏။ သူမ၏အထိအတွေ့သည် သူ့အတွက် အလွန်ဈေးကြီးသော စပျစ်ရည်ထက် သာ၍ကောင်းပါသည်။ သူ့အတွက် သူမ ဆွတ်ထားသော ရေမွှေးရနံ့သည် ရေမွှေးတကာအပေါင်းထက် သာ၍ကောင်းပါ၏။ ဆိုလိုသည်မှာ သူမမှတပါး အခြားဘယ်သူနှင့်မျှ အတူ မအိပ်၊ မနေလိုပေ။

"နှုတ်ခမ်း" သည် ကြည်နူးခြင်း အနမ်းကို ဆိုလိုပါသည်။ ဤသည်ကား ပထမဆုံးအကြိမ် နှုတ်ခမ်းချင်း နမ်းကြခြင်းဖြစ်ပါသည်။ သူမ၏နှုတ်ခမ်းသည် ပျားရည်ကဲ့သို့ချိုလှပါသည်။ အနမ်းသည် ချိုမြိန်သော ရနံ့ကိုဖြစ်စေပါ၏။ သူမ၏နှုတ်စကားသည်လည်း သာယာလှပါသည်။ "သာယာသော စကားတို့သည် ပျားလပို့ကဲ့သို့ဖြစ်၍ စိတ်ဝိညာဉ်၌ချိုမြိန်လျက်၊ ကိုယ်အရိုးကို ကျန်းမာစေလျက် ရှိကြ၏" (သု ၁၆း၂၄)။ နို့ရည်နှင့်ပျားရည်တို့သည် ကောင်းမွန်သော အစားအစာ ဖြစ်ကြပါသည် - သူမသည် သူ့ယောကျ်ား၏စိတ်နှလုံးကို ပျော်ရွှင်စေသော ကောင်းသောစကားကို ပြောလေ့ရှိပါသည် (သု ၂၄း၁၃-၁၄)။

"လေဗနုန်အမွှေးအကြိုင်" သည် ကျော်ကြားသော အာရဇ်ပင်၏ရနံ့ဖြစ်ပါသည် (၃ ရာ ၅း၆၊ ၆း၉-၁၀)။ ထို့ကြောင့် သူမ၏အဝတ်တန်ဆာသည် အာရစ်ပင်၏ရနံ့နှင့် ခိုင်းနှိုင်းထားခြင်းမှာ သူမအဝတ်အစား၏ရနံ့ကို သူ့ယောကျ်ားက အလွန်နှစ်သက်ကြောင်း ထင်ရှားပါ၏။ သမ္မာကျမ်းစာနှင့်ကိုက်ညီစော အချစ်၌ကြည်နူးပျော်မွေ့ခြင်းသည် ခန္ဓာကိုယ်နှင့်စိတ်ဝိညာဉ်အတွက် ကောင်းမွန်သော ဆေးတလက်ဖြစ်ကြောင်းတွေ့ရပါသည်။

သူ၏ အသစ်စက်စက် သတို့သမီးသည် ဝင်းကာရံထားသော ဥယျာဉ်နှင့် ခိုင်းနှိုင်းထားပါသည်။ ဤအချက်က သူမ၏အပျိုစင်၊ သန့်ရှင်းစင်ကြယ်မှုကို ဖော်ပြပါသည် (ပိတ်ထားသော ရေကန်၊ တံဆိပ်ခတ်သော ရေတွင်း)။ သူမသည် သူ့ခင်ပွန်းအတွက် မိမိ၏အပျိုစင်ဘဝကို ထိန်းသိမ်းခဲ့ပါသည်။

**ဆင်ခြင်ရန်** - လင်မယားအကြား၌ခန္ဓာကိုယ်ထိတွေ့ ကြည်နူးပျော်မွေ့ခြင်း ရှိဖို့ရန် ဘုရားသခင် အလိုရှိတော်မူ၏။

**ဆုတောင်းချက်-** အိမ်ထောင်မပြုသေးသော ခရစ်ယာန်တို့သည် ဘုရားသခင်၏စကားကို နာခံလျက် သန့်ရှင်းစင်ကြယ်စွာ အသက်ရှင်မည် အကြောင်း ဆုတောင်းပါ။

# ထွက်၍အသီးအခြားနေကြလော့

"ငါ့နှမ၊ ငါ့ခင်ပွန်း၊ သင်၏မေတ္တာသည် အလွန်ချိုပေ၏။ သင်၏မေတ္တာသည် စပျစ်ရည်ထက်အထူးသဖြင့်ကောင်းပေ၏။ သင်းထုံသောနံ့သာဆီသည် နံ့သာမျိုးတကာတို့ထက် အထူးသဖြင့် မွှေးကြိုင်ပေ၏။ ငါ့ခင်ပွန်း၊ သင်၏နှုတ်ခမ်းသည် ပျားလပို့ကဲ့သို့ယိုတတ်၏။ လျှာအောက်မှာ နို့နှင့်ပျားရည်ရှိ၏။ အဝတ်တန်ဆာသည်လည်း လေဗနုန်အမွှေးအကြိုင်ကဲ့သို့ မွှေးကြိုင်လျက်ရှိ၏။ ငါ့နှမ၊ ငါ့ခင်ပွန်းသည်ဝင်းကာသောဥယျာဉ်၊ ပိတ်ထားသောရေကန်၊ တံဆိပ်ခတ်သောရေတွင်းဖြစ်ပေ၏"

အသင်းတော်ကို ခရစ်တော်၏ "ဇနီးခင်ပွန်း" ဟုခေါ်ခဲ့ပါသည်။ ဤသရေလကဲ့သို့ အသင်းတော်သည် ခေါ်ထုတ်ခြင်းခံရသော ခရစ်တော်၏ကိုယ် ဖြစ်ပါသည်။ " ငါထာဝရဘုရား သန့်ရှင်းသည်ဖြစ်၍၊ သင်တို့ကို ငါအလိုရှိသဖြင့် အခြားသောအမျိုးနှင့် ခွဲထားသောကြောင့် ငါ့အဘို့သန့်ရှင်းခြင်းရှိရကြမည်" (ဝတ် ၂၀း၂၆၊ နှိုင်း - တရား ၇း၆၊ ၁၄း၂၊ ၂၆း၁၈-၁၉)။ ဤလောကီအမှောင်ထဲမှ ဘုရားသခင်၏ နိုင်ငံတော် အံ့ဘွယ်အလင်းတော်ထဲသို့ ခေါ်ထုတ်ခြင်းခံသော အသင်းတော်ဖြစ်ပါသည်။ "သင်တို့မူကား မှောင်မိုက်ထဲမှ အံ့ဖွယ်သောအလင်းတော်သို့ ခေါ်သွင်းတော်မူသောသူ၏ဂုဏ်ကျေးဇူးများကို ဘော်ပြစေခြင်းငှါ၊ ရွေးချယ်တော်မူသောအမျိုးဖြစ်ကြ ၏။ မင်းစည်းစိမ်ရှိသောယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး၊ ပိုင်ထိုက်တော်မူသောအပေါင်း အသင်းဖြစ်ကြ၏" (၁ ပေ ၂း၉)။ ထို့ကြောင့် အသင်းတော်သည် အသီးအခြားနေခြင်းကို လက်တွေ့ ကျင့်သုံးရပါမည်၊ အသင်းတော်ကို "ဝင်းကာသော ဥယျာဉ်၊ ပိတ်ထားသော ရေကန်၊ တံဆိပ်ခတ်သော ရေတွင်း" ဟုခိုင်းနှိုင်း ဖော်ပြထားပါသည် (အငယ် ၁၂၊ နှိုင်း - ၂ ကော ၆း၁၄-၇း၁)။

အသင်းတော်သည် သူ့ဇနီးခင်ပွန်းဖြစ်လျှင် သူ့နှမ မည်သို့ဖြစ်နိုင်ပါသနည်း။ John Gill က ဤသို့အဖြေပေးခဲ့ပါသည်၊ "အသင်းတော်သည် ခရစ်တော်၏လူ့ဇာတိခံယူခြင်းအမှုကြောင့် ခရစ်တော်၏နှမ ဟုခေါ်နိုင်ပါသည်။ ထို့ကြောင့် ခရစ်တော်သည် မိမိလူတို့ကို ညီအစ်ကိုများဟုခေါ်ခြင်းငှါ ရှက်တော် မမူ (ဟေဗြဲ ၂း၁၁)။ ထို့ပြင် အမွေစား အမွေခံအဖြစ် လက်ခံတော်မူခြင်းအမှုကြောင့် ခရစ်တော်၏ခမည်းတော်သည် သူတို့၏ခမည်းတော်လည်းဖြစ်တော်မူ၏။ ကျေးဇူးတော်ကြောင့် ဒုတိယမွေးဖွားခြင်းခံသောသူတို့သည် ခမည်းတော်၏အလိုတော်ကို ပြုလျှင် ခရစ်တော်၏ညီအစ်ကို မောင်နှမနှင့် မိခင် ဖြစ်ကြပါသည် (မသဲ ၁၂း၅၀)။"

ယေရှုသည် သားဦးဖြစ်တော်မူသောကြောင့် ကျွန်ုပ်တို့၏အစ်ကိုဖြစ်တော်မူ၏။ "အသင်းတော်တည်းဟူသော ကိုယ်၏ဦးခေါင်းဖြစ်တော်မူ၏။ အရာရာ၌ ထူးမြတ်ခြင်းငှါ မူလအရင်းဖြစ်၍၊ သေသောသူတို့တွင် သားဦးဖြစ်တော်မူ၏" (ကောလော ၁း၁၈)။ "သစ္စာစောင့်သော သက်သေခံဖြစ်တော်မူထသော၊ သေသောသူတို့တွင် သားဦးဖြစ် တော်မူထသော၊ လောကီဘုရင်တို့၏ အထွဋ်ဖြစ်တော်မူသော ယေရှုခရစ်အထံတော်ကဂင်း၊ ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်းသည် သင်တို့၌ရှိပါစေသော။ ငါတို့ကိုချစ်၍ မိမိအသွေးနှင့် ငါတို့ အပြစ်များကိုဆေးကြောတော်မူ၍" (ဗျာ ၁း၅)။

**ဆင်ခြင်ရန်** - သန့်ရှင်းခြင်းနှင့်အသီးအခြားနေခြင်းတို့သည် ဒွန်တွဲလျက်ရှိကြ၏။
**ဆုတောင်းချက်-** သမ္မာတရားနှင့်ချစ်ခြင်းမေတ္တာကျင့်သုံးသော၊ အသီးအခြားနေ၍သန့်ရှင်းသော အသင်းတော် အတွက် ဆုတောင်းပါ။

# အလှပဆုံးသောဥယျာဉ်

“သင်၏ပျိုးပင်တို့ကား၊ ချိုသောအသီးကိုသီးတတ်သော သလဲတော၊ နာဒုပင်နှင့်ရောသော ဟန်နာတော်၊ နာဒုပင်၊ ကုရကုမပင်၊ ကြံပင်၊ သစ်ကြံပိုးပင်၊ လောဗန်ပင်မျိုး၊ မုရန်ပင်၊ အကျော်ပင်၊ အမြတ်ဆုံးသော နံ့သာပင်မျိုးပါကြ၏။”

အပျိုစင်သတို့သမီး၌ မွှေးကြိုင်သောရနံ့ရှိသည့် သစ်ပင်ပန်းမန် အသီးအပွင့် အစုံအလင် ရှိသည့် အလွန်လှပသော ဥယျာဉ်ရှိပါသည်။ ဤဥယျာဉ်သည် သူမ၏ ခန္ဓာကိုယ်နှင့်စိတ်ဝိညာဉ်ကို ရည်ညွှန်းပါသည်။ ဟန်နာတော၏အရွက်တို့သည် ကော်ဖီရောင်ဆိုးဆေးကို ထုတ်လုပ်၍ မိန်းခလေးတို့ သည်မိမိတို့၏လက်ကို လိမ်းတတ်ကြပြီး၊ အဝါရောင်အပွင့်သည် မွှေးသောရနံ့ကို ထုတ်ပါသည်။ နာဒုပင်သည် အလွန်တန်ဖိုးကြီးသော နံ့သာဆီကို ထုတ်၍ ကုရကုမပင်၏အဆံတို့ကို ဟင်းခတ် အမွှေးအကြိုင်အဖြစ် အသုံးပြုကြပါသည်။ ကြံပင်သည်လည်း ဆေးဖက်ဝင်ဖြစ်ပါသည်။ သစ်ကြံပိုးပင်၏အခေါက်သည် မွှေးသောရနံ့ကို ထုတ်၍ ကျန်းမာရေးအတွက် အလွန်ကောင်းပါသည်။ မုရန်ပင်ကလည်း မွှေးသောရနံ့ကို ထုတ်ပါ၏ (နှိုင်း - ဆာလံ ၄၅း၈)။ ဤအရာအားလုံးက သူမသည် အလွန်လှပတင့်တယ်၍ သန့်ရှင်းစင်ကြယ်ကြောင်း ဖော်ပြပါသည်။ ထို့ပြင် အချစ်၌ကြည်နူး ပျော်မွေ့ခြင်းက ကျန်းမာရေးကို အထောက်အကူပေးကြောင်း ဖော်ပြလျက်ရှိပါသည်။

အသင်းတော်သည် ကောင်းမွန်စွာ ရေလောင်းခြင်းခံရသောဥယျာဉ် ကဲ့သို့ဖြစ်ရပါမည်။ အထဲရှိအပင်တို့သည် အသင်းသူအသင်းသားများ ဖြစ်ကြပါသည် (နှိုင်း - ယော ၁၅း၄-၅)။ ထိုအပင် တို့သည် အမျိုးမျိုးသောအသီးများ နှင့် မွှေးသောရနံ့ကို ထုတ်ကြပါသည်။ အသင်းတော်သည် များစွာ သော အသီးကို သီး၍၊ ဝိညာဉ်တော်၏အသီးများဖြစ်သော “ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ် ချုပ်တည်းခြင်း” (ဂလာ ၅း၂၂-၂၃) ကို သီးလျက်၊ သန့်ရှင်းသောသူတို့ကို ရင့်ကျက်စေရန်အတွက် ဝိညာဉ်တော်၏ဆုကျေးဇူးများနှင့် ပြည့်ဝရပါမည် (ဧဖက် ၄း၁၂)။

ဘုရားသခင်သည် မိမိ၏ဥယျာဉ်ကို ဂရုစိုက်စောင့်ရှောက်လျက်၊ အသီးအပွင့်နှင့်ဝေဆာ မည်အကြောင်း ရေလောင်းတော်မူ၏။ “ထိုသို့နှင့်အညီ ထာဝရဘုရားသည် ဇိအုန်မြို့ကို ချမ်းသာ ပေးတော်မူမည်။ သူ၏ဆိတ် ညံရာအရပ်အလုံးစုံတို့ကို ချမ်းသာပေးမည်။ သူ၏တောကို ဧဒင် အရပ်ကဲ့သို့၎င်း၊ သူ၏လွင်ပြင်ကို ထာဝရဘုရား၏ဥယျာဉ်ကဲ့သို့၎င်း၊ ဖြစ်စေတော်မူသဖြင့် ဇိအုန်မြို့ သည် ဝမ်းမြောက်ရွှင်လန်းခြင်း၊ ကျေးဇူးတော်ကိုချီးမွမ်းခြင်း၊ သီချင်းဆိုခြင်း နှင့်ပြည့်စုံလိမ့်မည်။ . . . ထာဝရဘုရားသည် သင့်ကို အစဉ်ပဲ့ပြင်တော်မူမည်။ အစာခေါင်းပါးသည် ကာလ၌ ဝစွာကျွေး ၍၊ ရေလောင်းသောဥယျာဉ် ကဲ့သို့၎င်း၊ ရေမပြတ်နိုင်သော စမ်းရေတွင်း ကဲ့သို့၎င်းဖြစ်လိမ့်မည်” (ဟေရှာ ၅၁း၃၊ ၅၈း၁၁)။

**ဆင်ခြင်ရန်** - ထိုဥယျာဉ်သည် နှုတ်ကပတ်တော်တည်းဟူသောရေဖြင့်လောင်းကြ၏ (ယော ၁၅း၃၊ ၁၇း၁၇)။

**ဆုတောင်းချက်-** သင့်ကို နှုတ်ကပတ်တရားတော်ဖြင့် သန့်ရှင်းစင်ကြယ်စေမည်အကြောင်း ဘုရားသခင်ထံ ဆုတောင်းပါ။

# ကိုယ်ပိုင်ဥယျာဉ်

"ဥယျာဉ်များကိုရေလောင်းစရာရေကန်၊ စမ်းရေတွင်း၊ လေဗနုန်တောင်က စီးထွက်သော မြစ်ရေလည်းပါသတည်း။ မြောက်လေ၊ နိုးပါ။ တောင်လေ လာပါ။ ငါ့ဥယျာဉ်အပေါ်သို့ လာကြပါ။ မွှေးကြိုင်သောအနံ့သည် ပျံ့လှိုင်ပါစေ။ ငါချစ်ရာသခင်သည် ဥယျာဉ်တော်သို့ဝင်၍ ချိုသောအသီးကို စားတော်မူပါစေ။"

ပိတ်ထားခဲ့သော ချိုမြိန်ခြင်း၊ ပျော်မွေ့ခြင်းနှင့်ပြည့်နှက်သည့် သူမ၏ ဥယျာဉ်သည် ယခု ဖွင့်ဖြင်းခံရပြီဖြစ်ပါသည်။ သူမက ထိုဥယျာဉ်၌ရှိသော အရာအားလုံးကို သုံးဆောင်ခြင်းငှါ သတို့သား ကိုဖိတ်ခေါ်ခဲ့ပါသည်။ သူတယောက်တည်းအတွက် ထိုဥယျာဉ်ကို ဖွင့်ထားခြင်းဖြစ်ကြောင်း သိမှတ် ရပါမည်။ သူသာလျှင် ဝင်ခွင့်ရှိ၏။ "သူ့ဥယျာဉ်" ဖြစ်၍၊ သူသာလျှင် "ထိုချိုမြိန်သော အသီးများ" ကို စားသုံးခွင့်ရှိပါသည်။ သူမကို ပိုင်သောသူသည် ထိုသတို့သား တဦးတည်းသာလျှင် ဖြစ်ပါသည် (၂း၁၆၊ နှိုင်း - ၁ ကော ၇း၃-၄၊ ဟောရှေ ၃း၃)။

ထို့ကြောင့် ယောကျ်ားသည် မိမိဇနီး၏ချစ်ခြင်းမေတ္တာကို အလွဲသုံးစားလုပ်၍ ဖောက်ပြန် ခြင်းသည် လုံးဝသစ္စာဖောက်ခြင်းဖြစ်ပါသည်။ "အဘယ်ကြောင့်နည်းဟုသင်တို့မေးလျှင် သင့်အသက်ပျိုစဉ်အခါ လက်ထပ်၍၊ နောက်တဖန် သစ္စာမစောင့်၊ ပြစ်မှားသောမယားတဘက်နှင့် သင့်တဘက်၌ ထာဝရဘုရားသည် သက်သေဖြစ်တော်မူ၏။ ထိုမယားသည် သင်၏အဆွေခင်ပွန်း၊ သင်ဖွဲ့သော ပဋိညာဉ်နှင့်ဆိုင်သော မယားဖြစ်သတည်း။ တဦးတည်းကိုသာ ဖန်ဆင်းတော် မူပြီ မဟုတ်လော့။ သို့သော်လည်း ကိုယ်တော်၌ ဝိညာဉ်တော်အကြွင်းအကျန်ရှိ၏။ အဘယ်ကြောင့် တဦး တည်းကိုသာ ဖန်ဆင်းတော်မူသနည်းဟူမူ ကား၊ ဘုရားသခင်နှင့် ထိုက်တန် သောအမျိုးကိုရှာ၍ ထိုသို့ဖန်ဆင်းတော်မူ၏။ သို့ဖြစ်၍ ကိုယ်စိတ် သဘောကို ချုပ်တည်းကြလော့။ အသက်ပျိုစဉ်အခါ လက်ထပ်သောမယားကိုသစ္စာဖျက်၍ မပြစ်မှားကြနှင့်" (မာလ ၂း၁၄-၁၅)။

ဖော်ပြထားသော ရေအရင်းအမြစ်များက ဝိညာဉ်ရေးရာ၌ အသင်းတော်သည် အသက် စမ်းရေ၊ ရေတွင်း မှရေကို သောက်သုံး၍ အသက်ရှင်ရကြောင်း ရည်ညွှန်းခြင်းဖြစ်ပါသည် (နှိုင်း - ယော ၄း၁၀၊ ၇း၃၈၊ ဗျာ ၂၂း၁)။ ယေရှုက၊ "ငါပေးသောရေကိုသောက်သောသူမူကား၊ ရေငတ်ခြင်း နှင့်အစဉ်မပြတ် ကင်းလွတ်လိမ့်မည်။ ငါပေးသောရေသည် ထိုသူ၌ ထာဝရအသက်ရှင်ခြင်းအလိုငှါ ထွက်သောစမ်းရေ ဖြစ်လိမ့်မည်ဟုမိန့်တော်မူ၏" (ယော ၄း၁၄) ဟုမိန့်တော်မူ၏။

အသင်းတော်သည် အသက်ရှင်၍ အသီးများစွာသီးမည်အကြောင်း၊ ဝိညာဉ်တော်၌တည်၍ ဝိညာဉ်တော်နှင့်ပြည့်ဝခြင်းရှိရပါမည်။ "ငါပညတ်သည်ကား ဝိညာဉ်ပကတိအတိုင်းကျင့်ကြလော့။ ထိုသို့ကျင့်လျှင် ဇာတိပကတိ၏အလိုသို့ မလိုက်ဘဲနေကြလိမ့်မည်" (ဂလာ ၅း၁၆)။

**ဆင်ခြင်ရန်** - "ထိုနည်းတူ ယောကျ်ားတို့သည် မိမိကိုယ်ကိုချစ်သကဲ့သို့၊ မိမိခင်ပွန်းတို့ကို ချစ်ရကြမည်။ ခင်ပွန်းကိုချစ်သောသူသည် ကိုယ်ကို ချစ်သောသူဖြစ်၏" (ဧဖက် ၅း၂၈)။

**ဆုတောင်းချက်-** သင့်ခင်ပွန်းကို အစဉ်ချစ်မည်အကြောင်း၊ အချစ်မလျော့မည်အကြောင်း ဆုတောင်းပါ။

# မင်္ဂလာဇနီးမောင်နှံ၏စုံလင်သောကြည်နူးပျော်မွေ့ခြင်း

"ငါ့နှမ၊ ငါ့ခင်ပွန်း၊ ငါ့ဥယျာဉ်ထဲသို့ ငါဝင်လာပြီ။ ငါ့မုရန်နှင့်နံ့သာမျိုးကိုခံယူပြီ။ ငါ့ပျားရည်နှင့် ပျားလပို့ကိုစားရပြီ။ ငါ့နို့နှင့်စပျစ်ရည်ကိုသောက်ရပြီ။ ငါ့အဆွေတို့ စားကြလော့။ ငါ့မိတ်ဆွေတို့ သောက်ကြ။ ဝစွာသောက်ကြလော့။"

သတို့သားသည် မိမိအပိုင်ဖြစ်သော ဘယ်သူမျှ မဝင်ရောက်သေး၊ မထိတွေ့သေးသော သတို့သမီးဥယျာဉ်၏ အနက်ရှိုင်းဆုံး အခန်းထဲသို့ ဝင်ရောက်ခဲ့ပါသည်။ ယခုတွင်၊ သူတို့နှစ်ဦးသည် အတွင်းကျကျ သိကျွမ်းရင်းနှီးမှု ရှိခဲ့ပါပြီ (ကမ္ဘာ ၂၉း၂၁)။ မင်္ဂလာဇနီးမောင်နှံတို့သည် စုံလင်သော ကြည်နူးပျော်မွေ့ခြင်းကို ခံစားကြရပြီ - "ငါ့မုရန်နှင့်နံ့သာမျိုးကို ခံယူပြီ။ ငါ့ပျားရည်နှင့်ပျားလပို့ကို စားရပြီ။ ငါ့နို့နှင့်စပျစ်ရည်ကို သောက်ရပြီ" - ဤသည်ကား ပြီးပြည့်စုံသော ကြည်နူးပျော်ရွှင်ခြင်းပင် ဖြစ်ပါသည်။ သူသည် သူမနှင့်တသား တကိုယ်တည်း ဖြစ်ရပြီ (ကမ္ဘာ ၂း၂၃-၂၅)။

"ငါ့မိတ်ဆွေတို့၊ သောက်ကြ" - ဤသည်ကား မင်္ဂလာဇနီးမောင်နှံကို ဂုဏ်ပြုခြင်းဖြစ်ပါသည်။ မင်္ဂလာဆောင်ပွဲသည် လူသိရှင်ကြား ပြုလုပ်သော ပွဲဖြစ်ကြောင်း ဤအချက်က ဖော်ပြလျက်ရှိပါသည်။ မိသားစုဝင်နှင့်မိတ်ဆွေသူငယ်ချင်းတို့သည် "အသက်ဆုံးတိုင်ချစ်လျက်ပေါင်းဖော်ပါမည်" ဟု သူတို့နှစ်ဦး၏ ဂတိသစ္စာပြုခြင်းစကား၏သက်သေဖြစ်ကြပါသည်။ "ဝစွာ သောက်လော့၊ ငါ့ချစ်သခင်။" သူ့ဇနီးက သူ့ယောကျ်ား အား မိမိဥယျာဉ်၌ရှိသော အရာမှန်သမျှကို သုံးဆောင်ရန် တိုက်တွန်းခြင်းဖြစ်ပါသည် (နှိုင်း - ၄း၉-၁၆)။ ဤ ကြင်စဦးဇနီးမောင်နှံအကြား၌ ဖြစ်ပျက်သော အရာတို့သည် လူသူမသိ၊ နှစ်ကိုယ်ကြား၌ တိတ်တဆိတ် ဖြစ်ပျက်သော အရာဖြစ်ကြောင်း သိမှတ်ရပါမည်။

ယေရှုက၊ "ငါသည်တံခါးရှေ့မှာ ရပ်၍ခေါက်လျက်နေ၏။ အကြင်သူသည် ငါ၏အသံကိုကြား၍ တံခါးကိုခေါက်အံ့။ ထိုသူရှိရာသို့ငါဝင်၍ သူနှင့်အတူစားသောက်မည်။ သူသည်လည်း ငါနှင့်အတူ စားသောက်ရလိမ့်မည်" (ဗျာ ၃း၂၀) ဟုမိန့်တော်မူ၏။ မိမိ ဥယျာဉ် တံခါးကို ဖွင့်ထားသော အသင်းတော် ခရစ်တော် အတူပါရှိတော်မူခြင်း ကောင်းကြီး မင်္ဂလာကို ခံစားရပါမည်။ သခင်ဘုရား သည် မိမိလူတို့၏ ချီးမွမ်း ဝတ်ပြုခြင်း ကို နှစ်သက်တော်မူ၏ (ဆာလံ ၁၆း၃၊ ၃၇း၂၃၊ ၁၄၇း၁၁)။

**ဆင်ခြင်ရန်** - "ထိုအကြောင်းကြောင့် ယောကျ်ားသည် ကိုယ်မိဘကို စွန့်၍၊ ကိုယ်ခင်ပွန်း၌မှီဝဲသဖြင့်၊ ထိုသူတို့သည် တသားတကိုယ်တည်းဖြစ်ရလိမ့်မည်" (ကမ္ဘာ ၂း၂၄)။

**ဆုတောင်းချက်-** သင်နှင့်သင့်ခင်ပွန်းအကြား၌ရှိသော ခန္ဓာစိတ်ဝိညာဉ် တလုံးတဝတည်း ရှိခြင်းကို ဘယ်တော့မှ မပျက်စီးမည်အကြောင်း ဆုတောင်းပါ။

# အိမ်ထောင်ရှင်ဘဝချစ်ခြင်းမေတ္တာ

"ငါသည်အိပ်ပျော်စဉ်၊ နှလုံးနိုးလျက်ရှိ၏။ ငါချစ်ရာသခင်၏ စကားသံပေ။ ငါ့နှမ၊ ငါချစ်သောအမိ၊ ငါ့ချိုး၊ ငါ၏စုံလင်သူ၊ ငါ့အားဖွင့်ပါ။ ငါ့ခေါင်းသည် နှင်းနှင့်ဝှင်း၊ ငါ့ဆံပင်သည် ညဉ့်၌ကျတတ်သောနှင်းစက်များနှင့်ဝှင်း၊ စိုပြီဟုဆိုလျက်၊ ခေါက်၍နေတော်မူ၏။"

ကြင်စဦး ဇနီးမောင်နှံသည် အိမ်ထောင်ရှင်ဘဝကို အတူတကွ ယခု စတင်လျှောက်လှမ်းခဲ့ကြ၏။ အိမ်ထောင်ရှင်ဘဝသည် အမြဲတမ်းသာယာသော၊ အခက်အခဲ မရှိသော၊ ပန်းခင်းလမ်း မဟုတ်ပါ။ ဤကျမ်းပိုဒ်၌ ယောကျ်ားက သူ့ဇနီးနှင့် ကြည်နူးလိုကြောင်း တွေ့ရပါသည်။ သူမ၏တံခါးကိုခေါက်လျက်၊ နိုးခြင်းငှါ ခေါ်ခဲ့ပါသည်။ သူမကို ကြင်နာသော အသံဖြင့်၊ "ငါ့နှမ၊" "ငါ့ချစ်သောအမိ၊" "ငါ့ချိုး၊" "ငါ၏စုံလင်သူ" (ငါနှင့်အတူအိပ်ရန် အခွင့်ရှိသော တဦးတည်းသောသူ၊ နှိုင်း - ဟေဗြဲ ၁၃း၄) ဟုခေါ်ခဲ့ပါသည်။ သူ၏ခေါင်းထဲ၌ ကြင်နာကြည်နူးခြင်းများသာရှိပါသည်။

သခင်ဘုရား အပေါ် ထားရှိသော ကျွန်ုပ်တို့၏ချစ်ခြင်းကား အဘယ်သို့ရှိသနည်း။ "ငါသည်အိပ်ပျော်စဉ်၊ နှလုံးနိုးလျက်ရှိ၏" ဟူသောအချက်က "စိတ်ဝိညာဉ်ကား စေတနာရှိသော်ငြားလည်း၊ ကိုယ်မူကား အားနည်းသည်" (မသဲ ၂၆း၄၁) သူသောအချက်ကို အမှတ်ရစေပါ၏။ ဤလောက၌ နေထိုင်လျက်ရှိသော ခရစ်ယာန် ကျွန်တော်တို့သည် ဘုရားသခင်နှစ်သက်တော်မူသော အသက်တာ ပိုင်ဆိုင်ခြင်းငှါ ကြိုးစားနေစဉ် အပြစ်ကို အစဉ်တိုက်လှန်နေကြရပါသည် (နှိုင်း - ၇း၁၄-၂၅)။ ဘုရားတရားဘက်သို့ အာရုံအစိုက်သောအခါ အမျိုးမျိုး ဆင်ခြေပေးတတ်ကြပါသည်။ သို့သော်လည်း၊ ဝိညာဉ်တော်အားဖြင့် ကျွန်တော်တို့၏စိတ်နှလုံးကို တို့ထိနိုးဆော်လျက် ကိုယ်တော်နှင့်နီးကပ်စွာ လျှောက်လှမ်းစေတော်မူပါသည်။ "ငါပညတ်သည်ကား ဝိညာဉ်ပကတိအတိုင်း ကျင့်ကြလော့။ ထိုသို့ကျင့်လျှင် ဇာတိပကတိ၏ အလိုသို့မလိုက်ဘဲ နေကြလိမ့်မည်။ အကြောင်းမူကား၊ ဇာတိပကတိနှင့် ဝိညာဉ်ပကတိသည် တပါးနှင့်တပါး ဆန့်ကျင်သောအလိုရှိကြ၏။ တပါးနှင့်တပါး ဆန့်ကျင်ဘက်ဖြစ်၍ သင်တို့သည် ကျင့်ချင်သောအကျင့်ကို မကျင့်နိုင်ကြ" (ဂလာ ၅း၁၆-၁၇)။ "ဇာတိပကတိရှိသောသူတို့သည် ဇာတိပကတိနှင့်စပ်ဆိုင်သောအရာတို့ကို စွဲလမ်းသောစိတ်သဘော ရှိကြ၏။ ဝိညာဉ်ပကတိရှိသောသူတို့မူကား၊ ဝိညာဉ်ပကတိနှင့်စပ်ဆိုင်သော အရာတို့ကို စွဲလမ်းသော စိတ်သဘောရှိကြ၏။ ဇာတိပကတိစိတ်သဘောသည် သေခြင်းအကြောင်း ဖြစ်၏။ ဝိညာဉ်ပကတိ စိတ်သဘောသည် အသက်ရှင်ခြင်းအကြောင်းနှင့် ငြိမ်သက်ခြင်းအကြောင်း ဖြစ်၏" (ရောမ ၈း၅-၆)။

**ဆင်ခြင်ရန်** - "သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှနှင့်ချစ်လော့" (တရား ၆း၅)။

**ဆုတောင်းချက်-** ဘုရားသခင်ကို အကြွင်းမဲ့ချစ်မည်အကြောင်း ဆုတောင်းပါ။

# အကျွန်ုပ်ခန္ဓာကိုယ်ဖြင့်သင့်ကိုချီးမြှောက်ပါမည်

"ငါသည်အိပ်ပျော်စဉ်၊ နှလုံးနိုးလျက်ရှိ၏။ ငါချစ်ရာသခင်၏ စကားသံပေ။ ငါ့နှမ၊ ငါချစ်သောအမိ၊ ငါ့ချိုး၊ ငါ၏စုံလင်သူ၊ ငါ့အားဖွင့်ပါ။ ငါ့ခေါင်းသည် နှင်းနှင့်ဝှင်း၊ ငါ့ဆံပင်သည် ညဉ့်၌ကျတတ်သောနှင်းစက်များနှင့်ဝှင်း၊ စိုပြီဟုဆိုလျက်၊ ခေါက်၍နေတော်မူ၏။ ကျွန်မသည် အဝတ်ကိုချွတ်ပါပြီ။ အဘယ်ကြောင့် ဝတ်ပြန်ရမည်နည်း။ ခြေကိုလည်းဆေးပါပြီ။ တဖန်ညစ်အောင် အဘယ်ကြောင့် ပြုရပါမည်နည်း။ ငါချစ်ရာသခင်သည် လက်တော်ကိုတံခါးပေါက်အထဲသို့ သွင်းတော်မူသည်ဖြစ်၍ သူ့ကိုချစ်သနားသော စိတ်အားကြီးသဖြင့်၊ ငါချစ်ရာသခင်အား တံခါးကိုဖွင့်အံ့သောငှါ ထသောအခါ၊ ငါလက်မှမုရန်ဆီ၊ ငါ့လက်ချောင်းတို့မှ ပကတိမုရန်ဆီသည် တံခါးကျင်တိုင်ပေါ်မှာ စက်စက်ကျလေ၏။ ငါချစ်ရာသခင်အား ငါဖွင့်သည်ရှိသော်၊ ငါချစ်ရာသခင်သည် ထွက်သွားနှင့်ပြီ။ စကားသံတော်ကို စေ့စေ့နားထောင်လျက်၊ သခင်ကိုငါရှာသော်လည်း မတွေ့။ ခေါ်သော်လည်း ထူးတော်မမူ။"

သူမ၏ချစ်သခင်သည် သူမနှင့် ကြည်နူးပျော်မွေ့လိုသော်လည်း သူမသည် စိတ်မဝင်စားခဲ့ပါ။ သူမသည် ရေချိုးပြီး၍ ညအိပ်ဝတ်စုံ ဝတ်လျက်၊ အိပ်ယာဝင်ဖို့ အသင့်ရှိနေပြီဖြစ်ကြောင်း ဆင်ခြေပေးခဲ့ပါသည်။ "ခြေကိုလည်းဆေးပါပြီ။ တဖန်ညစ်အောင်အဘယ်ကြောင့်ပြုရပါမည်နည်း၊" ဆိုလိုသည်မှာ၊ "သင့်ကိုတံခါးဖွင့်ဖို့ရန် ပြန်ထခြင်းသည် ကျွန်မအတွက် ဒုက္ခများလှပါသည်" ဟူ၍ ဖြစ်ပါသည်။ သို့သော်လည်း၊ ယောကျ်ားသည် ဇွဲမလျှော့ခဲ့ပါ။ သူသည် သူမကို တတ်နိုင်သလောက် ဆွဲဆောင်၍ နိုးဆွခဲ့ပါသည်။ နောက်ဆုံး၌ သူမသည် သနားစိတ်ဝင်၍ တံခါးဖွင့်ခဲ့သော်လည်း ယောကျ်ားသည် ထွက်သွားပြီဖြစ်ပါသည်။ သူမ၏တုန့်ပြန်မှု နောက်ကျခဲ့ပါသည်။ သူမသည် နေရာတကာ သူ့ကို ရှာ၍ အော်ခေါ်သော်လည်း၊ သူ့ကို မတွေ့ရတော့ပါ။

"ကျွန်ုပ်၏ခန္ဓာကိုယ်ဖြင့် သင့်ကိုချီးမြှောက်ပါမည်" ဟူသော မင်္ဂလာဆောင် ဂတိသစ္စာ စကားကို သတိရအောက်မေ့ပါလေ့။ ထို့ကြောင့် တမန်တော်ပေါလုက ဤသို့ဆိုခဲ့ပါသည် - "ကောင်းသော်လည်း၊ မတရားသောမေထုန်နှင့်ကင်းလွတ်မည်အကြောင်း၊ ယောကျ်ားတိုင်း မိမိ မယားရှိစေလော့။ မိန်းမတိုင်း မိမိခင်ရှိစေလော့။ ယောကျ်ားသည် ဆက်ဆံခြင်း ဝတ်ကိုမိမိမယား အား ပြုစေလော့။ ထိုနည်းတူ၊ မိန်းမသည်လည်း ဆက်ဆံခြင်းဝတ်ကို မိမိလင်အား ပြုစေလော့။ မိန်းမသည် မိမိကိုယ်ကို မပိုင်၊ လင်သည်ပိုင်၏။ ထိုနည်းတူ ယောကျ်ားသည်လည်း မိမိကိုယ်ကိုမပိုင်၊ မယားသည် ပိုင်၏။ အချင်းချင်းခင်ပွန်းဝတ်ကို မပယ်မရှောင်ကြနှင့်။ ထိုသို့ဆို သော် ဆုတောင်းခြင်းဝတ်ကိုပြုရသောအခွင့်ရှိစေခြင်းငှါ သဘောတူ၍ ခင်ပွန်းဝတ်ကို ခဏမျှမရှောင်ရဟု မဆိုလို။ ထိုသို့ ရှောင်လျှင် ကိုယ်ကိုမချုပ်တည်းနိုင်သောအားဖြင့် စာတန်သည် အပြစ်သို့ သွေးဆောင်ရသော အခွင့်မရှိစေခြင်းငှါ၊ နောက်တဖန်အတူနေကြလော့" (၁ ကော ၇း၂-၅)။

**ဆင်ခြင်ရန်** - သင့်ခင်ပွန်းကို သင့်ခန္ဓာကိုယ်ဖြင့် ချစ်လော့။
**ဆုတောင်းချက်-** ပျော်ရွှင်သော အိမ်ထောင်ဘဝ ကိုရဖို့ရန် ဆုတောင်းပါ။

တနင်္ဂနွေ၊ ဩဂုတ်(၂၇)
**သီ ၅း၇**
ပေဟြဲ ၁၃း၇-၁၇

*"မြို့တွင်လည်သောကင်းစောင့်တို့သည် ငါ့ကိုတွေ့သော် . . . "*

# ကင်းစောင့်

"မြို့တွင်လည်သော ကင်းစောင့်တို့သည် ငါ့ကိုတွေ့သော် နာကျင်စွာရိုက်ကြ၏။ မြို့ရိုးစောင့်တို့သည် ငါ့မျက်နှာဖုံးကို လုယူကြ၏။"

ကင်းစောင့်သောသူတို့က အိမ်ပြင်၌ သူမကိုတွေ့ကြပြီး၊ ရိုက်နှက်ခဲ့ကြပါသည်။ သူမသည် မျက်နှာကိုဖုံးထားသောကြောင့် သူတို့က ကျူးကျော်ဝင်လာသူဟု ထင်မှတ်ခဲ့ကြ၏။ ယခု သူမ ခံစားနေရသော အရာဟူမူကား၊ သူ့ယောကျ်ားကို ငြင်းပယ်ခဲ့ခြင်းကြောင့် "မိမိကိုယ်ကို ထုလျက်" ယူကြုံးမရဖြစ်လျက်နေရပါမည်။

"အချင်းလူသား၊ သင့်ကိုဣသရေလအမျိုးတွင် ကင်းစောင့်အရာ၌ ငါခန့်ထားသောကြောင့် ငါသတိပေးသောစကားကို နားထောင်၍ သူတို့အားဆင့်ဆိုလော့" (ယေဇ ၃း၁၇)။ သင်းအုပ်ဆရာတို့သည် ဘုရားသခင်စေလွှတ်တော်မူသော ကင်းစောင့်များဖြစ်ကြပါသည်။ သူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို ဟောပြောကြ ၏။ ထိုတရားကို ဆုံးမခြင်းဖြင့် ဟောပြောကြပါသည် - "ဘုရားသခင်၏နှုတ်ကပတ်တရားတော်သည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့်ပြည့်ပြင်ခြင်း၊ သန်လျက်တကာ တို့ထက် ထက်ခြင်းနှင့်ပြည့်စုံသည်ဖြစ်၍၊ အသက်နှင့်စိတ်ဝိညာဉ်ကိုင်ရင်း၊ အရိုးဆစ်နှင့်ခြင်ဆီကိုင်ရင်း ပိုင်းခြား၍ ထုတ်ခြင်းခွင်းတတ်၏။ စိတ်နှလုံးအကြံအစည်များကိုလည်း သိမြင်တတ်၏" (ပေဟြဲ ၄း၁၂)။ "ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသော အားဖြင့်ဖြစ်၍၊ ဘုရားသခင်၏ လူသည်စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလိုငှါ ပြင်ဆင် သောသူဖြစ်မည် အကြောင်း ဩဝါဒပေးခြင်း၊ အပြစ်ကိုဘော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရား ကိုသွန်သင်ခြင်း ကျေးဇူးများကိုပြုတတ်၏" (၂ တိ ၃း၁၆-၁၇)။ သင်းအုပ်ဆရာ၏ အဓိကတာဝန်သည် - "နှုတ်ကပတ်တရားတော်ကိုဟောပြောလော့။ အချိန် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကြိုးစား အားထုတ်လော့။ အပြစ်ကိုဘော်ပြလော့။ ဆုံးမခြင်းကို ပြုလော့။ အလွန်ရှည်သောစိတ်နှင့် ဩဝါဒမျိုး ကိုပေး၍ တိုက်တွန်းသွေးဆောင်လော့" (၂ တိ ၄း၂)။

ထိုသို့သော သင်းအုပ်ဆရာ သင်တို့၏အသင်းတော်၌ ရှိလျှင်၊ သူ့အတွက် ဆုတောင်းပေးလျက်၊ ဘုရားသခင်ပေးသနားတော်မူသော ထိုခေါင်းဆောင်၏စကားကို နာခံလိုက်လျှောက်ပါလော့။ "ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို သင်တို့အားဟောပြော၍ သင်တို့ကို အုပ်သောသူတို့ကို အောက်မေ့ကြလော့။ သူတို့သည် အဘယ်သို့ကျင့်ကြံပြုမူ၍ စုတေ့သည်ကို စေ့စေ့ ဆင်ခြင်လျက် သူတို့၏ယုံကြည်ခြင်းကို မှီအောင်လိုက်ကြလော့။ . . . သင်တို့ကိုအုပ်သော သူတို့၏ စကားကို နားထောင်၍ နိမ့်ချလျက်နေကြလော့။ သူတို့သည် ကိုယ်တိုင်စစ်ကြောခြင်းကို ခံရသော သူကဲ့သို့၊ သင်တို့စိတ်ဝိညာဉ်၏အကျိုးအလိုငှါ စောင့်နေကြ၏။ သင်တို့အကျိုးကိုမဖြစ်စေတတ်သော ဝမ်းနည်းခြင်း မရှိ၊ ဝမ်းမြောက်ခြင်းရှိ၍၊ သူတို့သည် စစ်ကြောခြင်းကို ခံရမည်အကြောင်း သတိပြုလျက် နေကြလော့" (ပေဟြဲ ၁၃း၇၊ ၁၇)။

**ဆင်ခြင်ရန်** - "ကောင်းမွန်စွာအုပ်သော သင်းအုပ်တို့သည် အလျှုနှစ်ဆကို ခံထိုက်သောသူဖြစ်သည် . . . တရားဟောခြင်း၊ ဆုံးမဩဝါဒပေးခြင်းအမှုကို ကြိုးစားအားထုတ်သောသူ . . . " (၁ တိ ၅း၁၇)။

**ဆုတောင်းချက်-** သင်းအုပ်ဆရာနှင့်သင်းအုပ်လူကြီးများ အတွက်ဆုတောင်းပါ။

# ငြင်းတတ်သောသူများကိုသတိပြုလော့

"အိုယေရုရှလင်မြို့သမီးတို့၊ သင်တို့သည် ငါချစ်ရာသခင်ကိုတွေ့လျှင်၊ သူ့ကိုငါချစ်၍ နာနေကြောင်းကို ကြားပြောကြပါဟု ငါမှာထားတောင်ပန်ပါ၏။ မိန်းမတကာတို့ထက် အဆင်းလှသောအစ်မ၊ သင်ချစ်ရာသခင်သည် အခြားတပါးသော ချစ်ရာသခင်ထက် အဘယ်သို့ သာသနည်း။ အကျွန်ုပ်တို့ကို ထိုသို့မှာထားတောင်းပန်ရမည်အကြောင်း၊ သင်ချစ်ရာသခင်သည် အခြားတပါးသော ချစ်ရာသခင်ထက် အဘယ်သို့သာသနည်း။"

သူမသည် အချစ်ရောဂါဝေဒနာခံစားနေရကြောင်း သူ့သူငယ်ချင်းများအား ရင်ဖွင့်လျက်၊ သူ့ယောကျ်ားကို တွေ့ခဲ့ကြလျှင် သူ့ခံစားချက်ကို ပြောပေးကြရန် မှာထားခဲ့ပါသည်။ သူ့ယောကျ်ားသည် သူမထံမှ အတော်အတန် ထွက်ခွါပုန်းရှောင်နေခြင်းဖြစ်ပါမည်။ သူမ၏သူငယ်ချင်းများက၊ "သင့်ယောကျ်ားသည် ဘာများကောင်းပြီ၊ တော်နေလို့လဲ။ အခြားယောကျ်ားသွားရှာပါ။ သင်သည် အလွန်ဆွဲဆောင်မှုရှိသောကြောင့်၊ သူ့ထက်ကောင်းသော ယောကျ်ားကို ရှာတွေ့မှာပါ" ဟု ဆိုခဲ့ကြပါသည်။ ဤအကြံပေးချက်သည် လုံးဝ မကောင်းပါ။

ဝိညာဉ်တော် ကျိန်းဝပ်ခြင်းခံရသော၊ စစ်မှန်သော ယုံကြည်သူသည် အမှန်နောင်တရ၍ ကယ်တင်ရှင်သခင်ထံပြန်သွားရပါမည်။ ဘုရားသခင်ဆုံးမတော်မူခြင်းသည် သူတို့ကို ချစ်တော်မူသောကြောင့်ဖြစ်သည်ကို သိကြပါ၏ (တရား ၈း၅၊ ဟေဗြဲ ၁၂း၆-၁၄)။ ထိုသို့ဆုံးမခြင်းခံပြီးမှ သူတို့သည် ဘုရားသခင်ကို ချစ်ကြသောကြောင့် သန့်ရှင်းစွာနေ၍ ပညတ်တော်တို့ကို လိုက်နာစောင့်ရှောက် လိုခြင်းရှိကြပါသည် (နှိုင်း - ၂ ကော ၂း၁-၁၁၊ ၇း၈-၁၆)။ ယေရှုက၊ "ငါ့ကိုချစ်သောသူသည် ငါ့စကားကိုနားထောင်လိမ့်မည်။ ငါ့ခမည်းတော်သည် ထိုသူကို ချစ်တော်မူသည်။ ငါတို့သည်လည်း သူ့ဆီသို့ကြွ၍ နေရာချမည်" (ယော ၁၄း၂၃) ဟု မိန့်တော်မူ၏။

ခရစ်ယာန်များကို ဘုရားသခင်ထံပြန် မသွားဘဲ၊ အခြားဘုရားများ နောက်သို့လိုက်ရန် တိုက်တွန်းသော၊ ငြင်းတတ်သောသူများရှိပါသည်။ ဤသည်ကား၊ "ငါ၏အစေခံကျွန်တို့သည် မတရားသောမေထုန်ကို ပြုစေခြင်းငှါ၎င်၊ ရုပ်တုရှေ့မှာ ပူဇော်သော ယဇ်ကောင်ကို စားစေခြင်းငှါ၎င်း" သွေးဆောင်သော ဗာလမ်နှင့်ယေဇဗေလတို့၏များယွင်းစေသော သွန်သင်ချက်ဖြစ်ပါသည် (ဗျာ ၂း၁၄၊ ၂၀)။ သို့သော်လည်း၊ ဘုရားသခင်ကို အမှန်ချစ်သောသူတို့သည် ဘယ်တော့မှသူ့ကို မငြင်း၊ အစဉ် ဝန်ခံလျက်၊ နောက်တော်သို့ လိုက်တတ်ကြပါသည် (ဆာလံ ၄၂ ကို ကြည့်ပါ)။

**ဆင်ခြင်ရန်** - "ရှေဦးစွာ သိမှတ်အပ်သောအရာဟူမူကား၊ နောက်ဆုံးသောကာလ၌ ပြက်ယယ်ပြုတတ်သောသူတို့သည်၊ မိမိတို့တပ်မက်ခြင်းအတိုင်း ကျင့်နေ၍၊ သခင်ဘုရားကြွလာမည်ဟူသောဂတိသည် အဘယ်မှာရှိသနည်း ... ဟုဆိုလျက်၊ ကဲ့ရဲ့ခြင်းနှင့်ပေါ်လာကြလိမ့်မည် (၂ ပေ ၃း၃-၄)။

**ဆုတောင်းချက်-** အသိဉာဏ် တောင်းလျှောက်လျက်၊ ဘယ်တော့မှ ဘုရားသခင်ကို မေးခွန်းမထုတ်ပါနှင့်။

# အနှိုင်းမဲ့ ကျွန်မ၏ယောကျ်ား

“‘ငါချစ်ရာသခင်သည် ဖြူသောအဆင်း၊ နီသောအဆင်းနှင့်ပြည့်စုံ၍၊ လူတသောင်းတို့တွင် အထွဋ်အမြတ်ဖြစ်တော်မူ၏။ ဦးခေါင်းတော်သည် ရွှေစင်နှင့်တူ၏။ ဆံပင်တော်သည် ထူထပ်၍ ကျီးအအဆင်းကဲ့သို့နက်၏။ မျက်စိတော်တို့သည် နို့၌ချိုးလျက် မြစ်ရေပေါ်မှာ ပုံ့ပုံ့ကြွကြွဝပ်သော ချိုးနှင့်တူကြ၏။ ပါးတော်တို့သည် နံ့သာတော၊ မွှေးကြိုင်သောပန်းတောကဲ့သို့ဖြင်း၊ နှုတ်ခမ်းတော်တို့ သည် ပကတိမုရန်ဆီယိုသော နှင်းပွင့်ကဲ့သို့ဖြင်းဖြစ်ကြ၏။ လက်တော်တို့သည် မျက်ရွဲစီသော လက်စွပ်ကဲ့သို့ဖြင်း၊ ကိုယ်တော်သည် နီလာကျောက်ဖြင့် စီချယ်သောဆင်စွယ်ဖြူကဲ့သို့ဖြင်းဖြစ်၏။ ခြေထောက်တော်တို့သည် ရွှေစင်ဘိနပ်ပေါ်၌တည်သော ကျောက်ဖြူတိုင်နှင့် တူကြ၏။ မျက်နှာတော်သည် လေဗနုန်တောင်ကဲ့သို့ဖြစ်၍ အာရဇ်ပင်ကဲ့သို့ထူးမြတ်ပေ၏။ နှုတ်တော်သည် အလွန်ချိုပေ၏။ တကိုယ်လုံး၌ ချစ်ဘွယ်သောဂုဏ်တော်အပေါင်းတို့နှင့် ပြည့်စုံတော်မူ၏။ ယေရုရှလင်မြို့သမီးတို့၊ ဤသူသည်ငါချစ်ရာသခင်၊ ငါ့မိတ်ဆွေဖြစ်တော်မူသတည်း။”

သူမက၊ သူ့ယောကျ်ားသည် ဘယ်သူနှင့်မျှ နှိုင်း၍ မရသောသူဖြစ်ကြောင်း၊ သူသည် သူမအတွက် အကောင်းဆုံးဖြစ်ကြောင်း ပြန်လည်တုန့်ပြန်ခဲ့ပါသည် - “တကိုယ်လုံး၌ချစ်ဘွယ်သော ဂုဏ်တော် အပေါင်းတို့နှင့် ပြည့်စုံတော်မူ၏။” သူသည် သူမ၏ချစ်ရာသခင်၊ မိတ်ဆွေဖြစ်၍ သူ့ကိုသာ စွဲလမ်းခြင်းရှိပါသည်။ သူမသည် သူ့ယောကျ်ား၏ကိုယ်အင်္ဂါများကို ချီးမွမ်းလျက်၊ သူနှင့်သာ ကြည်နူးပျော်မွေ့လိုကြောင်း ဆိုခဲ့ပါသည် (နှိုင်း - ၁ ကော ၇း၂-၄)။ ကိုယ်အင်္ဂါချီးမွမ်းခြင်း ဖော်ပြချက်တို့သည် စိတ်ဝိညာဉ်ပိုင်းကိုလည်း ရည်ညွှန်းနိုင်ပါသည်။ သူ့ယောကျ်ား၌ ဘုရားသခင်ကို ကြောက်ရွံ့သောသူ ၏ကောင်းသော လက္ခဏာအပေါင်းကို သူ တွေ့ရှိခဲ့ပါသည်။

ထိုနည်းတူ၊ အသင်းတော်သည် ခရစ်တော်ကို “လူတသောင်းတို့တွင် အထွဋ်အမြတ်ဖြစ် တော်မူ၏” ဟု အနှိုင်းမဲ့ စကားလုံးဖြင့် ချီးမွမ်းရပါမည်။ သူသည် လုံးဝစုံလင်ခြင်းရှိတော်မူ၍ ချစ်ဘွယ်သောဂုဏ်တော် အပေါင်းနှင့်ပြည့်စုံတော်မူ၏။ “အကြောင်းမူကား ထိုသားတော်သည် ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာ ရှိသမျှသော ရူပအရာ၊ အရူပအရာ၊ ရာဇပလ္လင်ဖြစ်စေ၊ အစိုးရခြင်းတန်ခိုးဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာ စက်ဖြစ်စေ၊ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ထိုသခင်အားဖြင့်ဖြင်း၊ ထိုသခင်အဘို့ အလိုငှါဖြင်း၊ ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းလျက်ဖြစ်ကြ၏။ သားတော်သည်လည်း ခပ်သိမ်းသောအရာမဖြစ်မှီဖြစ်တော်မူ၍၊ ခပ်သိမ်းသောအရာတို့သည် တန်ခိုးတော်အားဖြင့်သာ တည်ကြ၏။ အသင်းတော်တည်းဟူသော ကိုယ်၏ဦးခေါင်းဖြစ်တော်မူ၏။ အရာရာ၌ ထူးမြတ်ခြင်းငှါ မူလအရင်းဖြစ်၍၊ သေသောသူတို့တွင် သားဦးဖြစ်တော်မူ၏” (ကောလော ၁း၁၆-၁၈)။ “ထို့ကြောင့် ဘုရားသခင်သည် ကိုယ်တော် ကို အလွန်ချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက် ကြီးမြတ်သောဘွဲ့နာ မကိုပေး သနားတော်မူ၏။ အကြောင်းမူကား ကောင်းကင်သတ္တဝါ၊ မြေကြီးသတ္တဝါ၊ မြေကြီးအောက် ၌ရှိသော သတ္တဝါ တည်း ဟူသော ခပ်သိမ်းသောသတ္တဝါတို့သည် ယေရှု၏ဘွဲ့နာမတော်ကိုဒူးထောက် ၍၊ ယေရှုခရစ်သည် သခင်ဖြစ်တော်မူ၏ဟု နှုတ်နှင့်ဝန်ခံသဖြင့် ခမည်းတော်ဘုရား၏ ဘုန်းအသရေတော်ကို ထင်ရှားစေကြမည်အကြောင်းတည်း” (ဖိလိ ၂း၉-၁၁)။

**ဆင်ခြင်ရန်** - “ကျွန်တော်သည် သူငယ်ချင်းကောင်း ယေရှုနှင့်တွေ့ရပါပြီ၊ သူသည် အကျွန်ုပ် အတွက် အလုံးစုံဖြစ်တော်မူ၏။ လူတသောင်းတို့ထက် ပို၍လှပတင့်တယ်ပါ၏” (Charles William Fry)။

**ဆုတောင်းချက်-** ကျွန်ုပ်တို့၏စုံလင်သော ကယ်တင်ရှင်၊ ဘုရားသခင်ကို ချီးမွမ်းကြပါစို့။

# ရှာဖွေခြင်းနှင့်တွေ့ရှိခြင်း

"'မိန်းမတကာတို့ထက် အဆင်းလှသောအစ်မ၊ သင်ချစ်ရာသခင်သည် အဘယ်အရပ်သို့ ကြွတော်မူသနည်း။ အကျွန်ုပ်တို့သည် သင်နှင့်အတူ သူ့ကိုရှာရမည်အကြောင်း၊ သင်ချစ်ရာသခင်သည် အဘယ်အရပ်သို့ လွှဲသွားတော်မူသည်ကို ပြောပါ။ ငါချစ်ရာသခင်သည် ဥယျာဉ်၌ သစ်သီးကို စား၍ နှင်းပွင့်ကိုဆွတ်ယူမည်ဟု ဥယျာဉ်တော်တွင် နံ့သာတောသို့ ဆင်းသွားတော်မူ၏။ ငါချစ်ရာသခင်သည်ငါ့ကိုဆိုင်တော်မူ၏။ ငါသည်လည်း သခင်ကိုဆိုင်ပေ၏။ နှင်းတော၌ ကျက်စားတော်မူ၏။"

အခန်းကြီး ၅၊ အပိုဒ်ငယ် ၉ တွင် ဖော်ပြထားသည့်၊ သူတို့ပြောခဲ့သော စကားကြောင့် သူမ၏သူငယ်ချင်းတို့သည် နောင်တရခဲ့ကြပါသည်။ သူ့ယောကျ်ားသည် လူကောင်းဖြစ်၍၊ သူမကို အမှန်တကယ်ချစ်ကြောင်း၊ သူ့မိတ်ဆွေတို့ကို နားဝင်အောင်ပြောပြခဲ့ပါသည်။ သူတို့သည် သူမ၏ ယောကျ်ားကို ကူရှာပေးမည်အကြောင်း သဘောတူခဲ့ကြပါသည်။

သူ့ယောကျ်ားသည် မိမိ၏ဥယျာဉ်ထဲ၌ ရှိကြောင်း ယခု သူမ သိရပါသည် (နှိုင်း - ၂း၅)။ သူသည် သာယာသော ရှုခင်းများကြည့်ခြင်းဖြင့် နှိမ့်သိမ့်မှုရှာရန်နှင့် မိမိ၏ပျိုးပင် ပန်းမန်များကို ပြုစုရန် ထိုနေရာသို့ သွားခဲ့ခြင်းဖြစ်ပါသည်။ သူတို့နှစ်ဦးသည် အချင်းချင်း အမှန်ချစ်ကြကြောင်း သံသယ ရှိစရာ လုံးဝ မရှိပါ။ "နှင်းတော၌ကျက်စားတော်မူ၏" - ယောကျ်ားသည် အိမ်ထောင်ရှင်ဘဝ၌လည်း သူ့ဇနီးနှင့်သူ့အကြား၌ ရှိသော ဆက်ဆံရေးကို ပိုမိုလှပလာအောင် ဆက်လက်ပြုစုလျက် ဂရုစိုက် ထိန်းသိမ်းရပါမည် (နှိုင်း - ၂း၁၆)။

ထိုနည်းတူ၊ မိမိလူတို့သည် မိမိကို ရှာကြခြင်းငှါ ဘုရားသခင် အလိုရှိတော်မူ၏၊ ထိုသို့ အမှန်ရှာကြလျှင် သူတို့သည် ဘုရားသခင်ကို တွေ့ရကြလိမ့်မည်ဖြစ်ပါသည်။ "သင်တို့သည် ငါ့ကိုခေါ်၍ သွားလာကြလိမ့်မည်။ ဆုတောင်းသောအခါ သင်တို့စကားကို ငါနားထောင်မည်။ ငါ့ကို ရှာသောအခါ စိတ်နှလုံးအကြွင်းမဲ့နှင့်ရှာလျှင် တွေ့ကြလိမ့်မည်။ ငါသည်လည်း သင်တို့ အတွေ့ကို ခံမည် . . . ထာဝရဘုရားမိန့်တော်မူ၏" (ယေရမိ ၂၉း၁၂-၁၄)။

**ဆင်ခြင်ရန်** - "ငါ့ကိုချစ်သောသူတို့ကို ငါချစ်၏။ ငါ့ကို ကြိုးစား၍ရှာသောသူတို့သည် တွေ့တတ်ကြ၏" (သု ၈း၁၇)။

**ဆုတောင်းချက်-** "တောင်းကြလော့၊ တောင်းလျှင်ရမည်။ ရှာကြလော့၊ ရှာလျှင်တွေ့မည်။ တံခါးကို ခေါက်ကြလော့၊ ခေါက်လျှင် ဖွင့်မည်" (မသဲ ၇း၇)။

# အနှိုင်းမဲ့ကျွန်ုပ်၏ဇနီးမယား

“ငါချစ်သောနှမ၊ သင်သည် တိရဇမြို့ကဲ့သို့လှ၏။ ယေရုရှလင်မြို့ကဲ့သို့တင့်တယ်၏။ စစ်မျက်နှာကဲ့သို့ ကြောက်မက်ဘွယ်ဖြစ်၏။ သင်၏မျက်စိတို့ကို ငါမှလွှဲပါ။ သူတို့သည်ငါ့ကိုအောင်ပြီ။ သင်၏ဆံပင်သည်လည်း ဂိလဒ်တောင်ပေါ်မှ ဆင်းလာသော ဆိတ်စုကဲ့သို့ဖြစ်၏။ သင်၏သွားတို့သည်လည်း ရေချိုးရာမှ တက်လာသောသိုးစုကဲ့သို့ဖြစ်ကြ၏။ တကောင်မျှမလျော့။ အမွှာသာ ဘွားတတ်ကြ၏။ နားပန်းဆံကြားမှာ ပါးတို့သည် သလဲသီးရှက်နှင့်တူကြ၏။”

သူမသည် အလွန်တင့်တယ်လှပ၍ ဆွဲဆောင်မှုရှိကြောင်း၊ သူမကို သူ့ယောက်ျားက အရင်ကဲ့သို့ ချီးမွမ်းခဲ့ပါသည်။ သူမ၏အလှကို ခါနန်ပြည်၏နန်းမြို့တော် (ယောရှု ၁၂း၂၄)၊ တိရဇမြို့နှင့် ခိုင်းနှိုင်းထားပါသည် - ဤမြို့သည် သဘာဝရှုခင်းအလှနှင့်ဉယျာဉ်ခြံအလှ၌ ကျော်ကြားခဲ့ပါသည်။ ထို့ပြင် သူမ၏ဆွဲဆောင်မှုရှိခြင်းကို သန့်ရှင်း ငြိမ်းချမ်းသော မြို့ (ဆာလံ ၄၈း၁-၂)၊ ဣသရေလ၏မြို့တော် ယေရုရှလင်မြို့နှင့် ခိုင်းနှိုင်းထားပါသည်။

ဤမြို့နှစ်မြို့က ဇနီးမောင်နှံ အကြား ခန္ဓာနှင့်စိတ်ဝိညာဉ် တလုံးတဝတည်းရှိခြင်းကို ဖော်ညွှန်းထားပါသည်။ ရုပ်ပိုင်းဆိုင်ရာ ဆွဲဆောင်မှု တခုတည်းဖြင့် အိမ်ထောင်ရှင်ဘဝကို မတည်မြဲစေနိုင်ပါ၊ စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ လေးစားမှု ရှိကိုရှိရပါမည်။ အချင်းချင်း တဦးနှင့်တဦး အားပေးလျက် သူတို့၌ ရှိသော ဝိညာဉ်ပိုင်းဆိုင်ရာ အရည်အချင်းများကို ဖလှယ်ကြရပါမည်။ ထိုအရာက သူတို့၏ အိမ်ထောင်ရေးကို တည်မြဲစေ၍ ခိုင်ခံ့စေမည်ဖြစ်ပါသည်။ တဖန်၊ မင်္ဂလာဦးည၌ သူမကို ချီးမွမ်းသကဲ့သို့ (၄း၁-၅) ထပ်၍ချီးမွမ်းခဲ့ပါသည်။ သူမ အပေါ်ထားရှိသော သူ၏စိတ်ဆန္ဒသည် တစ်စက်မျှ လျော့ မသွားခဲ့ပါ။

ထိုနည်းတူ၊ ခရစ်တော်သည် မိမိအသင်းတော်ကို မိမိချစ်တော်မူကြောင်း ဖော်ပြတော်မူခဲ့၏။ သူသည် လဲကျသောကြောင့်၊ ခရစ်တော်သည် သူ့ထံမှ အတော်အတန် ပုန်းနေခဲ့သော်လည်း၊ သူ့အပေါ်ထားသော ချစ်ခြင်းမေတ္တာသည် ဘယ်တော့မှ မညိုးနွမ်း၊ ပြောင်းလဲခြင်းရှိတော် မမူ (နှိုင်း - ရောမ ၈း၃၅-၃၉)။ အသင်းတော်သည် သူတပါးအတွက် ကြောက်စရာကောင်းသော်လည်း၊ ခရစ်တော်အတွက် အလွန်တင့်တယ်လှပပါ၏။ အသင်းတော်သည် ဤလောကီလူသားများအတွက် မဟုတ်ဘဲ၊ ကယ်တင်ရှင် သခင်ဘုရားအတွက် မိမိကိုယ်ကို ဆွဲဆောင်မှုရှိအောင် ပြင်ဆင်လျက်ရှိပါသည်။ “သင်တို့သည် လောကီနှင့်ဆက်ဆံလျှင် လောကီသားတို့သည် မိမိတို့နှင့်ဆက်ဆံသော သင်တို့ကိုချစ်ကြလိမ့်မည်။ သင်တို့သည် လောကီနှင့်မဆက်ဆံ။ လောကီထဲက ငါရွေးကောက်သော သူဖြစ်သောကြောင့် လောကီသားတို့သည် သင်တို့ကိုမုန်းကြ၏” (ယော ၁၅း၁၉)။

**ဆင်ခြင်ရန်** - “အိုထာဝရဘုရား၊ အကျွန်ုပ်၏ခွန်အားဗလတည်းဟူသော ကိုယ်တော်ကို အကျွန်ုပ် ချစ်ပါ၏” (ဆာလံ ၁၈း၁)။

**ဆုတောင်းချက်-** “အို ခရစ်တော်၊ ကိုယ်တော်ကို ပို၍ပို၍ ချစ်မည်အကြောင်း၊ အကျွန်ုပ်၏ ဒူးထောက်ဆုတောင်းသံကို နားညောင်းတော်မူပါ” (Elizabeth Prentiss)။

# အကျွန်ုပ်၏တပါးတည်းသော

"မိဖုရားခြောက်ကျိပ်၊ မောင်းမမိဿံရှစ်ကျိပ်၊ အပျိုတော်အတိုင်းမသိရှိကြ၏။ ငါ့ချစ်၊ ငါ၏စုံလင်သူသည် ငါ၌တပါးတည်းရှိ၏။ ငါ၌ဘွားမြင်သောမိခင်၌ အချစ်ဆုံးသောသမီးဖြစ်၏။ လူမျိုးသမီးတို့သည် သူ့ကိုမြင်၍ကောင်းကြီးပေးကြ၏။ မိဖုရားများနှင့် မောင်းမမိဿံများသည် သူ့ကိုမြင်၍ချီးမွမ်းကြ၏။ လကဲ့သို့တင့်တယ်လျက်၊ နေကဲ့သို့ထွန်းလင်းလျက်၊ စစ်မျက်နှာကဲ့သို့ ကြောက်မက်ဖွယ်ဖြစ်လျက်၊ နံနက်ကဲ့သို့မျှော်ရှုသော သတို့သမီးကား အဘယ်သူနည်း။"

ဤနေရာတွင် ရှောလမုန်သည် သူ၏မောင်းမကို ရည်ညွှန်းနေသလား (နှိုင်း ၁ ရာ ၁၁း၃)။ လုံးဝမဟုတ်ပါ။ သူ့ဇနီးသည်ကိုချစ်သည့်စိတ်သည် ရိုးသားဖြူစင်သည့်အတွက် အခြားအဘယ်သူမျှမရှိတော့သည်မှာ သူ့သီချင်းအားလုံးကို ရှင်းရှင်းလင်းလင်းတွေ့မြင်ရသည်။ ဤရှောလမုန်၏သီချင်းသည် သူ၏အုပ်ချုပ်မှုအစောပိုင်းအချိန်၊ ဘုရားသခင်နှင့်ဝိညာဉ်ရေးအရ နီးကပ်နေချိန်တွင် ပညာရှိနေချိန်တွင် ရေးသားခဲ့ခြင်းဖြစ်ရမည်။ ထိုအချိန်တွင် သူ့၌မောင်းမမရှိခဲ့ပါ။

ဤနေရာတွင်ဖော်ပြချက်မှာ တိုင်းတပါးဘုရင်များသည် မယားငယ်များနှင့် မောင်းမမိဿံများကိုစုဆောင်းလေ့ရှိသည့် တော်ဝင်နန်းတွင်းများတွင် ဖြစ်လေ့ရှိသည့် ဖော်ပြချက်ဖြစ်နိုင်သည်။ အခြားဘုရင်များတွင် မိန်းမများနှင့်အပျိုကညာများစွာ ရွေးချယ်စရာရှိကြသော်လည်း ရှောလမုန်ကမူ မိမိ၌တဦးတည်းသာရှိကြောင်းကို "ငါ့ချစ်၊ ငါ၏စုံလင်သူသည် ငါ၌တပါးတည်းရှိ၏" ဟူ၍ မိန့်ဆိုခဲ့သည်။ အခြားသောမိန်းမများက သူမကိုယှဉ်လို့မရပါ။ မနက်ခင်း၏ လန်းဆန်းမှု၊ ည၏စိတ်ကူးအိပ်မက်များနှင့် နေ့၏တောက်ပမှုများကို ဖော်ထုတ်ပေးသည့် သူမ၏အလှကြောင့် အခြားသောမိန်းမတို့သည် ထွက်၍ ရှောလမုန်၏မိန်းမကို ချီးမွမ်းကြသည်။ သူမသည် "နဖူးစည်းထားသော စစ်သားကဲ့သို့ ကြောက်မက်ဖွယ်ကောင်း၏ (နှိုင်း ၆း၄)။ အမျိုးသမီးတဦးဖြစ်သော်လည်း ခင်ပွန်း၏ရန်သူများ၏ နှလုံးသားထဲတွင် အကြောက်တရားများပေါ်ပေါက်စေသည်။ သူမသည် ခိုင်ခံ့ပြီးခင်ပွန်းဖြစ်သူတိုက်ခိုက်ခံရသောအခါတွင် လျင်မြန်စွာ ခုခံကာကွယ်နိုင်စွမ်းရှိကြောင်း သူမကိုယ်တိုင် ပြသခဲ့သည်။ ခင်ပွန်း၏ဂုဏ်သတင်းကို စိတ်အားထက်သန်စွာ သူမကာကွယ်စောင့်ရှောက်ခဲ့သည် (၁း၃၊ နှိုင်း သု ၂း၁)။

ထိုနည်းတူ ရွေးနှုတ်ခြင်းခံရသူအားလုံး ပါဝင်သောစစ်မှန်သောအသင်းတော်သည် တုနှိုင်း၍မရနိုင်ပါ။ ခရစ်တော်၌ သတို့သမီးတပါးတည်းသာရှိပြီး၊ သူမ၏နေရာကို အဘယ်သူမျှ သိမ်းပိုက်နိုင်မည်မဟုတ်ပေ။ သူ၏အာရုံစိုက်မှုကို ရဖို့ရန် ယှဉ်ပြိုင်ကြိုးစားသောအများအပြားရှိကောင်း ရှိနိုင်သော်လည်း သူသည်သူမကိုသာ အာရုံစိုက်သည်။

**ဆင်ခြင်ရန်** - "သင်သည်အခြားသောလူမျိုးထက် သာ၍များသောကြောင့်၊ ထာဝရဘုရားသည် သင့်ကိုချစ်၍ ရွေးချယ်တော်မူသည် မဟုတ်။ သင်သည်အခြားသောလူမျိုးတို့ထက် သာ၍နည်း၏။ ထာဝရဘုရားသည် သင့်ကို ချစ်သောကြောင့် . . ." (တရား ၇း၇-၈)။

**ဆုတောင်းချက်-** "ထာဝရဘုရားသည် ငါတောင်းပန်ခြင်း အသံကိုကြား၍၊ ငါ့ဘက်သို့နားတော်ကိုလှည့်တော်မူသောကြောင့်၊ ငါနှစ်သက်၏" (ဆာလံ ၁၁၆း၁)။

# ပြန်လာပါ

"ချိုင့်ထဲမှာသစ်သီးများကိုကြည့်ရှု၍ စပျစ်နွယ်ပင်သန်သည် မသန်သည်ကိုငှင်း၊ သလဲပင်ပွင့်သည်မပွင့်သည်ကိုငှင်း၊ သိခြင်းငှါ ငါပြုစုသော ဥယျာဉ်သို့ ငါဆင်းသွား၏။ သတိမရမီ ငါ့ဝိညာဉ်သည် အမိနဒိပ်ရထားကိုစီးသဲ့သို့ဖြစ်၏။ အိုရှုလမိတ်၊ ပြန်လာပါ။ ပြန်လာပါ။ အကျွန်ုပ်တို့သည် သင့်ကိုရှုမြင့်ရမည်အကြောင်း ပြန်လာပါ။ ရှုလမိတ်၌ အဘယ်သို့သောအရာကို တွေ့မြင်ကြလိမ့်မည်နည်း။ စစ်တပ်နှစ်တပ်ကဲ့သို့ တွေ့မြင်ကြပါမည်။"

သူ့ဥယျာဉ်ထဲသို့ သူဆင်းချိန်၊ ထိုအရပ်၌ သူမကိုတွေ့ခဲ့၏။ သူမကိုချစ်သလောက် သူ့ကို သူမချစ်နေတုန်းဖြစ်သည်။ သူ့နှလုံးသားက သူမကိုရှာဖွေဖို့ အရမ်းတက်ကြွသည်။ မြန်နှုန်းအရှိန်ကြောင့် ကျော်ကြားသော "အမိနဒိပ်၏ရထားများ" ကဲ့သို့ ခံစားနေ၏။ "အမိနဒိပ်" ၏အဓိပ္ပာယ်မှာ "ကျွန်ုပ်၏ဆန္ဒရှိသောလူများ" ဟူ၍ဘာသာပြန်နိုင်၏။ သူ၏သစ္စာရှိသောကျွန်များကို ရှောလမုန်ခေါ်သောအခါ အကူအညီပေးဖို့ရန် အလျင်အမြန်လုပ်ဆောင်ကြသည်။ သူမခေါ်သောအခါ သူသည် သူမနှင့်အတူ ချက်ချင်းအတူရှိနေချင်သောကြောင့် သူ့စိတ်နှလုံးသားမှာ ဒုန်းစိုင်းပြေးနေ၏။

သူသည်ယခုတွင် သူမအား သူမသူငယ်ချင်းများနှင့်အတူ သူ့ထံသို့ပြန်လာကြဖို့မိန့်ဆို၏ (၆း၁)။ သူမ၏နာမည် ရှုလမိတ် (ဟေဗြဲစကား) ဟူသောနာမကို ဤနေရာတွင်အဦးဆုံးဖော်ပြခြင်းဖြစ်သည်။ ရှုလမိတ်ကားအဘယ်သူနည်း။ သူမသည် ရှုနမိတ်လူမျိုး အဘိရှပ်ဖြစ်နိုင်သည် (၁ ရာ ၁း၃-၄၊ ၁၅)။ ရှုလမိတ်လူသည် ဂါလိလဲပြည်အောက်ပိုင်း၌ရှိသော ရှုနန်မှလူတဦးဖြစ်နိုင်သည် (ယောရှ ၁၉း၁၈၊ ၁ ရာ ၂၈း၄)။ Eusebius ၏အဆိုအရ ရှုနန်သည် "တာဗော်တောင်၏ တောင်ဘက် ၅မိုင်အကွာတွင် ရှိပြီး ဆူလမ်ဟုလူသိများသည်။ ယင်းသည် ယေဇရေလ၏မြောက်ဘက် ၃ မိုင်အကွာရှိရွာ ဂိလဗောအာမြို့မှ ငါးရွာဖြစ်သည့် လက်ရှိ ဆူလမ်၏အနေအထားနှင့်ကိုက်ညီမှုရှိသည်" (စမစ်၏သမ္မာကျမ်းစာအဘိဓာတ်)။

Adam Clarke ၏အဆိုအရ စစ်တပ်နှစ်ဖွဲ့သည် "သတို့သမီး၏အပျိုကညာနှင့် သတို့သား၏အဖော်များကိုရည်ညွှန်းနိုင်သည်"။ အသက်တာတွင်ခွန်အားယူဖို့ရန်မှာ ခရစ်တော်သည် သူ၏အသင်းတော်ကိုကြည့်ရှုရန် လျင်မြန်စွာကြွလာသောအခါ သူမမှာ ဝိညာဉ်တော်၏ကျေးဇူးတော်နှင့် ဆုကျေးဇူးများဖြင့် ပြည့်နှက်၍၊ တက်ကြွပြီး အသီးသီးနေသည်ကို တွေ့မြင်သည်။ ဖောက်ပြန်ခဲ့သောယခုအခါ ဝိညာဉ်ရေးရာကျန်းမာ၍ ခွန်အားပြန် လည်ရရှိနေပြီဖြစ်ပါသည်။ "အိုဖောက်ပြန်သောသူငယ်သင်တို့ပြန်လာကြလော့။ ဖောက်ပြန်ရာများကိုငါပြုပြင်မည်။ သူတို့ကလည်းအကျွန်ုပ်တို့သည် ကိုတော်ထံသို့လာကြပါ၏။ ကိုယ်တော်သည် အကျွန်ုပ်တို့၏ဘုရားသခင်ထာဝရဘုရား ဖြစ်တော်မူ၏ (ယေရမိ ၃း၂၂)။

**ဆင်ခြင်ရန်** - "ငါ့ထံသို့ ပြန်လာကြလော့။ ငါသည်လည်း သင်တို့ဆီသို့ ပြန်လာမည်" (မာလ ၃း၇)။

**ဆုတောင်းချက်-** ဘုရားသခင်နှင့်မဝေးမည် အကြောင်း ဆုတောင်းပါ။

# တင့်တယ်သောခြေ

"အိုမင်းသမီး၊ ခြေနင်းစီးလျက် သင်၏ခြေတို့သည် အလွန်တင့်တယ်ပါ၏။ သင်၏ခါးဆစ်တို့သည် လိမ္မာသောသူပြုပြင်သော ကျောက်ကောင်းရတနာကဲ့သို့ဖြစ်ကြပါ၏။"

ခင်ပွန်းသည်က ဇနီးသည်၏ခန္ဓာကိုယ်ကို ဆက်လက်ချီးမွမ်း၏။ ကျွမ်းကျင်သော လက်သမားဆရာက ကောင်းစွာထုလုပ်ထားသည့် လှပသော ခြေဖဝါးနှင့်ပေါင်များကိုချီးမွမ်းထား၏ (ကမ္ဘာ ၂း၂၂ ရှိ "ဖန်ဆင်းသည်" ဟူသောစကားလုံးက "တည်ဆောက်" သည်ဟုဆိုလိုပြီး ဂရုတစိုက်တည်ဆောက်ခြင်းကို ဆိုလိုသည်)။ ဘုရားသခင်သည် အမျိုးသမီးအား ခင်ပွန်းသည်အဖို့ ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာအံဝင်ခွင်ကျဖြစ်အောင် ပုံသွင်းခဲ့သည်။

ဝိညာဉ်ရေးရာအရပြောရလျှင် အသင်းတော်သည် ဧဝံဂေလိတရားသတင်းကောင်းကို ဟောပြောသောကြောင့် လှပသောခြေများပိုင်ဆိုင်ထားသည်။ "ငြိမ်သက်ခြင်း၏ဝမ်းမြောက်စရာသိတင်းကိုကြားပြောသောသူ၊ ကယ်တင်ခြင်းကောင်းကျိုးချမ်းသာ၏ ဝမ်းမြောက်စရာသတင်းကိုကြားပြောသောသူ၊ သင်၏ ဘုရားသခင်စိုးစံတော်မူ၏ဟု ဇိအုန်မြို့အား ပြောသောသူ၏ခြေတို့သည် တောင်ပေါ်မှာ အလွန်တင့်တယ်လှစွတကား" (ဟေရှာ ၅၂း၇၊ ရော ၁၀း၁၅)။

တရားဟောဆရာသည် ခေါ်ခြင်းခံရသောသူနှင့်ပျောက်ဆုံးသောသူတို့ထံ ပို့ဆောင်ခံရသောသူဖြစ်ရမည်။ "ယုံကြည်သောသူအပေါင်းတို့သည် ဖြောင့်မတ်ရာသို့ရောက်မည်အကြောင်း၊ ပညတ်တရားသည် ခရစ်တော်အားဖြင့်စုံလင်ခြင်းရှိ၏။ မောရှေကလည်း ထိုအကျင့်ကိုကျင့်သောသူသည် ထိုအကျင့်အားဖြင့်အသက်ရှင်လိမ့်မည်ဟု ပညတ်တရားနှင့်စပ်ဆိုင်သောဖြောင့်မတ်ခြင်းတရားကိုရည်မှတ်၍ ရေးထားသတည်း။ ယုံကြည်ခြင်းနှင့်စပ်ဆိုင်သော ဖြောင့်မတ်ခြင်းတရားဆိုသည်ကား ကောင်းကင်သို့အဘယ်သူတက်လိမ့်မည်နည်း။ နက်နဲရာထဲသို့ အဘယ်သူဆင်းလိမ့်မည်နည်းဟု စိတ်ထဲမှာမအောက်မေ့နှင့်ဟုဆို၏။ ထိုသို့ဆိုသော် ခရစ်တော်ကိုဆောင်ခဲ့ခြင်းငှါ ကောင်းကင်သို့အဘယ်သူတက်လိမ့်မည်နည်း။ ခရစ်တော်ကို သေခြင်းမှထမြောက်စေခြင်းငှါ နက်နဲရာထဲသို့ အဘယ်သူဆင်းလိမ့်မည်နည်းဟု ဆိုလိုသတည်း" (ရောမ ၁၀း၄-၇)။

လူတစ်ဦးသည် ဧဝံဂေလိတရားကိုယုံကြည်ပြီးနောက် ဘုရားသခင်၏တရားတော်အလုံးစုံကို သင်ယူရပါမည်။ တရားဟောသူသည် သွန်သင်သူတစ်ဦးလည်းဖြစ်ရပါမည်။ တရားဟောသူတစ်ဦးအတွက် ဧဝံဂေလိတရားကို သစ္စာရှိစွာ ဟောပြောရုံဖြင့် မလုံလောက်ပေ။ သူသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကျွမ်းကျင်စွာသင်ကြားရပါမည်။ ထို့ကြောင့် သမ္မာကျမ်းစာသင်ကျောင်းတွင် လေ့လာသင်ယူခြင်းသည် အလိုအပ်ဆုံးဖြစ်သည်။ တရားဟောသူသည် ပါးနပ်သောအလုပ်သမားတစ်ဦးကဲ့သို့ "ဝန်ခံတော်မူသောသူ၊ ရှက်ကြောက်စရာအကြောင်းမရှိဘဲ၊ သမ္မာတရားကို မှန်ကန်စွာပိုင်းခြားတတ်သော ဆရာသမားဖြစ်လျက်၊ ဘုရားသခင်ရှေ့၌ ကိုယ်ကိုကိုယ် ဆက်သခြင်းငှါ ကြိုးစားအားထုတ်လော့" (၂ တိ ၂း၁၅)။

**ဆင်ခြင်ရန်** - "တဖန် ထာဝရဘုရားက၊ ငါသည် အဘယ်သူကို စေလွှတ်ရမည်နည်း။ ငါတို့အဘို့ အဘယ်သူသွားမည်နည်းဟု မေးတော်မူသံကို ငါကြားလျှင်၊ ငါက၊ အကျွန်ုပ်ရှိပါ၏။ အကျွန်ုပ်ကို စေလွှတ်တော်မူပါဟု လျှောက်လေ၏" (ဟေရှာ ၆း၈)။

**ဆုတောင်းချက်-** အချိန်ပြည့်အမှုတော်ဆောင်ဖို့ရန် ဘုရားသခင်၏ခေါ်တော်မူခြင်းကို နာခံမည်အကြောင်း ဆုတောင်းပါ။

# သင်သည်အလွန်လှပ၏

“သင်၏ခါးသည် အရည်နှင့်ပြည့်သောဖလားလုံးဖြစ်ပါ၏။ ဝမ်းသည်လည်း နှင်းပန်းစီခြယ်သောစပါးပုံဖြစ်ပါ၏။ သင်၏ရင်သားနှစ်ဘက်တို့သည် ဒရယ်သငယ်အမွှာနှင့်တူ၏။ လည်ပင်းသည် ဆင်စွယ်ရဲတိုက်ကဲ့သို့၎င်း၊ မျက်စိတို့သည် ဟေရှဘုန်မြို့၊ ဗာသရဗ္ဗိမ်တံခါးနားမှာ ရှိသောရေကန်ကဲ့သို့၎င်း၊ နှာခေါင်းသည် ဒမာသက်မြို့သို့ မျက်နှာပြုသော လေဗနုန်ရဲတိုက်ကဲ့သို့၎င်း ဖြစ်ပါ၏။ သင်၏ဦးခေါင်းသည် ကရမေလတောင်နှင့်တူ၍ ဆံပင်သည်လည်း နီမောင်းသောတန်ဆာဆင်ပါ၏။ မင်းကြီးသည် ကျစ်သောဆံပင်နှင့်နှောင်ဖွဲ့လျက်ရှိတော်မူ၏။ ငါချစ်သောနှမ၊ ငါပျော်မွေ့ဘို့ရာ သင်သည်အလွန်လှပေ၏။ အလွန်ချစ်ဖွယ်သော လက္ခဏာနှင့်ပြည့်စုံပေ၏။ သင့်၏အရပ်သည် စွန်ပလွံပင်ကဲ့သို့ဖြစ်၍၊ သင်၏ရင်သားတို့လည်း စွန်ပလွံသီးပြွတ်နှင့်တူကြ၏။ စွန်ပလွံပင်ကိုငါတက်မည်။ အကိုင်းအခက်တို့ကို ကိုင်မည်ဟုငါဆိုသော် တဖန်သင်၏ရင်သားတို့သည် စပျစ်သီးပြွတ်ကဲ့သို့၎င်း၊ သင်ရှူသောအသက်အနံ့သည် ရှောက်ချိုသီးအနံ့ကဲ့သို့၎င်း၊ သင်၏နှုတ်သည်လည်း အကောင်းဆုံးသောစပျစ်ရည်ကဲ့သို့၎င်းဖြစ်ပါ၏။”

ဇနီးသည်၏ ရုပ်ပိုင်းဆိုင်ရာလှပမှုအတွက် ချီးမွမ်းခြင်းမှာ ဆက်တိုက်ဖြစ်ပေါ်နေသည် (၁း၈-၁၅၊ ၄း၁-၅၊ ၆း၄-၇)။ ခြေထောက်၊ ပေါင်၊ ရင်၊ ဗိုက်၊ နှာခေါင်း၊ ခေါင်း၊ အရပ်၊ ပါးစပ်တို့ကို သူဖော်ပြခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ပြီး၊ ၎င်းတို့သည် သူ့အတွက်ချစ်စရာကောင်းပြီး ကြည်နူးစရာကောင်းလှသည်။ “ငါချစ်သောနှမ၊ ငါပျော်မွေ့ဘို့ရာ သင်သည်အလွန်လှပေ၏။ အလွန်ချစ်ဖွယ်သော လက္ခဏာနှင့်ပြည့်စုံပေ၏” (အငယ် ၆)။ ဟေရှဘုန်သည် အာမန်အနီးရှိ မောဘမြို့ဖြစ်ပြီး၊ အပန်းဖြေရေလှောင်ကန်များကြောင့် ကျော်ကြားသည်။ ဗာသရဗ္ဗိမ်အကြောင်းကို ဘာမှမသိရပါ။ အချို့က ၎င်းမှာ ဟေရှာဘုန်မြို့တံခါးဟု ထင်မြင်ကြသည်။ လေဗနုန်ရဲတိုက်သည် နှင်းဖုံးနေသော လေဗနုန်တောင်တန်းများထဲက တစ်ခုကို ရည်ညွှန်းနိုင်သည်။ ဒမာသက်မြို့မှာ လေဗနုန်တောင်တန်းများအနီးတွင် တည်ရှိပြီး ဆီးရီးယား၏မြို့တော်ဖြစ်သည်။ ကရမေလသည် ဣသရေလ မြောက်ပိုင်းရှိ တောင်ကုန်းနှင့်ရှုခင်းသာနယ်မြေဖြစ်သည် (ဟေရှာ ၃၅း၂)။

နောက်ဆုံးစကားကိုမိန့်ဆိုသောသတို့သားသည် သူ၏မိန့်ခွန်းကို ဆက်ဆိုပြီး ဇနီးသည်၏ ခန္ဓာကိုယ်အစိတ်အပိုင်းများနှင့် တန်ဆာပလာများ၏ အံ့ဝင်ခွင်ကျဖြစ်ခြင်းကို ချီးမွမ်းခြင်းဖြင့် အဆုံးသတ်သည်။ ဤအရာက ဒီဇိုင်းတစ်ခုသာရှိပြီး လှပမွန်မြတ်သောအမျိုးသမီးတစ်ဦး၏ ကိုယ်စားပြုမှုအောက်တွင် အသင်းတော်၏အလှနှင့်ဘုန်းအသရေကို ဖော်ပြရန်မှအပ အခြားထူးခြားသော ဖော်ပြချက်မရှိနိုင်ပါ (Matthew Poole)။

**ဆင်ခြင်ရန်** - “အကျွန်ုပ်တို့၏ဘုရားသခင် ထာဝရဘုရား၏ကျေးဇူးတော်သည် အကျွန်ုပ်တို့အပေါ်သို့ရောက်ပါစေသော” (ဆာလံ ၉၀း၁၇)။

**ဆုတောင်းချက်-** ကယ်တင်ရှင် ခရစ်တော်၏တင့်တယ်မှုကို ပေါ်လွင်စေသော အသက်တာ ပိုင်ဆိုင် မည်အကြောင်း ဆုတောင်းပါ။

# အချစ်ကြီးထွားခြင်း

“ငါချစ်ရာသခင်သည် ငါ့ကိုဆိုင်တော်မူ၏။ ငါ့အလိုသို့လည်း လိုက်တော်မူတတ်၏။”

ခင်ပွန်းသည်က သူမကိုသာအလိုရှိသည့်အတွက် သူမသည် အလွန်ဝမ်းသာ၏။ သူမက အလုံးစုံကို သူ့ထံသို့ အပ်နှံထားသည် (၂း၁၆၊ ၆း၃ ကိုကြည့်ပါ)။ ပျော်ရွှင်ကောင်းမွန်သော အိမ်ထောင်ရေးတွင် စုံတွဲများသည် တစ်ဦးနှင့်တစ်ဦးချစ်ခင်လေးစားမှု၌ ပို၍ကြီးထွားတတ်သည်။

“ဤအရာများမှာ ခရစ်တော်နှင့်ပေါင်းစည်းသော ယုံကြည်ခြင်း၏ အာမခံချက်နှင့်သူ့ကို စိတ်ဝင်စားကြောင်း အခိုင်အမာဖော်ပြသည့်အသင်းတော်၏ စကားများဖြစ်သည်။ . . . သူ၏ စိတ်တော်သည်သူ၏ကြင်ဖော်သတို့သမီးဖြစ်သော သူမအတွက်သာလျှင်ဖြစ်သည်။ ၎င်းသည် ထာဝရကာလကတည်းကဖြစ်သည်။ ဖခမည်းတော်ကို တောင်းလျှောက်သောအခါ၊ ခမည်းတော်က သူမကိုသူ့ထံသို့ ပေးအပ်ခဲ့သည်။ အချိန်တန်မှ သူမ၏ကယ်တင်ခြင်းကို ဆောင်ရွက်ပေးသည်။ ထို့ကြောင့် သူသည် လူ့ဇာတိခံယူပြီး သူမအစားဝေဒနာခံစားရကာ အသေခံခဲ့သည်။ သူ၏လူများ အသက်တာမပြောင်းလဲခင်၌ မိမိစိတ်ဆန္ဒမှာ သူတို့အားကျေးဇူးပြုဖို့ စောင့်မျှော်ဖို့ရန် ဖြစ်သည်။ သူတို့ပြောင်းလဲပြီးနောက်၊ သူတို့နှင့်ပေါင်းသင်း၍ သူတို့၏ကျေးဇူးကို သူ့အပေါ်တွင် ကျင့်ဖို့ရန်၎င်း၊ သူတို့၏အလှကို ကြည့်ရှုဖို့ရန်၎င်းဖြစ်၍ သူ၏ဆန္ဒမှာ ဘုန်းကြီး၍သူတို့အားလုံးကို မရရှိချိန်ထိ ကျေနပ်မှုရှိနိုင်မည်မဟုတ်ပေ။ ထို့နောက် ဤစကားစုသည် ခရစ်တော်နှင့်အသင်းတော်၏ လင်မယား ဖြစ်ခြင်းနှင့်ဆိုင်သော ခရစ်တော်သည် အသင်းတော်၏ ခင်ပွန်းသည်ဖြစ်ခြင်းနှင့်၊ အသင်းတော်သည် ခရစ်တော်၏ဇနီးသည်ဖြစ်ခြင်း၊ မယားအဖြစ်ခေါ်ခြင်း (ယေဇ ၂၄း၁၆) စသည်တို့ကိုသာ ညွှန်ပြခြင်း မဟုတ်ဘဲ၊ ခင်ပွန်းသည်အနေဖြင့် ခရစ်တော်၏အသင်းတော်ဖြစ်သောသူမအပေါ် ဂရုတစိုက်စောင့် ရှောက်ခြင်း၊ သူမ၏ဆင်းရဲခြင်းအပေါင်း၌ သနားစုံမက်ခြင်း၊ အန္တရာယ်များနှင့်ရန်သူအပေါင်းတို့မှ သူမကိုကာကွယ်ပေးခြင်း၊ သူမအတွက် လိုအပ်သောအရာအားလုံးကို ထာဝရဖြည့်ဆည်းပေးခြင်း ကိုလည်း ညွှန်ပြထားသည်။ အချို့သောသူက “သူ၏စိတ်ဆန္ဒမှာ ကျွန်ုပ်ထံ၌ရှိကြောင်းကို မြင်သည်” ဟု ပြန်ဆိုတတ်ကြသည်။ ထို့ကြောင့် သူမသည် သူ့ကိုယုံကြည်ကြောင်း ဝန်ခံပြီး၊ သူမအသက်တာ ကို သူ့ထဲသို့ အပ်နှံထားသည်” (John Gill)။

**ဆင်ခြင်ရန်** - “အိုဘုရားသခင်၊ ကိုယ်တော်သည် အကျွန်ုပ်၏ဘုရားသခင်ဖြစ်တော်မူ၏၊ ကိုယ်တော်ကို ကြိုးစား၍ရှာပါ၏။ ရေမရှိ သွေ့ခြောက်သော လွင်ပြင်၌အကျွန်ုပ် ဝိညာဉ်သည် ကိုယ်တော်ကို ငတ်ပါ၏။ အကျွန်ုပ်၏ခန္ဓာကိုယ်သည်လည်း ကိုယ်တော်ကို လွမ်းဆွတ်ပါ၏” (ဆာလံ ၆၃း၁)။

**ဆုတောင်းချက်-** ခရစ်တော်ကို ပို၍ပို၍ ချစ်မည် အကြောင်း ဆုတောင်းပါ။

# အပန်းဖြေခရီးထွက်ကြပါစို့

"ကြွလာတော်မူပါ။ ငါချစ်ရာသခင် ကြွလာတော်မူပါ။ တောအရပ်သို့ ထွက်သွား၍ ရှာတို့၌ ညဥ့်ကိုလွန်စေကြကုန်အံ့။ နံနက်စောစောထ၍ စပျစ်ဥယျာဉ်သို့သွားကြကုန်အံ့။ စပျစ်နွယ်ပင်၊ သန်သည်မသန်သည်ကိုဎင်း၊ အပွင့်များသည် မများသည်ကိုဎင်း၊ သလဲပင်ပွင့်သည်မပွင့်သည်ကိုဎင်း၊ ကြည့်ရှုကြကုန်အံ့။ ထိုအရပ်၌ ကျွန်မ၏မေတ္တာကို ကိုယ်တော်၌ အပ်ပေးပါမည်။ အနုဆေးပင်တို့သည် မွှေးကြိုင်ကြပါ၏။ ငါတို့ထံခါးနားမှာ ချိုသောအသီးမျိုး အသစ်အဟောင်းတို့ကို ကိုယ်တော်ဘို့ ကျွန်မသိုထားပါပြီ။ ငါချစ်ရာသခင်။"

ဇနီးသည်သည် ခင်ပွန်းသည်၏မေတ္တာကြောင့် ထိမိလွန်းသဖြင့် အချစ်ရေးကို သူမဘက်က စတင်သည်။ သူမသည် မြို့ပင်မှာ တည်းခိုချင်သည်။ သူမက ၎င်းကို အချိန်မဆွဲဘဲ စောစောစီးစီး လုပ်ချင်ပြီး သာယာလှပတဲ့ နေရာကို ထွက်သွားပြီး "ထိုအရပ်၌ ကျွန်မ၏မေတ္တာကို ကိုယ်တော်၌ အပ်ထားပါမည်"။

အနုဆေးပင်တို့ကို (အငယ် ၁၃ နှိုင်း ကမ္ဘာ ၃၀း၁၄) "အချစ်ပန်းသီး" ဟုလူသိများသည်။ ၎င်းသည် ဣသရေလနိုင်ငံတဝှမ်းတွင် တွေ့ရှိရသည့်အပင်ဖြစ်ပြီး၊ အထူးသဖြင့် နွေဦးရာသီတွင် ပေါ်များသည်။ ထိုအပင်၏အပွင့်သည် ခရမ်းရောင်ဖြစ်ပြီး၊ အသီးသည် စွဲမက်ဖွယ်အနံ့နှင့်အရသာ ရှိသည်။ "အပင်ကိုရှေးခေတ်က ဗေဒင်ဆေးအဖြစ် လူသိများသည်" (International Standard Bible Encyclopedia)။

"ဒီနေရာက ကျွန်ုပ်တို့ကို အနှစ်တစ်ထောင်အုပ်စိုးခြင်းကာလဆီသို့ ခေါ်ဆောင်သွား၏။ ထိုအချိန်တွင် လောကီနိုင်ငံအရပ်ရပ်တို့ကြား၊ လယ်ပြင်နှင့်ဥယျာဉ်၌ သခင်ဘုရားအတွက် အသီးသီး၍ ဘုန်းတော်ထင်ရှားစေသော အချိန်ဖြစ်လိမ့်မည်။ 'မြေကြီးသည် အပင်ကိုပေါက်စေသကဲ့သို့ဎင်း၊ လယ်ယာသည် မိမိ၌စိုက်သောမျိုးစေ့ကို အညှောက်ထွက်စေသကဲ့သို့ဎင်း၊ ထိုအတူ ထာဝရဘုရားသည် ခပ်သိမ်းသောလူမျိုးရှေ့မှာ ဖြောင့်မတ်ခြင်းနှင့် ချီးမွမ်းခြင်းကို ပေါ်ထွန်းစေတော်မူလိမ့်မည်' (ဟောရှာ ၆၁း၁၁)၊ 'သစ္စာသည် မြေကြီးထဲကပေါက်လိမ့်မည်။ တရားသည်လည်း ကောင်းကင်ပေါ်က ငုံ့ကြည့်လိမ့်မည်။ အကယ်စင်စစ် ထာဝရဘုရားသည် ကျေးဇူးပြုတော်မူ၍ ငါတို့မြေသည် မိမိဘဏ္ဍာကို ပေးလိမ့်မည်' (ဆာလံ ၈၅း၁၁-၁၂) (Arno Gaebelein)။

**ဆင်ခြင်ရန်** - "ကိုယ်တော်ကလည်း၊ တော၌ဆိတ်ကွယ်ရာအရပ်သို့လာကြ၊ ခဏအားဖြည့်၍ ငြိမ်သက်စွာနေကြဟုမိန့်တော်မူ၏။ အကြောင်းမူကား၊ လူများသွားလာကြသည်ဖြစ်၍ တမန်တော်တို့သည် အစာစားခြင်းငှါမျှမအားနိုင်ကြ" (မာကု ၆း၃၁)။

**ဆုတောင်းချက်-** အားဖြည့် အနားယူချိန်ရရှိဖြင်းငှါ ဆုတောင်းပါ။

# မရှက်ပါနှင့်

“ကိုယ်တော်သည် ကျွန်မ၏မိခင်နို့ကို စို့သောမောင်ရင်းကဲ့သို့ ဖြစ်စေချင်ပါ၏။ သို့ဖြစ်လျှင် ကျွန်မသည် ပြင်မှာတွေ့၍ နမ်းပါလိမ့်မည်။ သူတပါးမကဲ့ရဲ့ရ။”

ဂျူးလူမျိုးများနှင့်အရှေ့တိုင်းယဉ်ကျေးမှုတွင် လူမြင်ကွင်းတွင် ရုပ်ပိုင်းဆိုင်ရာချစ်ခင်မှုပြသခြင်းကို မနှစ်သက်ကြပါ။ သို့သော် ညီအကိုမောင်နှမများကြားတွင် ချစ်ခင်ကြင်နာမှုပြသခြင်းကို လူသိရှင်ကြားလက်ခံနိုင်ကြသည်။ ထို့ကြောင့် ဇနီးသည်သည် ခင်ပွန်းသည်အား ရှက်စရာမလိုဘဲ လူသိရှင်ကြား ချစ်ပြနိုင်စေဖို့ရန် သူ့အကိုဖြစ်လိုကြောင်း ဆန္ဒရှိခဲ့သည်။

ထိုနည်းတူစွာ အသင်းတော်သည် ခရစ်တော်နှင့်ပိုမိုနီးကပ်စွာ ဆက်ဆံခြင်းရှိဖို့ရန် အလွန်ဆန္ဒရှိသင့်သည်။ ခရစ်တော်သည် အသင်းတော်အတွက် ခင်ပွန်းဖြစ်ရုံသာမက “ညီအစ်ကို” တစ်ဦးလည်းဖြစ်တော်မူ၏။ အကြောင်းမူကား သူသည် “များစွာသော ညီအစ်ကိုတို့တွင် သားဦးဖြစ်တော်မူ၏” (ရောမ ၈း၂၉)။ “သန့်ရှင်းစေတတ်သောသူနှင့် သန့်ရှင်းစေအပ်သောသူများတို့သည် တပါးတည်းသော ပကတိရှိကြ၏။ ထို့ကြောင့် သန့်ရှင်းစေတတ်သောသူသည် သန့်ရှင်းစေအပ်သောသူတို့ကို ညီအစ်ကိုဟူ၍ ခေါ်ခြင်းငှါ ရှက်ကြောက်တော်မမူ။ ထိုသို့ ခေါ်သောအချက်ဟူမူကား၊ သိတင်းတော်ကို အကျွန်ုပ်ညီအစ်ကိုတို့အား အကျွန်ုပ်ကြားပြောပါမည်။ ပရိသတ်အလယ်မှာ ကိုယ်တော်ကို ချီးမွမ်း၍ သီချင်းဆိုပါမည်ဟု လာသတည်း” (ဟေဗြဲ ၂း၁၁-၁၂)။

အသင်းတော်သည် ခရစ်တော်အပေါ် သူ၏ချစ်ခြင်းမေတ္တာကို လူသိရှင်ကြားပွင့်လင်းစွာ ဖော်ပြခြင်းကို နှစ်သက်သည်။ သခင်ယေရှုခရစ်ကို ယုံကြည်သူတိုင်းအတွက် လူသိရှင်ကြားဝန်ခံဖို့ရန် လိုအပ်သည်။ လျှို့ဝှက်ယုံကြည်သူ သို့မဟုတ် ဝန်မခံချင်သော ယုံကြည်သူဟူ၍မရှိပါ။ ယေရှုပြောခဲ့သည်မှာ “မျောက်မထားသော ဤလူမျိုးဆိုးတွင် အကြင်သူသည် ငါ့ကိုငင်း၊ ငါ့စကားကို ငင်းရှက်၏။ လူသားသည် မိမိအဘခမည်းတော်၏ ဘုန်းအာနုဘော်ကို ဆောင်လျက် သန့်ရှင်းသော ကောင်းကင်တမန်အခြံအရံတို့နှင့် ကြွလာသောအခါ ထိုသူကိုရှက်တော်မူလတ့ံ” (မာကု ၈း၃၈)။

**ဆင်ခြင်ရန်** - “ငါသည် ခရစ်တော်၏ဧဝံဂေလိတရားကြောင့်၊ ရှက်ကြောက်ခြင်းမရှိ။ အကြောင်းမူကား၊ ထိုတရားသည် ရှေဦးစွာ၌ယုဒလူ၊ နောက်၌ဟေလသလူ၊ ယုံကြည်သမျှသောသူအပေါင်းတို့ကို ကယ်တင်စေသောဘုရားသခင်၏တန်ခိုးတော်ဖြစ်၏” (ရောမ ၁း၁၆)။

**ဆုတောင်းချက်-** သန့်ရှင်းသော သတ္တိရှိမည် အကြောင်း ဆုတောင်းပါ။

# မိခင်၏အကြံပေးမှု

"ကိုယ်တော်ကို လက်ဆွဲ၍ မိခင်၏အိပ်ခန်းထဲသို့ ဆောင်သွားပါလိမ့်မည်။ သူသည်လည်း ကျွန်မကိုသွန်သင်သဖြင့် ကျွန်မသည် ဆေးရောသော စပျစ်ရည်နှင့် ကျွန်မသလဲရည်ကို ကိုယ်တော်အား သောက်တော်မူပါစေမည်။"

ငယ်ရွယ်သောဇနီးသည်က သူမအမေနှင့်တိုင်ပင်ပြီးခင်ပွန်းသည်ကို ဘယ်လိုချစ်ရမည်ဆိုတဲ့အကြံဉာဏ်တောင်းခံ၏။ ဘုရားတရားရှိသေခြင်းရှိသောမိခင်ကို တိုင်ပင်ခြင်းသည်ကောင်းပေ၏။ ဘုရားတရားရှိသောမိခင်တဦးသည် မည်သို့သောအကြံဉာဏ်မျိုးကိုပေးသင့်သနည်း။ တိတုဩဝါဒစာ ၂း၃-၅တွင် " ထိုနည်းတူအသက်ကြီးရင့်သောမိန်းမတို့သည် ကျင့်ကြံပြုမူရာမှာ ဓမ္မအမှုနှင့်ထိုက်တန်သောသူ၊ မချောစားတတ်သောသူ၊ စပျစ်ရည်၌မလွန်ကျူးတတ်သောသူ၊ ကောင်းသောအတတ်ကိုသင်ပေးတတ်သောသူ၊ ကိုယ်တိုင်ဖြစ်၍ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို ကဲ့ရဲ့ခြင်းနှင့်ကင်းလွတ်စိမ့်သောငှါ အသက်ပျိုသောမိန်းမတို့သည် ကိုယ်ခင်ပွန်းကိုချစ်သောသူ၊ သားသမီးကိုချစ်သောသူ၊ ကျန္တေစောင့်သောသူ၊ စင်ကြယ်သောသူ၊ မိမိအိမ်ကိုပြုစုသောသူ၊ ကောင်းမွန်သောသူ၊ ခင်ပွန်း၏အုပ်စိုးခြင်းကိုဝန်ခံသောသူဖြစ်စေခြင်းငှါ အသက်ကြီးရင့်သောမိန်းမတို့သည် ဆုံးမပေးကြရမည်အကြောင်း" ဟူ၍ပြောဆိုသည်။

ငယ်ရွယ်သောဇနီးသည် သည်ခင်ပွန်းသည်၏စိတ်တော်နှင့်တွေ့လိုစိတ်ရှိ၏(၁ ကော ၇း၃၄)။ လက်ထပ်ခြင်းပြုပြီးသည်နှင့် အချင်းချင်းကြားတွင် ရုပ်ပိုင်းဆိုင်ရာချစ်ခြင်းမှုပြသခြင်းကို ချုပ်တည်းခြင်းမရှိတော့ပါ (၂း၆)။ သူမ၏ခင်ပွန်းသည် သူမအတွက်သာဖြစ်ပြီး အခြားမည်သူ့အပေါ်ကိုမှ စိတ်ဆန္ဒမရှိပါ (၂း၇)။ ချစ်ခြင်းမေတ္တာမျှဝေခြင်းကို အများသူငါမမြင်ရအောင်သူတို့နှစ်ဦးတည်းသီးသန့်နေရမည့်အချိန်ရောက်ချိန်ထိ စောင့်ရပါမည်။ ယောကျာ်းနှင့် သူ၏ဇနီးမယားကြားချစ်ခြင်းမေတ္တာမျှဝေခြင်းကို ၎င်း၏ဂုဏ်သိက္ခာနှင့် သန့်ရှင်းမှုကိုထိန်းသိမ်းဖို့ရန် အမြဲတမ်းတံခါးပိတ်၍ လုပ်ဆောင်ရပါမည်။

သားသမီးတို့ကို လူတို့၏သခင်နှင့်ကယ်တင်ရှင်ကိုချစ်ဖို့သွန်သင်ပေးသော "မိခင်" တစ်ဦးကိုအသင်းတော်နှင့် ခိုင်းနှိုင်းထားသည် (ဂလာတိ ၄း၂၆)။ "ဘုရားသခင်၏အိမ်တော်သည် ခရစ်တော်၏လမ်းစဉ်များ၊ ဧဝံဂေလိတရား၏အယူဝါဒများနှင့် ဘာသာရေး၏တာဝန်များကို စိတ်ဝိညာဉ်များအား ပို့ချပေးသည့်ကျောင်းဖြစ်သည်" (John Gill)။

**ဆင်ခြင်ရန်** - "ငါ့သား၊ အဘ၏ဉပဒေသကို နားထောင်လော့။ အမိ၏တရားကိုလည်း မပယ်နှင့်" (သု ၁း၈)။

**ဆုတောင်းချက်-** သင့်သားသမီးတို့ထံ ဘုရားသခင်ကြောက်ရွံ့ခြင်း စိတ်သဘောအမွေ ဆက်ခံစေခြင်းငှါ ဆုတောင်းပါ။

# ပွေ့ဖက်ခြင်းနှင့်နမ်းခြင်း

"သခင်၏လက်ဝဲလက်သည် ငါ့ခေါင်းကိုထောက်မလျက် လက်ျာလက်သည် ငါ့ကို ဘတ်လျက် နေတော်မူပါစေ။ ယေရုရှလင်မြို့သမီးတို့ ငါချစ်သောသတို့သမီးသည် အလိုလိုမနိုးမီ တိုင်အောင် မလှုပ်မနှိုးမည်အကြောင်း တော၌ ကျင်လည်သော သမင်ဒရယ်များကို တိုင်တည်၍ သင်တို့ကိုငါမှာထား၏။"

လင်နှင့်မယားကြား ရုပ်ပိုင်းဆိုင်ရာ ချစ်ခင်ကြင်နာမှုကိုသာ အဆက်မပြတ်ပြသခြင်းသည် အိမ်ထောင်ရေးနှောင်ကြိုးကိုခိုင်ခံ့စေသည်။ တစ်ဦးနှင့်တစ်ဦး လက်ကိုဆုပ်ကိုင်ထားပြီး၊ ရံဖန်ရံခါ ပွေ့ဖက်ခြင်းက ချစ်ခြင်းမေတ္တာကို တိုးမြင့်စေပါ၏။

"အိုယေရုရှလင်မြို့သမီးတို့" ဘုရားသခင်သည် သင့်အား အစဉ်ချစ်တော်မူ၏။ သခင်ယေရှုကိုယ်တိုင်ပြောခဲ့သည်မှာ "အိုယေရုရှလင်မြို့၊ ယေရုရှလင်မြို့ သင်သည်ပရောဖက်တို့ကို သတ်မြဲရှိ၏။ သင်ရှိရာသို့ စေလွှတ်သောသူတို့ကိုလည်း ကျောက်ခဲနှင့် ပစ်မြဲရှိ၏။ ကြက်မသည် မိမိသားငယ်တို့ကို အတောင်အောက်၌ စုရုံးသကဲ့သို့ သင်၏သားတို့ကို စုရုံးစေခြင်းငှါ ကြိမ်ဖန်များစွာ ငါအလိုရှိပြီ။ သင်မူကား အလိုမရှိ" (မသဲ ၂၃း၃၇)။ "အမိသည် သားငယ်ကိုနှစ်သိမ့်စေသကဲ့သို့ သင်တို့ကို ငါနှစ်သိမ့်စေမည်။ ယေရုရှလင်မြို့၌ ချမ်းသာရကြလိမ့်မည်" (ဟေရှာ ၆၆း၁၃)။

"ထောက်မခြင်း၊ ခွန်အားပေးခြင်း၊ နှိမ့်သိမ့်ခြင်း ခံလိုသောကြောင့်၊ အသင်းတော် သည် သူ့ချစ်သူ လက်နှစ်ဖက်ဖြင့် ပွေ့ဖက်ခြင်းကို ခံရကြောင်း တွေ့ရပါသည်။ ဤသည်ကား အသင်းတော်အပေါ် ထားရှိသော သူ၏ချစ်ခြင်း၊ ကြင်နာယုယခြင်းကို ဖော်ပြလျက်ရှိ၏။ ထို့ပြင် သူနှင့်အတူ တစ်မိုးအောက် မှာနေထိုင်လျက် တလုံးတဝတည်း ဖြစ်ခြင်း၊ ရင်းနှီးကျွမ်းဝင်မှုကို တွေ့ရပါသည်။ ကိုယ်တော်ထံမှ ကောင်းကြီးမင်္ဂလာ အမျိုးမျိုး၊ ဤလောက၌ ကျင်လည်စဉ် လိုအပ်သော ယာယီ ကောင်းကြီးမင်္ဂလာ တို့ကို လက်ဝဲလက်မှရင်း၊ ဝိညာဉ်ရေးရာ ကောင်းကြီးမင်္ဂလာများ ဖြစ်သော၊ အပြစ်လွှတ်ခြင်း၊ သားအရာ၌ခန့်ထားခြင်း တို့ကို လက်ျာ လက်မှရင်း ပေးတော်မူ၍၊ လက်တော် နှစ်ဖက်ဖြင့် လုံခြုံစွာ ကွယ်ကာတော်မူသောလျက်၊ လက်ဝဲဖက်ဖြင့် ထောက်မတော်မူပြီး၊ လက်ျာလက်ဖြင့် ဖက်တော်မူသောကြောင့် အဘယ်သူကမျှ ထိုလက်တော်ထဲမှ မလုမယူနိုင်ပါ" (John Gill)။

**ဆင်ခြင်ရန်** - "သစ္စာစောင့်ခြင်းနှင့်အညီ သိမ်းယူ၍၊ သင်သည် ထာဝရဘုရားကို သိရလိမ့်မည်" (ဟောရှေ ၂း၂၀)။

**ဆုတောင်းချက်-** ကိုယ်တော်၏ချစ်ခြင်းမေတ္တာနှင့်သစ္စာတော်ကြောင့် ကိုယ်တော်ကို ချီးမွမ်းပါ၏။

# အဆင်ပြေသောအချိန်၊ အဆင်မပြေသောအချိန်

"မိမိချစ်ရာသခင်၌ မြှောင်၍ တောထဲကလာသောထိုသူကား၊ အဘယ်သူဖြစ်ပါလိမ့်မည်နည်း။"

လင်မယားနှစ်ယောက်သည် ၎င်းတို့၏မင်္ဂလာဆောင်သည့်နေ့ရက်ကို သတိရပြီး ၎င်းတို့၏မင်္ဂလာကတိများကို ထပ်လောင်းအတည်ပြုကြသည် (၃း၆)၊ မခွဲခွာတော့ဘဲရှိကြ၏ (၎င်းသည် သဲကန္တာရတောထဲ၌ ရှိခြင်းကိုဆိုလိုသည်)။ ယခုတွင် သူတို့သည် အတူတကွရှိနေကြသည် (၎င်းသည် ဉယျာဉ်ထဲမှာရှိခြင်းကိုဆိုလိုသည်)။

ပိုးပန်းခြင်းမှ အိမ်ထောင်ပြုပြီးသည့်တိုင် ခရီးလမ်းသည် လုံးဝချောမွေ့ခြင်းမရှိပါ (ဥပမာ "မြေခွေးငယ်များ" ၂း၁၅၊ ရန်ပြုခြင်း ၅း၂-၇)။ သို့သော် ၎င်းတို့သည် မိမိတို့ခံရသော စုံစမ်းခြင်းများကို ကျော်လွှားပြီး မိမိတို့ဆက်ဆံရေးကို ပိုမိုခိုင်မာစေခဲ့ကြသည် (ယာကုပ် ၁း၂-၄)။ သူက ပန်းသီးပင်အောက်မှာ သူတို့နှစ်ယောက်အဦးဆုံးချစ်မိသွားပုံအကြောင်းကို သူမအား သတိရစေ၏ (ရှေးခေတ်က ပန်းသီးပင်ကို "ချစ်ခြင်းမေတ္တာသစ်ပင်" ဟုခေါ်ဆိုခဲ့သည်)။ သူမအမေက သူမကိုမွေးပေးသောကြောင့် ကျေးဇူးတင်၏။ သူတို့သည် ကောင်းမွန်သောအချိန်များတွင်သာမက ဆိုးရွားသောအချိန်များတွင်လည်း အတူတူရှိနေရမည်။ "အဆင်ပြေသည်ဖြစ်စေ၊ အပြေသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ ကျန်းမာသည်ဖြစ်စေ၊ မကျန်းမာသည်ဖြစ်စေ" အတူတူ မခွဲဘဲဖြတ်ကျော်မည်ဟု ဂတိသစ္စာပြုခဲ့ပြီးဖြစ်ပါသည်။

ဤအရာမှာ ခရစ်တော်သည် သူ၏အသင်းတော်ကို သဲကန္တာရမှ သူ၏ပရဒိသုဘုံသို့မည်သို့ ကယ်တင်ခဲ့သည်ကို အမှတ်ရစေသည် (ဟေရှာ ၄၃း၁၉-၂၁)။ "သင်တို့မူကား မှောင်မိုက်ထဲမှ အံ့ဖွယ်သောအလင်းတော်သို့ ခေါ်သွင်းတော်မူသောသူ၏ ဂုဏ်ကျေးဇူးများကို ဘော်ပြစေခြင်းငှါ ရွေးချယ်တော်မူသောအမျိုးဖြစ်ကြ၏။ မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး၊ ပိုင်ထိုက်တော်မူသောအပေါင်းအသင်းဖြစ်ကြ၏။ အထက်က အပေါင်းအသင်းမဟုတ်၊ ယခုတွင် ဘုရားသခင်၏ အပေါင်းအသင်းဖြစ်ကြ၏။ ကရုဏာကျေးဇူးတော်ကို အထက်ကမခံရသော်လည်း ယခုတွင်ခံရကြ၏" (၁ ပေ ၂း၉-၁၀)။ ကျွန်ုပ်တို့သည် ခရစ်ယာန်များဖြစ်လာပြီးနောက် ဘုရားသခင်၏နှုတ်ကပတ်တော် နို့နှင့်အသားကိုကျွေးမွေးပြုစုပျိုးထောင်ပေးသည့် မိခင်မှာ အသင်းတော်ဖြစ်သည် (၁ ပေ ၁း၂၃၊ ၂း၂၊ ၁ ကော ၃း၂)။

**ဆင်ခြင်ရန်** - "စုံစမ်းနှောင့်ရှက်ခြင်းကို သည်းခံသောသူသည် မင်္ဂလာရှိ၏။ အကြောင်းမူကား၊ စစ်ကြောစုံစမ်းခြင်းကို ခံပြီးမှ သခင်ဘုရားကို ချစ်သောသူတို့အား ဂတိထားတော်မူသော အသက်သရဖူကို ရလိမ့်မည်" (ယာ ၁း၁၂)။

**ဆုတောင်းချက်-** အဆင်ပြေသောအချိန်၌ဘုရားသခင်ကို ချီးမွမ်း၍၊ ခက်ခဲသောအချိန်၌ ဆုတောင်းပါ။

*"ကျွန်မကို . . . လက်ရုံးတော်ပေါ်မှာ တံဆိပ်ခတ်တော်မူပါ"*

# အကျွန်ုပ်ကိုသင်အမှန်ပိုင်ပါ၏

"ကျွန်မကို ကိုယ်တော်၏နှလုံးပေါ်မှာ တံဆိပ်ခတ်တော်မူပါ။ လက်ရုံးတော်ပေါ်မှာ တံဆိပ်ခတ်တော်မူပါ။ အကြောင်းမူကား မေတ္တာသည် သေခြင်းနှင့်အမျှ တန်ခိုးကြီးပါ၏။ ခင်ပွန်းကို မယုံသောစိတ်သဘောသည် မရဏာနိုင်ငံနှင့်အမျှ ခက်ထန်ပါ၏။ သူ၏အရှိန်သည် မီးအရှိန်၊ လျှပ်စစ်အရှိန်ဖြစ်ပါ၏။"

သူ့နှလုံးသားထဲမှာ သူမကိုအမြဲတမ်းစွဲမြဲနေစေချင်ပြီး၊ သူမအပေါ် အမြဲသစ္စာရှိနေမှာဖြစ်ကြောင်း အခိုင်အမာဆိုစေချင်သည်။ "တံဆိပ်ကိုကျောက်၊ သတ္တု (သို့) အခြားမာကျောသော အရာဝတ္ထု (ရံဖန်ရံခါ လက်စွပ်တွင်ထားသည်) တို့တွင် တန်ဆာပလာ (သို့) ရုပ်ပုံအချို့တို့ကို ရေးထွင်းထားသည်။ ၎င်းကို ရွံ့ (သို့) ဖယောင်းကဲ့သို့ ပျော့ပျောင်းသော အရာအချို့တို့ကို စစ်မှန်မှုသင်္ကေတအဖြစ် စာရွက်စာတမ်း၊ အခြားအရာဝတ္ထုတစ်ခုတွင် ကပ်ထားရန်အသုံးပြုသည်" (International Standard Bible Encyclopedia)။ တံဆိပ်ခတ်ခြင်းသည် ဆက်ဆံရေးတစ်ခုအား ပဋိညာဉ်ပြုခြင်း (သို့) စာချုပ်ချုပ်ဆိုထားကြောင်း ညွှန်ပြရန်အတွက် တစ်ဦး၏လက်မှတ်ကို စာရွက်စာတမ်းတစ်ခုပေါ်တွင် တင်ခြင်းနှင့်တူသည် (ယေ ၃၂း၁၀၊ ၄၄၊ နေဟမိ ၉း၃၈-၁၀း၁၊ ဟဂ္ဂဲ ၂း၂၃)။

လက်ထပ်ထိမ်းမြားခြင်းစာချုပ်နှင့်ပတ်သက်လျှင် လင်ယောကျ်ားသည် ၎င်းကို ဖောက်ဖျက်ခြင်း (သို့) မယားကိုသစ္စာမဖောက်ဖို့ရန် သတိပေးခြင်းဖြစ်သည် (မာလ ၂း၁၄)။ အိမ်ထောင်ရေးနှောင်ကြိုးသည် သေခြင်းတရားကဲ့သို့ ခိုင်ခံ့ခြင်းရှိ၏။ အကြောင်းမူကား သေခြင်းတရားကသာ ၎င်းကို ချိုးဖျက်နိုင်သည် (ရောမ ၇း၂-၃)။ ခင်ပွန်းသည်သည် ဇနီးသည်၏ သီးသန့်ပိုင်ဆိုင်မှုဖြစ်ပြီး၊ အခြားသောအမျိုးသမီးကို သူကြည့်ပါက သူမသည် သဝန်တိုတတ်သည်။ Albert Barnes က မှတ်ချက်ပေးသည်မှာ "'သဝန်တို' သည် ဤနေရာတွင် 'ချစ်ခြင်း"အတွက် အခြားအသုံးအနှုန်းဖြစ်ပြီး အရာဝတ္ထုကို မဝေမျှနိုင်သည့် ချစ်ခင်မြတ်နိုးမှု၊ မညှာမတာနိုင်သော ခွန်အားနှင့်ပြင်းပြမှုမျိုးဖြစ်သည်။ ၎င်းကို စစ်မှန်သောအသက်တာ (သို့) ဘုရားသခင်နှင့် ဆိုင်သောအသက်တာဖြင့် သန့်ရှင်းသောကျမ်းရေးသူ၏ စိတ်ထဲတွင် ဖော်ပြထားသည်"။

စိတ်ရင်းမှန်ဖြင့် ယုံကြည်သူတိုင်းက ၎င်းတို့၏နှလုံးသားထဲတွင် မိမိတို့ကယ်တင်ရှင်နှင့်အတူ ထာဝရတံဆိပ်ခတ်ခြင်းကို ခံလိုကြပေမည်။ သူတို့သည် သန့်ရှင်းသောဇွဲလုံ့လဖြင့် သူ့ကိုချစ်ကြပြီး သူနှင့်ထာဝရစည်းလုံးလိုကြသည်။ အမှန်စင်စစ်၊ သခင်ဘုရား ကိုယ်တော်တိုင်က သူ၏သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဤထာဝရစည်းလုံးမှုကို အာမခံထားပါသည်။ "သင်တို့သည်လည်း ကယ်တင်တော်မူခြင်းနှင့်ယှဉ်သော ဧဝံဂေလိတရားတည်းဟူသော သမ္မာတရားကို ကြားနာရ၍ ထိုခရစ်တော်ကို ယုံကြည်ပြီးမှ ကတိတော်နှင့်ယှဉ်သော သန့်ရှင်းသောဝိညာဉ်တော်၏ တံဆိပ်ခတ်ခြင်းကိုခံရကြပြီ။ ပိုင်ထိုက်တော်မူသောသူတို့သည် ဘုန်းတော်ကိုချီးမွမ်းခြင်းအကြောင်းနှင့် ရွေးနုတ်တော်မူခြင်းသို့ မရောက်မီကာလပတ်လုံး ထိုဝိညာဉ်တော်သည် ငါတို့အမွေ၏ စားရန်ဖြစ်တော်မူ၏" (ဧဖက် ၁း၁၃-၁၄)။

**ဆင်ခြင်ရန်** - "သို့သော်လည်း၊ သခင်ဘုရားသည် မိမိလူတို့ကိုသိကျွမ်းတော်မူ၏ဟူ၍၎င်း၊ သခင်ဘုရားသည် နာမတော်ကို ဝန်ခံသော သူမည်သည်ကား၊ မတရားသောအမှုကို ရှောင်ရမည် ဟူ၍၎င်း၊ တံဆိပ်ခတ်လျက်ရှိသော ဘုရားသခင်၏ တိုက်မြစ်သည် ခိုင်ခံ့၍တည်၏" (၂ တိ ၂း၁၉)။

**ဆုတောင်းချက်-** သင့်ကို ဘုရားသခင်ပိုင်ဆိုင်ကြောင်း၊ ခတ်တော်မူသော တံဆိပ်ကြောင့် ကိုယ်တော်ကို ချီးမွမ်းပါလော့။

# ငြိမ်းသတ်၍မရသောအချစ်

“သို့ရာတွင် ရေများတို့သည် မေတ္တာကို မသတ်နိုင်။ မြစ်ရေတို့သည် မလွှမ်းမိုးနိုင်ပါ။ လူသည်မိမိအိမ်၌ ရှိသမျှသော ပစ္စည်းဥစ္စာတို့ကို မေတ္တာဘို့ ပေးချင်သော်လည်း အလွန်တရာ မထီမဲ့မြင်ပြုခြင်းကိုခံရလိမ့်မည်။”

အချစ်သည် ဝယ်ယူလို့ရသောအရာမဟုတ်။ ၎င်းသည် လက်ဆောင်ဖြစ်သည်။ အလွန်တန်ဖိုးကြီး၍ တန်ဖိုးဖြတ်လို့မရပါ။ ဘဝ၏ခက်ခဲမှုတွေက ၎င်းကိုတွန်းလှန်နိုင်မည်မဟုတ်ပါ။ Adam Clarke က “ဖြစ်ရိုးဖြစ်စဉ်မဟုတ်၊ အဆန်းကျယ်ဆုံးသော ဒုက္ခများ၊ အပျက်စီးဆုံးဖြစ်စေသော သဘာဝတရားကပင် စစ်မှန်သောချစ်ခြင်းမေတ္တာကို မဖျက်ဆီးနိုင်ပါ။ သဘာဝအလျောက် စိတ်အားထက်သန်မှုမရှိလျှင် ၎င်းကို ငွေနှင့်ဝယ်ယူလို့မရပါ။ ပစ္စည်းဥစ္စာက မဝယ်ယူနိုင်ပါ။ အနုပညာက မဆွဲဆောင်နိုင်ပါ။ လက်ဆောင်၊ စည်းစိမ်များနှင့် တောင်းရမ်းခြင်းဖြင့် မိန်းမပျို၏ ချစ်ခြင်းကို ရယူရန်မျှော်လင့်နေသည့် ချမ်းသာသောလူအိုယောကျ်ားများ၏ အတွေးအခေါ်သည် အချည်းနှီးပင်။ ချစ်ခင်စုံမက်ခြင်းကို မည်သည့်မိန်းမကမှ အမိန့်မပေးနိုင်ပါ။ ထိုအချစ်တို့မှာ သူမ၏ အုပ်စိုးမှုအောက်တွင် မရှိကြပါ။ သူ့အလိုလိုပေါ်မလာဘဲ လုပ်ယူလို့မရပါ။”

ထိုနည်းတူ Matthew Poole က “၎င်းသည် ယေဘုယျအားဖြင့် ချစ်ခြင်းမေတ္တာ၏ သဘာဝဖြစ်ပြီးသမ္မာကျမ်းစာတွင် များသောအားဖြင့် ရေများနှင့် ရေလွှမ်းမိုးခြင်းဟု ဖော်ပြထားသောကြောက်မက်ဖွယ်ဒုက္ခများကသော်၎င်း၊ ဖြားယောင်းသွေးဆောင်မှုများကသော်၎င်း၊ ဖယ်ရှားလို့မရနိုင်သော သင့်အတွက် ငါ့ရဲ့အချစ်ဖြစ်သည်။ ချစ်ရသူ၏ တည်ရှိမှုနှင့် နှစ်သက်ခံရမှုမှတပါး အဘယ်အရာကမှ ငြိမ်သက်ပြီး ကျေနပ်မှုကိုမပေးနိုင်ပါ။ ထို့ကြောင့် အခြားသောအရာများဖြင့် ကျွန်ုပ်ကို မနှောင့်ယှက်ပါနှင့်၊ သင့်ကိုသာ ကျွန်ုပ်ကိုပေးပါ။ အခြားသောသူနှင့် နှိုင်းယှဉ်လျှင် အခြားသူနှင့်အရာခပ်သိမ်းကို ငြင်းပယ်ပါသည်။”

ခရစ်တော်၏အသင်းတော်အတွက် မေတ္တာတော်သည် ခြွင်းချက်မရှိ အခမဲ့ဖြစ်သည်။ ၎င်းကို ပေးထား၏။ “ငါတို့သည် အပြစ်ရှိစဉ်ပင် ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက်ချစ်တော်မူသည်ကို ငါတို့အား ထင်ရှားစွာပြတော်မူ၏” (ရောမ ၅း၈)။ “ဘုရားသခင်သည် ငါတို့ကို ရှေ့ဦးစွာ ချစ်တော်မူသောကြောင့် ငါတို့သည် ဘုရားသခင်ကိုချစ်ကြ၏” (၁ ယော ၄း၁၉၊ နှိုင်း ၁ ကော ၂း၉)။

**ဆင်ခြင်ရန်** - “ထာဝရဘုရားသည် အဝေးကထင်ရှား၍မိန့်တော်မူသည်ကား၊ အကယ်စင်စစ် ထာဝရမေတ္တာနှင့် သင့်ကိုငါချစ်၏။ ထို့ကြောင့်၊ ကရုဏာ ကျေးဇူးကို သင်၌ ကြာမြင့်စွာပြု၏” (ယေ ၃၁း၃)။

**ဆုတောင်းချက်-** ကျွန်ုပ်တို့ကို ကြီးမြတ်သော၊ အံ့ဖွယ်ချစ်ခြင်းမေတ္တာတော်နှင့်ချစ်တော်မူသော ဘုရားသခင်ကို ချီးမွမ်းပါ၏။

# ကျွန်ုပ်တို့၏ညီမငယ်

“ငါတို့၌ ညီမငယ်တယောက်ရှိ၏။ သည်သူ သားမြတ်မပေါ်သေး။ ထိုညီမကို တောင်းသောအခါ၌ သူအဘို့ အဘယ်သို့ပြုရပါမည်နည်း”။

သတို့မသီး၏ အကိုများက မိမိတို့သည် မိမိတို့၏အပျိုစင်ညီမကို လက်ထပ်သည့်နေ့အထိ ဖြူစင်သန့်ရှင်းစေရန် စောင့်ရှောက်ရမည့်တာဝန်ကို ကျေပွန်ခဲ့ကြောင်းဆိုကြသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ညီအစ်ကိုများကို စောင့်ရှောက်ကြသည်သာမက ကျွန်ုပ်တို့ညီမကို စောင့်ရှောက်ကြသူများလည်းဖြစ်သည်။

“ကျွန်ုပ်တို့၌ညီမငယ်တစ်ဦးရှိ၏” ဟူသောစာကြောင်းက ဂျူးအသင်းတော်က တပါးအမျိုးသားအသင်းတော်ကို ခေါ်ခြင်းနှင့်တူနေသည်။ အကြောင်းမူကား တစ်ကမ္ဘာလုံးနှင့်ဆိုင်သောအသင်းတော်က ဂျူးအသင်းတော်ကို မိခင်အသင်းတော်အဖြစ် သိဆိုခဲ့ကြသလို ဂျူးအသင်းတော်များနှင့် တပါးအမျိုးသားအသင်းတော်များတို့သည် တဦးနှင့်တဦးရိုသေခြင်းဖြင့် ညီအစ်မများအဖြစ်ခေါ်ဆိုကြခြင်းဖြစ်နိုင်သည်။ သူတို့သည် မိသားစုဝင်များဖြစ်၍ ဖခင်တပါးတည်းပိုင်ဆိုင်ထားကြသည်။ တူညီသောကျေးဇူးတော်ကို ခံစားကြရသည်။ ဘာသာရေးတူညီပြီး၊ ယုံကြည်ခြင်းတူညီကြသည်။ သူတို့ဝတ်ပြုကိုးကွယ်သောအရာနှင့် ကိုးကွယ်ပုံတူညီသည်။. . . ဤအသင်းတော်သည် ဂျူးလူမျိုးအသင်းတော်ထက် သက်တမ်းအားဖြင့်ငယ်ရွယ်သောကြောင့် ‘ညီမငယ်’ အဖြစ်ဖော်ပြထားသည်။ ထိုအချက်ကြောင့် အချို့သောသူတို့က ၎င်းကို လေးစားမှုပို၍နည်းကြ၏။ . . . ထိုဂျူးလူမျိုးနှင့် တပါးအမျိုးသားများပါဝင်သောခရစ်တော်၏အသင်းတော်ကို သိုးစုငယ်ဟုခေါ်ဆိုသည် (လုကာ ၁၂း၃၂)။ ထို့ပြင် ယုံကြည်သူဂျူးတို့သည် အစပိုင်းတွင် ဧဝံဂေလိကို တပါးအမျိုးသားတို့ထံ ဟောကြားခဲ့သူဖြစ်ပြီး သူတို့၏အမှုတော်လုပ်ငန်းကို ငွေကြေးဖြင့်၎င်း၊ အခြားသောအရာအားဖြင့်၎င်း ထောက်ပံ့ပေးခဲ့ကြသည်” (John Gill)။

**ဆင်ခြင်ရန်** - “ဤသိုးခြံသို့မဝင်သောအခြားသိုးတို့ကိုလည်း ငါပိုင်သေး၏။ ထိုသိုးတို့ကို ငါဆောင်ခဲ့ရမည်။ သူတို့သည်လည်း ငါ့စကားသံကို နားထောင်သဖြင့်၊ သိုးခြံတခု၊ သိုးထိန်းတပါးတည်းရှိရလိမ့်မည်” (ယော ၁၀း၁၆)။

**ဆုတောင်းချက်-** “ယေရုရှလင်မြို့ ငြိမ်ဝပ်မည်အကြောင်း ဆုတောင်းကြလော့။ ထိုမြို့ကို မြတ်နိုးစုံမက်သော သူတို့သည် ချမ်းသာရကြပါစေသော” (ဆာလံ ၁၂၂း၆)။

# ကြိုတင်ပြင်ဆင်ကာကွယ်မှု

"သူသည်မြို့ရိုးဖြစ်လျှင် သူ့အပေါ်မှာ ငွေပြအိုးကိုဆောက်မည်။ တံခါးဖြစ်လျှင် အာရဇ်ပျဉ်ပြားဖြင့် ခိုင်ခံ့စေမည်။ ငါသည်မြို့ရိုးဖြစ်၏။ ငါ့သားမြတ်တို့သည် ပြအိုးကဲ့သို့ဖြစ်ကြ၏။ သို့ဖြစ်၍ ရှေ့တော်၌ မျက်နှာရသောကျေးဇူးရှိ၏။"

ခြံတံတိုင်းသည် အကာအကွယ်ကို ပြောဆိုပြီး တံခါးက တားဆီးခြင်းအကြောင်းကို ပြောဆိုသည်။ သူမ၏အကိုများသည် သူမအားငယ်ရွယ်စဉ် ကြံ့ရတတ်သော စုံစမ်းသွေးဆောင်ခြင်းမှ ကာကွယ်ပေးပြီး၊ ဖြားယောင်းသွေးဆောင်သူများဝင်ရောက်ခြင်းကို တားဆီးပေးထားကြသည်။ သန့်ရှင်းစင်ကြယ်ခြင်းအတွက် ထိုသို့သောစိတ်အားထက်သန်မှုကို ၁ သက် ၄း၁-၈ တွင် သွန်သင်ထားသည်မှာ "ကြွင်းသေးသောစကားဟူမူကား ညီအစ်ကိုတို့ သင်တို့သည် အဘယ်သို့ကျင့်ရမည်၊ ဘုရားသခင်ကိုအဘယ်သို့နှစ်သက်စေရမည်ကို ငါတို့ထံ၌ နည်းခံကြသည်နှင့်အညီ တိုးပွား၍ ကြွယ်ဝပြည့်စုံမည်အကြောင်း သခင်ယေရှုကိုအမှီပြုလျက် ငါတို့သည်တောင်းပန်၍ တိုက်တွန်းသွေးဆောင်ကြ၏။ အဘယ်သို့သောပညတ်တို့ကို သခင်ယေရှု၏ အခွင့်တော်နှင့်ငါတို့သည် အပ်ပေးသည်ကို သင်တို့သိကြ၏။ ဘုရားသခင်၏အလိုတော်မူကား၊ သင်တို့သည် မတရားသောမေထုန်ကိုကြဉ်ရှောင်၍ သန့်ရှင်းစေခြင်းငှါလည်း၊ ဘုရားသခင်ကိုမသိသော သာသနာပလူတို့သည် ကိလေသာတပ်မက်ခြင်းရှိသကဲ့သို့ မရှိ၊ သင်တို့အပေါင်းသည် သန့်ရှင်းခြင်း၊ အသရေတင့်တယ်ခြင်းနှင့် မိမိကိုယ်ကို မိမိထိန်းတတ်စေခြင်းငှါလည်း၊ ဤအမှုအရာ၌လွန်ကျူး၍ ညီအစ်ကိုတို့ ပရိယာယ်အားဖြင့် မပြစ်မှားစေခြင်းငှါလည်း အလိုတော်ရှိ၏။ ငါတို့သည် အထက်ကဟောပြော၍ သစ္စာပေးနှင့်သည်အတိုင်း သခင်ဘုရားသည် ထိုသို့သောပြစ်မှားခြင်းကိုခံသောသူအပေါင်းတို့ဘက်၌ တရားစီရင်တော်မူလိမ့်မည်။ ဘုရားသခင်သည် ညစ်ညူးစေခြင်းငှါ ငါတို့ကိုခေါ်တော်မူသည်မဟုတ်။ သန့်ရှင်းစေခြင်းငှါ ခေါ်တော်မူ၏။ ထို့ကြောင့်ငါတို့ကို ငြင်းပယ်သောသူသည် လူကိုသာ ငြင်းပယ်သည်မဟုတ်၊ ကိုယ်တော်၏သန့်ရှင်းသောဝိညာဉ်တော်ကို ငါတို့အားပေးတော်မူသော ဘုရားသခင်ကိုငြင်းပယ်၏"။

သူမသည် မိမိကိုယ်ကို ဖြူစင်သန့်ရှင်းစွာ ထိန်းသိမ်းထားသောကြောင့် ခင်ပွန်းသည်က သူမကို အလွန်နှစ်သက်ကြောင်း ပြောကြားခဲ့သည်။

**ဆင်ခြင်ရန်** - "ခမည်းတော်ဘုရားသခင့်ရှေ့၌ စင်ကြယ်သန့်ရှင်းသော သီလဟူမူကား၊ မိဘမရှိသောသူငယ်တို့နှင့်မုဆိုးမတို့သည် ဆင်းရဲခံသောအခါ၊ သူတို့ကိုကြည့်ရှုပြုစုခြင်း၊ ကိုယ်တိုင်လည်း လောကီအညစ်အကြေးနှင့် ကင်းစင်အံ့သောငှါ စောင့်ရှောက်ခြင်းပေတည်း" (ယာ ၁း၂၇)။

**ဆုတောင်းချက်-** ဘုရားသခင်နှင့်အမှုတော်အတွက် သန့်ရှင်းသောအသက်တာ ပိုင်ဆိုင်မည်အကြောင်း ဆုတောင်းပါ။

# ထိန်းသိမ်းစောင့်ရှောက်ခြင်း

"ဗာလဟာမုန်ပြည်၌ ရှောလမုန်မင်း၏ စပျစ်ဥယျာဉ်တော်တဆူရှိ၏။ ဥယျာဉ်စောင့်တို့၌ ငှါးသဖြင့်သူတို့သည် အသီးကိုစားရသည်အတွက် ငွေတထောင်စီ ဆက်ရကြ၏။ ငါပိုင်သောစပျစ်ဥယျာဉ်သည် ငါ့ရှေ့မှာရှိ၏။ အိုရှောလမုန်၊ ငွေတစ်ထောင်ကို ကိုယ်တော်အား ဆက်၍ အသီးကို စောင့်သောသူတို့သည် နှစ်ရာကို ယူရကြ၏။"

ရှောလမုန်သည် သူ၏စပျစ်ခြံတစိတ်တပိုင်းကို အခြားသူများထံ အဘိုးဖြင့်ငှားရမ်းခဲ့သည်။ ဗာလဟာမုန်သည် လူများစုဝေးရာအရပ်၊ ရှောလမုန်၏ ကျယ်ပြောသောစပျစ်ဥယျာဉ်ရှိသော နေရာဖြစ်သည် (၈း၁၁)။ ၎င်းအရပ်သည် ဗာလဂဒ်နှင့်ထပ်တူဖြစ်သည်ဟု ယူဆရသည်။ အာရှအမျိုးသားတို့နေရာဟမ္မုန်နှင့်လည်း ထပ်တူဖြစ်သည်ဟု ယူဆရသည် (ယောရှု ၁၉း၂၈)။ အခြားသူများက ၎င်းကို Dothaim အနီးအလယ်ပိုင်း ပါလက်စတိုင်းရှိ Belamon နှင့်အတူတူဖြစ်သည်ဟု ဖော်ပြကြသည် (Easton's Bible Dictionary)။

ရှောလမုန်သည် အကျိုးအမြတ်အတွက် သူ၏စပျစ်ခြံကိုငှားရမ်းနိုင်သော်လည်း ရှုလမစ် (ဟေဗြဲ) သည် သူမ၏ပိုင်ဆိုင်မှုကို အဖိုးအခမယူဘဲ သူ့ကိုပေးသည်။ သူ၏စပျစ်ဥယျာဉ်မှာ အခြားအရာထက် သူ၏ခန္ဓာကိုယ်ပင်ဖြစ်သည် (နှိုင်း ၁း၆)။

အလားတူပင် သခင်ယေရှုခရစ်သည် သူ၏စပျစ်ဥယျာဉ်ဖြစ်သော အသင်းတော်၏ပိုင်ရှင်ဖြစ်သည် (ယော ၁၅း၁-၂)။ သူ၏အသင်းတော်သည် ဧဝံဂေလိတရားနှင့် သူ၏နိုင်ငံတော်အတွက် အကျိုးရှိစေလိုသည်။ ကြီးမားသောစေခိုင်းချက်ကို ပြီးမြောက်စေရန်အတွက် ယုံကြည်သူအားလုံးကို ဘဏ္ဍာစိုးကောင်းများဖြစ်စေရန် မိန့်မှာထားသည် (မသဲ ၂၈း၁၉-၂၀)။ ဤအရာကို စပျစ်ဥယျာဉ်ခြံပုံဥပမာ (မသဲ ၂၁း၃၃-၄၃) နှင့် ငွေခွက်ပုံဥပမာ (မသဲ ၂၅း၁၄-၃၀) တို့တွင် ထင်ရှားစွာသွန်သင်ထားသည်။

**ဆင်ခြင်ရန်** - "သင်တို့သည် ဆုကျေးဇူးတော်ကို အသီးသီးခံရကြသည်နှင့်အညီ၊ ဘုရားသခင်၏အထူးထူးအပြားပြားသော ကျေးဇူးတော် ဘဏ္ဍာစိုးကောင်းကဲ့သို့ အချင်းချင်း ဝေငှပေးကမ်းကြလော့" (၁ ပေ ၄း၁၀)။

**ဆုတောင်းချက်-** ဘုရားသခင်၏နိုင်ငံတော်ကျယ်ပြန့်ခြင်းငှါ၊ ဘုရားသခင်ပေးသနားတော်မူသော ဆုကျေးဇူးများနှင့်ပစ္စည်းဥစ္စာများကို အသုံးပြုမည်အကြောင်း၊ ကောင်းသော ဘဏ္ဍာစိုးများဖြစ်ဖို့ရန် ဆုတောင်းကြပါစို့။

# ကောင်းကင်ပရဒိသုဘုံ

“ဥယျာဉ်တို့၌နေသောသူ၊ သင်၏စကားသံကို သင်၏အပေါင်းအဖော်တို့သည် နားထောင်တတ်ကြ၏။ ငါသည်လည်း ကြားပါရစေ။”

ရှောလမုန်က သူတို့သည် အမှန်ပင်လက်ထပ်ကြပြီး၊ သဲကန္တာရတွင်မရှိတော့ဘဲ ဥယျာဉ်ထဲတွင် (၃း၆) ရှိကြပြီး၊ သူငယ်ချင်းများက သူတို့အတွက် ပျော်ရွှင်ကြကြောင်းကို သူမထံပြောပြသည်။

ဤအချက်က ခရစ်တော်သည် သူ၏အသင်းတော်အား စကားပြောဆိုခြင်းကိုညွှန်ပြသည်။ သူ၏သတို့သမီးဖြစ်သောအသင်းတော်ကို သူအမြဲတမ်းဆက်နွယ်ထားသည်။ အသင်းတော်သည် တနေ့တွင် ပရဒိသုဘုံကိုခံစားရမည် (ပရဒိ ဟူသောစကားမှာ ပါရှန်စကား ‘ဥယျာဉ်’ ဟူ၍ဖြစ်သည်၊ (ဗျာ ၂း၇)။ သတို့သားသည် သူမ၏အသံကိုကြားရုံသာမက သူ၏ “အဖော်” များကလည်း သူမအသံကိုကြားကြသည်။ John Gill က “အဖော်များ” ဟူသောစကားလုံးက သုံးပါးတဆူဘုရား၏ ပထမနှင့် တတိယပုဂ္ဂိုလ်များဖြစ်သော ခမည်းတော်ဘုရား (မသဲ ၆း၆-၁၁) နှင့်သန့်ရှင်းသောဝိညာဉ်တော်ဘုရား (ရောမ ၈း၂၆-၂၇၊ ယုဒ ၁း၂၀-၂၁) ဖော်ပြခြင်းဖြစ်သည်။

ယေရုရှလင်မြို့သစ်သည် ဥယျာဉ်မြို့ဖြစ်ပြီး၊ ၎င်းတွင် နေထိုင်သူများအတွက် အသက်ရေကို ထာဝရပေးဆောင်သော အသက်မြစ်ဖြစ်သည် (ဗျာ ၂၂း၁)။ သခင်ယေရှုသည် ထာဝရအသက်၏ရင်းမြစ်ဖြစ်ကြောင်း နေထိုင်သောသူအားလုံးကို အမှတ်ရစေ၏။ မြစ်နှစ်ဖက်တွင် တွေ့ရသောအသက်ပင်လည်းရှိ၏ (ဗျာ ၂၂း၂၊ ကမ္ဘာ ၂း၉)။ ဧဒင်ဥယျာဉ်တွင်တွေ့ရသောအသက်ပင်ကို ယခုအခါတွင် ဘုရားသခင်၏လူများ၊ ထာဝစဉ်ခံစားနိုင်ရန် ယေရုရှလင်မြို့သစ်တွင် ပြန်လည်စိုက်ပျိုးနေပြီဖြစ်သည်။

သစ်ပင်သည် လစဉ် အသီး ၁၂ မျိုးကိုသီးသည်။ ထိုအပင်၏အသီးကို စားနိုင်ရုံသာမက၊ အရွက်လည်း ကျန်းမာရေးအတွက်ကောင်း၏။ နောက်ဆုံး ကောင်းကင်ဘုံသို့ရောက်သောအခါ စစ်မှန်သောကျန်းမာခြင်းနှင့်စည်းစိမ်ဥစ္စာများရောက်ရှိလာလိမ့်မည်။

**ဆင်ခြင်ရန်** - “ဝိညာဉ်တော်သည် အသင်းတော်တို့အားအဘယ်သို့မိန့်တော်မူသည်ကို၊ နားရှိသောသူမည်သည်ကား ကြားပါစေ။ အကြင်သူသည် အောင်မြင်၏၊ ထိုသူသည် ငါ၏ဘုရားသခင် ပရဒိသု ဥယျာဉ်၌ရှိသော အသက်ပင်၏ အသီးကို စားစေခြင်းငှါ ငါအခွင့်ပေးမည်” (ဗျာ ၂း၇)။

**ဆုတောင်းချက်-** ပရဒိသုဘုံ၌နေရမည်ဖြစ်သောကြောင့် ဘုရားသခင်ကို ချီးမွမ်းကြပါ။

# မကြာမီငါကြွလာတော်မူမည်

"အလျင်အမြန် ကြွလာတော်မူပါ။ ငါချစ်ရာသခင် နံ့သာတောင်ပေါ်မှာ သမင်ဒရယ် သငယ်ကဲ့သို့ ပြုတော်မူပါ။"

ရှုလမ်မစ် (ဟေဗြဲ) က သူ့ကို သူမနှင့်လျင်မြန်စွာအတူရှိရန်နှင့် သူ့ကို စောင့်စားနေသော ချစ်မေတ္တာကို ပျော်ရွှင်စွာ ခံစားရန် ပြောဆိုထားသည်။

Dallas Theological Seminary မှ Thomas Constable က မှန်ကန်စွာကောက်ချက်ချ သည်မှာ "ဤစာအုပ်၏အဓိကရည်ရွယ်ချက်မှာ အိမ်ထောင်မပြုမီ၊ အိမ်ထောင်ပြုခြင်းနှင့် အိမ်ထောင်ပြုပြီးနောက်ပိုင်းတွင် အမျိုးသားတဦးနှင့်အမျိုးသမီးတို့၏ သင့်လျော်သောဆက်ဆံရေး၊ စံနမူနာတစ်ခုကို သင်ပြလိုပုံရသည်။ ဤဥပမာတွင် စုံတွဲများသည် ၎င်းတို့ဆက်ဆံရေး၏ ဤအဆင့်များတွင် ကြုံတွေ့ရလေ့ရှိသော ပြဿနာများအတွက် ဖြေရှင်းနည်းဥပမာများပါဝင်သည်။ ဤစာအုပ်သည် လိင်နှင့်ပတ်သက်သောအချက်အလက်များစွာကို ဖော်ပြသည်။ လိင်သည် အိမ်ထောင်ရေးချစ်မေတ္တာ၏သင့်လျော်သော အစိတ်အပိုင်းတစ်ခုဖြစ်သော်လည်း ၎င်းကို လက်ထပ်ခြင်းအတွက် သီးသန့်ထားရမည် (၂း၇၊ ၃း၅)။ ၎င်းကို ကျွန်ုပ်တို့၏အိမ်ထောင်ဘက်နှင့်သာ ကျင့်သုံးသင့်သည် (၆း၃၊ ၇း၁၀၊ ၈း၁၂၊ ကမ္ဘာ ၂း၂၄)။ ကျွန်ုပ်တို့ဘဝ၏ ဤနယ်ပယ်တွင် အကောင်းဆုံးအရာနှင့်ပတ်သက်၍ ဘုရားသခင်၏ဗျာဒိတ်တော်နှင့်လူများစွာကို 'လိင်ပိုင်းဆိုင်ရာတော်လှန်ရေး' က သွယ်ဖယ်စေသောနေ့တွင် ဤစာအုပ်ကို ကျွန်ုပ်တို့ရှင်းပြဖို့လိုအပ်သည်။ ၎င်းကို လူအများအားအား အားရပါးရရှင်းပြပြီး၊ လက်ထပ်ဖို့ ပြင်ဆင်ခြင်းနှင့်ကြွယ်ဝချမ်းသာမှုအတွက် သီးသန့်လမ်းညွှန်အဖြစ် အသုံးပြုလျှင် ၎င်းသည် အလွန်အသုံးဝင်နိုင်သည်။

ခရစ်တော်၏အသင်းတော်အပေါ် အံ့သြဖွယ်ရာချစ်ခြင်းမေတ္တာကို ထင်ဟပ်စေသော ဤစာအုပ်၏ ဝိညာဉ်ရေး (သို့) ဘုရားရေးနှင့်ဆိုင်သော တင်ပြချက်ကို ကျွန်ုပ်တို့လျစ်လျူမရှုရပါ။ အသင်းတော်သည် သတို့သမီးအနေဖြင့် သူမ၏သတို့သားခရစ်တော်ကြွလာရန် မစောင့်နိုင်ပါ။ အမှန်မှာ သူမက သူ့ကိုမြန်မြန်ကြွလာဖို့ တိုက်တွန်းထားသည်။ အကယ်စင်စစ် သူမိန့်ဆိုသည်မှာ "ငါသည် အလျင်အမြန်လာမည်။ ငါသည် အကျိုးအပြစ်ကိုဆောင်ခဲ့သည်ဖြစ်၍ လူအသီးအသီးတို့အား မိမိတို့အကျင့်အတိုင်း ဆပ်ပေးမည်" (ဗျာ ၂၂း၁၂)၊ "သခင်သည် မင်္ဂလာဆောင်ပွဲမှပြန်လာ၍ တံခါးကို ခေါက်သောအခါ ချက်ချင်းဖွင့်ခြင်းငှါ သခင်လာမည်ကိုမျှော်လင့်၍နေသောကျွန်ကဲ့သို့ ရှိနေကြလော့။ အကြင်ကျွန်တို့သည် စောင့်လျက်နေသည်ကို သခင်သည်ပြန်လာ၍တွေ့၏။ ထိုကျွန်တို့သည် မင်္ဂလာရှိကြ၏။ ငါအမှန်ဆိုသည်ကား သခင်သည် ခါးပန်းစည်းလျက် ကျွန်တို့ကို စားပွဲ၌လျောင်းစေပြီးမှ ကိုယ်တိုင်လာ၍ သူတို့အား လုပ်ကျွေးလိမ့်မည်" (လုကာ ၁၂း၃၆-၃၇)။ ရောက်ရှိလာမည့် ကြီးကျယ်ခမ်းနားသောမင်္ဂလာပွဲအတွက် ကျွန်ုပ်တို့အဆင် သင့်ဖြစ်ကြပါစို့။

**ဆင်ခြင်ရန်** - နိမိတ်လက္ခာများက ခရစ်တော် ကြွလာတော်မူမည့်အချိန် အလွန်နီးနေပြီဖြစ်ကြောင်း ဖေါ်ပြလျက်ရှိ၏ (မဿဲ ၂၄း၃-၁၄)။

**ဆုတောင်းချက်-** "သင်တို့သည် . . . လူသားထံသို့ရောက်ခြင်းကို ခံထိုက်သောသူဖြစ်သည်ဟု မှတ်တော်မူမည် အကြောင်း၊ အစဉ် ဆုတောင်းလျက် စောင့်နေကြလော့" (လု ၂၁း၃၆)။

*"သူနှင့်တော်သောအထောက်အမကို သူ့ဘို့ငါလုပ်ဦးမည်"*

# ထိမ်းမြားခြင်းမင်္ဂလာ၏သန့်ရှင်းမြင့်မြတ်ခြင်း

ကမ္ဘာ ၂း၁၈-၂၅ ထဲတွင် ဘုရားသခင်သည် အိမ်ထောင်ပြုခြင်းကိုစတင်တည်ထောင်ခဲ့သည်။ ဧဒင်ဥယျာဉ်၌ လူသည် တစ်ဦးတည်းနေဖို့ရန်မကောင်းကြောင်းကို ဘုရားသခင်မြင်တော်မူသောကြောင့် အာဒံအတွက် အထောက်အမ၊ အဖော်၊ ဇနီးတစ်ဦးကို ဖန်ဆင်းခဲ့သည် (ကမ္ဘာ ၂း၁၈)။ ဘုရားသခင်သည် မိန်းမကိုလှပစွာ ဒီဇိုင်းဆွဲကာ ဂရုတစိုက်ဖန်ဆင်းပြီး အာဒံကိုပေးခဲ့သည် (ကမ္ဘာ ၂း၂၁-၂၃)။

သူတို့သည် အတူတကွ ဘုရားသခင်ဖန်ဆင်းထားသောအရာများကို အုပ်စိုးကြမည် (ကမ္ဘာ ၁း၂၇-၂၈)။ အိမ်ထောင်ရေး၏သန့်ရှင်းမြင့်မြတ်မှုကို ပြန်လည်ရရှိရန် အိမ်ထောင်ပြုခြင်းအတွက် ဘုရားသခင်၏ မူလရည်ရွယ်ချက်နှင့် ရည်မှန်းချက်သို့ ပြန်သွားဖို့ရန် ယနေ့တွင် စစ်မှန်ပြီး အရေးကြီးသောလိုအပ်ချက်များရှိသည်။ အဘယ်ကြောင့်ဆိုသော် အပြစ်တရားသည် ယောကျ်ားမိန်းမ၊ လင်မယားဆက်ဆံရေး၊ အိမ်ထောင်ရေးဖွဲ့စည်းပုံကိုပင် ကြီးမားသောပုံပျက်စေခြင်းနှင့် ပျက်စီးစေခြင်းကို ယူဆောင်လာခဲ့ပြီးသောကြောင့်ဖြစ်သည်။ ယနေ့တွင် ကာမစိတ်ကြီးလွန်းခြင်းနှင့် လူတကာနှင့်ကာမဆက်ဆံခြင်းများရှိနေသည်။ ညစ်ညမ်းရုပ်ပုံစာပေသည် ကလစ်တချက်နှိပ်ရုံသာဖြစ်သည်။ အိမ်ထောင်မပြုမီ လိင်ဆက်ဆံခြင်း၊ အတူနေထိုင်ခြင်း၊ ကိုယ်ဝန်ဖျက်ချခြင်း၊ ကွာရှင်းခြင်း၊ လိင်မှုဆိုင်ရာရာဇဝတ်မှုများစသည်ဖြင့် မြင့်တက်လာနေသည်။

သမ္မာကျမ်းစာက "လူပျိုတို့၏တပ်မက်ခြင်းကိုလေသာစိတ်ကို ကြည်ရှောင်လော့။ ဖြောင့်မတ်ခြင်း၊ သစ္စာရှိခြင်း၊ ချစ်ခြင်း၊ စင်ကြယ်သောစိတ်ရှိ၍ သခင်ဘုရားကို ပဌနာပြုသောသူတို့နှင့် အသင့်အတင့်နေခြင်းတို့ကို မှီအောင်လိုက်လော့" (၂ တိ ၂း၂၂) ဟုပညတ်ထားသည်။ လူငယ်များသည် ငယ်ရွယ်နုပျိုစဉ်ဖြစ်တတ်သော တပ်မက်မှုများကို သတိပြုရမည်။ John Calvin က "လူမျိုးတို့သည် ချောမွတ်နေသောအရွယ်၌ ဇာတိပကတိတပ်မက်မှုတို့သည် ရာဇဝတ်မှုများစွာသို့ မတွန်းပို့ဖို့ရန် မိမိတို့ကိုယ်ကို ဂရုစိုက်သင့်သည်" ဟုပြောဆိုခဲ့သည်။ အကြောင်းမှာ ယနေ့ခေတ်တွင် လူငယ်များအကြား ရှက်ကြောက်စေသောအပြုအမူများမှ ထိန်းကျောင်းမှုမပြုစေဖို့ရန်အတွက် နေရာတွင်း၌ ပို၍ကြီးမားသောလိုင်စင်က လွှမ်းမိုးထားသည်။ အိမ်ထောင်ပြုပြီးသောသူများသည် ဤသတိပေးချက်ကို လိုက်နာသင့်သည်။ "ခပ်သိမ်းသောသူတို့၌ မင်္ဂလာဆောင်ခြင်းအမှုနှင့် သစ္စာသံဝါသပြုခြင်းအမှုသည် အသရေရှိစေလော့။ မတရားသောမေထုန်ကို ပြုသောသူနှင့်သူ့မယားကို ပြစ်မှားသောသူကို ဘုဂ္ဂားသခင်စစ်ကြောစီရင်တော်မူလိမ့်မည်" (ဟေဗြဲ ၁၃း၄)။

**ဆင်ခြင်ရန်** - ထိမ်းမြားခြင်းအမှုကို ဘုရားသခင်ဖန်ဆင်း ပြဋ္ဌာန်းတော်မူရာဖြစ်၏ (ကမ္ဘာ ၂း၁၈-၂၅)။

**ဆုတောင်းချက်-** ဇာတိတပ်မက်ခြင်းနှင့်လောကီသွေးဆောင်ခြင်းမှ ကျွန်တော်တို့ကို ဘုရားသခင်ကွယ်ကာစောင့်ရှောက်မည် အကြောင်း ဆုတောင်းပါ။

# ထိမ်းမြားခြင်းပဋိညာဉ်

အိမ်ထောင်ပြုခြင်းသည် ဘုရားသခင်ဖန်ဆင်းထားသော အဖွဲ့အစည်းတစ်ခုဖြစ်သည် (ကမ္ဘာ ၂း၁၈-၂၅)။ ဘုရားသခင်သည် ယောကျ်ားနှင့်မိန်းမကို ဖန်ဆင်းတော်မူ၏။ ယောကျ်ားကို မြေမှုန့်အားဖြင့်၎င်း၊ မိန်းမကို ယောကျ်ား၏နံရိုးမှ၎င်း ဖန်ဆင်းသည် (ကမ္ဘာ ၂း၂၁)။ “ထိုနောက် ထာဝရအရှင်ဘုရားသခင်သည် မြေမှုန့်ဖြင့်လူကိုဖန်ဆင်း၍သူ၏နှာခေါင်းထဲသို့ ဇီဝအသက်ကို မှုတ်တော်မူလျှင် လူသည် အသက်ရှင်သောသတ္တဝါဖြစ်လေ၏။ . . . ထိုအခါ ထာဝရအရှင်ဘုရားသခင်သည် လူကိုကြီးသောအိပ်ခြင်းနှင့်အိပ်စေတော်မူ၍ လူသည်အိပ်ပျော်စဉ်၊ နံရိုးတစ်ချောင်းကို ဘုရားသခင်ထုတ်ပြီးလျှင် ထိုအရိုးအစား အသားကို စေ့စပ်စေတော်မူ၏။ ထာဝရအရှင်ဘုရားသခင်သည် လူထဲက ထုတ်သောနံရိုးဖြင့် လူမိန်းမကိုဖန်ဆင်း၍ လူရှိရာသို့ဆောင်ခဲ့တော်မူ၏” (ကမ္ဘာ ၂း၇၊ ၂၁-၂၂)။ မိန်းမကို ယောကျ်ားထံသို့ ယူဆောင်လာသူမှာ ဘုရားသခင်ဖြစ်ကြောင်း သတိပြုပါ။ ၎င်းသည် ကောင်းပေ၏။

ဘုရားသခင်သည် အောင်သွယ်တော်ဖြစ်ပြီး၊ ထူးချွန်သော အိမ်ထောင်ရေးအတိုင်ပင်ခံဖြစ်သည်။ ထို့ကြောင့် သူသည် အိမ်ထောင်ရေး၌အမြဲရှိနေရပါမည်။ ထို့ကြောင့် အိမ်ထောင်ရေးသည် နှစ်ဦးနှစ်ဖက်မဟုတ်ဘဲ သုံးဦးဆက်ဆံရေးဖြစ်သည်။ သုံးဦးက လူထုမဟုတ်ဘဲ ဘုရားသခင်သည် တတိယပုဂ္ဂိုလ်ဖြစ်သည်။ ယနေ့ပြဿနာမှာ ဘုရားသခင်အား ရုပ်ပုံထဲမှ ဖယ်ရှားခံရခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ အိမ်ထောင်ရေးပြိုကွဲမှုသည် များသောအားဖြင့် ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်ရေးလျှောက်လှမ်းခြင်း ပြိုကွဲသွားခြင်းကြောင့်ဖြစ်သည်။ “လူသည် နှစ်ယောက်အတူအိပ်လျှင် နွေးတတ်၏။ တစ်ယောက်တည်းသောသူမူကား အဘယ်သို့အိပ်နိုင်သနည်း။ လူတစ်ယောက်သည် တစ်ယောက်ကို နိုင်လျှင် ထိုလူကိုနှစ်ယောက်ဆီးတားနိုင်၏။ သုံးလွန်းတင်သောကြိုးသည်လည်း အလွယ်တကူမပြတ်တတ်” (ဒေသနာ ၄း၁၁-၁၂)။

မာလခိ ၂း၁၄ က လက်ထပ်ထိမ်းမြားခြင်းကို ပဋိညာဉ်အဖြစ် ပြောဆိုရာတွင် “အဘယ်ကြောင့်နည်းဟု သင်တို့မေးလျှင် သင့်အသက်ပျိုစဉ်အခါ လက်ထပ်၍ နောက်တဖန်သစ္စာမစောင့်။ ပြစ်မှားသောမယားတဘက်နှင့်သင့်တဘက်၌ ထာဝရဘုရားသည် သက်သေဖြစ်တော်မူ၏။ ထိုမယားသည် သင်၏အဆွေခင်ပွန်း၊ သင်ဖွဲ့သောပဋိညာဉ်နှင့်ဆိုင်သောမယားဖြစ်သတည်း”။ ထိုသို့ဆိုလျှင် လက်ထပ်ထိမ်းမြားခြင်းပဋိညာဉ်ဆိုသည်မှာ အဘယ်နည်း။ လက်ထပ်ထိမ်းမြားခြင်းပဋိညာဉ်ဆိုသည်မှာ ယောကျ်ားနှင့်မိန်းမတို့ကြားတွင် ဘဝအတွက် တစ်ဦး နှင့်တစ်ဦးသစ္စာစောင့်သိပြီး၊ ချစ်ခြင်းမေတ္တာဖြင့် နေထိုင်ကြဖို့ ဘုရားသခင်ရှေ့တော်မှောက်၌ လေးနက်သော သဘောတူညီချက်တစ်ခုဖြစ်သည်။ ပဋိညာဉ်တစ်ခုမှာ စည်းမျဉ်းစည်းကမ်းများရှိ သည်။ ဤစည်းမျဉ်းများကို ဘုရားသခင်ချမှတ်ထားသည်။ ကျွန်ုပ်တို့သည် သာယာသော အိမ်ထောင်ရေးကို လိုချင်ပြီး၊ အိမ်ထောင်ရေး၌ ကောင်းကြီးခံစားရပါက ကျွန်ုပ်တို့သည် ဘုရားသခင်၏ စည်းမျဉ်းများနှင့်အညီ ကျင့်ဆောင်ရပါမည်။

**ဆင်ခြင်ရန်** - “ထိမ်းမြားခြင်းသည် ဘုရားသခင်သန့်ရှင်းစေတော်မူသော ပဋိညာဉ်ဖြစ်တော်မူ၏” (John Calvin)။

**ဆုတောင်းချက်-** ကျွန်တော်တို့ပြုသော ဂတိစကားများနှင့်ပဋိညာဉ်ကို အလေးထားမည် အကြောင်း ဆုတောင်းပါ။

*"ယောကျ်ားသည် တယောက်တည်း မနေကောင်း"*

## သန့်ရှင်းသောအဖော်မွန်

ဧဒင်ဥယျာဉ်တွင် လူသည် တစ်ယောက်တည်းနေရန်မကောင်းကြောင်း ဘုရားသခင်မြင်တော်မူ၏။ "ထာဝရအရှင်ဘုရားသခင်ကလည်း ယောကျ်ားသည် တစ်ယောက်တည်းမနေကောင်း၊ သူနှင့်တော်သောအထောက်အမကို သူ့ဖို့ ငါလုပ်ဦးမည်ဟု အကြံရှိ၏" (ကမ္ဘာ ၂း၁၈)။ ထို့ကြောင့် သူသည်အာဒံ အတွက် အထောက်အမ၊ အဖော်၊ ဇနီးကိုဖန်ဆင်းခဲ့သည်။ သူသည်မိန်းမကို လှပစွာ ဒီဇိုင်းဆွဲကာ ဂရုတစိုက်ဖန်ဆင်းကာ အာဒံအားပေးခဲ့သည် (ကမ္ဘာ ၂း၂၂)။ ပြီးပြည့်စုံသော အံ့ဝင်ခွင်ကျဖြစ်ပါ၏။

မိန်းမသည် ယောကျ်ားအတွက် သင့်လျော်သောအထောက်အကူဖြစ်ရန် ဖန်ဆင်းထားသော်လည်း ယောကျ်ားထက် နိမ့်ကျခြင်းမရှိပါ။ ယောကျ်ားရော မိန်းမပါ ညီတူညီမျှဖန်ဆင်းထားသည့် လူသားမျိုးနွယ်ဖြစ်သည်။ သို့သော် နှစ်ဦးလုံးတွင် သက်ဆိုင်ရာနှင့်ခြားနားသော တာဝန်များရှိကြသည်။ အိမ်ထောင်ကို ဦးဆောင်သူအဖြစ် ယောကျ်ားကို ဘုရားသခင်တာဝန်ပေးပြီး၊ ယောကျ်ားသည် ထိုအရာကို ကျေပွန်စွာ ထမ်းဆောင်နိုင်ဖို့ရန် မိန်းမကို အကူတာဝန် ပေးထားသည်။ ဧဖက် ၅း၂၂-၃၃ တွင်ဖော်ပြသည်မှာ "အချင်းမိန်းမတို့ သခင်ဘုရား၏အုပ်စိုးတော်မူခြင်းကို ဝန်ခံသကဲ့သို့ ကိုယ်ခင်ပွန်း၏အုပ်စိုးခြင်းကို ဝန်ခံကြလော့။ အကြောင်းမူကား ခရစ်တော်သည် အသင်းတော်၏ အပေါ်မှာ ခေါင်းဖြစ်တော်မူသကဲ့သို့ ယောကျ်ားသည် မိမိခင်ပွန်း၏အပေါ်မှာ ခေါင်းဖြစ်၏။ ခရစ်တော်သည်လည်း မိမိကိုယ်ကို ကယ်တင်သောသူဖြစ်တော်မူ၏။ အသင်းတော်သည် ခရစ်တော်၏ အုပ်စိုးတော်မူခြင်းကို ဝန်ခံသကဲ့သို့ မိန်းမတို့သည်လည်း ကိုယ်ခင်ပွန်း၏အုပ်စိုးခြင်းကို အရာရာ၌ဝန်ခံရကြမည်။ အချင်းယောကျ်ားတို့ ခရစ်တော်သည် အသင်းတော်ကို ချစ်တော်မူသကဲ့သို့၊ သင်တို့လည်း ကိုယ်ခင်ပွန်းကို ချစ်ကြလော့။ . . . ခရစ်တော်သည် ထိုအသင်းတော်အဘို့ ကိုယ်ကို စွန့်တော်မူ၏။ ထိုနည်းတူ၊ ယောကျ်ားတို့သည် မိမိကိုယ်ကို ချစ်သကဲ့သို့ မိမိခင်ပွန်းတို့ကို ချစ်ရကြမည်။ ခင်ပွန်းကို ချစ်သောသူသည် ကိုယ်ကို ချစ်သောသူဖြစ်၏။ . . . သင်တို့သည် အသီးအသီး ကိုယ်ကိုကိုယ် ချစ်သကဲ့သို့ ကိုယ်ခင်ပွန်းကို ချစ်ကြလော့။ မိန်းမသည်လည်း ကိုယ်ခင်ပွန်းကို ရိုသေခြင်း ရှိစေလော့" ဟူ၍ဖြစ်ပါသည်။ ထိုသို့သော ဝိညာဉ်ရေးနှင့် သဟဇာတရှိသော ပူးပေါင်းဆောင်ရွက်မှုက ကြီးမားသောကုန်ထုတ်စွမ်းအားကို ဖြစ်ပေါ်စေမည်။ ဧကန်စင်စစ် လူတစ်ဦးက လူအယောက်တစ်ထောင်ကိုလိုက်၍၊ နှစ်ဦးက အယောက်တစ်သောင်းကို ပြေးစေလိမ့်မည် (တရား ၃၂း၃၀)။

**ဆင်ခြင်ရန်** - သင့်ဇနီးကို တန်ဖိုးထားလျက် ချစ်မြတ်နိုးပါလော့။
**ဆုတောင်းချက်-** သင့်ဇနီးကြောင့် ဘုရားသခင်ကို ချီးမွမ်းပါ။

# ယောကျ်ားတဦး၊ မိန်းမတဦး

ကမ္ဘာ ၁း၂၇ တွင် ဘုရားသခင်သည် လူဖြစ်သော "ယောကျ်ားနှင့်မိန်းမ" ကို ဖန်ဆင်းသည်ဟုဆိုထားသည်။ ၎င်းသည် ယောကျ်ားတစ်ဦးနှင့်မိန်းမတစ်ဦးကြားတွင် ရှိပြီး၊ အနည်းကိန်းဖြစ်ကြောင်းကို မှတ်သားထားပါ။ မိန်းမများစွာမဟုတ်ဘဲ ဧဝတစ်ဦးတည်းသာ အာဒံအတွက် ဖန်ဆင်းထားခဲ့သည်။ ထို့ကြောင့် အိမ်ထောင်ရေးသည် တစ်လင်တစ်မယားစနစ်ဖြစ်သည်။ ယောကျ်ားတစ်ဦးနှင့် မိန်းမတစ်ဦးကြားတွင်ဖြစ်သည်။ လိင်တူဆက်ဆံခြင်းသည် ဘုရားသခင်စက်ဆုပ်ရွံရှာဖွယ်ဖြစ်သည်။ "မိန်းမနှင့်ပေါင်းဘော်သကဲ့သို့ ယောကျ်ားချင်းမပေါင်းဘော်ရ။ ရွံရှာဖွယ်အမှုဖြစ်၏" (ဝတ်ပြု ၁၈း၂၂၊ ကမ္ဘာ ၁၉း၁-၂၄ နှင့် ရောမ ၁း၂၃-၂၄)။

ဘုရားသခင်သည် ယောကျ်ားအတွက် မိန်းမကိုဖန်ဆင်းသောအခါ အာဒံထံမှနံရိုးတစ်ချောင်းကိုယူပြီး၊ မိန်းမတစ်ဦး ဧဝကိုဖန်ဆင်းခဲ့သည်။ သူသည် မိန်းမအများကြီးကိုဖန်ဆင်းဖို့ နံရိုးအများကြီးမယူခဲ့ပါ။ အနည်းကိန်း "မိန်းမ" (ကမ္ဘာ ၂း၂၂) နှင့် "မယား" (အငယ် ၂၄-၂၅) ကို မှတ်သားပါ။ ထိုထက်အရေးကြီးသည်မှာ "တသားတကိုယ်တည်း"(အငယ် ၂၄) ဟူသော အတွေးဖြစ်သည်။ ၎င်းမှာ ယောကျ်ားတစ်ဦးနှင့်မိန်းမတစ်ဦးအကြား ရုပ်ပိုင်းဆိုင်ရာနှင့်ဝိညာဉ်ရေးဆိုင်ရာစည်းလုံးမှုဖြစ်သည်။ "တစ်သားတစ်ကိုယ်တည်း" ဟူသော စကားက မယားအများယူခြင်းကို တားမြစ်သည်။

ထို့ကြောင့် ဓမ္မသစ်ကျမ်းတွင် အသင်းတော်ခေါင်းဆောင်တစ်ဦးသည် "မယားတစ်ဦး၏ယောကျ်ား" ဖြစ်ရန်တောင်းဆိုသည် (၁ တိ ၃း၂)။ ဤအချက်က သူ၏သတို့သမီးဖြစ်သော အသင်းတော်နှင့်ယေရှု၏ဆက်နွယ်မှုကို ပုံဥပမာအားဖြင့်လည်း သက်သေထူသည်။ ခရစ်တော်၏ သတို့သမီးတစ်ဦးတည်းမှာ စစ်မှန်၍ မြင်မရသော ဘုရားသခင်ရွေးချယ်တော်မူသောသူအားလုံး ပါဝင်သည့် ကမ္ဘာလုံးဆိုင်ရာအသင်းတော်တပါးဖြစ်သည်။ ထို့ကြောင့် လူတစ်ဦးသည် ၎င်း၏တရားဝင်အိမ်ထောင်ဖက်မှလွဲ၍ အခြားသူတစ်ဦးနှင့် လိင်ဆက်ဆံသောအခါတွင် ၎င်းသည်အိမ်ထောင်ရေးဖောက်ပြန်မှုဖြစ်သည်။ "သူ့မယားကိုမပြစ်မှားနှင့်" (၇ ပါးမြောက်သောပညတ်တော်)။

ဟုတ်ပါသည်။ ဓမ္မဟောင်းကျမ်းတွင် ဘုရားသခင်၏လူများတွင် ဇနီးမယားများစွာရှိသောသာဓကများကို ကျွန်ုပ်တို့တွေ့ရှိပါသည်။ အာဗြဟံနှင့်သူ၏မယားစာရာနှင့် ဟာဂရတို့အကြောင်းကို ကျွန်ုပ်တို့ဆင်ခြင်သောအခါ အာဗြဟံနှင့်သူ၏သားစဉ်မြေးဆက်တို့ ကြုံတွေ့ရသောဒုက္ခကိုကြည့်ရှုကြလော့။ ဣဇက်နှင့်ဣရှမေလတို့၏အစ်ကိုတို့နှစ်ဦးကြား ရန်ငြိုးသည် ယနေ့တိုင်အောင်ဆက်လက်တည်ရှိနေပါသည်။ တစ်ကြိမ်တွင် ဇနီးတစ်ဦးထက်ပို၍ထားရှိခြင်းသည် ဘုရားသခင်၏အလိုတော်နှင့်၎င်း၊ နှုတ်ကပတ်တော်နှင့်၎င်း ဆန့်ကျင်ဘက်ဖြစ်သည်။

**ဆင်ခြင်ရန်** - "ကောင်းသော" ဟူသော၊ တရုတ်စကားလုံးသည် "ယောကျ်ားတဦး" အပေါင်း "မိန်းမတဦး" ဟူ၍ဖြစ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၌ ရောင့်ရဲတင်းတိမ်ခြင်းရှိမည်အကြောင်း ကျွန်ုပ်ကို သွန်သင်တော်မူပါ။

*"မိန်းမနှင့်ပေါင်းဘော်သကဲ့သို့ ယောကျ်ားချင်း မပေါင်းဘော်ရ"*

## ယောကျ်ားချင်းပေါင်းဘော်ခြင်း၏စက်ဆုပ်ရွံ့ရှာစရာကောင်းမှု

အိမ်ထောင်ပြုခြင်းသည် ဆန့်ကျင်ဘက်လိင်နှစ်ဦးကြားအထူးဆက်ဆံရေးဖြစ်သည် - ယောကျ်ားနှင့်ယောကျ်ား၊ မိန်းမနှင့်မိန်းမကြားတွင်မဟုတ်ဘဲ ယောကျ်ားနှင့်မိန်းမကြားဖြစ်သည်။ ဆိုရိုးစကားအတိုင်း "ဘုရားသခင်သည် အာဒံနှင့်စတိဗ်(ယောကျ်ား)ကို မဟုတ်ဘဲ အာဒံနှင့်ဧဝတို့ကို ဖန်ဆင်းခဲ့သည်။" ဝတ်ပြုရာကျမ်း ၁၈း၂၂ က "မိန်းမနှင့်ပေါင်းဘော်သကဲ့သို့ ယောကျ်ားချင်းမပေါင်းဘော်ရ။ ရွံရှာဖွယ်အမှုဖြစ်၏" ဟုဆိုသည်။ တဖန် ဝတ်ပြုရာကျမ်း ၂ဝး၁၃ တွင် "မိန်းမနှင့်ပေါင်းဘော်သကဲ့သို့ ယောကျ်ားချင်းပေါင်းဘော်လျှင် ထိုသူနှစ်ယောက်တို့သည် ရွံ့ရှာဘွယ်သောအမှုကို ပြုသောကြောင့် အသေသတ်ခြင်းကိုအမှန်ခံရမည်။ သေထိုက်သောအပြစ်ရှိ၏" ဟုဆိုသည်။ ပြင်းထန်သောတရားစီရင်ခြင်းသည် ဘုရားသခင်ချမှတ်ထားပြီးသောအရာမှ သွေဖယ်စေသောသူတို့အပေါ်သို့ ကျရောက်သည်။ "ထိုသို့ပြုကြသောကြောင့် ဘုရားသခင်သည် သူတို့ကိုရှက်ကြောက်ဘွယ်သောကိလေသာလက်သို့ အပ်လိုက်တော်မူ၏။ အဘယ်သို့နည်းဟူမူကား မိန်းမတို့သည် ပကတိထုံးစံကိုစွန့်၍ ပကတိနှင့်ဆန့်ကျင်ဘက်ထုံးစံကိုလိုက်ကြ၏။ ထိုအတူ ယောကျ်ားတို့သည်လည်း မိန်းမနှင့်ဆက်ဆံခြင်းပကတိထုံးစံကိုစွန့်၍ အချင်းချင်းကိလေသာစိတ်ပူလောင်သဖြင့် ရှက်ကြောက်ဘွယ်သောအမှုကို ယောကျ်ားချင်းပြုလျက် မိမိတို့မှားယွင်းခြင်းနှင့်အလျောက် မိမိတို့အပြစ်ဒဏ်ကိုခံရကြ၏" (ရောမ ၁း၂၆-၂၇)။

လိင်တူဆက်ဆံခြင်းသည် စက်ဆုပ်ရွံ့ရှာဖွယ်ဖြစ်သည်။ လိင်တူဆက်ဆံသူများသည် အပြစ်တရား၌ကျင်လည်ရန် သိလျက်ဖြင့်ရွေးချယ်ကြသည်။ ဤရွေးချယ်မှုသည် နောက်ပြန်လှည့်လို့ရသည်။ ဤအရာသည် နောင်တရနိုင်သည့်အရာဖြစ်သည်။ ထိုသို့ပျက်စီးနေသော ဘဝနေထိုင်မှုပုံစံ၏ သံကြိုးများကိုချိုးဖျက်ရန် တစ်ခုတည်းသောနည်းလမ်းမှာ လိင်တူချစ်သူများနှင့် မိန်းမလျာ(အခြောက်)များသည် မိမိတို့အပြစ်ကိုဝန်ခံပြီး နောင်တရကာယေရှုခရစ်အား မိမိတို့၏သခင်နှင့်ကယ်တင်ရှင်အဖြစ်ပြုလုပ်ရန်ဖြစ်သည်။ သန့်ရှင်းသောဧဝံဂေလိတရားသည် "ယုံကြည်သူတိုင်းကိုကယ်တင်ခြင်းအလို့ငှါ ဘုရားသခင်၏တန်ခိုးတော်" ဖြစ်သောကြောင့် လိင်တူဆက်ဆံခြင်း၏ ခြေချုပ်များကို ချိုးဖျက်လိမ့်မည် (ရော ၁း၁၆)။

အမျိုးသမီးများသည် ဘောင်းဘီကိုဝတ်ကြပြီး အမျိုးသားများက စကပ်(ထဘီ) ကို ဝတ်ဆင်ကြပြီး မိသားစုစည်းလုံးညီညွတ်မှုနှင့်သဟဇာတဖြစ်မှုအတွက် ဘုရားသခင်ပေးထားသည့်ပုံစံကို ဖောက်ထိုးပြောင်းသွားစေသောအခါတွင် မိသားစုအတွင်း ရှုပ်ထွေးမှုများနှင့် ကမောက်ကမများဖြစ်ပေါ်လာစေသည်။ ယောကျ်ားနှင့်မိန်းမတို့၏ တာဝန်အခန်းကဏ္ဍကိုပုံပျက်ပန်းပျက် (သို့) ပြောင်းပြန်လှန်လိုက်သောအခါတွင် ပြိုကွဲနေသောအိမ်ထောင်ရေး၊ ပြိုကွဲနေသောမိသားစုနှင့် ပြိုကွဲနေသောလူ့အဖွဲ့အစည်းများကို သင်တွေ့လိမ့်မည်။ အိမ်ထောင်ပြုခြင်းသည် မကောင်းမှုအတွက် လိုအပ်သောအရာမဟုတ်သော်လည်း ဘုရားသခင်၏အကြံအစည်နှင့် ရည်ရွယ်ချက်အတွင်း လိုအပ်သောကောင်းမှုတစ်ခုဖြစ်သည်။ လူ့အဖွဲ့အစည်းသည် အိမ်ထောင်ရေးနှင့်မိသားစုနှောင်ကြိုးကဲ့သို့ ခိုင်မာသည်။ အခြားတစ်ဖက်တွင် အိမ်ထောင်ရေးဖောက်ပြန်မှု၊ မယားအများယူမှုနှင့် လိင်တူဆက်ဆံမှုသည် မိသားစုကိုဖျက်ဆီးပြီး လူ့အဖွဲ့အစည်းကို ပြိုလဲစေမည်ဖြစ်သည်။

**ဆင်ခြင်ရန်** - သမ္မာကျမ်းစာနှင့်ကိုက်ညီသော မိသားစုသည် အဖွဲ့အစည်းတိုင်းအတွက် တည်ဆောက်စရာ ဖြစ်၏။

**ဆုတောင်းချက်-** သစ္စာဖောက်ခြင်း၊ မယားငယ်ထားခြင်း၊ ယောကျ်ားချင်းပေါင်းဘော်ခြင်းတို့ မှ ကျွန်တော်တို့၏မိသားစုများကို ဘုရားသခင် ကွယ်ကာမည်အကြောင်း ဆုတောင်းကြပါစို့။

စနေ၊ စက်တင်ဘာ (၂၃)
**မာကု ၁၀း၁-၁၂**
ဆာလံ ၁၂၇

*"ထိုသူနှစ်ယောက်တို့သည်*
*တသားတကိုယ်တည်း ဖြစ်ရလိမ့်မည်"*

# ဘယ်လောက်ကြာကြာ၊ ဘယ်နှစ်ယောက်လဲ

"ဘုရားသခင်ဖန်ဆင်းတော်မူစက ယောကျ်ားနှင့်မိန်းမနှစ်ယောက်တည်းကို ဖန်ဆင်းတော်မူ၏။ ထိုအကြောင်းကြောင့် ယောကျ်ားသည်ကိုယ်မိဘကို စွန့်၍ကိုယ်ခင်ပွန်း၌ မှီဝဲသဖြင့် ထိုသူနှစ်ယောက်တို့သည် တသားတကိုယ်တည်းဖြစ်ရလိမ့်မည်။ ထို့ကြောင့် လင်မယားတို့သည် နှစ်ဦးမဟုတ် တစ်ဦးတည်းဖြစ်၏။ ဘုရားသခင်တွဲဘက်၍ထမ်းဘိုးတင်တော်မူသောအရာကို လူမခွဲမခွာစေနှင့်ဟု မိန့်တော်မူ၏" (မာကု ၁၀း၆-၉)။ "မှီဝဲသည်" ဟူသောစကားလုံး (ကမ္ဘာ ၂း၂၄၊ မာကု ၁၀း၇) ၏ မူရင်းဘာသာစကားလုံးမှာ ပေါင်းစည်းခြင်း (သို့) စည်းနှောင်ခြင်းအတွက် အလွန်ခိုင်မာသောစကားလုံးဖြစ်သည်။ ထိုစကားလုံးသည် သတ္တုအပိုင်းအစနှစ်ခုကို ပေါင်းစပ်၍ တစ်ပိုင်းဖြစ်စေခြင်းမျိုးဖြစ်သည်။ ထိုအခါမှာ ၎င်းသည်အမြဲပူးတွဲနေပြီး ခွဲလို့မရနိုင်ပါ။

ကြင်စဦးဇနီးမောင်နှံများသည် လက်ထက်ပြီးနောက် မိသားစုအသစ်ကိုထူထောင်ရန် ၎င်းတို့၏မိဘများကို ထားခဲ့ကြသည်။ "ထိုအကြောင်းကြောင့်ယောကျ်ားသည် ကိုယ်မိဘကိုစွန့်၍ ကိုယ်ခင်ပွန်း၌မှီဝဲသဖြင့် ထိုသူတို့သည် တသားတကိုယ်တည်းဖြစ်ရလိမ့်မည်" (ကမ္ဘာ ၂း၂၄)။ ဤအချက်မှာ မိဘများကိုစွန့်ပစ်ခြင်းမဟုတ်ဘဲ ဖခင်၊ မိခင်နှင့်သားသမီးများပါဝင်သော မိသားစုသစ်တစ်ခု ထူထောင်ခြင်းပင်ဖြစ်သည်။ အိမ်ထောင်ပြုသူများသည် ကလေးများကိုစိတ်ဝင်စားသင့်ပြီး ကလေးယူဖို့စီစဉ်သင့်သည်။ "ဘွားမြင်သောသားသမီးတို့သည် ထာဝရဘုရားဆုချ၍ပေးသနားတော်မူသော အမွေဥစ္စာဖြစ်ကြ၏။ အသက်ပျိုစဉ်ဘွားမြင်သောသားသမီးတို့သည် သူရဲလက်၌ရှိသော မြှားကဲ့သို့ဖြစ်ကြ၏။ မိမိမြှားတောင့်ကို သူတို့နှင့်ပြည့်စေသောသူသည် မင်္ဂလာရှိ၏။ သူတို့သည် ရှက်ကြောက်ခြင်းမရှိ၊ ရန်သူတို့ကိုတံခါးဝ၌ဆီးတားကြလိမ့်မည်" (ဆာလံ ၁၂၇း၃-၅)။

အိမ်ထောင်ပြုခြင်းသည် တစ်သက်လုံးပေါင်းသင်းဖို့ရန်နှင့် တစ်သက်လုံးသစ္စာကတိတည်ဖို့ရန်ဖြစ်သည်။ ထို့ကြောင့် "ငါတို့သည် သေသည့်တိုင်အောင်သစ္စာရှိမည်" ဟု ကတိသစ္စာဆိုကြသည်။ မိသားစုတွေကို ပကတိအတိုင်း ထိန်းသိမ်းရမယ်၊ ကွာရှင်းခြင်းသည်ယုံကြည်သူအတွက် မည်သောအခါမှ ရွေးချယ်ခွင့်မရှိပါ။ အိမ်ထောင်သည်ဘဝသည် လွယ်ကူမည်မဟုတ်ပေ။ ခက်ခဲနိုင်သော်လည်း ဘုရားသခင်ကကူညီရန်သူရှိနေသည်ဟု မိန့်တော်မူသည်။ ယေရှုက "ဤအမှုကိုသူမတတ်နိုင်။ သို့သော်လည်း ဘုရားသခင်သည်ခပ်သိမ်းသောအမှုတို့ကို တတ်နိုင်တော်မူသည်ဟု မိန့်တော်မူ၏" (မဿဲ ၁၉း၂၆)။ လင်နှင့်မယားတို့သည် အတူတကွနေထိုင်ကြသည်နှင့်အမျှ ခရစ်တော်နှင့်ပို၍တူလာကြသောအခါ သူတို့၏အိမ်ထောင်ရေးသည် ပိုမိုချိုမြိန်လာမည်ဖြစ်သည်။ ဘုရားသခင်က ၎င်းကိုတတ်နိုင်တော်မူ၏။ "ယုံကြည်ခြင်း၌ရပ်တည်လျှင် အိမ်ထောင်သည်ဇနီးမောင်နှံများ၏ဘဝသည် အံ့ဖွယ်အမှုများဖြင့် ကျော်ကြားသူများထက် မြင့်မားသောအဆင့်သတ်မှတ်ခံထိုက်သည်" ဟု မာတင်လူသာဆိုခဲ့သည်မှာ အံ့ဩစရာမဟုတ်ပါ။

**ဆင်ခြင်ရန်** - အိမ်ထောင်ဘဝသည် သက်ဆုံးတိုင်ဖြစ်ပြီး၊ သားသမီးတို့သည် ကောင်းကြီးမင်္ဂလာဖြစ်ကြ၏။

**ဆုတောင်းချက်-** သင့်အိမ်ထောင်ဘဝသည် ပျော်ရွှင်ခြင်းရှိ၍ သက်ဆုံးတိုင်တည်မည် အကြောင်း ဆုတောင်းပါလော့။

တနင်္ဂနွေနံနက်၊ စက်တင်ဘာ (၂၄)

**သု ၁၈း၂၂**

တရား ၇း၃-၄

*"မယားကိုရသောသူသည် ကောင်းသောအရာကို ရ၍"*

# အဘယ့်ကြောင့်အိမ်ထောင်ပြုကြသနည်း

အိမ်ထောင်ပြုခြင်းသည် ဘုရားသခင်၏အလိုတော်ဖြစ်သောကြောင့် ကျွန်ုပ်တို့ကျင့်သုံးရခြင်းဖြစ်သည်။ "မယားကိုရသောသူသည် ကောင်းသောအရာကိုရ၍ထာဝရဘုရား၏ကျေးဇူးတော်ကိုခံရ၏" (သုတ္တံ ၁၈း၂၂)။

အာဗြဟံ၏ကိစ္စတွင် ဣဇက်လက်ထပ်ခြင်းသည် ဘုရားသခင်၏အလိုတော်ဖြစ်သည်။ ဘုရားသခင်သည်အာဗြဟံအား သူ၏အမျိုးအနွယ်(သားသမီး)တို့အား ပေးတော်မူသောပြည်ကို အမွေခံရမည်ဟု မိန့်တော်မူ၏။ ထို့ကြောင့် ဣဇက်သည် ဘုရားတရားရှိသေသောအမျိုးအနွယ်ကို မွေးဖွားဖို့အိမ်ထောင်ပြုရန်လိုအပ်သည် (ကမ္ဘာ ၂၄း၇)။ ဤအရာက ကျွန်ုပ်တို့နှင့်သက်ဆိုင်၏။ ခရစ်ယာန်မိသားစုကို တည်ထောင်ခြင်းသည် ဘုရားသခင်၏အလိုတော်ဖြစ်သည်။ ကျွန်ုပ်၏အကြီးမားဆုံးဆန္ဒတစ်ခုမှာ ကျွန်ုပ်၏သားသမီးများသည် ဘုရားသခင်အားအချိန်ပြည့်အစေခံဖို့ ကြီးပြင်းလာစေရန်ဖြစ်သည်။ ကျန်သောလူများအတွက် ကျွန်ုပ်တို့၏သားသမီးတို့သည် အချိန်ပြည့်အမှုတော်တွင် ပါဝင်ဖို့မလိုအပ်သော်လည်း သူတို့ရောက်ရှိရာနေရာတိုင်း၌ သခင်ဘုရားအတွက် သက်သေခံခြင်းဖြင့် ခရစ်ယာန်ကောင်းများဖြစ်နိုင်ပြီး ၎င်းတို့၏ကောင်းသောသက်သေခံချက်ဖြင့် လူများကို နိုင်ငံတော်ထဲသို့ခေါ်ဆောင်လာနိုင်ကြသည်။

အာဗြဟံသည် မိမိလူမျိုးထဲက ဣဇက်အတွက်မယားခေါ်ယူဖို့ မိမိကျွန်အားမိန့်ဆို၏ (ကမ္ဘာ ၂၄း၄)။ ရုပ်တုကိုးကွယ်သူခါနနိလူမျိုးထဲမှ ဣဇက်အတွက်မယားမယူဖို့ မိမိကျွန်အားအထူးသတိပေးခဲ့သည်။ ဤနေရာတွင် သင်ကြားထားသည့်နိယာမမှာ ရှင်းရှင်းလင်းလင်းဖြစ်၏။ ၎င်းမှာ ဘုရားသခင်၏လူမျိုးသည် တူညီသောယုံကြည်ခြင်းရှိသူများသာ လက်ထပ်ရမည်ဖြစ်သည်။ ခရစ်ယာန်အသိုင်းအဝိုင်း အတွင်းလူသာလက်ထပ်ပါ၊ ယုံကြည်သူကိုသာလက်ထပ်ပါ။ အဘယ်ကြောင့်နည်း။ တရားဟောရာကျမ်း ၇း၄ က "အကြောင်းမူကား သူတို့သည် သင်၏သားကိုငါ၌မစည်းမကပ်စေဘဲ အခြားတပါးသောဘုရားက ဝတ်ပြုစေခြင်းငှါ သွေးဆောင်ကြလိမ့်မည်။ ထိုအခါ အမျက်ထွက်၍ သင်တို့ကို ချက်ချင်းဖျက်ဆီးတော်မူလိမ့်မည်" ဟူ၍အကြောင်းအရင်းကို ပေးထား၏။

ဧဝံဂေလိတရားဟောဖို့ မယုံကြည်သူနှင့်လက်ထပ်ခြင်းသည် ကျမ်းစာနှင့်မညီပါ။ ၁ ကော ၇း၃၉ တွင် "သခင်ဘုရား၌သာ" လက်ထပ်ခြင်း (ယုံကြည်သူကိုသာလက်ထပ်ခြင်း) ကိုပြောဆို၏။ ဘဝအဖော်ကိုရှာဖွေခြင်းသည် ကျွန်ုပ်တို့အရွယ်ရောက်လာသောအခါတွင် သဘာဝအတိုင်း ဖြစ်ပေါ်လာသောအရာဖြစ်သည်။ ကျွန်ုပ်တို့သည် အခြေချနေထိုင်လိုမည်၊ လူဆိုသည်မှာ ကျွန်းမဟုတ်ပေ၊ ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် လူတွေလိုအပ်သည်။ ကျွန်ုပ်တို့သည်အဖော်လိုအပ်သည်။ ထိုအချက်ကြောင့် ကျွန်ုပ်တို့မှာ မိသားစုနှင့်မိတ်ဆွေများရှိကြသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ကျွန်ုပ်တို့ကိုဖန်ဆင်းရှင်ဖြစ်သောသူနှင့်၎င်း၊ အခြားလူသားများနှင့်၎င်း ဆက်ဆံနိုင်စွမ်းရှိရန် ကျွန်ုပ်တို့ကို အထူးဒီဇိုင်းထုတ်ထားသည်။ ကမ္ဘာ ၂း၁၈ တွင် ဘုရားသခင်က "ထာဝရအရှင်ဘုရားသခင်ကလည်း ယောကျ်ားသည် တယောက်တည်းမနေကောင်း၊ သူနှင့်တော်သောအထောက်အမကို သူ့ဘို့ငါလုပ်အံ့ မည်ဟု အကြံရှိတော်မူ၏" ဟုမိန့်ဆိုခဲ့သည်။

**ဆင်ခြင်ရန်** - အိမ်ထောင်ပြုခြင်းသည် အဖော်မွန်အတွက်၊ မျိုးဆက်မွေးဘွားခြင်းအတွက်၊ မတရားသောမေထုန်မှီဝဲခြင်းမှကွယ်ကာဖို့ရန်ဖြစ်ပါသည်။

**ဆုတောင်းချက်-** သင့်ဘဝ၌ (အိမ်ထောင်ပြုခြင်းကို) ဘုရားသခင်၏အလိုတော်အတိုင်း ဖြစ်မည် အကြောင်း ဆုတောင်းပါ။

# ဘ၀ဖော်မွန်အတွက်ဆုံးဖြတ်ချက်ချခြင်း

ကိုယ့်ဘာသာမဆုံးဖြတ်ပါနှင့်။ ဘုရားသခင်၏နှုတ်ကပတ်တော်သို့ အဦးဆုံးသွားလော့။ ဘုရားသခင်၏လိုက်နာရမည့်အလိုတော်ကိုအရင်သိလော့။ ယုံကြည်သူကိုသာ လက်ထပ်ဖို့ရန်မှာ ဘုရားသခင်၏အလိုတော်ဖြစ်သည် (၂ ကော ၆း၁၄-၁၈၊ တရား ၇း၁-၄)။ ဘုရားသခင်၏ အလိုတော်က ဝိညာဉ်ရေးရာလူနှင့်ဘုရားတရားရှိသေသူကို ရှာဖွေရန်လည်း ကျွန်ုပ်တို့ကိုညွှန်ကြားထားသည်။ "ယဉ်ကျေးသောအရာသည် လှည့်စားခြင်းနှင့်ယှဉ်တတ်၏။ လှသောအဆင်းသည်လည်း အချည်းနှီးဖြစ်၏။ ထာဝရဘုရားကိုကြောက်ရွံ့သောမိန်းမမူကား ချီးမွမ်းခြင်းကိုခံရလိမ့်မည်" (သုတ္တံ ၃၁း၃၀)။ ရုပ်ရှင်ထဲတွင်၊ ဘယ်သို့ကို ချစ်သင့်သလဲ၊ ဘယ်သူသည် ခင်ပွန်းအတွက် ကောင်းသလဲ၊ ဟူသောအချက်တို့ကို ရုပ်ပိုင်းဆိုင်ရာအရ ဖော်ပြကြပြီး၊ လူတို့ကြည့်ကောင်းအောင် မသန့်ရှင်းသော နည်းလမ်းများဖြင့် ဖော်ပြကြပါသည်။ ဇာတိပကတိနှင့်ဆိုင်သော အရာများဖြစ်ပါသည်။

ဒုတိယအနေဖြင့် ဘုရားသခင်ထံဆုတောင်းပါ။ ဝိညာဉ်ရေးရာနှင့်ဘုရားသခင်ကို ရိုသေသောအပြင်တွင်ရှိသည့် ယုံကြည်သူများထဲတွင် အဘယ်သူသည် ထုံးစံအတိုင်းဖြစ်သနည်း။ ထိုအရာသည် ဆုတောင်းခြင်းဝင်လာသည့်နေရာဖြစ်သည် (ကမ္ဘာ ၂၄း၁၂)။ ဆုတောင်းခြင်းအားဖြင့် ဘုရားသခင်၏ညွှန်ကြားချက်ကိုရှာပါ (သုတ္တံ ၃း၅-၆၊ ယာကုပ် ၄း၃)။ ဘုရားသခင်သည် မြင့်မြတ်သောအောင်သွယ်တော်ဖြစ်သည်။ သူသည် သင့်အား လူမှန်ထံသို့ပို့ဆောင်တော်မူမည် (ဆာလံ ၃၇း၄)။ သင်၏မိဘများအပြင်၊ သင်းအုပ်ဆရာ (သို့) အသင်းလူကြီးတို့၏အကြံဉာဏ်ကိုလည်း ရယူခြင်းသည် ပညာရှိရာရောက်သည် (သုတ္တံ ၁၁း၁၄၊ ၁၅း၂၂)။

ဆုတောင်းခြင်းအားဖြင့် ဘုရားသခင်၏ပူးပေါင်းဆောင်ရွက်လိုသော ဆန္ဒကိုရှာဖွေပါ။ ဤအရာကိုဣဇက်အတွက် မယားရှာရန်တာဝန်ပေးခံရသော အာဗြဟံ၏အကြီးဆုံးသောအစေခံကျွန်၏ စံနမူနာတွင်မြင်တွေ့ရသည်။ သူသည်ဘုရားသခင်၏ အတည်ပြုချက်ဖြစ်ကြောင်း သိရှိရန်အရာနှစ်ခုဖြစ်ပေါ် စေဖို့ ဆုတောင်းခဲ့သည်။ "အကြင်သတို့သမီးကို ကျွန်ုပ်သောက်ခြင်းငှါ သင်၏ရေဘူးကိုချပါဟုဆိုသော်၊ သောက်ပါ၊ သင်၏ကုလားအုတ်တို့ကိုလည်း ရေတိုက်ပါမည်ဟု၊ ပြန်ဆိုသောသတို့သမီးသည် ကိုယ်တော်၏ကျွန်ဣဇက်ဘို့ ခန့်ထားတော်မူသောသူဖြစ်ပါစေသော။ ထိုသို့အားဖြင့် အကျွန်ုပ်၏သခင်၌ ကျေးဇူးပြုတော်မူကြောင်းကို အကျွန်ုပ်သိရပါမည်ဟု လျှောက်ဆို၏" (ကမ္ဘာ ၂၄း၁၄)။ ဘုရားသခင်သည် သူနှင့်ပူးပေါင်း၍ဆုတောင်းသည့်အတိုင်း ဖြေကြားတော်မူ၏။ ရေဗက္ကာဖြစ်ကြောင်းကို သူ့အားဘုရားသခင်ပြသခဲ့၏။ "ကရုဏာ၊ သစ္စာတော်ကို အကျွန်ုပ်သခင်မှ ရုတ်သိမ်းတော်မမူသော၊ အကျွန်ုပ်သခင်အာဗြဟံ၏ဘုရားသခင်ထာဝရဘုရားသည် မင်္ဂလာရှိတော်မူစေသတည်း။ လမ်းမှာသွားလျက်ရှိသော အကျွန်ုပ်ကို ထာဝရဘုရားသည် အကျွန်ုပ်သခင်၏ ညီအစ်ကိုတို့အိမ်သို့ ပို့ဆောင်တော်မူပါသည်တကားဟု မြွက်ဆို၏" (ကမ္ဘာ ၂၄း၂၇)။

**ဆင်ခြင်ရန်** - "ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ကိုးစားလော့။ ကိုယ်ဉာဏ်ကို အမှီမပြုနှင့်။ သွားလေရာရာ၌ထာဝရဘုရားကို မျက်မှောက်ပြုလော့။ သို့ပြုလျှင်၊ သင်၏လမ်းရိုးတို့ကို ပဲ့ပြင်တော်မူမည်" (သု ၃း၅-၆)။

**ဆုတောင်းချက်-** ဘုရားသခင်သည် သင့်အား ဘ၀ဖော်မွန်ပေးသနားတော်မူမည် အကြောင်းဆုတောင်းပါ။

**ကမ္ဘာ ၂၃း၁၈-၂၅**
ကမ္ဘာ ၁၅း၁-၆

*"ထာဝရအရှင်ဘုရားသခင်သည် . . . လူမိန်းမကို . . . လူယောကျ်ားရှိရာသို့ဆောင်ခဲ့တော်မူ၏"*

## သမ္မာတရားအတိုင်း အဖော်မွန်ရှာပေးခြင်း (၁)

ထုံးတမ်းအစဉ်အလာအရ မိဘများသည်သားသမီးများအတွက် အိမ်ထောင်ဘက်ရှာဖွေရာတွင် ထဲထဲဝင်ဝင်ပါဝင်ခဲ့ကြသည်။ ဥပမာအားဖြင့် အာဗြဟံသည် ဣဇက်၏ဇနီးကို စတင်ရှာဖွေခဲ့သည်။ သူ၌သားသမီးများစွာထွန်းကားစေမည်ဟု ဘုရားသခင်၏ပဋိညာဉ်ကတိတော်အတိုင်း ပြုလုပ်ခဲ့သည် (ကမ္ဘာ ၁၅း၄-၅)။

မိဘများပါဝင်ပတ်သက်မှုတွင် ဉာဏ်ပညာရှိသည်။ Calvin က "ထို့ကြောင့် အဘတို့ကို မတိုင်ပင်ဘဲ အစောတလျှင်မင်္ဂလာဆောင်ခြင်းမျိုးမပြုလုပ်စေခြင်းငှါ လူငယ်တို့၏ လိင်ပိုင်းဆိုင်ရာ တောင့်တမှုကို ချုပ်တည်းထားရမည်" ဟုဆို၏။ အရင်တုန်းက သားသမီးများအနေဖြင့် မိဘများပါဝင်ပတ်သက်မှုကို ပျော်ရွှင်ခဲ့ကြသည်။ ယခုဤအရာသည် ကြိုတင်စီစဉ်ထားသော (သို့) အတင်းအကြပ်လက်ထပ်ခြင်းကိုစွမဟုတ်ပါ။ သို့သော် မိဘ၏အကြံဉာဏ်ကို တောင်းခံပြီး၊ သားသမီးများက မိဘများ၏အကြံပေးချက်ကို လက်ခံသဘောတူသည့် လက်ထပ်ခြင်းများဖြစ်သည်။

မိဘနှင့်သားသမီးတို့ကြား အပြန်အလှန်ယုံကြည်မှုရှိရမည်။ ဤကောင်းမွန်သောဆက်ဆံရေးနှင့် အပြန်အလှန်ဆက်ဆံရေးသည် သားသမီးများအတွက် ၎င်းတို့၏မိဘများကို ရိုသေရန်နှင့် မိဘများ၏အကြံဉာဏ်များကိုလိုက်နာရန် ဘုရားသခင်၏အမိန့်တော်အပေါ် အခြေခံထားသည်။ သုတ္တံကျမ်း ၁း၈-၉ က "ငါ့သား အဘ၏နည်းဥပဒေသကိုနားထောင်လော့။ အမိ၏တရားကိုလည်း မပယ်နှင့်။ ထိုနည်းဥပဒေသတရားတို့သည် သင်၏ခေါင်း၌တင့်တယ်သောဦးရစ်၊ သင်၏လည်ပင်း၌ပတ်ရစ်သောလည်ဆွဲဖြစ်ကြလိမ့်မည်" ဟုပြောဆိုသည်။ မိဘများသည် မိမိတို့သားသမီးများကို ချစ်ခင်စွာဖြင့် ဂရုတစိုက်အုပ်ထိန်းကြသောအခါ၊ ချစ်ရေးဆိုသောသူတို့သည် ရိုသေလေးစားသောစိတ်ထားဖြင့် ချဉ်းကပ်လာကြမည်။

ဘုရားသခင်သည် အာဒံအတွက် ဇနီးမယားတစ်ဦးဖန်ဆင်းပြီးနောက် သူ့ထံသို့ ခေါ်ဆောင်လာသောအချိန်တွင် အောင်သွယ်ခြင်းကို အဦးဆုံးမြင်တွေ့ရသည်ကိုသိလော့။ ယခုတွင်ပင် ဘုရားသခင်သည် ယောကျ်ားတစ်ဦးနှင့်မိန်းမတစ်ဦး၊ သန့်ရှင်းသောလက်ထပ်ထိမ်းမြားခြင်းတွင် ပါဝင်နေသည်။ ဘုရားသခင်သည် ပြီးပြည့်စုံသော အောင်သွယ်သူအမှန်ဖြစ်ပြီး၊ ယုံကြည်သူသည် အိမ်ထောင်ဖက်ရှာဖွေရာတွင် ဘုရားသခင်၏အလိုတော်နှင့်ဉာဏ်ပညာကို ရှာဖွေသောအခါ မည်သည့်အခါမျှ မှားနိုင်မည်မဟုတ်ပါ။

**ဆင်ခြင်ရန်** - အဖော်မွန်ရှာခြင်းအမှုသည် ပြုရမည့်အမှုဖြစ်၏။ ချိန်းတွေ့ခြင်းကိုမူ မပြုရပါ။ ချိန်းတွေ့ခြင်းသည် ညစ်ညမ်းမှုကို ဖြစ်စေ၏။

**ဆုတောင်းချက်-** သင့်ဘဝဖော်မွန်အတွက် ဘုရားသခင်ရွေးချယ်ပေးမှုကို သင်လက်ခံမည်အကြောင်း ဆုတောင်းပါ။

**ကမ္ဘာ ၂း၁၈-၂၅**
ကမ္ဘာ ၁၅း၁-၆

*"ထာဝရအရှင်ဘုရားသခင်သည် . . . လူမိန်းမကို . . . လူယောကျ်ားရှိရာသို့ဆောင်ခဲ့တော်မူ၏"*

# သမ္မာတရားအတိုင်း အဖော်မွန်ရှာပေးခြင်း (၂)

ယခုတွင် သမ္မာကျမ်းစာနှင့်ဆိုင်သောအောင်သွယ်ခြင်းကို မိဘများ၏အယူသီးသော (သို့) တဖက်သက်ဆုံးဖြတ်ချက်များအပေါ် အခြေခံ၍ သားသမီးများအပေါ် လက်ထပ်ခိုင်းစေသည့် အယူများသောအောင်သွယ်ခြင်းနှင့်မရောထွေးသင့်ပါ။ မိဘများသည် သားသမီးတို့၏ အိမ်ထောင်ရေးတွင် ပါဝင်သင့်သော်လည်း သားသမီးများကို အတင်းအကြပ်အိမ်ထောင်ပြုဖို့ မစေခိုင်းသင့်ပါ။ အတင်းအကြပ်အိမ်ထောင်ပြုစေခြင်းအပေါ် Calvin က "ဘယ်ဖခင်ကမှ သူတို့သားသမီးတို့၏ ဆန္ဒနှင့်သဘောတူညီမှုမပါဘဲ သူတို့ကောင်းသည်ဟု ထင်ရသည့်အတိုင်း ထိုကဲ့သို့သော အတင်းအကြပ်အိမ်ထောင်ပြုခြင်းကိုခွင့်မပြုပါ"။ မိဘတို့သည် "သူတို့၏သမီးတို့တစ်ဘဝလုံးအခြေချနေထိုင်ဖို့တာဝန်မှာ သူတို့တာဝန်ဖြစ်သော်လည်း သူတို့နှင့်မတိုင်ပင်ဘဲ သင့်လျော်မည်ထင်သည့် လင်ယောကျ်ားတွေလက်ထဲကို အနိုင်အထက်ပြု၍ အာဏာသုံးပြီး အပ်နှံပိုင်ခွင့်မရှိပါ"။ ထိုနည်းတူ သားသမီးတို့သည် မိမိတို့ မိဘများကိုသတိပြုပြီး သူတို့ကိုမတိုင်ပင်ဘဲ မိမိတို့သဘောအတိုင်း ဆုံးဖြတ်ချက်မချသင့်ပါ။ အပြန်အလှန်လေးစားမှုရှိရပါမည်။

ယုံကြည်သူများကိုသာ အိမ်ထောင်ဖက်အဖြစ်ရှာသင့်ကြောင်းကို အလေးပေးသင့်သည်။ ပထမဦးဆုံးစံသတ်မှတ်ချက်မှာ တဖက်လူသည် အသစ်တဖန်မွေးဖွားခြင်းအမှန်ခံရသူဖြစ်ရမည်။ ၎င်းမှာ ဣဇက်၏မယားသည် ခါနနိလူမဟုတ်ရ၊ ယုံကြည်ခြင်းတူညီသူဖြစ်ရမည်ဟု အာဗြဟံဖော်ပြခဲ့သကဲ့သို့ဖြစ်သည် (ကမ္ဘာ ၂၄း၃-၄)။ Calvin က မယုံကြည်သူနှင့်ရင်းနှီးသောဆက်ဆံရေးကို အစမပျိုးကြဖို့ သတိပေးထားသည်မှာ "ကျွန်ုပ်တို့သည် မယုံကြည်သူနှင့်သာ၍ ရင်းနှီးမှုပေါ်ပေါက်လာစေဖို့ အနီးကိုချဉ်းကပ်ကြလျှင်၊ စာတန်အတွက် တံခါးကိုဖွင့်ပေးသကဲ့သို့ဖြစ်သည်။ . . . ထို့ကြောင့် ရုပ်တုကိုးကွယ်သူများနှင့်ရောနှောသောသူတို့သည် သူတို့ကိုယ်သူတို့ သိလျက်နှင့်အလိုရှိစွာ ရုပ်တုများထံ အပ်နှံကြသူများဖြစ်သည်။

နောက်ဆုံးတွင် ဘုရားသခင်၏အလိုတော်အရ မည်သူသည် အိမ်ထောင်ဖက်ဖြစ်ရမည်ကိုဆုံးဖြတ်ခြင်း၌ ဘုရားသခင်၏ပူးပေါင်းလိုသောအလိုတော်သည် နေရာယူလာမည်။ ဣဇက်နှင့် ရေဗက္ကကိစ္စတွင် နိမိတ်လက္ခဏာတစ်ခုအတွက် အစေခံကျွန်၏ဆုတောင်းချက်ကို (ကမ္ဘာ ၂၄း၁၂-၁၄) ချက်ချင်းအဖြေရခဲ့သည် (ကမ္ဘာ ၂၄း၁၅)။ ဘုရားသခင်သည် သူ၏သားသမီးတို့က ဆုတောင်းသောအခါ သူတို့နှင့်အတူ ပူးပေါင်းလုပ်ဆောင်ရန် အလွန်နှစ်သက်ပြီး သူတို့ကိုချက်ချင်းကူညီနိုင်တော်မူ၏။ အထူးသဖြင့် သူတို့သည် အရေးကြီးသောအခြေအနေရောက်ရှိကြပြီး၊ အကူအညီလိုအပ်နေချိန်တွင် ချက်ချင်းအဖြေပေးတတ်သည်။

**ဆင်ခြင်ရန်** - အဖော်မွန်ရှာခြင်း၌ ကျွန်ုပ်တို့၏စိတ်သဘောသည် ဖြူစင်သန့်ရှင်း ရပါမည်။
**ဆုတောင်းချက်-** အဖော်မွန်ရှာစဉ် ဘုရားသခင်၏လမ်းပြမှုကို နာခံရန် မိမိကိုယ်ကို ဆက်ကပ်မည်အကြောင်း ဆုတောင်းပါ။

*"လူပျိုတို့၏ တပ်မက်ခြင်း ကိလေသာစိတ်ကို ကြဉ်ရှောင်လော့"*

# မတရားသောမေထုန်မှီဝဲခြင်းကို ကြဉ်ရှောင်လော့

မတရားသောမေထုန်သည် "pornography" ဟူသောစကားလုံးဆင်းသက်လာရာ ဂရိစကားလုံး "porne" မှဆင်းသက်လာခြင်းဖြစ်သည်။ မတရားသောမေထုန်သည် အကျင့်ပျက်လိင်ပိုင်းဆိုင်ရာအပြုအမူအမျိုးမျိုးကို ရည်ညွှန်းပြီး၊ ညစ်ညမ်းရုပ်ပုံစာပေသည် အပြစ်ရှိသောလိင်စိတ်ဆန္ဒများကို လှုံ့ဆော်ပေးသည်။

ကျွန်ုပ်တို့သည် ညစ်ညမ်းရုပ်ပုံစာပေခေတ်တွင် နေထိုင်ရသောကြောင့် ၂ တိ ၂း၂၀-၂၂ တွင် ဖော်ပြသောပညတ်တော်များကို သတိပြုဖို့အရေးကြီးသည် - "ကြီးစွာသောအိမ်၌ ရွှေတန်ဆာ၊ ငွေတန်ဆာသာရှိသည်မဟုတ်။ သစ်သားတန်ဆာ၊ မြေတန်ဆာရှိ၏။ အသရေရှိသောတန်ဆာ၊ အသရေမရှိသောတန်ဆာရှိ၏။ သို့ဖြစ်၍ အထက်ဆိုခဲ့ပြီးသောအကျင့်တို့ကို ပယ်၍၊ မိမိကိုယ်စင်ကြယ်စေသောသူမည်သည်ကား၊ အသရေရှိသောတန်ဆာ၊ သန့်ရှင်း၍အိမ်ရှင်သုံးစရာကောင်းသောတန်ဆာ၊ ကောင်းသောအမှုများအဘို့အလို့ငှါ ပြင်ဆင်သောတန်ဆာဖြစ်လိမ့်မည်။ လူပျိုတို့၏ တပ်မက်ခြင်းကိလေသာစိတ်ကို ကြဉ်ရှောင်လော့။ ဖြောင့်မတ်ခြင်း၊ သစ္စာရှိခြင်း၊ ချစ်ခြင်း၊ စင်ကြယ်သောစိတ်ရှိ၍ သခင်ဘုရားကို ပဌနာပြုသောသူတို့နှင့် အသင့်အတင့်နေခြင်းတို့ကို မီအောင်လိုက်လော့။"

ချစ်သူစုံတွဲများသည် မိမိတို့၏ခန္ဓာကိုယ်ကို သန့်ရှင်းဖြူစင်အောင်ထိန်းသိမ်းထားသင့်သည်။ သူတို့သည် ကောင်းမွန်စွာအိမ်ထောင်ပြုခြင်းမရှိမချင်း၊ လင်မယားလိုမနေသင့်ပါ။ မတရားသောလိင်ဆက်ဆံမှုအားလုံးကိုရှောင်ကြဉ်ပါ။ "လူပျိုတို့၏တပ်မက်ခြင်းမှ . . . ပြေးလော့" ဟူသော ပညတ်တော်ကိုမှတ်သားထားပါ။ "ပြေးလော့" ဟူသောအမိန့်တော်သည် တကြိမ်တည်းပြေးခြင်းကို မဆိုလိုဘဲ အပြစ်နှင့်သွေးဆောင်ခြင်းမှ အစဉ်မပြတ်ထွက်ပြေးခြင်းကိုဆိုလိုသည်။ ၎င်းသည် သံလိုက်နှင့် သတ္တုကဲ့သို့ဖြစ်သည်။ သံလိုက်သည် သတ္တုနှင့်ဝေးကွာလေလေ၊ ၎င်းကိုဆွဲငင်အား နည်းလေလေဖြစ်သည်။

ကျွန်ုပ်တို့သည် သွေးဆောင်ခြင်းသို့မရောက်မည်အကြောင်း မတရားသောမေထုန်ကင်းစင်စွာ နေထိုင်ရမည်။ "မတရားသောမေထုန်ကို ကြဉ်ရှောင်ကြလော့။ လူပြုတတ်သော အခြားဒုစရိုက်ရှိသမျှတို့သည် ကိုယ်ပြင်၌ရှိ၏။ မတရားသောမေထုန်ကိုပြုသောသူမူကား၊ မိမိကိုယ်ကိုပင်ပြစ်မှား၏။ အဘယ်သို့နည်း။ သင်တို့ကိုယ်ခန္ဓာသည် ဘုရားသခင်ပေးသနားတော်မူသော ဝိညာဉ်တော်တည်းဟူသော၊ သင်တို့အထဲ၌ကျိန်းဝပ်၍ သန့်ရှင်းသောဝိညာဉ်တော်၏ ဗိမာန်ဖြစ်ကြောင်းကို၎င်း၊ မိမိတို့ကို မိမိတို့ မပိုင်ကြောင်းကို၎င်း မသိကြသလော။ သင်တို့သည် အဘိုးနှင့်ဝယ်တော်မူသောသူဖြစ်သောကြောင့် ဘုရားသခင်ပိုင်တော်မူသော သင်တို့၏ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ဂုဏ်တော်ကိုထင်ရှားစေကြလော့" (၁ ကော ၆း၁၈-၂၀)။

ချစ်သူစုံတွဲများသည် တပ်မက်ဖွယ်ရာအတွေးများနှင့် ခံစားချက်များကိုလှုံ့ဆော်ပေးသည့် ရုပ်ပိုင်းဆိုင်ရာထိတွေ့မှုကို ရှောင်ကြဉ်သင့်သည်။ သူတို့သည် "ဖြောင့်မတ်ခြင်း၊ သစ္စာရှိခြင်း၊ ချစ်ခြင်း၊ စင်ကြယ် သောစိတ်ရှိ၍ သခင်ဘုရားကို ပဌနာပြုသောသူတို့နှင့် အသင့်အတင့်နေခြင်း" (၂ တိ ၂း၂၂) ကဲ့သို့သော ဘုရားဝတ်၌ မွေ့လျော်ခြင်းနောက်သို့လိုက်သင့်သည်။

**ဆင်ခြင်ရန်** - သန့်ရှင်းသောဝိညာဉ်တော်၏ဗိမာန်တော်ဖြစ်သော သင်၏ခန္ဓာကိုယ်ကို သန့်ရှင်းစင်ကြယ်စွာ စောင့်ရှောက်လော့။

**ဆုတောင်းချက်-** သန့်ရှင်းစင်ကြယ်သော အသက်တာ ပိုင်ဆိုင်ခြင်းငှါ ဆုတောင်းပါ။

*"ဘုရားသခင်ကိုကိုးစား၍
သန့်ရှင်းသောမိန်းမတို့သည် . . .
ကိုယ်ကိုတန်ဆာဆင်လျက် . . . "*

# သန့်ရှင်းစင်ကြယ်ခြင်းကို ယူတင်ဝတ်ဆင်ပါ

သန့်ရှင်းခြင်းဆိုသည်မှာ ဂရိစကားလုံး "hagiazo" မှဆင်းသက်လာပြီး "သန့်ရှင်းစေရန်" ဟုအဓိပ္ပာယ်ရသည်။ ဤအရာမှာ ယုံကြည်သူတစ်ဦးသည် ခရစ်တော်နှင့်ပို၍ တူလာစေဖို့ရန် လုပ်ငန်းစဉ်ဖြစ်သည်။ ၎င်းသည် သန့်ရှင်းမှုနှင့် ကိုယ်ကျင့်တရားပြည့်စုံမှုကို အမြဲတမ်းလိုက်စား နေခြင်းဖြစ်သည်။ ချစ်သူစုံတွဲတို့သည် ဝိညာဉ်ရေးရာရင့်ကျက်မှုနှင့် ခရစ်တော်ကဲ့သို့ဖြစ်ခြင်းဆီသို့ ဦးတည်သင့်သည်။ ဆိုလိုသည်မှာ ၎င်းတို့၏ပိုးပန်းခြင်းကို ဘုရားသခင်၏သန့်ရှင်းမှုနှင့်လျော်ညီစွာ ဘုရားတရားနှင့် ဂုဏ်အသရေရှိသော နည်းလမ်းဖြင့်ပြုလုပ်သင့်သည်ဟု ဆိုလိုသည်။

၁ သက် ၄း၄ တွင် လူသည် "သန့်ရှင်းခြင်းနှင့်ဂုဏ်အသရေတင့်တယ်ခြင်းရှိ၍ မိမိတန်ဆာ ကို မည်သို့ပိုင်ဆိုင်ရမည်ကိုသိသင့်သည်" ဟုဖော်ပြသည်။ ဤနေရာတွင် "တန်ဆာ" ဟူသော စကားက မိန်းမကိုရည်ညွှန်းသည် (၁ ပေ ၃း၇)။ အမျိုးသမီးတဦးနှင့် ချစ်သူဖြစ်သောအခါတွင် ယောကျ်ားသည် ဂုဏ်သရေရှိသောရည်ရွယ်ချက်ထားရှိရမည်။ သူမကို ညစ်ညူးစေမည့်အပြုအမူ မျိုးကို သူမလုပ်သင့်ပေ။

ယောကျ်ားသည် အမျိုးသမီးကို နူးညံ့သိမ်မွေ့စွာဆက်ဆံရပါမည်။ ပိုးပန်းခြင်းတွင် ဘုရား ကိုကြောက်ရွံ့သောအမူအကျင့်နှင့်၊ သင့်လျော်သောအမူအကျင့်တို့ကို မျှော်လင့်ထားသည်။ ယောကျ်ားသည်သီလစောင့်ထိန်းခြင်း၌ ကြီးစွာဂရုပြုပြီး၊ ကာမဂုဏ်ချိုးဖောက်မှုအားလုံးကို ရှောင် ရှားသင့်ပါသည်။ အခြားတဖက်တွင် အမျိုးသမီးသည် မိမိကိုမိမိ အသုံးတော်ခံမည့် လိင်ပစ္စည်း အဖြစ်မဖော်ပြသင့်ဘဲ ကာကွယ်ထိန်းသိမ်းရမည့် သန့်ရှင်းသောရတနာတစ်ခုအဖြစ် ဖော်ပြသင့်သည်။

အသင့်အတင့်ဖြစ်ခြင်းသည် အကောင်းဆုံးသောမူဝါဒဖြစ်သည်။ သင်အဘယ်သို့ ဝတ်စား ဆင်ယင်သည်ကို သတိထားပါ။ ယဉ်ယဉ်ကျေးကျေးဝတ်စားခြင်းဖြင့် ဘုရားကိုကြောက်ရွံ့ကြောင်း သက်သေထူပြခြင်းမှာ အရေးကြီးသည်။ အဝတ်အစားများသည် (၁) အရှက်ကိုဖွက်ထားဖို့ရန်နှင့် ကိုယ်တုံးလုံးဖြစ်ခြင်းကိုဖုံးအုပ်ဖို့ရန် (သွေးဆောင်ဖြားယောင်းဖို့ရန် (သို့) ဝါကြွားဖို့ရန် ဝတ်စားခြင်း ကို ဆန့်ကျင်၍)၊ (၂) ထိခိုက်ဒဏ်ရာရခြင်းမှကာကွယ်ရန် (ဥပမာ ဆောင်းတွင်းတွင် နွေးဖို့ရန် ဝတ်စားခြင်း)၊ (၃) အလုပ်ကြမ်းလုပ်ခြင်း (သို့) ခရီးသွားသည့်အခါ အဆင်မပြေမှုများကို တားဆီး ပေးရန် (ဥပမာ မိမိသည် မည်သူမည်ဝါဖြစ်ကြောင်း မပြချင်သောကြောင့် မျက်နှာကိုဖုံးအုပ်ခြင်း)၊ နှင့် (၄) ဘုရားတရားကိုရိုသေခြင်းနှင့် သိက္ခာရှိခြင်းကိုသင်ကြားပေးရန် (ဈေးကြီးပြီး ပိုကဲသော အဝတ်အစားများကို ဆန့်ကျင်သည်) ဖြစ်ကြသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်ခန္ဓာကိုယ်သည် သန့်ရှင်းသောဝိညာဉ်တော်၏ဗိမာန်တော် အမှန်ဖြစ် ပါသလား။

**ဆုတောင်းချက်-** သန့်ရှင်းစင်ကြယ်စွာ အသက်ရှင်မည်အကြောင်း ဘုရားသခင်၏မစတော်မူခြင်း ကို တောင်းလျှောက်ပါလော့။

## (WORLD) လောကီကမ္ဘာမဟုတ်ဘဲ၊ (WORD) နှုတ်ကပတ်တော်

"အကျွန်ုပ်သည် ဤလောကနှင့်မဆက်ဆံသကဲ့သို့ ဤသူတို့သည် မဆက်ဆံကြပါ။ ကိုယ်တော်၏သမ္မာတရားအားဖြင့် သူတို့ကိုသန့်ရှင်းစေတော်မူပါ။ ကိုယ်တော်၏ နှုတ်ကပတ်သည် သမ္မာတရားဖြစ်ပါ၏" (ယောဟန် ၁၇း၁၆-၁၇)။

မိဘကိုဗဟိုပြုသည့် ရိုးရာပိုးပန်းခြင်းအား ယနေ့ခေတ်တွင် သင့်ကံကြမ္မာကို စမ်းကြည့်၍ အမှတ်များကို ရယူသည့် "ချိန်းတွေ့ဂိမ်း" ဖြင့်အစားထိုးထားသည်။ "ချိန်းတွေ့ခြင်း" သည် လောကနှင့်ပတ်သက်ပြီး၊ နှုတ်ကပတ်တော်နှင့်မသက်ဆိုင်ပါ။ ၁ ယော ၂း၁၅-၁၇ က သတိပေးသည်မှာ - "လောကကိုငင်း၊ လောက၌ရှိသောအရာတို့ကိုငင်း၊ မချစ်ကြနှင့်။ လောကကိုချစ်သောသူမည်သည်ကား ခမည်းတော်ကို ချစ်ခြင်းမေတ္တာမရှိ။ လောက၌ရှိသမျှသောအရာတည်းဟူသော ကိုယ်ကာယတပ်မက်ခြင်း၊ မျက်စိတပ်မက်ခြင်း၊ လောကီစည်းစိမ်၌ ဝါကြွားခြင်းတို့သည် ခမည်းတော်နှင့် မစပ်ဆိုင်၊ လောကနှင့်သာစပ်ဆိုင်ကြ၏။ လောကနှင့်လောကီတပ်မက်ခြင်းသည် ရွေ့သွားကွယ်ပျောက်တတ်၏။ ဘုရားသခင်၏အလိုတော်နှင့်အညီ ကျင့်သောသူမူကား နိစ္စထာဝရတည်၏။"

လောကီလမ်းစဉ်သည် "ဘုရားသခင်ကိုမသိသော တပါးအမျိုးသားများကဲ့သို့ပင် ကာမရာဂစိတ် (၎င်းမှာ တရားဝင်မဟုတ်သောစိတ်ဆန္ဒများဖြစ်သည်) နှင့်ပတ်သက်နေ၏" (၁ သက် ၄း၅)။ ၎င်းသည် ညစ်ညမ်းစေခြင်း၊ မကာကွယ်ခြင်း၊ အနိုင်ကျင့်လိင်ဆက်ဆံခြင်းမျိုးဖြစ်သည်။ ၁ သက် ၄း၆ ကသတိပေးသည်မှာ - "ဤအမှုအရာ၌ လွန်ကျူး၍ ညီအစ်ကိုကို ပရိယာယ်အားဖြင့် မပြစ်မှားစေခြင်းငှါငင်း၊ အလိုတော်ရှိ၏၊ ငါတို့သည် အထက်ကဟောပြော၍ သစ္စာပေးနှင့်သည်အတိုင်း သခင်ဘုရားသည် ထိုသို့သောပြစ်မှားခြင်းကို ခံသောသူအပေါင်းတို့ဘက်၌ တရားစီရင်တော်မူလိမ့်မည်" ဟူ၍ဖြစ်သည်။ လိမ်လည်လှည့်ဖြားခြင်းမှာ ခိုးယူခြင်း၊ အခြားသူပိုင်သောအရာကို လုယူခြင်းပင်ဖြစ်သည်။ ဤကိစ္စတွင် ၎င်းက အပျိုကညာသမီးကို ပေးဆောင်သောဖခင်ကို လှည့်စားပြီး၊ အပျိုစင်သတို့သမီး၏အနာဂတ်ခင်ပွန်းကိုလည်း လိမ်လည်လှည့်ဖြားပါသည်။ ဘုရားသခင်၏ စံနှုန်းမှာ သတို့သမီးအား ဖြူစင်သောအပျိုစင်တစ်ဦးအဖြစ် ပေးအပ်ခြင်းဖြစ်သည် (နှိုင်း - ၂ ကော ၁၁း၂)။ ဟောလိဝုဒ်မှတင်ပြသည့် လောကီနှင့်ဆိုင်သောနည်းလမ်းမှာ ဘုရားသခင်၏နည်းလမ်းနှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး၊ အမျက်ထုတ်မှုနှင့်ဖောက်ပြန်ခြင်းနှစ်မျိုးလုံးဖြစ်သည်။ ထိုအရာမှာ သူခိုးနှင့် ဓားပြလမ်းဖြစ်သည်။

**ဆင်ခြင်ရန်** - "ကိုယ်တော်၏သမ္မာတရားအားဖြင့် သူတို့ကို သန့်ရှင်းစေတော်မူပါ။ ကိုယ်တော်၏နှုတ်ကပတ်သည် သမ္မာတရားဖြစ်ပါ၏" (ယော ၁၇း၁၇)။

**ဆုတောင်းချက်-** ကိုယ်တော်ကျင့်သည်အတိုင်း ကျင့်မည်အကြောင်း ဘုရားသခင်ထံ ဆုတောင်းပါ။

စနေ၊ စက်တင်ဘာ (၃၀)
၂ ကော ၆း၁၄-၇း၁
၃ ရာ ၁၁း၁-၉

*"မယုံကြည်သူတို့နှင့်တွဲဖက်၍ ဆန့်ကျင်ဘက်ဖြစ်သော ထမ်းဘိုးကို မထမ်းကြနှင့်"*

## ဆန့်ကျင်ဘက်ဖြစ်သောထမ်းဘိုးကို သတိပြုပါ

ယုံကြည်သူများသည် မယုံကြည်သူများကိုမဟုတ်ဘဲ ယုံကြည်သူများကိုသာ အိမ်ထောင်ပြုသင့်ပါသည်။ ၂ ကော ၆း၁၄ ကမိန့်သည်မှာ - "မယုံကြည်သောသူတို့နှင့်တွဲဘက်၍ ဆန့်ကျင်ဘက်ဖြစ်သောထမ်းဘိုးကိုမထမ်းကြနှင့်။ တရားသောအမှုသည် မတရားသောအမှုကို အဘယ်သို့လက်ခံနိုင်မည်နည်း။ အလင်းသည်မှောင်မိုက်နှင့်အဘယ်သို့ဆက်ဆံနိုင်မည်နည်း"။ ခရစ်ယာန်တစ်ဦးနှင့် မယုံကြည်သူကြားတွင် ဝိညာဉ်ရေးဆိုင်ရာတူညီမှုလုံးဝမရှိပါ။ တရား ၇း၄ တွင် ဘုရားသခင်သည် ဣသရေလလူတို့ကို ခါနနိလူနှင့်လက်ထပ်ထိမ်းမြားခြင်းကိုတားမြစ်ခဲ့သည် - "အကြောင်းမူကား၊ သူတို့သည် သင်၏သားကို ငါ၌မဆည်းမကပ်စေဘဲ၊ အခြားတပါးသောဘုရားအား ဝတ်ပြုစေခြင်းငှါ သွေးဆောင်ကြလိမ့်မည်။ ထိုအခါ အမျက်ထွက်၍သင်တို့ကို ချက်ချင်းဖျက်ဆီးတော်မူလိမ့်မည်"။ မညီမျှသော ထမ်းဘိုးသည် ဖောက်ပြန်ခြင်း (သို့) ယုံကြည်ခြင်းမှ လဲကျင်ခြင်းကိုပင်ဖြစ်ပေါ် စေလိမ့်မည်။

ရှောလမုန်၏ထိမ်းမြားလက်ထပ်ခြင်း၏ ကြေကွဲစရာဖြစ်ရပ်မှာ "ရှောလမုန်မင်းကြီးသည် . . . မိန်းမအများတို့ကိုချစ်တတ်၏. . . မင်းသမီးဖြစ်သော ခင်ပွန်းခုနှစ်ရာ၊ မောင်းမမိဿံသုံးရာရှိ၍ သူတို့သည် စိတ်နှလုံးတော်ကို လွဲစေကြ၏. . . ထာဝရဘုရားအမျက်ထွက်တော်မူ၏" (၁ ရာ ၁၁း၁-၁၀)။ ရှောလမုန်၏ ထိုအပြစ်ကြောင့် သူ့နိုင်ငံတော်ကို ဘုရားသခင်က ပိုင်းခြားစေခဲ့သည်။

ယေဇဗေလကိုသတိပြုလော့။ သူမသည် လှပသော်လည်း သားရဲဖြစ်သည် (၁ ရာ ၁၆း၃၁၊ ၂၁း၂၅)။ ၎င်းသည် အစွမ်းထက်ပြီး သေစေနိုင်သည့်ပေါင်းစပ်မှုတစ်ခုဖြစ်သည်။

ထို့ကြောင့် သင်သည်အိမ်ထောင်ဘက်ကို ရွေးချယ်သောအခါတွင် သူ (သို့) သူမသည် ယုံကြည်သူဖြစ်ကြောင်းကို သေချာစေပါ။ ၁ ကော ၇း၃၉ တွင် "သခင်ဘုရား၌သာ" ထိမ်းမြားလက်ထပ်ခြင်းအကြောင်းကို ပြောဆို၏။ ဆိုလိုသည်မှာ ယုံကြည်သူကိုသာ လက်ထပ်ဖို့ဖြစ်သည်။ ၎င်းမှာ ခရစ်ယာန်နာမည်ရှိ၍ ဇာတိပကတိလူကိုမဟုတ်ဘဲ ဘုရားတရားကို ရိုသေသောယုံကြည်သူကို လက်ထပ်ဖို့ရန်ဖြစ်သည်။

"ယဉ်ကျေးသောအရာသည် လှည့်စားခြင်းနှင့်ယှဉ်တတ်၏။ လှသောအဆင်းသည်လည်း အချည်းနှီးဖြစ်၏။ ထာဝရဘုရားကို ကြောက်ရွံ့သောမိန်းမမူကား ချီးမွမ်းခြင်းကို ခံရလိမ့်မည်" (သုတ္တံ ၃၁း၃၀)။ သင့်ရွေးချယ်မှု၌ ဆင်ခြင်ဉာဏ်ပညာ ရှိလော့။

**ဆင်ခြင်ရန်** - "သမ္မာသတိရှိလျက် မအိပ်ဘဲ စောင့်နေကြလော့။ သင်တို့၏ရန်သူတည်းဟူသော မာရ်နတ်သည်၊ ဟောက်သောခြင်္သေ့ကဲ့သို့ အဘယ်သူကို မျိုရမည်နည်းဟူ၍ လှည့်လည်ရှာဖွေလျက်ရှိ၏" (၁ ပေ ၅း၈)။

**ဆုတောင်းချက်-** "ထို့ကြောင့် သင်တို့သည် ဖြစ်လတံ့သောအမှုအရာတို့နှင့် ကင်းလွတ်၍ လူသားထံသို့ရောက်ခြင်းကို ခံထိုက်သောသူဖြစ်သည်ဟု မှတ်တော်မူမည်အကြောင်း အစဉ် ဆုတောင်းလျက် စောင့်နေကြလော့" (လု ၂၁း၃၆)။